www.burmeseclassic.com

# ဝင်းဝင်းလတ်

## ရင်ထဲမှာအလှဆုံး

နှင့်

## လက်ရွေးစင် ဝတ္ထုတိုများ




ရွှေသစ္စာစာပေ

www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ - ကိုသက်မော်ဦး(သာယာဝတီ)

| | |
|---|---|
| စာမူခွင့်ပြုချက် | ၅၀၀၄၆၅၀၅၁၂ |
| မျက်နှာဖုံးပန်းချီ | လှသစ်အောင်(အင်းလျား) |
| ပုံနှိပ်ခြင်း | ပထမအကြိမ်၊ ၂၀၁၂ ခုနှစ်၊ ဖွန်လ |
| အုပ်ရေ | ၅၀၀၊ |
| တန်ဖိုး | ၁၅၀၀ |
| ထုတ်ဝေသူ | ဦးနိုင်မျိုးထွန်း(အင်ပါယာစာပေ)၊ တိုက်(၂၁)၊ အခန်း(၁၁)၊ စီးပွားကူးသန်းဝန်ထမ်းအိမ်ရာ၊ ဦးဝိစာရလမ်း၊ မြောက်ဒဂုံ။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် | ဦးစည်သူကိုကို၊ တော်ဝင်ထွန်းပုံနှိပ်တိုက်၊ အမှတ်(၁၇)၊ (၅၂)လမ်း၊ ဗိုလ်တထောင်မြို့နယ်။ |
| ဖြန့်ချိရေး | ရွှေသစ္စာစာပေ၊ ဖုန်း ၀၁-၃၉၆၉၉၇၊ လိုင်းခွဲ ၂၀၆၀။ ၀၉-၄၉၅၀၈၆၇၂ မရီနိုင်(အိပ်မက်အသစ်စာပေ)၊ ၀၉-၇၃၀၅၃၇၀၃ |

ရွှေသစ္စာစာပေ

တိုက်(၄၇၂)၊ အခန်း(၂၀၂)၊ ရာဇာဓိရာဇ်အိမ်ရာ၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

ဖုန်း- ၀၁-၃၉၆၉၉၇ (လိုင်းခွဲ - ၂၀၆၀)

၀၉- ၄၉၅၀၈၆၇၂

www.burmeseclassic.com

www.burmeseclassic.com

# ဆရာမဝင်းဝင်းလတ်၏ ကိုယ်ရေးအကျဉ်း

အမည်ရင်းမှာ ဝင်းဝင်းရှိန်ဖြစ်ပြီး အဖ ဒုတိယဗိုလ်မှူးကြီး ထွန်းရှိန်(ငြိမ်း)၊ အမိ ဒေါ်မြအုန်းတို့မှ ၁၉၅၁ ခုနှစ်၊ ဇူလိုင်လ (၁၁) ရက်တွင် လက်ပံတန်းမြို့၌ မွေးဖွားခဲ့သည်။

တက္ကသိုလ်ဝင်တန်းကို ၁၉၆၈ ခုနှစ်တွင် ရန်ကုန်မြို့၊ အထက(၁) ကမာရွတ်(မရမ်းခြံအမျိုးသမီးကျောင်း)မှ အောင်မြင်ခဲ့သည်။

၁၉၆၉ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ ဆေးတက္ကသိုလ်(၁) ရန်ကုန်တွင် ပညာသင်ကြားခဲ့ပြီး ၁၉၇၇ ခုနှစ်တွင် အလုပ်သင်ဆရာဝန်ဖြစ်ခဲ့သည်။

၁၉၈၁ မှ ၁၉၉၅ ခုနှစ်အတွင်း စစ်တွေ ပြည်သူ့ဆေးရုံ၊ ရန်ကုန် ပြည်သူ့ဆေးရုံကြီး၊ ကချင်ပြည်နယ် မိုးကောင်းပြည်သူ့ဆေးရုံ၊ မကွေးတိုင်း ဆင်ပေါင်ဝဲမြို့နယ် ပြည်သူ့ဆေးရုံတို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၉၅ တွင် ဝန်ထမ်းဘဝမှ အငြိမ်းစားယူပြီး ကချင်ပြည်နယ်၊ ကာမိုင်းမြို့နယ် ဖားကန့်၌ ကိုယ်ပိုင်ဆေးခန်းဖွင့်လှစ်ပြီး လုံးချင်းဝတ္ထုအပြင် မဂ္ဂဇင်းဝတ္ထုရှည်၊ ဝတ္ထုတိုများစွာကို ရေးသားခဲ့သည်။

ထို့နောက် ၁၉၉၇ ခုနှစ်တွင် "အချစ်၏ နောက်ဆက်တွဲ စာမျက်နှာ" လုံးချင်းဝတ္ထုနှင့် အမျိုးသားစာပေဆု ရရှိခဲ့သည်။ ၁၉၉၇ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်တွင် လူမှုဖွံ့ဖြိုးရေးအရာရှိအဖြစ် ရခိုင်ပြည်နယ် ကျောက်တော်မြို့နှင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့တို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။

၂၀၀၁-၂၀၀၅ အတွင်း Save the Children တွင် ကလေးသူငယ်များ စောင့်ရှောက်ရေးအဖွဲ့ မျိုးဆက်ကျန်းမာရေးအရာရှိအဖြစ်လည်းကောင်း၊ ၂၀၀၅- ၂၀၀၆ အတွင်း (Care Myanmar) တွင် assitant Program Coordinator အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၂၀၀၆ ခုနှစ် မေ ၁၉ ရက် (Care Myanmar) တွင် တာဝန်ထမ်းဆောင်စဉ် ကွယ်လွန်ခဲ့သည်။

ခင်ပွန်းဖြစ်သူ ဒေါက်တာစိန်လှကျော် (Myanmar Isos Total Myanmar) နှင့် သားသုံးဦး ကျန်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏ အမှာ

ချစ်ခင်လေးစားရပါသော စာဖတ်သူသို့ –

ကျွန်မ ၁၉၇၄ ခုနှစ် ဆေးတက္ကသိုလ်ကျောင်းသူဘဝက စတင်ပြီး စာရေးခဲ့ပါတယ်။ နှစ်ကာလတွေ အကြာကြီးရှိပြီဆိုပေမယ့် ကျွန်မ ရေးခဲ့တဲ့ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါး၊ လုံးချင်းဝတ္ထု ပုဒ်ရေက နည်းပါးပါတယ်။ စာရေးပေမယ့် ကျွန်မရဲ့ အခြားတစ်ဖက်သော ဘဝများကိုလည်း မစွန့်လွှတ်နိုင်ခဲ့တာမို့ ကျွန်မအတွက် အချိန်များ ပါးရှားလှလို့လည်း ဖြစ်ပါတယ်။

ကျွန်မရဲ့ စာတွေဟာ ဖြတ်သန်းခဲ့တဲ့ ဘဝတစ်လျှောက်မှာ လှစ်ခနဲ၊ ဖျတ်ခနဲ မြင်တွေ့၊ ကြုံတွေ့ခဲ့တဲ့ အဖြစ်လေးများကို ဖော်ကျူးဖြစ်ခဲ့တာပဲ ဖြစ်ပါတယ်။ မီးရထားစီးပြီး ခရီးသွားရင်း မြင်တွေ့ရတဲ့ ရှုခင်းတွေလိုပါ။ အတွေးထဲအထိ ဖြတ်ဝင်စီးပြီး ခံစားဖြစ်ခဲ့တဲ့အခါ ကျွန်မ စာတွေရေးဖွဲ့ဖြစ်ပါတယ်။

ဘဝရဲ့အရိပ်တွေ ထင်ဟပ်လာတာ ရေးဖွဲ့ရုံနဲ့ ဖြေသိပ်ကျေနပ်မှုတွေရခဲ့လို့ စာရေးနေတာလားဆိုရင်တော့ မဟုတ်ပါဘူး။ ရိုးရိုးပဲ ပြောရရင်တော့ တိုင်တည်ပြောပြချင်လို့ပါ။ ကိုယ့်စာကို ဖတ်တဲ့သူ ဘယ်သူဘယ်ဝါ မသိနိုင်ဘဲ အဲဒီသူ၊ ထိုသူတွေနဲ့ စိတ်ချင်းဆက်သွယ်ကြည့်လို့ ရပါတယ်။ သူတို့ကို ပြောပြလို့ရနေပါတယ်။ စိတ်တွေချင်း ဖြူစင်စွာ သိကြဖို့ စာကောင်းပေမွန်တွေက အကောင်းဆုံး အဆက်အသွယ်ပဲလေ။

စာဖတ်သူတွေကို အကောင်းဆုံးပြောပြ၊ တိုင်တည်နိုင်မယ့် စာကောင်းပေမွန်တွေဖြစ်အောင် ကျွန်မ ကြိုးစားရေးဖွဲ့ခဲ့ပါတယ်။

ဆေးကျောင်းသူဘဝ၊ အလုပ်သင်ဆရာဝန်ဘဝ၊ သမဝါယမ ဆေးခန်း ဆရာဝန်ဘဝ၊ ကိုယ်ပိုင်ဆေးခန်းဆရာဝန်ဘဝ၊ ဆေးရုံဆရာဝန်ဘဝ၊ အိမ်ထောင်ရှင်ဘဝ၊ ဖွံ့ဖြိုးရေး ဝန်ထမ်းဘဝ ကျွန်မရဲ့ဘဝက စုံချင်ပါတယ်။

ဒီဘဝတွေမှာ သိမြင်၊ တွေ့ကြုံခဲ့ရတဲ့ ကိုယ်တွေ့၊ သူတွေ့အဖြစ်

www.burmeseclassic.com

www.burmeseclassic.com

အတော်များများကို အခြေခံတဲ့ စာတွေ ရေးဖွဲ့ဖြစ်ခဲ့တယ်။

ကျွန်မရဲ့ စာတွေဟာ ကျောင်းသူဘဝ စာစရေးစဉ်ကလို မပျောင်းနွဲ့တော့ဘဲ တစ်စစ ရင့်ကျက်လာခဲ့တာ၊ အတွေ့အကြုံတွေ ပြည့်စုံလာခဲ့တာ စုစည်းဖတ်လိုက်မိတော့မှ ပိုသိလာခဲ့ပါတယ်။ အရေးအသား အဖွဲ့အနွဲ့တွေ လည်း ပြောင်းလဲလာခဲ့တယ်။

ကျွန်မရဲ့ စီးဆင်းနေတဲ့ စာပေလမ်းကြောင်းလေးဟာ တစ်ခါတစ်ရံ အားမရစရာ ခန်းခြောက်ရတော့မလား ထင်နေဆဲ လှုံ့ဆော်မှု တစ်စုံတစ်ရာ ကြောင့် ရေစီးအားတွေ ကောင်းလာပြန်ပါတယ်။

ကျွန်မရဲ့ စာပေရေစီးကြောင်းလေးကို ရှင်သန်စီးဆင်းစေခဲ့တဲ့ မြင်တွေ့၊ ကြုံ၊ ခံစား ထိရှစေခဲ့တဲ့ လူပုဂ္ဂိုလ်များ၊ အဖြစ်အပျက်များကို အစဉ်သတိရ ကျေးဇူးတင်ပါတယ်။

BURMESE CLASSIC

ကျွန်မကို ခံစားစေခဲ့တယ်၊ စာရေးဖြစ်စေခဲ့တယ်။

ကျွန်မစာကို ရှာဖွေဖတ်သူဖြစ်ဖြစ်၊ အမှတ်တမဲ့ ဖတ်မိသူဖြစ်ဖြစ် စာမျက်နှာတွေပေါ်မှ တစ်ဆင့် ဆက်သွယ်လို့ ရခဲ့တယ်။

၁၉၉၇ ခုနှစ် ကျွန်မရဲ့ အမျိုးသားစာပေဆု ရရှိခဲ့တဲ့ ''အချစ်၏ နောက်ဆက်တွဲ စာမျက်နှာ'' ဝတ္ထုအမှာစာမှာ ''ကျေးဇူးတင်ခြင်းများနှင့် အတူ''ကို ရေးဖြစ်ခဲ့တယ်။ ကျွန်မရဲ့ဝတ္ထုတိုများ စုစည်း ထုတ်ဝေခဲ့တဲ့ ယခုစာအုပ်မှာလည်း ကျွန်မ ကျေးဇူးတင်ပါရစေ။

အားလုံးအတွက် ကျေးဇူးပါ။

ကျွန်မကို စာရေးဖို့ အစဉ်တိုက်တွန်းနေတဲ့ စာဖတ်သူများဟာ ကျွန်မအတွက် ရှင်သန်နေတဲ့ အင်အားများပါလို့ ...

ချစ်ခင်လေးစားရင်း ...

ကျေးဇူးတင်ခြင်းများနှင့်အတူ

ဝင်းဝင်းလတ်

(၇-၁၁-၂၀၀၀)

www.burmeseclassic.com

www.burmeseclassic.com

# ဝင်းဝင်းလတ်

## ရင်ထဲမှာ အလှဆုံး နှင့် လက်ရွေးစင် ဝတ္ထုတိုများ

## မာတိကာ


| | |
|---|---|
| (၁) ရင်ထဲမှာ အလှဆုံး | ၁ |
| (၂) သကြံန်ရှူးနှင့် နှစ်ဦးအမွန် | ၂၈ |
| (၃) ကိုယ်လည်း ရောက်တဲ့အရပ်မှာ ပျော်အောင်နေ | ၄၂ |
| (၄) မျှော်လင့်ချက်ရောင်ခြည်မြို့တော်သို့ ဆောင်းရောက်ရှိလာခြင်း | ၅၂ |
| (၅) ကပွိုယဒေါက်တာ | ၆၂ |
| (၆) ချမ်းတိုင်း တွေးမိတာတွေ | ၈၀ |
| (၇) ကတ္တီပါ ကားလိပ်များ ကြားမှာ | ၉၁ |
| (၈) မပူးသာ | ၁၀၀ |
| (၉) အမိုက်အမဲ | ၁၂၆ |
| (၁၀) နောင်ဘဝ ရုပ်ဆိုး မဖြစ်စေချင် | ၁၄၀ |
| (၁၁) လွတ်မြောက်ခွင့် | ၁၅၂ |


www.burmeseclassic.com

www.burmeseclassic.com



(၁)

"သမီး" ဆိုပြန်တော့ ငြိမ်းသည် ငြိမ်းတစ်သက် နာကြည်းလာခဲ့မိသော အလှအပများကိုပင် ပြန်လည်ကိုးကွယ် လာချင်မိကာ သမီးသည် သူကလေး၏ ဒေါင်လေးတွေနှင့် အဘွားတွေနှင့်သာ သွားတူပါစေတော့ဟု ကျိတ်၍ ဆုတောင်းမိလေသည်။ သမီးရုပ်ရည်လေး ပီပြင်လာကာ မှန်းဆနိုင်လာသော အခါတွင်မူ သမီးသည် ငြိမ်းနှင့်လည်းကောင်း မောင်နှင့်လည်းကောင်း တစ်နေရာစီ တူလေသည်။



www.burmeseclassic.com

www.burmeseclassic.com



# ရင်ထဲမှာ အလှဆုံး

ကျီးမည်းလေးများ ဝဲပိုက်ပျံသန်းနေသည့် ကောင်းကင်ပြင်ကို ငေးမောရင်း ငှက်ဖြစ်ရင်လည်း ရုပ်လည်းမလှ၊ အသံလည်း မသာတဲ့ ကျီးကန်းပဲဖြစ်မှာပါဟု ငြိမ်းငယ်ငယ်က တွေးတောမိတတ်လေသည်။ တကယ်လည်း ငြိမ်းမှာ 'ကျီးမည်း'ဟု အစအနောက်ခံရလေ့ရှိသည်။ ဘဝဇာတ်ဆရာလေးက သမားရိုးကျအလုပ်များတွင် ပျင်းရိငြီးငွေ့လာတော့ အရွှန်းအသောဖက်လို့ လောကကို သွက်လက်စေလိုရှော့သလား မသိ။ ဖြူဖြူစင်စင် မွန်ရည်သော မိသားစုထဲတွင် ငြိမ်းတစ်ယောက်တည်း အသွင်ကွဲကာ ညိုညက်လို့ ပါဝင်လာပုံက ဟာသမြောက်လှပေမည်ပင်။ ငြိမ်းမှာမူ မရယ်မောနိုင်ခဲ့ပေ။

"ဒေါင်းယောင်ဆောင်လာတဲ့ ကျီးကိုတင်မဟုတ်ဘူး မတူးရဲ့၊ ဒေါင်းဖြစ်ပေမယ့် ကျီးနဲ့သွားတူနေရင်လည်း ဒေါင်းတွေက ဝိုင်းခွပ်ကြမှာပဲ"

မြန်မာဖတ်စာတွင် ဒေါင်းယောင်ဆောင်သောကျီးကို သင်ရစဉ် ခဏ ခံချင်းကပ်လျက် မတူးနှင့်ငြင်းရသေးသည်။ မတူးက မျက်လုံးလေး ပုတ်ခတ်လျက် . . .

"စာအုပ်ထဲမှာမှ မပါဘဲနဲ့"

ဟုသာ မရေမရာ ဆိုရှာသည်။ ငြိမ်း ဝေဒနာကို နားမလည်သည်မို့ ငြိမ်းကိုလည်း နားလည်မည်မဟုတ်ပေ။

"ငွေဖျိုင်းဖြူတောထဲ တောကျီးမည်းကြီး တစ်ကောင်ဝင်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကိုကြီး၊ ကိုလေး၊ မမကြီး၊ မမလေးတို့ အစအနောက်ကို ခံရလေ့ရှိသည့် ငြိမ်းကမူ တောကျီးမည်းကြီးလိုပဲ ရန်လိုနေမိတတ်လေသည်။ မတူးကိုပင် ...

''မတူးက မူယာနဲ့ပဲ တွဲချင်မှာပါ၊ မူယာနဲ့ မတွဲရလို့ ငြိမ်းနဲ့ လာတွဲတာဟုတ်လား''

ဟု မခံချင်အောင် ပြောတတ်သေးလေသည်။

မတူးက စိတ်ကောက်သွားကာ ငြိမ်းနှင့် စကားမပြောတော့ ငြိမ်း တစ်ယောက်တည်း အဖော်မဲ့ ကျန်ရသည်။ သည်ကတည်းက ငြိမ်းသည် ငြိမ်းနှင့်ရွယ်တူ ဝမ်းကွဲညီမ မူယာတို့ကို ငြိမ်းကစလို့ ဆိုးချင်၊ စိတ်ကောက်ချင်၍ မရမှန်းသိခဲ့ဖို့ ကောင်းလေသည်။

သို့ပေမယ့် ငယ်ရွယ်သေးသော ငြိမ်းမှာ သည်အားနည်းချက်ကို ငြိမ်း တစ်သက်တာ ပိုင်ဆိုင်သွားရတော့မည်ဆိုတာ သဘောမပေါက်လှသေးပေ။

သူစိမ်းညည်သည်တွေဟာ ကစားနေတဲ့ ကလေးတွေထဲက မူယာ့ နာမည်ကိုမှ ဘာဖြစ်လို့ သိချင်ပြီး တရင်းတနှီးမေးစမ်းကြရတာလဲ။ ကျောင်း ကပွဲမှာ မူယာက မနှင်းဖြူ ဖြစ်ပြီး ငြိမ်းကတော့ ဘာဖြစ်လို့ လူပုလေး ခုနစ်ယောက်ထဲက တစ်ယောက်ဖြစ်ရတာလဲ။

ငြိမ်းကိုယ်ငြိမ်း တိုးတိုးတိတ်တိတ်မေးကြည့်နေမိတဲ့ တစ်ရက်တွင် တော့ အဖြေကို ငြိမ်းရရှိခဲ့လေသည်။ သူငယ်ချင်း မတူးကို ရန်စွာလိုက်သည့် အတန်းတူတစ်ယောက်နှင့် ငြိမ်းရန်ဖြစ်ရပြန်သည်။ ပျော့ခွေ့သော မတူးကို အမြဲအနိုင်ကျင့်တတ်သည့် ဆံပင်နီနီကောက်ကောက်နှင့် ကပြားမလေး။ သူက ငြိမ်းရဲ့ ကျောင်းဂါဝန်ပေါ် တံတွေးထွေးလေတော့ ငြိမ်းက သူ့ဆံပင်နီနီကို ဆွဲဆောင့်မိလေသည်။ ကျီခနဲဝိုလိုက်သံကြောင့် အတန်းပိုင်ဆရာမ ရောက်လာ သည်။ ငြိမ်းစိတ်ထဲမှာ လက်ဝါးဖြန့်နိုင်းပြီး ပေတံနှင့် တစ်ချက်စီတော့ အရိုက်ခံ ရတော့မယ်ဟု ထင်နေစဉ် ဆရာမက ဘယ်သူ့ကိုမှ မရိုက်ခဲ့ချေ။

ကျောင်းစည်းဝေးပွဲမှ ပြန်လာလာချင်း ငြိမ်းတို့ပြဿနာနှင့်



www.burmeseclassic.com

www.burmeseclassic.com



ရင်ဆိုင်တိုးနေသည်။ စိတ်တော့ဆိုးနေသည်။ လူချင်းခွဲနေစေလိုက်ပြီး ငြိမ်းကို စိတ်မာန်တဆိုးကြည့်လို့။

"မင်းဟာ အရုပ်ဆိုးသလောက် ဆိုးလှချည်လား ငြိမ်း။ မတူးနဲ့ဖြစ်ရင် မတူးက ဆရာမကို တိုင်ပစေပေ့ါ၊ မင်းဝင်စရာ မလိုဘူး ကြားလားငြိမ်း"

လေသံ မာမာဆိုခဲ့လေသည်။

အရုပ်ဆိုး၊ ရုပ်ဆိုး၊ ရုပ်ဆိုးဟူသော အသံတွေက ငြိမ်းအပါးသို့ အလုံးအရင်းဖြင့် နီးလာလိုက် ဝေးကွာသွားလိုက်။

ငြိမ်းဟာ အရုပ်ဆိုး၊ အရုပ်ဆိုးတဲ့ ငြိမ်း။

ငြိမ်းရဲ့ နုနယ်သောစိတ်တွင် နက်ရှိုင်းစွာ အနာတရ ထင်လေသည်။ ဆရာမ၊ မတူး၊ ဆံပင်နီမလေး၊ မူယာ၊ အတန်းသားများက အဖြစ်အပျက်ကို မေ့လျော့လာကာ အနေအမှန်သို့ ပြန်ရောက်လာခဲ့သော်လည်း ငြိမ်းရဲ့ စိတ်တစ်နေရာတွင်မူ အမာရွတ်ကျန်ရစ်ခဲ့လေသည်။

ငြိမ်း ဆရာမကို တစ်စတစ်စ ရှောင်ဖယ်လာမိသည်။

ဆရာမက အတန်းရှေ့မှာရပ်လျက် ...

"ငြိမ်းက ပုံဆွဲတော်တယ်"

"ဒီလ သချ်ာမှာ ငြိမ်းတစ်ယောက်ပဲ အမှတ်ပြည့်ရတယ်"

ငြိမ်းကို ချီးကျူးတတ်လျှင် ငြိမ်တိတ်ဆိတ်စွာပင် ခေါင်းငုံ့ထားမိလေသည်။ ငြိမ်းရင်ထဲတွင် ဆရာမကို ယုံကြည်ဖို့ မဝံ့မရဲရှိနေဆဲ၊ တစ်ခါကတော့ ဆရာမ စိတ်ဆိုတုန်းပြောခဲ့တာပါဟု ငြိမ်းကို ဖျောင်းဖျသော်လည်း ရှုံ့နေလေသည့်စိတ်က ပယ်ဖျက်၍မရနိုင်ပေ။

ငြိမ်း၏ စိတ်တစ်နေရာတွင်မူ ငြိမ်း လှလာအမြောက်လာခဲ့ရင် လှပချောမောလာလေမလားဟူသော မျှော်လင့်ချက်လေး မရေမရာထားနေမိခဲ့သည်။ ငြိမ်းတို့ အရွယ်ရောက်လာကြတော့ ငြိမ်းရဲ့အရင်းအချာ အစ်ကို၊ အစ်မ၊ မူယာ၊ သူဇာ၊ ဖြူပြာတို့ ဝမ်းကွဲညီအစ်မများက ထူးခြားစွာ ချောမောလာခဲ့လေသည်။ ငြိမ်းကမူ ထူးခြားမလာခဲ့၊ ငွေမျိုးဖြူတောထဲက တောကျီးမည်းကြီးအဖြစ်ကသာ ပိုလို့ ပီပြင်လာတော့သည်ပင်။ ဖေဖေနှင့်



www.burmeseclassic.com

www.burmeseclassic.com



မေမေက ငြိမ်းကို သည်အတွက် ကရုဏာသက်ကာ ပိုမိုချစ်ခင်ပုံပြသောအခါ ငြိမ်းဘဝကို ငြိမ်း မရွံ့မရဲလေး ကျေနပ်စပြုလာခဲ့သည်။ ငြိမ်းနေရာကို ငြိမ်းနားလည်လာခဲ့လေသည်။ မေမေတို့နှင့်အတူ ရောယောင်လို့ ဖိတ်ကြားခံရသည့် ကွမ်းတောင်ကိုင်ကူရမည့် ရှင်ပြု၊ နားသမင်္ဂလာပွဲများ၊ ပန်းကမ်းရမည့် လက်ထပ်မင်္ဂလာပွဲများကို ယဉ်ကျေးစွာ ငြင်းပယ်တတ်လာလေသည်။

ငြိမ်း၏ ကိုကိုများနှင့် မူယာတို့ မောင်လေး ဒိုးဒိုးတို့၏ ရှင်ပြုပွဲကိုမူ ဘိုးဘိုး ဘွားဘွားတို့၏ လက်ပံတန်းမြို့တွင် ပြုလုပ်ခဲ့သည်မို့ ပျော်စရာကောင်းသည့် တောအလှူလေးဖြစ်လေသည်။ ဘိုးဘိုးဘွားဘွားတို့၏ အနယ်နယ် အရပ်ရပ်မှာ အနှံ့အပြားရောက်ရှိနေသော သားသမီးခုနစ်ယောက်က စုစည်းရောက်ရှိလာလို့ အလှူပွဲမစမီကပင် ထမင်းရည်ချောင်းစီးအောင် တရုန်းရုန်းချက်ပြုတ်ကြရလေ၏။ ငြိမ်းတို့ ညီအစ်မဖော်တစ်စုမှာ ခြံဝန်းထဲက မန်ကျည်းပင်ရိပ်အောက်မှာ စားပွဲဝိုင်းကြီးတွေခင်းလျက် ဟင်းရံတွေကို လှီးသင်ထုထောင်းပေးကြရလေသည်။ အလုပ်လုပ်နေသော ညီအစ်မထဲတွင် မူယာက ပျောက်ချက်သားကောင်းနေတတ်လေသည်။ မီးဖိုချောင်ဝင်ဖို့ စိတ်မဝင်စားသော မူယာ့ကို ငြိမ်းတို့ကလည်း ခွင့်လွှတ်ထားကြရပေ၏။ ငြိမ်းတို့ ချက်ပြုတ်ရူးခပ်ပြီးလျှင်တော့ ထမင်းဝိုင်းများကို တစ်ဝိုင်းပြီးတစ်ဝိုင်း သေသပ်အကွက်စေ့အောင် မူယာက ခင်ကျင်းပြင်ဆင်ပေးတတ်လေသည်။ သံဃာစင်အောက်နေရာကတက်လာသော ဦးကြီး၊ ဦးလေး၊ ဘဘတို့ဝိုင်းမှာ စပါးလုံးလေးများ၊ အမှုန်အမွှားလေးများကို ကောက်ပေးတတ်သည်။ အနားက ယင်ယပ်လို့ပေးတတ်လေသည်။ ငြိမ်းကမူ သည်အချိန်ဆို တစ်နံနက်ခင်းလုံး ငရုတ်နံ့၊ ကြက်သွန်နံ့မွှန်လာခဲ့သမျှ ရေတွင်းမှ ရေတဇတ်ဇတ်ငင်လို့ ရေချိုးနေခဲ့ပြီ။ သနပ်ခါးရည် ပါးကွက်ကျားနေပြီ။

ငြိမ်း စားပြီးသောက်ပြီး ပန်းကန်များကို သိမ်းဆည်းဖို့ ထွက်လာတော့ ဦးလေးငယ်က ...

"ငြိမ်းတို့ကတော့ပေ့ သနပ်ခါးအဖွေးသားနဲ့ အကျည်းတန်မှန်ကြိုက်ဆိုတဲ့အတိုင်းပဲ၊ မူယာဆို ငြိမ်းနဲ့ရွယ်တူပဲ၊ လုပ်တတ်ကိုင်တတ်လိုက်တာ၊



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးဆိုတာ အဲဒီလိုလည်း မီးဖိုချောင်လုံဦးမှကွ''

ဟု ရယ်ကာမောကာ ဆိုလေသည်။ အလှူပွဲလာကူကြသည့် လူသူအများကြားမှာ ဦးလေးငယ် အသံဝါဝါကြီးက လွှမ်းသွားခဲ့သည်။ ငြိမ်းမှာ အိမ်ဘေး ရေကပြင်သို့ ဘယ်ခြေလှမ်းတွေနှင့် ရောက်ခဲ့တော့သည်မသိ။ မူယာကိုတော့ လှမ်းကြည့်မိခဲ့သေးစဉ် မူယာ ရက်ရွှန်းစွာပြုံးနေလိုက်သည်က သူမအလှလေးတွေ ဝင်းပလို့ပါပဲလေ။ အလှူပွဲလာ ပရိသတ်နှင့် ဘိုးဘိုး၊ ဦးကြီး၊ ဦးလေးတို့ကလည်း ငြိမ်းကို လှမ်းကြည့်နေကြသည်က ဦးလေးငယ် နှင့် တစ်သဘောတည်းမို့လေလား။ ငြိမ်း၏ အကျည်းတန်သော ရုပ်ရည်က ငြိမ်းကို မကောင်းမြင်ဖို့ လွယ်စေသည်ပဲ ထင်ပါရဲ့။ လှပတဲ့ ရုပ်အဆင်းလေး မှာလည်း ကဲ့ရဲ့ပြစ်တင်စရာ တစ်ခုခုရှိနိုင်တယ်လို့ မတွေးရက်၊ မတွေးလို ကြဘူးပေါ့။ ငြိမ်းသည် ပန်းကန်များကို တစ်ချပ်ပြီးတစ်ချပ်ဆေးရင်းက ငြိမ်း၏ စိတ်အမာရွတ်သည် ကျယ်ပြန့်ခဲ့လေသည်။

ငြိမ်းနေရာကို ငြိမ်း ပိုလို့ နားလည်လာခဲ့သည်။ ဧည့်သည်တစ်စုံ တစ်ဦးရောက်လို့ ငြိမ်းတို့မောင်နှမများကို မိတ်ဆက်ပေးဖို့ မမကြီး၊ မမလေးတို့ကို တစာစာခေါ်ကာ ခြုံကြိုခြုံကြားအထိ လိုက်ရှာဖွေစဉ် ငြိမ်းက အခန်းထဲမှာ တိတ်ဆိတ်စွာ စာဖတ်နေမိသည်။

မေမေက ငြိမ်း အခန်းထဲသို့ ရုတ်တရက်ဝင်လာကာ ...

''ငြိမ်း ဘာဖြစ်နေသလဲ၊ နေကောင်းရဲ့လား သမီး''

ဟု စိုးရိမ်မကင်းမေးလျှင် ငြိမ်းက ပြုံးလျက်ဖြင့် ...

''ငြိမ်း ဘာမှမဖြစ်ပါဘူး မေမေ''ဟု တည်တည်ငြိမ်ငြိမ် ပြောနိုင် လေသည်။

''ငြိမ်းကို ဧည့်သည်တွေက မေးနေတယ်''

ဟု မေမေက ညင်ညင်သာသာ ပြောလျှင် ...

''ငြိမ်း သွားလိုက်မယ်လေ''

မေမေ့ကို မခက်ခဲစေဘဲ ငြိမ်းလိုက်လျှောလေသည်။

''ဟင် သူကလေးကတော့ ရုပ်တစ်မျိုးနော်၊ အကြီးတွေနဲ့လည်း



www.burmeseclassic.com

www.burmeseclassic.com



မတူဘူး''

ညော့်သည်က အံ့အားသင့်ခြင်းကို မထိန်းနိုင်ဘဲ ပြောလိုက်သည့် အခါ ရင်ထဲက တစစ်စစ်နာကျင်သည်ကို ဖုံးကွယ်ဖို့ ပြုံးလျက်ဖြင့် ငြိမ်း မျက်လွှာ ဖြည်းဖြည်းချလေသည်။

ကိုကြီး၊ ကိုလေးတို့ကမူ သူငယ်ချင်းတွေလာလျှင် ငြိမ်းကို ဒုက္ခခံလို့ မရှာဖွေတတ်ကြပေ။

''ညီမ အငယ်ဆုံးလေးရှိသေးတယ်၊ သူကတော့ စာပဲဖတ်နေတာ၊ သူ့ကို စာကြည့်ခန်းထဲကကို ဆွဲထုတ်လို့မရဘူး''

ဟု ကိုလေးပြောနေသံကို ငြိမ်း စာဖတ်ခန်းထဲမှ ကြားရလေသည်။ ညော့်သည်များကလည်း စာကြည့်ခန်းထဲက မခွာဘဲ စာပဲဖတ်နေသည့် ကောင်မလေးကို ဆွဲထုတ်ဖို့ စိတ်မဝင်စားကြပေ။

သူတို့နှင့် ဝိုင်းဖွဲ့စကားပြောနေသည့် မမကြီး၊ မမလေး၊ ပြီးတော့ မူယာတို့ တစ်ခါတစ်ရံ ရောက်နေလျှင် မူယာ၊ ဖြူပြာ၊ သူဇာတို့က ထူးထူးခြားခြား ချောမောလှပကြလေသည်။

ငြိမ်းတို့ ညီအစ်မတစ်တွေ အပြင်ထွက်လျှင် ငေးမောမဆုံးကြရပေ။ အလှလည်းဆင်ကာ ရွယ်တူချင်းလည်း မတိမ်းမယိမ်းမို့ တင့်တယ်လှပလေ သည်။ ငြိမ်းက ရွယ်တူဖြစ်သော မူယာနှင့် ပိုတွဲဖြစ်သည်။ မမကြီး၊ မမလေး တို့နှင့်က အသက်ချင်းကွာခြားကာ များစွာ မတွဲဖြစ်လှပေ။ ရုပ်ရှင်ကြည့် ဖြစ်လျှင်ဖြစ်ဖြစ် မူယာတို့ညီအစ်မတွေနှင့် ငြိမ်းကြည့်ဖြစ်သည်။ ရုပ်ရှင်ရုံ အမှောင်ထဲရောက်လျှင် ငြိမ်းသည် ကွက်ကွက်ကလေးသာ လင်းနေသည့် ပိတ်ကားပေါ်တွင် အနစ်မျှောကြီးနစ်မျှောကာ အားလုံးကို အမှတ်မရအောင် ခံစားတတ်လေသည်။ ငြိမ်းကရုပ်ရှင်တွင် နစ်မျှောနေမိဆဲ ငြိမ်းတစ်ဖက်ဘေးက မမသူဇာက ...

''ငြိမ်း မူယာနဲ့ နေရာချင်းလဲပေးလိုက်ပါကွယ်''

ဟု တိုးတိုးလေး ကပ်ပြောလာသည်။ မူယာက မမသူဇာရဲ့ အခြား ဘေးတစ်ဖက်က အစွန်ခုံတွင် ရှိနေခဲ့သည်။ ငြိမ်းသည် ရုပ်ရှင်ထဲစီးဝင်နေသည့်



www.burmeseclassic.com

www.burmeseclassic.com



အာရုံမှ လှုပ်နှိုးခံရလို့ အိပ်နိုးစလို ယောင်ချာချာဖြင့် ...

"လဲလေ"

ဟု ပြောကာ နေရာမှထမိသည်။ ငြိမ်းနေရာသို့ မမသူဇာကတိုး ရွှေ့ထိုင်လိုက်သည်။ မမသူဇာ နေရာကို မူယာက ဝင်ထိုင်သည်။ မူယာနေရာကို ငြိမ်း။ ငြိမ်းတို့ မိန်းကလေးတစ်စုရဲ့ အစွန်ခုံ။ နောက်ခုံများမှ ရယ်သံသဲ့သဲ့မျှ ကြားလိုက်ရလေသည်။ ငြိမ်းသည် ယောင်ဝါးဝါးဖြစ်နေဆဲ မူယာက တီးတိုးပြောပြလေသည်။

"ကျေးဇူးပဲ ငြိမ်းရေ၊ ဟိုဘက်ခုံကလူက သိပ်ဆိုးတာပဲ၊ မူယာ့ကို အတင်းကပ်စကားပြောနေတာ"

ငြိမ်း ရုပ်ရှင်အာရုံတွင် မူးဝေနေခြင်းမှ ပြေပျောက်ကာ ခုမှပဲ အားလုံးကို နားလည်လာရလေသည်။

"ဒါကြောင့်မို့ ငြိမ်းနဲ့ နေရာချင်းလဲလိုက်တာလား"

ဝမ်းနည်းစိတ်ဖြင့် တုန်ယင်ချင်လာသောအသံကို ထိန်းကာမေးမိလေသည်။

"အင်း"

ရုပ်ရှင်ထဲ ပြန်လည်ဝင်စားနေရင်းက မူယာက မပွင့်တပွင့်ဖြေလေသည်။ ငြိမ်းကမူ ရုပ်ရှင်ထဲမှာ ပြန်လည်နစ်မျောလို့ မရတော့ပေ။ လှုပ်ရှားနေသည့်အရိပ်များ မှုန်ဝါးလို့လာလေသည်။ စအိုင်လာသော မျက်ရည်တို့က ငြိမ်း၏မျက်တောင်ပါးပါးတွင် ကြာရှည်စွာတွယ်ငြိမနေနိုင်ဘဲ သွယ်သွယ်စီးဆင်းကျလေသည်။ ငြိမ်းဟာ ရုပ်ရည်မလှပတာမို့ ငြိမ်းကိုယ်ငြိမ်း တန်ဖိုးမထားရတော့ဘူးလား။ အပျိုရွယ်ချင်းတူတူဖြစ်တဲ့ ငြိမ်းအတွက်လည်း စဉ်းစားပေးဖို့ မမေ့လျော့သင့်ပါဘူး။ ငြိမ်းသည်အမှောင်ကို အကွယ်အကာပြုလျက် မျက်ရည်ကျမိရလေသည်။

ရုပ်ရှင်ပြီးသောအခါ အလွမ်းကားမှာ မျက်ရည်စဝေသော မူယာတို့နှင့် ငြိမ်းများစွာ မခြားနားလှပေ။ ငြိမ်းက ပိုလို့ တည်ငြိမ်နိုင်သေးသည်ထင်၏။ လင့်ရှိဗာထဲမှာ မျက်နှာချင်းဆိုင် ထိုင်ကြစဉ် —

www.burmeseclassic.com



''ငြိမ်းကိုရော သူစကားပြောသေးလား''

''ဟင်အင်း၊ ဘာမှမပြောပါဘူး။ ငြိမ်း သူ့ကို သတိတောင် မထားမိဘူး''

မူယာ့အမေးကို ငြိမ်းဖြေလေသည်။ ကားမောင်းသူနေရာက မမသူဇာက –

''အေးကွယ် မူယာ့မှာ ငိုတော့မလိုဖြစ်နေလို့ ငြိမ်းနဲ့ နေရာလဲခိုင်းလိုက်ရတာ၊ ငြိမ်းနဲ့ကျတော့လည်း ငြိမ်သားပဲ''

ဟု ရယ်ရယ်မောမောပြောလေသည်။ မူယာကတော့ ငြိမ်းကို ပြုံးစနဲ့နဲ့လေး ကြည့်လေသည်။ ငြိမ်းသည် လိုက်ရယ်မောလျက် . . .

''ငြိမ်းကို ကြောက်သွားလို့ ထင်ပါရဲ့''ဟု ခံစားမှုမရှိဘဲ ပိုလို့စည်ပင်စွာ ရယ်မောကြရအောင် ပြောလိုက်နိုင်သေးလေသည်။ ရယ်မောသံများတွင် မူယာ့ရယ်သံလေးက အကျယ်ဆုံးပေမယ့် သာယာလေသည်။

နောင်တွင်တော့ ရုပ်ရှင်ကြည့်ကြလျှင် ရုပ်ရှင်ထဲသို့ နောက်ဆုံးမှ ငြိမ်းလိုက်ဝင်သည်။ ရှေ့ကမိန်းကလေးများ ဝင်ထိုင်သွားပြီး မထိုင်လိုဘဲ ကျန်သည့်ခုံတွင်မှ ထိုင်သည်။ ထိုနေရာက အစွန်ခုံ အမြဲဖြစ်တတ်လေသည်။ ငြိမ်း အစွန်ခုံမှာထိုင်သည်ကို မမကြီးကပင် တစ်ခါတစ်ရံ လဲမထိုင်ဖူးပေ။ ထူးခြားစွာ တိတ်ဆိတ်သောငြိမ်းကို တစ်ဖက်ခုံမှ အမျိုးသားတစ်ဦးဦးသည် တစ်ခါတစ်ရံ စူးစူးစမ်းစမ်းကြည့်တတ်သည်။ ငြိမ်းထံမှ သူ့အကြည့်ကိုသိသည့် အရိပ်အယောင်လေးမျှ မရသောအခါ ပိတ်ကားသို့ ပြန်လည်မျက်နှာမူသွားတော့သည်။ အလင်းရောင်များသော အခန်းပေါ်လာစဉ် ငြိမ်းရုပ်ရည်ကို မြင်တွေ့သွားရလို့လည်း ဖြစ်နိုင်သည်ပင်။ ငြိမ်းသည် စိတ်မနာကျင်ဘဲ လွယ်ကူစွာ တွေးနိုင်လာသည်။

ငြိမ်းဘဝတွင် ငြိမ်းရုပ်ရည်မလှပသောကြောင့် အချို့ သေးသိမ်သော ရွယ်တူယောကျ်ားလေးများက လှောင်ပြောင်တာတွေ။ လူချင်းတူပေမယ့် အခွင့်ရေးချင်းတူအောင် မရခဲ့နိုင်တာတွေ။

နောက်ဆုံး ငြိမ်း တက္ကသိုလ်ရောက်လာတော့ မူယာက ငြိမ်းနှင့်သာ



www.burmeseclassic.com

www.burmeseclassic.com



မခွဲဘဲ တတွဲတွဲ လာတွဲတတ်တာတွေက ငြိမ်းကို မခံစားမိစေတော့ပေ။ ငြိမ်းကဲ့သို့ အရုပ်ဆိုးသူတွေလည်း ဒီလိုပဲ ခံစားကျော်လွှန်ဖူးခဲ့ကြမှာပဲဟု ကိုယ့်နာကျင်မှုကို သက်သာစေအောင် တွေးတတ်လာလေသည်။ ငြိမ်းကိုယ်တိုင်လည်း ရိပ်စားမိခဲ့လျက် ငြိမ်းနဲ့တွဲတော့ မူယာက ပိုပေါ်လွင်လာတာပေါ့ဟု ငြိမ်းနောက်ကွယ်မှာ မူယာတီးတိုးပြောသံကို မထိခိုက်ဘဲ တိတ်ဆိတ်နေလိုက်သည်။ မူယာ့ထံပါးမှာလာလို့ ဦးညွတ်ကြသော အချစ်သူရဲကောင်းများကိုသာ ရေတွက်၍နေလိုက်သည်။

အလှအပက အသည်းနှလုံးများကို လွယ်ကူစွာပဲ အနိုင်ယူနိုင်လေသည်။ အလှရဲ့ ကျေးကျွန်ဖြစ်ဖို့ မွတ်သိပ်လိုလားသူတွေ များပြားလှတာ ငြိမ်း မအံ့ဩမိတော့ပေ။ မူယာသို့ ပေးစာများမှ မူယာလှလို့ ချစ်မိတာ မဟုတ်ပါဘူး၊ အလှကြောင့် မူယာကို စိတ်ဝင်စားမိတာ မဟုတ်ပါဘူးဟု အသည်းအသန်ငြင်းထားသော စာပိုဒ်များကိုဖတ်ရင်းသာ ငြိမ်းပြုံးချင်မိလေသည်။ အလှကိုမြင်လျှင် အလွယ်တကူဝပ်စင်းမိခဲ့ပြီး ဝန်ခံဖို့မှု ဘာကြောင့်များ ဝန်လေးကြတာပါလဲ။ သည်တစ်ခုက လူတွေရဲ့ အအောင်မြင်ဆုံးသော ဟန်ဆောင်မှုတစ်ရပ်ပဲ ဖြစ်မည်ထင်သည်။

ငြိမ်းကို ဆရာမက မာထန်စွာပြောပြီး ဦးလေးလုပ်သူက မညှာမတာ ရယ်ပွဲဖွဲ့ခဲ့သည်။ ညှော်စုံသောဝိုင်းကို ငြိမ်းထွက်လာအောင် ဘယ်သူကမှ မကြိုးစားတတ်ပေ။ ငြိမ်းရုပ်ရည်က အကျည်းတန်သည်ပဲ၊ မျက်နှာမြင်က မချစ်ခင်မှုတည်းကတော့ ငြိမ်းဘက်က ဘယ်လိုစဉ်းစားဖြစ်ပါတော့မလဲ။ ငြိမ်းတွင် တစ်ဖက်လူရင်ထဲကို လှိုက်လှဲ့ကရုဏာသက်စေမည့်အလှမျိုးမှ မရှိခဲ့ပေပဲ။

ငြိမ်းသည် ငြိမ်းတွေ့ရသမျှ၊ ကြုံရသမျှကို ငြိမ်းဘဝနှင့်ဆီလျော်အောင် ကြိုးစားလို့နေနေဆဲ တစ်နေ့ဝယ် မမျှော်လင့်ဘဲ မူယာ့မိတ်ဆွေ ကိုကျော်ဦးက ငြိမ်းသို့ ချစ်ခွင့်ပန်ခဲ့လေသည်။ ကိုကျော်ဦးက ငြိမ်းတို့နှင့် တက္ကသိုလ်ချင်း မတူပေ။ မူယာ၏ သေချာစွာ စိစစ်တွဲသော မိတ်ဆွေများတွင် ကိုကျော်ဦးပါဝင်သည်ဆိုတော့ သူက ရည်မွန်လျက် ယောကျ်ားပီသစွာ ချောမော



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"ငြိမ်းဟာ ဒီလောက်တောင် အေးဆေးငြိမ်သက်နိုင်တာ ကျွန်တော် အံ့သြတာပဲဗျာ"

တွေ့စက သူပြောဖူးလေသည်။ ငြိမ်း၏ အေးဆေးတည်ငြိမ်ခြင်းတွင် သူစိတ်ဝင်စားမိပါသည်ဟု သူက ဆိုသည်။ သူ၏ ညင်သာသိမ်မွေ့သော ချဉ်းကပ်မှုတွင် ငြိမ်းစိတ်များ တစ်စတစ်စ လှုပ်ရှားလာမိဆဲ ရုတ်တရက်လို ငြိမ်း အိပ်မက်မှ လန့်နိုးခဲ့ရသည်။

"အရုပ်ဆိုးတဲ့သူများ လှတဲ့သူနဲ့မှ ဖူးစာဆုံတတ်တယ်ဆိုတာ ဒါမျိုးပဲ ထင်တယ်နော် ငြိမ်း"

မူယာ၏ သာယာသောရယ်သံလေးကို ကြားရလေသည်။

ငြိမ်း၏ မရေမရာစိတ်တွင် ဆုံးဖြတ်ချက် ရုတ်ခြည်းချမိသည်။ အရုပ်ဆိုးသည့်အဖြစ်အတွက် ငြိမ်းကို သည်မျှနှိပ်စက်ရလေသလားဟု ကံကြမ္မာကို မေးလိုရင်း ကိုကျော်ဦးသို့ အဖြေ လျင်မြန်စွာ ပေးမိလေသည်။

"ငြိမ်းမျှော်လင့်ထားသူဟာ ကိုကျော်ဦးလို လူမျိုး မဟုတ်ပါဘူး" ဟု ပွင့်လင်းစွာပဲ ငြိမ်းရဲ့ သူ့အတွက် တစ်စောင်တည်းသောပြန်စာကို ရေးမိလေသည်။

❑ ❑ ❑

မောင်နှင့်မူ ငြိမ်း တတိယနှစ်တွင် ဆုံတွေ့သည်။ မောင်က ငြိမ်းတို့နှစ်အတွက် လူသစ်။ မန္တလေးတက္ကသိုလ်က ပြောင်းလာသူ။ နှစ်စကတည်းက မောင်ရောက်ခဲ့သည်ဆိုပေမယ့် ငြိမ်းအတွက်မူ ပထမဆုံး စတွေ့သည့်နေ့ မတိုင်မီက မတွေ့ခဲ့ဖူးပေ။ ကြေငြာသင်ပုန်းမှာ သတင်းထူးတစ်ခုခု ရှိလေမလားဟု ဖတ်နေကျငြိမ်းသည် သင်ပုန်းရှေ့သို့ ဖြည်းညင်းညင်သာစွာ ရပ်မိလေသည်။ ငြိမ်းထက် အရင်ဦးစွာ ကျောင်းသားတစ်ဦးက ရှိနေခဲ့သည်။ ငြိမ်းခြေသံကိုကြားလျှင် ငြိမ်းကို လှည့်ကြည့်နေမည်စိုး၍ ငြိမ်းက ခြေသံ ညင်သာစွာဖြင့် သင်ပုန်းကို အသာကဲကြည့်ဖို့ကြိုးသည်။ ငြိမ်းကိုကျောခိုင်းထား



www.burmeseclassic.com

www.burmeseclassic.com



သူက ငြိမ်းရောက်လာသည်ကို မသိပေ။ ဖောင်တိန်တစ်ချောင်းဖြင့် သင်ပုန်းပေါ်မှာ အလုပ်များနေသည်။ ဘာအတွက်ကပ်ထားမှန်း မမှတ်မိတော့သော အမည်စာရင်းရှည်ကြီးက သင်ပုန်းပေါ်မှာ ရှိလေသည်။

တချို့မိန်းကလေးနာမည်တွေ၏ဘေးမှာ မှတ်ချက်မျိုးစုံတွေနှင့်။ စာသားအချို့က ရိုင်းလေသည်။ သူက ထိုစာသားဟူသမျှကို ဖောင်တိန်မင်နက်ဖြင့် ခြစ်ဖျက်ပစ်နေလေသည်။ ငြိမ်းသည် သူ့အပြုအမူကြောင့် ရင်ထဲတွင် လှိုက်ဖိုသွားရင်း သူ၏ ပိရိသော ဆံပင်ဖြီးပုံ၊ အရပ်ပြတ်ပြတ်၊ အသားလတ်လတ်၊ သပ်ရပ်စွာဝတ်ဆင်ထားသော တိုက်ပုံအင်္ကျီ၊ ရခိုင်ပုဆိုးတို့ကို ငေးမောသတိပြုမိရင်း သည်ပုံစံနှင့် လိုက်ဖက်မည့်ရုပ်ရည်ကို ပြေးမြင်မိလေသည်။ မျက်ခုံးထူထူ၊ မျက်လုံးတောက်တောက်၊ ရယ်ပြုံးနေသော နှုတ်ခမ်းများ၊ ရည်မွန်သော မျက်နှာနှင့် အလှကိုမြတ်နိုးသည့် အရိပ်အယောင်များ။ ငြိမ်းဖြည်းညင်းစွာ လှည့်ထွက်ခဲ့မိသည်။ ရုတ်တရက် ငြိမ်း ခဲလေးတစ်လုံးကို နင်းလိုက်မိကာ ငြိမ်းဖိနပ်မှ အသံထွက်သွားခဲ့လေသည်။ သူက ဖျတ်ခနဲ လှည့်ကြည့်သည်။ ငြိမ်းရင်ထဲ ဖိုအေးသွားမိလေ၏။ သူက ငြိမ်းသို့ပြုံးကာ ...

''ဘာတွေလျှောက်ရေးထားမှန်း မသိဘူးဗျာ၊ နောက်တာဆိုပေမယ့် သူများကို နစ်နာစေတာတော့လည်း မကောင်းပါဘူး''

ဟု အေးဆေးစွာ ပြောလေသည်။ ငြိမ်းသည် မပေါ်ပေါက်စဖူး ပေါ်ပေါက်လာသော သတ္တိထူးဖြင့် သူ့ကို ပြန်လည်ပြုံးရင်း ...

''ဟုတ်တယ်၊ ငြိမ်းလည်း သဘောမကျမိပေမယ့် တစ်ခါမှဒီလို ဖျက်ပစ်ဖို့ ဉာဏ်မရခဲ့ဖူးဘူး''

ဟု ဆိုမိလေသည်။ ငြိမ်းလိုပင် အရုပ်ဆိုးရှာသော သူက -

''သြော် ... ငြိမ်းတဲ့လား''

ဟု စကားဆိုလေသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



သမီး 'ချမ်းမြေ့' ကိုမွေးတော့ သမီးသည် နီတာရဲလေးဘဝမှာ ခြေကလေး၊ လက်ကလေး ပုလုကွေးဖြင့်ကန်ကျောက်ကစားကာ အားလုံး ကလေးငယ်တွေလိုပင် ချစ်စဖွယ်ဖြစ်လေသည်။ 'သမီး' ဆိုပြန်တော့ ငြိမ်းသည် ငြိမ်းတစ်သက် နာကြည်းလာခဲ့မိသော အလှအပများကိုပင် ပြန်လည်ကိုးကွယ် လာချင်မိကာ သမီးသည် သူကလေး၏ ဒေါ်လေးတွေနှင့် အဘွားတွေနှင့်သာ သွားတူပါစေတော့ဟု ကျိတ်၍ ဆုတောင်းမိလေသည်။ သမီးရုပ်ရည်လေး ပီပြင်လာကာ မှန်းဆနိုင်လာသောအခါတွင်မူ သမီးသည် ငြိမ်းနှင့် လည်းကောင်း၊ မောင့်နှင့်လည်းကောင်း၊ တစ်နေရာစီ တူလေသည်။ မောင်ကပင် ...

''ငြိမ်းရေ သမီးထပ်မွေးလို့မှ ဖြစ်ပါတော့မလား၊ မောင်တော့ ယောက္ခမဘွဲ့ မရလိုက်ဘဲရှိဦးမယ်'' ဟု ရယ်စရာ တီးတိုးဆိုလေသည်။

''ငြိမ်းကလေ သမီးပဲ လိုချင်တယ်၊ သမီးကို အဖော်ရစေချင်တယ် လေ''

ငြိမ်းက ရယ်မောနေသော်လည်း နာကျင်သော စိတ်ဝေဒနာဖြင့် ခေါင်းမာစွာ ပြောမိလေသည်။ ငြိမ်းနှင့်တူလာသော သမီးကိုကြည့်ရင်း ...

''အလှအပဆိုတာ မက်မောစရာမဟုတ်ပါဘူး၊ သမီးရယ်၊ လူတွေရဲ့စိတ်ဟာ အလှရဲ့ လွှမ်းမိုးခြယ်လှယ်မှုကြောင့် ဝေဒနာရတယ်၊ မတရားတဲ့စိတ်တွေ၊ ကရုဏာကင်းတဲ့ စိတ်တွေ၊ လောဘရမ္မက်တွေ ဝင်လာ ရတယ်၊ အလှရဲ့ ကျေးကျွန်တွေ ပေါ်ပေါက်လာကြလို့ အလှ ပိုင်ဆိုင်သူတွေ မှာလည်း အရှင်သခင်စိတ်တွေ ဝင်လာတော့တယ်၊ အလှကို ရာဇသရဖူလို အားကိုးပြီး စိုးမိုးချင်သူတွေရဲ့စိတ်က ဘယ်မှာ လှနိုင်တော့မလည်းကွယ်''

သမီးသိတတ်လာသည့်အခါမှာ ငြိမ်းက ပြောပြချင်လေသည်။ သမီးကို အရိပ်ကြည့်လျက် ငြိမ်းငယ်ငယ်ကလို တစ်ယောက်တည်း တိတ်ဆိတ် ငေးတွေမနေရအောင် သမီးဝါသနာပါသည့် ပန်းချီပညာကို ငြိမ်းအားပေးလေ သည်။ သမီးက အခန်းထဲမှာ ပုံဆွဲစက္ကူတွေ ပြန့်ကျဲနေအောင် ပုံဆွဲတတ်လေ သည်။ ပုံဆွဲရင်းက သူကလေးဆွဲနေသည့် အကြောင်းအရာကို ပါးစပ်က



www.burmeseclassic.com

www.burmeseclassic.com



လေးတွဲ့စွာ ပြောနေတတ်လေသည်။

"ပူ–စီ–ကလေး၊ အမြီးမှာ ဖဲကြိုးလေး–ချည်ထားတယ်"

"လေ–ယာဉ်–ပျံ–ကြီး–ဗိုက်–ပူ–ပူ"

အပြစ်ကင်းစင်သော သမီးကို ငေးကြည့်လျက် တစ်နေ့မှာသမီးကို "အရုပ်ဆိုးသလောက် ဆိုးတယ်"ဟု တစ်စုံတစ်ယောက်က ပြောလိုက်မည့် အရေးမှ ကာကွယ်ဖို့ ငြိမ်းမတတ်နိုင်မည်ကို ဝမ်းနည်းနေမိလေသည်။

"ဒီမှာ မေမေ့ပုံ"

"မေမေက ဈေးခြင်းတောင်းဆွဲလို့ပါလား၊ သမီးဆွဲတာ မေမေနဲ့တူတယ်၊ ဖေဖေလာရင် ပြရအောင်နော်"

ငြိမ်းသည် သမီးနှင့်ပတ်သက်လျှင် အမြဲတစေ ဂရုတစိုက်ရှိလေသည်။ 'မေမေ့ပုံ' ဟု စာတန်းရေးထားသော 'ငြိမ်း'ပုံတွင် ခေါင်းမှာပန်ထားသော ပန်းပွင့်ကြီးက ဆံထုံးထက်ကြီးနေသည်။ ဆွဲခြင်းတောင်းက ပခုံးထက်တွင် ချိတ်နေကာ ရယ်စရာကောင်းလှလေသည်။ သို့သော် သမီးဆွဲသည့် ငြိမ်း၏ မျက်ရစ်မပါသောမျက်လုံးကျဉ်းများကမူ ပေါ်လွင်လှလေသည်။ ငြိမ်းတို့ သမီးဆွဲသော ပုံများကိုကြည့်ကာ ရယ်မောကြသည်။ ဘာပဲဖြစ်ဖြစ် ငြိမ်းသမီးက ငြိမ်းထက်တော့ ကံကောင်းသေးသည်။ သမီးသည် သူကလေးနှင့် ရုပ်ရည်မခြားသော မိသားစုတွင် ကြီးပြင်းလာခဲ့ရသည် မဟုတ်လား။ ကျီးမည်းမိသားစုရဲ့ ကျီးမည်းလေးတစ်ကောင်ပေါ့။ သမီးပုံဆွဲပြီး အမည်မပေးတတ်လျှင် ငြိမ်းနှင့် မောင်က ကူရွေးပေးရင်း ပျော်ကြရသည်။ အမည်ကို ရှာမပေးဘဲ ...

"ဒီကောင်မလေးက ဂါဝန်စိမ်းလေးနဲ့ သမီးလား၊ သမီးက ပန်းခြံထဲမှာ ရပ်နေတာပေါ့၊ သမီးဘေးက ပူစီလေးတစ်ကောင်နဲ့၊ သမီး ဘယ်လိုနာမည်ပေးချင်လဲ၊ စဉ်းစားပါဦး"

မောင်က စိတ်ရှည်လက်ရှည် ပြောပြလေသည်။ သမီးသည် မျက်လုံးလေးစိုက်ကာ စဉ်းစားနေရာက ...

"သမီးနဲ့ ပူစီရဲ့ ပန်းခြံ"



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာအားရ ခုန်ပေါက်ကာ သူရှာတွေ့သည့်အမည်ကို တဖွဖွ ရွတ်နေတတ်လေသည်။

"ကောင်းတယ်ဟေ့၊ အဲဒီနာမည့်·သိပ်ကောင်းတာပဲ၊ ကဲ သမီး ဖာသာရေး"

မောင်က ...

"သမီးကို ရှန်ကာပန်းချီပြိုင်ပွဲဝင်နိုင်ဖို့ လေ့ကျင့်ပေးရမယ်" ဟု အားတက်သရောပြောဆဲ ငြိမ်းသည် သမီး၏ တောက်ပသော အရောင်များ ရွှေးချယ်ပုံ၊ အက်ိုပုံဆန်း နှစ်သက်ပုံ၊ မွေးနေ့လက်ဆောင်ရသည့် ဆံပင် ကောက်ကောက် နူတ်ခမ်းကွင်းကွင်းနှင့် ကပ္ပလီမရုပ်ကို ချောင်ထိုးထား တတ်သည်များကို တွေးမိလျက် သမီးအတွက် စိုးရိမ်လာမိရလေသည်။ သမီးသည် ငြိမ်းလို ကိုယ့်ဘဝကိုယ်နားမလည်လေဘဲ အလှအပတောမှာ နစ်မျောမှာ ပူပင်လာမိရလေသည်။

နောက်ဆုံး သမီးသည် ကိုကျော်ဦးလိုလူကို ငြိမ်းကဲ့သို့ ငြင်းဆန်နိုင် အား ရှိပါ့မည်လားဟူသော အတွေးအထိ တစ်မျှော်တစ်ခေါ်တွေးကာ ပူပင် နေမိတော့လေသည်။

❑ ❑ ❑

သမီးသည် အလှအပဟူသမျှကို စိတ်မဝင်စားဖို့ ငြိမ်းငယ်စဉ်က ထိန်းချုပ်ခဲ့သလို ထိန်းချုပ်၊ သိုသိပ်နိုင်ခြင်းမရှိသည်က တစ်စတစ်စ ထင်ရှား လို့လာလေသည်။

"သမီးက လှမှုကြိုက်မှာ"

သမီးရဲ့ လက်သုံးစကားပင်။ သည်စကားလေးကိုသုံးလို့ ကစားစရာ၊ အက်ို စသည် ဝယ်ခဲ့ဖို့မှာတတ်သော သမီး မမြင်အောင် မောင်က ပခုံးကျုံ့ ပြတတ်လေသည်။ သမီး အလှအပဘက်ကို စိတ်ပါမသွားအောင်ဟု ငြိမ်း ဘာသာ ကြံဆလျက် အဖြူရောင်အဝတ်အထည်များကိုချည်း ဆင်တော့ လည်း သမီးက ချေးမများဘဲ ဝတ်ဆင်ရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဖြူက လှတယ်၊ ချမ်း ပုံဆွဲစာရွက်လေးတွေဆိုလည်း အဖြူရောင်ပဲ၊ အဖြူရောင်ပေါ်ဆိုရင် ဘာအရောင်ပဲဆွဲဆွဲ လှတယ်" ဟု အလှစကားကို 'မချမ်းမြေ့'က ဆိုပြန်သောအခါ ငြိမ်းမှာ ဘဝင်မကျချင်ပြန်ပေ။

"ငြိမ်းတစ်ယောက်ကတော့ ခက်နေပြီ၊ သမီးကြိုက်တဲ့ အရောင်ဝတ်ပါစေ၊ ကလေးပဲ"

မောင်က ဖျောင်းဖျလေသည်။ ငြိမ်းသည် ခေါင်းမာစွာပင်။

"မောင်မသိပါဘူး၊ ငြိမ်း ဘယ်လိုခံစားရသလည်းဆိုတာ ငြိမ်းသိလို့ သမီးကို မခံစားချင်လို့ပါ၊ အလှအပဆိုတာ မတွယ်ငြိလေ အေးငြိမ်းလေမဟုတ်လား" ဆိုခဲ့မိလေ၏။

သမီးကတော့ အရောင်လှလှရွေးလို့ ပန်းချီပုံများ ရေးဆွဲမြဲပင်။ ချမ်းနှင့်အတူမို့ သွားရသောခရီးလမ်းတွင် ငြိမ်းမှာ အလွန်စိတ်ရှည်ရှည်ထားယူရလေ၏။ လမ်းတစ်လျှောက်မှာ ချမ်းတစ်ယောက်က ငေးမောလာလို့ မဆုံးတော့ပေ။ နှုတ်မှလည်း တတွတ်တွတ် ပုံဆွဲလို့လာတတ်လေသည်။

"မေမေ အဲဒီပန်းပွင့်ဝါဝါတွေ ပွင့်နေတာ သိပ်လှတာပဲနော်၊ အပင်ကတော့ အစိမ်းရောင်ပေါ့၊ မြက်တွေကလည်း စိမ်းနေတာပဲ၊ အဝါပွင့်တွေ မြက်ခင်းပေါ်မှာကြွေနေတာကျတော့ အစိမ်းပေါ်က အဝါ"

ချမ်းကို လက်ဆွဲလို့ ငြိမ်းတို့ ပင်လုံးကျွတ်မျှပွင့်နေသော ငုပင်ကြီးအောက်မှ ဖြတ်သန်းလာလေသည်။ မီးပုံးဝါလေးတွေ ချိတ်ဆွဲထားသလို ငုပွင့်ခိုင်လေးများက တလှုပ်လှုပ် တသွဲ့သွဲ့ရှိနေခဲ့သည်။ သကြြန်မိုးစွတ်စွတ်ရွာပြီးစတွင် စိမ်းလန်းလာသော မြက်ပင်လေးများရံသည့် လမ်းမကျယ်ကြီးက မှိုင်းပျပြောင်လက်နေလေသည်။ တ စ်ပင်လုံး ဝါဝင်းနေသော ငုဝါပင်ကို ငြိမ်းပင် ငေးမောကြည့်မိလေ၏။ ငြိမ်းရဲ့အကြည့်ကို ရုပ်သိမ်းမိသောအခါ ငုပင်အောက် မလှမ်းမကမ်းက ငုဝါရောင် မိန်းကလေးတစ်ဦးကို မြင်မိလေ၏။ မိန်းကလေး လျှောက်လှမ်းလာနေဟန်က ငုပွင့်ခိုင်လေး တသွဲ့သွဲ့ လှုပ်ယိမ်းနေသလို ကနွဲ့ကလျရှိလှသည်။ မျက်နှာလေးကလည်း ငုပွင့်လေးလို ဝါဝင်းနုနယ်ကာ ချောမောလေသည်။ ငြိမ်း၏အကြည့်များက အကျင့်ပါနေကြတာ



www.burmeseclassic.com

www.burmeseclassic.com



လျင်မြန်စွာ လွှဲဖယ်မိလေ၏။ ချမ်းကတော့ မိန်းကလေးကို လည်ပြန်အောင် တငေးတမော ရှိနေရင်း ...

"ဟိုမမကလည်း အဝါဝတ်ထားတယ်၊ ပန်းတွေကလည်း အဝါ ရောင်နော်။ သိပ်လှတာပဲနော် မေမေ"ဟု ငြိမ်းကို စိတ်ပါလက်ပါပြောလေသည်။ ချမ်းဟာ ဘာဖြစ်လို့ အလှကို သည်မျှသိတတ်ရသလည်းဟု ငြိမ်းရင်တွင် မောမိရင်း ...

"ချမ်းရေ မငေးနဲ့လေ မြန်မြန်လျှောက်စမ်း" ဟုသာ ငြိမ်း ဆို မြည်မိလေ၏။

အိမ်ပြန်ရောက်သည်နှင့် ချမ်း ကြမ်းပြင်တွင် အားလျားလေးမှောက် လျက် ပန်းချီရေးလေသည်။ အပွင့်ဝါဝါတွေ ပွင့်နေသော အပင်ကြီးအောက်မှာ အဝါရောင်ဝတ်ဆင်ထားသော မိန်းကလေးတစ်ဦး လျှောက်လှမ်းနေသည့်ပုံ ဖြစ်လေ၏။ အပင်ကြီးအောက် မြက်ခင်းစိမ်းစိမ်းပေါ်မှာလည်း အပွင့်ဝါဝါလေး များကို ချမ်းက ခြွေထားလေ၏။ ပန်းချီကားလေးကို ချမ်းအမည်ပေးထား သည်က ...

"ချမ်းချစ်တဲ့ မမ"

ချမ်းမှာ ငြိမ်းနဲ့မတူတဲ့ အတွေးအမြင်တွေ ရှိမနေသင့်ဘူး။ ချမ်းလို ရုပ်ရည်မရှိတဲ့မိန်းကလေးတစ်ယောက် ဘဝမှာ ဆီလျော်အောင်နေတတ်ဖို့ ဆိုရင် ငြိမ်းလို ခံစားမှုမဲ့ခဲ့မှ ဖြစ်လိမ့်မယ်။ အလှကို သည်မျှ သိတတ်ဖို့ မကောင်းဘူး။ အလှကို မက်မောတွယ်ငြိခဲ့လျှင် တစ်နေ့မှာ ချမ်း ခံစားရလိမ့် မယ်ကွယ်။ ငြိမ်းက စိတ်အိုက်နေမိဆဲ သမီးငယ်ကမူ သူ့ကလေးဘဝကို ပျော်ရွှင်ပေါ့ပါးစွာ ကုန်လွန်နေစေလေသည်။ ချမ်းမှာ ငြိမ်းငယ်စဉ်ကလို သူငယ်ချင်း မရှားပါးလှဘဲ ...

"သမီးသူငယ်ချင်းတွေက သုံးယောက် မေမေရဲ့၊ အိခွေရယ်၊ နှင်းပုလဲရယ်၊ ကျော်နန္ဒရယ်၊ သူတို့သုံးယောက်ကလေ သမီးနားမှာ ထိုင်ချင် လို့ ခဏခဏ ရန်ဖြစ်တယ်၊ သမီးပုံဆွဲပေးတာကိုလည်း လုကြတယ်" ဟု သမီးက သူ့ကျောင်းက သူငယ်ချင်းတွေအကြောင်းပြောပြလျှင် ငြိမ်း



www.burmeseclassic.com

www.burmeseclassic.com



တအံ့တသြ နားထောင်နေရလေ၏။

မူယာတို့ အလည်လာကြလျှင် သမီးသည် သဲတွေ၊ ဖုတ်တွေ အလူးလူးဖြင့် ကစားနေရာက အိမ်ပေါ်သို့ အပြေးတက်လာခဲ့တတ်သည်။ ရေချိုးခန်းထဲပြေးဝင်းကာ ရေချိုး၊ အဝတ်အစားအသစ်လဲပြီးမှ ဧည့်ခန်းသို့ ထွက်လာတတ်လေသည်။ မူယာ့သမီး ကြည်ပြာလေးကို ခဏမျှရပ်ငေးကြည့်နေတတ်သည်။ ကြည်ပြာလေးက မူယာနှင့်တူကာ ကလေးပေမယ့်ချောမွေ့မှန်းသိသာနေခဲ့ပြီ။ သမီးသည် ငယ်စဉ်ကတည်းကလို ရှည်ကြာမြဲ တိတ်ဆိတ်မနေဘဲ ကြည်ပြာ့လက်ကိုဆွဲကာ သူ့ပုံဆွဲခန်းထဲသို့ ခေါ်သွားတတ်လေသည်။

''ချမ်းက ငြိမ်းနဲ့ တစ်ပုံတည်းပဲနော်''

မူယာက ပြုံးလျက်ပြောလေ၏။

''နှုတ်ခမ်းထူတာတွေ၊ မေးရိုးကားတာတွေက အဖေနဲ့တူတာလေ'' ဟု ငြိမ်း ရယ်မောရင်း ပြန်ပြောမိသည်။

''မူယာတို့ သားအမိကတော့ ကြီးလာရင် ညီအစ်မဖြစ်မှာပဲ၊ မူယာကလည်း နုတယ်'' ဟု ခံစားထိခိုက်မိသည်ကို ဖုံးကွယ်ဖို့ စကားလှပအောင်ပြောရင်း ငြိမ်း ပြုံးမိပြန်လေ၏။ မထိခိုက်ခဲ့တာ ကြာမြင့်ပြီဖြစ်သော ငြိမ်းရင်တွင်းမှာ သမီးအတွက် လှုပ်ရှားနေမိတော့လေသည်။

❏ ❏ ❏

သမီး'ချမ်း'တွင် ငြိမ်း မနစ်သက်၊ နားမလည်နိုင်သော အပြုအမူကလေးများကို တွေ့ရတတ်လေသည်။ ထိုအပြုအမူလေးများက ချမ်း၏ အလှအပကို မြတ်နိုးလေသော အတွင်းသဘောလေးကို ထင်သာမြင်သာစေသည်ဟု ငြိမ်းထင်မိသည်၊ အလှအပဆိုတာ မြတ်နိုးကိုးကွယ်စရာ မဟုတ်ပါဘူးဟု သမီးကိုပြောပြဖို့ ငြိမ်းက အချိန်ကို စောင့်နေမိဆဲတွင် ပထမကျောင်းသူလေး 'ချမ်း' က အလှကို ကိုးကွယ်သူတစ်ယောက်များ ဖြစ်နှင့်နေပြီလား။

တပ်မတော်နေ့ တပ်မတော်သားတို့၏ စစ်ကြောင်းချီတက်ပွဲ နံနက်ခင်းကလည်း ချမ်း၏ ထူးခြားသော အပြုအမူကို ငြိမ်းသတိထားမိရပြန်လေ



www.burmeseclassic.com

www.burmeseclassic.com



၏။ ငြိမ်းတို့ နေရာယူထားသော ဦးဝိစာရလမ်း၊ ဒဂုံစာတိုက်ရှေ့တွင်က ကြိုဆိုမည့် ကလေးပရိသတ်တွေဖြင့် စည်ပင်နေခဲ့သည်။ ကြည်ပြာနှင့် ချမ်းလည်း စံပယ်ကုံးလေးများကိုင်ထားလို့ ပါဝင်ခဲ့လေသည်။ စစ်ကြောင်းချီတက်လာသော ချမ်းက တစ်ကြိမ်မျှသာပဲ ဆက်လျက် သူ့ပန်းကုံးဟူသမျှကို ကြည်ပြာသို့ပေးလို့ ပန်းဆက်စေလေသည်။ ချမ်း၏အပြုအမူကို ငြိမ်းမျက်မှောင်ကြုတ်လို့ လှမ်းကြည့်နေမိတော့သည်။ လှပသော ကြည်ပြာရဲ့အလိုဆန္ဒဟူသမျှကို ချမ်းက ဖြည့်ဆည်းလို့ပေးချင်နေလေသည့် သဘောများလေလား။

စစ်ရေးပြအခမ်းအနား ပြီးဆုံးသွားတော့ အဆင်၊ အသွေး၊ အရောင်အမျိုးမျိုးတို့ ဝတ်ဆင်လျက် ဦးဝိစာရလမ်းအပြည့် အပျံ့အနှံ့လျှောက်သွားနေကြသော လူတွေကို ငေးမောလာသောချမ်းကို ငြိမ်းကအမှတ်မထင်လို့။

''သမီးက ပန်းတွေကို ကြည်ပြာ့ကို ဘာဖြစ်လို့ ပေးလိုက်တာလဲ၊ ပန်းသွားဆက်ရမှာ သမီးကြောက်နေလို့လား''

ဟု မေးမိလေ၏။

''အင်း''

ချမ်းက ငြိမ်းလက်ကို ဆုပ်ထားသည့် သူ့လက်ကလေးကို လွှဲယမ်းရင်း ငြိမ်းကို မော့လို့ကြည့်သည်။ ရှက်စနိုး ခေါင်းလေးငဲ့ထားရင်းက ဖြေလေသည်။

''ချမ်း ကြောက်လို့မဟုတ်ပါဘူး မေမေရဲ့၊ ကြည်ပြာက လှတယ်လေ၊ သူပန်းပေးရင် ရတဲ့ ဦးဦးတွေက ဝမ်းသာမှာပေါ့၊ မြင်ရတာလည်း လှတယ်၊ ဒါနဲ့ ဝမ်းသာရပြန်ရော''

ချမ်းရဲ့ ကလေးသံစာစာလေးက ပီပီသသထွက်ပေါ်လာတာမို့ ရှေ့နောက်ဝဲယာကလူတွေက ချမ်းကို ပြုံးကြည့်ကြလေသည်။ အသံထွက်လို့ တိုးတိုးရယ်မောသံများကိုပင် ကြားလိုက်ရလေသည်။ ငြိမ်းက လူအများက ချမ်းကို သဘောကျသလို လှမ်းကြည့်ကြတော့ ကြည်နူးကျေနပ်မိသော်လည်း ...

www.burmeseclassic.com



"ဟဲ့ ... အို" ဟု ရှက်အမ်းအမ်းဖြင့် ချမ်းကို ဟန့်တားမိဆဲ။

"မေမေရော ဝမ်းမသာဘူးလား ဟင်"

ချမ်းက ငြိမ်းကို မော်ကြည့်လို့ မေးလေသည်။ ငြိမ်းအဖြေစကား မဆိုနိုင်ဘဲ တွေသွားမိရလေ၏။ ငြိမ်းဘဝတွင် အလှကိုမြင်လို့ ဝမ်းနည်းနာကြည်းစိတ်တွေ လှိုက်၍တက်လာတတ်သည်ကိုသာပဲ မှတ်မိလေ၏။ အလှကိုမြင်လို့ ငြိမ်းပြုံးပြင်စွာ ဝမ်းမမြောက်ခဲ့ဖူးပေ။ ဝမ်းမမြောက်မိရုံမက အလှကိုမြင်သိလျက် ခံစားခြင်းနှင့် ကိုးကွယ်ခြင်းတို့ကိုလည်း အရောရော အထွေးထွေး အပြစ်မြင်လျက် အလှဆန့်ကျင်သူတစ်ဦးပင် ဖြစ်မှန်းမသိ ဖြစ်လာနေခဲ့သည်။ အလှကို ဆန့်ကျင်နေသော ငြိမ်းကို အလှအပကို ခံစားတတ်သူ 'ချမ်း'က အလှဆိုသည့် အရာကို ရှာဖွေပြသပေးခဲ့ပြီလား။

အရုပ်ဆိုးလာသည်ကို နားလည်လက်ခံတတ်ရုံမကဘဲ လှပချောမွေ့သူကိုလည်း စာနာတတ်သေးသည့် ချမ်း၏ရင်ထဲက အလှဆုံး တရားလေး နိုင်မြဲနေစေဖို့သာ ငြိမ်းမှာ တာဝန်ရှိမည်ဟု ထင်မိလေ၏။ ချမ်း၏ ဖြူစင်သောစိတ်ကလေး အရောင်ပြောင်းမသွားဖို့သာ ငြိမ်းကပဲ့ကိုင်၊ ဖေးမသွားရလေမည်ပင်။

ငြိမ်းအတွေးထဲမှာ သမီးကို အစဉ်ဆိုးမနေမိခဲ့သော ...

"အလှဆိုတာ ကိုးကွယ်စရာ မဟုတ်ပါဘူးကွယ်"

အစချီသော စကားများကိုတော့ ငြိမ်း မေ့ထားခဲ့သင့်ပြီပဲ ထင်လေသည်။ ငြိမ်းသည် သမီးကို ငုံ့ကြည့်လျက် ...

"မေမေလည်း ဝမ်းသာတာပေါ့ကွယ်"ဟု လှိုက်လှဲစွာပြောမိလေသည်။

❑ ❑ ❑

*စံပယ်ဖြူ၊ ဇန်နဝါရီလ၊ ၁၉၈၆*



www.burmeseclassic.com

www.burmeseclassic.com



(၂)

"သတိလစ်နေသလားမသိရသည့် လူနာ လူငယ်လေးတစ်ဦး၏
မျက်နှာမှာ ရေစိုခံအောင် မိတ်ကပ်ခြယ်သထားသည်များ
ဖြစ်မလားမသိ။ စေးထန်းထန်းအရာတွေ မပြယ်သေးဘဲ
မျက်နှာက အငွေ့သားဖြင့်။ ပတ်တီးအထပ်ထပ် ရစ်ပတ်ထား
လို့ ခြေထောက်တစ်ဖက် ဝကြီးဖြစ်နေသူ လူငယ်ကတော့
ခြေထောက်သွင်သွင်ကျိုးရှာပြီ ထင်ပါရဲ့"



www.burmeseclassic.com

www.burmeseclassic.com

# သကြၤန်ရူးနှင့် နှစ်ဦးအမွှန်

သွေးလှူဘဏ်ကို လှမ်းမြင်ရလျှင် အောင်ဖေ လေချွန်သံတစ်ချက် ပြုလိုက်မိတော့ပေ၏။ သွေးလှူဘဏ်ဝန်းကျင်တွင် နည်းတဲ့လူအုပ်ကြီးလား။ သွေးလှူဘဏ်ရှေ့ မဏ္ဍပ်ထဲက ခုံတန်းလျားများတွင် လူအပြည့်ရှိနေရုံမက နေပူကျဲကျဲအောက်သို့ပါ လူတွေ အနှံ့အပြားဖိတ်စဉ်ကျရောက်လို့ နေတော့ သည့်ကိုပင်။

သည်မျှ လူစုလူဝေးကြီးကို မြင်တွေ့ရဖို့ သူမျှော်လင့်မထားမိခဲ့ပေ။ အောင်ဖေ တအံ့တဩ ရှိမိရချေသည်။ တန်ခူးလနေက ကျည်ကျည် လောင်လောင် အပူပြင်းပြနေဆဲ။ နေ့လယ် ၁၁ နာရီ အပူရှိန်ပြင်းပြင်းအောက် တွင် လူအုပ်ကြီးက ဖွဲ့နပဲဖြင့် စုရုံးစောင့်စားနှင့်နေကြသည်။ သူတို့တစ်တွေ ရဲ့ စိတ်အားထက်သန်သော မျက်နှာသွင်ပြင်များကို မြင်တွေ့ရတော့ အောင်ဖေ့ ရင်တွင် နွေးထွေးသော ခံစားလာမိရသည်လေ။ အမျိုးသမီးတွေ၊ အမျိုးသား တွေ၊ အများစုကတော့ ငယ်ရွယ်ကျန်းမာသန်စွမ်းကြသူတွေပဲပေါ့။

သွေးလှူဘဏ်နှင့် သူနာပြုဆရာမများအဆောင်ကြားမှ ဖြတ်သန်း သွားသော အမိုးနှင့် ကော်ရစ်ဒါလေးတစ်လျှောက်တွင်လည်း လူတွေ ရပ်လျက် တချို့၊ ထိုင်လျက်တစ်သွယ်။ စောင့်ဆိုင်းရန် နေရာအဖြစ် အမိုးအောက်တွင် ခုံတန်းလျားများ စီစီရီရီချထားပေမယ့် ထိုနေရာများတွင်လည်း လူအပြည့် ဖြစ်လေ၏။ နေရာမရသူတွေကတော့ အမိုးအောက်မှာ တိုးလျှိုးရပ်လို့တချို့။



www.burmeseclassic.com

www.burmeseclassic.com



တချို့ကတော့ ပြင်ပနေပူပူထဲမှာ။ အရိပ်အောက်ဆိုပေမယ့် အမိုးက မမြင့်လှ။ တာလပတ်ဖျင် အစိမ်းစကို လွှမ်းမိုးထားသည်မို့ သည်မျှလူစုလူဝေးကြီးနှင့် စာလိုက်တော့ လှောင်ပိတ်ချင်နေရပေ၏။ အမိုးအောက်ကလူတွေရော၊ အမိုးပြင်ပ နေပူထဲကလူတွေပါ ချွေးတွေဒီးဒီး သွယ်စီးကျနေသည်မှာတော့ အတူတူပါပဲ။ သို့ပေမယ့် ဘယ်သူ့တွင်မှ စောင့်ဆိုင်းရသည်ကို ငြိုငြင်ရိပ် မမြင်ရတာ ထူးခြားနေတော့သည်ပဲ။ အောင်ဇေသည် တန်းစီစောင့်ဆိုင်းရသော အလုပ်မျိုးကို ဝန်လေးတတ်သူပင်။ ကိုယ့်ထက် အလျင်ဦးနေသော လူအုပ်ကြီးကို မြင်လိုက်ရလို့ စိတ်မောမသွားမိခဲ့တာ အောင်ဇေ့အတွက် သည်တစ်ကြိမ် ပထမဆုံးအကြိမ်ဖြစ်မည် ထင်ပါရဲ့။

အလုပ်သင် ဆရာဝန်လစာကိုပင် တန်းမစီရအောင် နောက်ကျခံပြီးထုတ်ယူတတ်သော အောင်ဇေတစ်ယောက် လူအုပ်ကြီးနှင့် တစ်သားတည်းကျလေအောင် တိုးဝှေ့ရောက်ခဲ့မိတော့ပေ၏။

''သူများပျော်လို့ မပျော်နိုင် ဂျူတီကျလို့မှိုင်''

သင်္ကြန်ရက်များဆီက အောင်ဇေ ဂျူတီဆင်းနေခဲ့ရသည်။ မိုလ်ချုပ်လမ်းပေါ် ဖြတ်သန်းသွားသည့် ရေပက်ခံကားအချို့က သံချပ်တိုင်သွားကြစဉ် ဆေးရုံပေါ်က အောင်ဇေတို့မှာ မချိတရိသာ ပြုံးနေကြရပါလေ၏။

သည်နှစ်တော့ သူ့မှာ အလုပ်သင်ဆရာဝန်ဘဝဖြင့် ခြေချုပ်မိနေတော့ပြီပေါ့။ မနှစ်က သင်္ကြန်အထိတော့ နောက်ဆုံးနှစ် ဆေးကျောင်းသားကြီးတွေအဖြစ် သင်္ကြန်ရက်ကို နွှဲပျော်ဖြစ်ခဲ့သေးသည်။ အတန်းငယ်စဉ်ကလိုပင် ရက်ဆက်မပျော်နိုင်တော့ပေမယ့် တစ်ရက် ရေပက်ခံထွက်ရင်း နောက်တစ်ရက်မှာ သင်္ကြန်ရေကစားမဏ္ဍပ်သို့ ခေတ္တသွားထိုင်ဖြစ်တာ ညဘက်များတွင် ရိုးရာရေသဘင်အဖွဲ့များမှ သံချပ်တိုင်ကြသည်ပျားကို ငေးမောလျှောက်ကြည့်ဖြစ်ခဲ့သေးသည်။

သင်္ကြန်ရက်များသည် အောင်ဇေကို အမှတ်မထင် ကျော်ဖြတ်သွားခဲ့သည်ဟု မရှိခဲ့စဖူး။ သင်္ကြန်သို့ရောက်လေတိုင်း သူပျော်နွှဲခဲ့မိသည်ချည်း။ နှစ်ကူးသင်္ကြန်ကို အစဉ် အမှတ်ထင်ထင်ရှိနေရခြင်း နောက်တစ်ချက်က



www.burmeseclassic.com

www.burmeseclassic.com



သင်္ကြန်လေးရက် ကုန်ဆုံးပြီးသော နှစ်ဆန်းတစ်ရက်နေ့သည် အောင်ဇေ၏ မွေးနေ့ဖြစ်နေ၍ပါပေ။ သင်္ကြန်တွင် အရှုံးအမူး ပျော်မွေ့ပြီးလေတိုင်း နှစ်ဆန်းတစ်ရက်နေ့တွင် အမေစီစဉ်ပေးသော ကုသိုလ်ကောင်းမှုတစ်ခုခုကို တော့ အောင်ဇေ ပြုဖြစ်မြဲ။

သည်နှစ်တွင်မှ ဆေးရုံပေါ်တွင်ပဲ အောင်ဇေ သင်္ကြန်ကျခဲ့ရတော့ သည်ပေ။ လွင့်ဝဲလာတတ်သော သင်္ကြန်သီချင်းသံ၊ သံချပ်တိုင်သံများ၊ ဗိုလ်ချုပ် လမ်းပေါ်က ရေစိုလူအပြည့်ဖြင့် အမိုးဖွင့်ဂျစ်ကားနှင့် သဘော်သားကားများ ကို လှမ်းမြင်တွေ့ရလျှင်၊ ပြီးတော့ လူနာတစ်ဦးဦးက ယူဆောင်လာခဲ့ဟန် တူသော ဝါ့ဒ်ထဲက ပန်းအိုးများတွင် ပွင့်လန်းနေသည့် ပန်းပိတောက်ရွှေဝါ။ သည်အရာများကိုပဲ သည်နှစ်သင်္ကြန်ရဲ့ သင်္ကေတများအဖြစ် မှတ်ယူရပေတော့ မှာပဲ။ ဆေးရုံ ဂျူတီယန္တရားကတော့ လည်ပတ်နေမြဲ၊ ခါတိုင်းနေ့များက လိုပါပဲ။

အောင်ဇေက ဆေးကုသဆောင်တွင် တာဝန်ကျနေခဲ့သည်။ အောင်ဇေ ဂျူတီကျသင်္ကြန်ရက်များတွင် လူနာသစ် လက်ခံရက်နှင့်လည်း မကြုံကြိုက်ပေ၍ အထွေအထူးတော့ တာဝန်မကြီးလှ။ သမားတော်ကြီး၏ ပထမလက်ထောက်ကလည်း နေ့စဉ် ဝါ့ဒ်ထဲသို့ လာလှည့်ကြည့်သေးသည်မို့ လူနာများအတွက် စိတ်ပူစရာ မရှိလှပေ။ လူနာအခြေအနေ အပြောင်းအလဲ ကိုလိုက်လို့ နေ့စဉ် ကုသချက်အပြောင်းအလဲရှိသည်များ အောင်ဇေက ပြုလုပ် ပေးရုံပါပဲ။

ဝါ့ဒ်ထဲက လူနာများတွင် သလာစီးမီးယား ခေါ် သွေးနီဥပျက်စီးသော ရောဂါသည်မလေး တစ်ယောက်အတွက်သာပဲ စိတ်မကောင်းဖြစ်မိရသည်။ သွေးသွင်းပြီး အသက်ဆက်နေရသူလေးမို့ အောင်ဇေတို့ဆေးကျောင်းသား ဘဝကတည်းက သူ့ကို ဆေးရုံမှာ တက်လိုက်ဆင်းလိုက် တွေ့နေရသည်။ သင်္ကြန်ရက်မတိုင်မီလေးတွင် သူဆေးရုံရောက်လာခဲ့ပြန်သည်။ ထုံးစံပါပဲ စက္ကူတစ်ရွက်လို ပါးလှပ်လို့၊ ဗိုက်ကလေးတစ်ခုသာပဲ ပူဖောင်းနေတော့သည်။ သွေးများ လျော့ပြန်ပြီဆိုတော့ အမော၊ အဖျားနှင့် ရောဂါပိုးအမျိုးမျိုးတို့ဝင်ကာ



www.burmeseclassic.com

www.burmeseclassic.com



ပိုးကိုက်စားသော စက္ကူပါးလေးတစ်ရွက်လို ဆေးရုံရောက်လာခဲ့ပြန်သည်။ ပြီးတော့ သူကလေးရဲ့ သွေးအုပ်စုက ဘီ။ သွေးလှူဘဏ်တွင် သွေးပြတ်လပ်ပြီဆိုလျှင် ရှားပါးသော ဘီအုပ်စုကို အလျင်ထိသည်ချည်း။ ခုရက်များတွင် သွေးလှူဘဏ်ရဲ့ ရှားပါးသွေးက ဘီ ဖြစ်နေခဲ့ပြန်ပြီ။

''ညည်းကလည်း တကယ့်ရက်ကျပ်ထဲမှာမှ ဖြစ်ရပြန်တယ်ကွာ၊ ဘီအုပ်စု သွေးလှူရှင် ရှာလာခဲ့ဦးကွာ''

အောင်ဇေ ညည်းတွားမိရလေသည်။ ခုရက်များတွင် သွေးကလို သလောက် တောင်းယူလို့ မရပြန်ပေ။

''နွေစာမေးပွဲချိန်ဆိုရင် သွေးက ဒီလိုပဲ ပြတ်ချင်တယ်၊ ကျောင်းသားနဲ့ ဆရာတွေ စာမေးပွဲနီးတာရယ်၊ ကျောင်းသားမိဘတွေကျတော့လည်း စာမေးပွဲအတွက် အလုပ်များတာကြောင့် ဒီအချိန်မျိုးမှာ သွေးလှူတဲ့သူ နည်းသွားတတ်တယ်''

အောင်ဇေ သွေးလှူဘဏ်တွင် တာဝန်ကျခဲ့စဉ်က သိခဲ့ရပါလေသည်။ သည်တော့ သည်ရက်များက တစ်နှစ်တာရဲ့ သွေးအရှားပါးဆုံးသော ကာလပါပေ။

သွေးသွင်းဖို့လိုအပ်သော လူနာအတွက် သမားတော်ကြီးက သွေးပေးခိုင်းပါလျှင် အောင်ဇေတို့က လူနာထံမှ သွေးအနည်းငယ်မျှစီဖောက်ယူကြရသည်။ သွေးအုပ်စုခွဲရန်နှင့် သွင်းမည့်သွေးနှင့် လူနာရဲ့သွေးကို နမူနာအဖြစ် ရောစပ်ကြည့်နိုင်ရန်အတွက်ပင်။ သွေးတောင်းခံလွှာတွင် သွေးသွင်းဖို့လိုအပ်သော လူနာနှင့်စပ်ဆိုင်သမျှ အပြည့်အစုံ ပုံစံဖြည့်သွင်းရေးရသည်။ လက်ထောက်ဆရာဝန်က ထပ်မံစစ်ဆေး လက်မှတ်ရေးထိုးပြီးမှ သွေးထုတ်ပေးရာ ဌာနသို့ စောစောက ဖောက်ယူထားသော သွေးပင်နီဆီလင်ပုလင်းလေးများနှင့်အတူ ပို့လွှတ်တောင်းခံကြရသည်။ အခုရက်များအတွင်းမှာတော့ တောင်းသည့်အရေအတွက်ကို မရနိုင်သည်က များလာသည်။ တစ်ခါတစ်ရံ လုံးဝပင်မရလိုက်။ ''ပုံစံဖြည့်တာ ပြည့်ပြည့်စုံစုံ ဖြစ်ကြရဲ့လား၊ သွေး ဘာကြောင့် လိုတယ်ဆိုတဲ့ နေရာမှာ သေချာဖြည့်ကြကွာ'' ဆရာ့အမေးကို



www.burmeseclassic.com

www.burmeseclassic.com



အောင်ဖေ အဖြေရကျပ်လှသည်။

သည့်ထက်တော့ သွေးသွင်းပေးဖို့ဟု သွေးနမူနာများ ဖောက်ယူထားပြီးမှ သွေးမပေးဖြစ်ပြန်လျှင် လူနာများကို သနား၊ မျက်နှာပူနေမိရပါလေသည်။ ညီမကဲ့သို့ ရင်းနှီးနေသော ရောဂါသည်လေးရှေ့တွင်တော့ . . .

"ညည်းအတွက် ငါလည်း ကြိုးစားနေတာပဲဟာ၊ ဒါပေမဲ့ အရေးပေါ် ခွဲစိတ်ဖို့လိုတဲ့ လူနာကလွဲလို့ သွေးမပေးနိုင်သေးဘူးကွာ၊ ညည်းကလည်း ရက်ကျပ်ကြီးထဲကျခါမှပဲ . . ." ဟု ထုတ်ဖော်ပြောဆိုနေမိရပါလေသည်။

သွေးအတွက် ခေါင်းခဲရသည်ကလွဲလို့ အောင် ဘို့ဝါ့ဒ်ထဲမှာတော့ အေးအေးဆေးဆေးပါပဲ။

❑ ❑ ❑

စင်စစ် သည်စိတ်ကူးလေးကို ကိုယ့်ဝါ့ဒ်ထဲမှာရှိစဉ်က ညီမကိုမြင်နေရစဉ်ကတော့ မရလိုက်မိသေးပါပေ။ သည်စိတ်ကူး ဘယ်သို့တယ်ပုံ ကွန့်မြူးယှက်သန်းလာခဲ့သလဲ။ ပြန်လည်စဉ်းစာမည်ဆိုလည်း ပြောပလောက်စရာ တခမ်းတနား မရှိပြန်ပါပေ။

အောင်ဖေ့ဝါ့ဒ်ထဲကမှ အေးဆေးသေးသည်။ သကြံန်ရက်များမှာမှ အရေးပေါ်ထိနိုက်တွင် တာဝန်ကျနေရရှာသူ ဘိုဘိုတို့လူသိုက်ကမှ ကံခေသူ မောင်ရင်တွေပါပင်။ အပျော်ကျူးကာ ထိနိုက်ဒဏ်ရာရလာသူတွေက ထိနိုက်ဒဏ်ရာ အရေးပေါ်ဌာနသို့ ဝင်လာမစဲ တသဲသဲရှိနေသည်မို့ ကိုယ်တော့ မပျော်ရပါဘဲ အပျော်လွန်ဒဏ်ရာများကိုပဲ လက်မလည်အောင် ကုသပေးနေရတော့သည်လေ။

နှစ်ဆန်းတစ်ရက်နေ့တွင် အောင်ဖေဂျူတီက ညနေပိုင်းမှ စတင်လေမည်။ သည်ကောင်ကြီး ဘိုဘိုက နံနက်ခင်းပိုင်းဂျူတီမို့ ဘိုဘို့ကို ကူညီတန်ကူညီကာ လေပစ်ရအောင်ဟု ဆေးရုံကြီးသို့ စောစောပင် ရောက်မိခြင်းပင်။ ဆေးရုံတစ်ခုတည်း တာဝန်အတူကျဖော် အလုပ်သင်ဆရာဝန်များဆိုပေမယ့် သူလည်း သူ့ဂျူတီ၊ ကိုယ့်လည်းကိုယ့်ဂျူတီချိန်တွေနှင့်ကိုယ်မို့



www.burmeseclassic.com

www.burmeseclassic.com



သည့်လိုမှ တမင်တခင် အရောက်မလာနိုင်ရင်လည်း ဆုံတွေ့ရဖို့က မလွယ်ပေ။

အောင်ဇေရောက်သွားတော့ ဘိုဘိုတစ်ယောက် မနေ့က သကြန်အတက်ရက် နယ်တွင် ကားမှောက်ဒဏ်ရာရလာသူ လူနာတချို့နှင့် အလုပ်ရှုပ်နေခဲ့သည်။

ရေကစား ပျော်ရွှင်ခဲ့ကြသူတွေပင် ထင်ပါရဲ့။ ခေါင်းမှာ ပတ်သီးအဖွေးသားနှင့် မူးမေ့နေလေသလား၊ သတိလစ်နေလေသလား၊ မသိရသည့် လူနာလူငယ်လေးတစ်ဦး။ မျက်နှာမှာ ရေစိုခံအောင် မိတ်ကပ်ခြယ်ထားသည်များဖြစ်မလား မသိ။ စေးထန်းထန်းအရာတွေ မပြယ်သေးဘဲ မျက်နှာက အဖွေးသားဖြင့်။ ပတ်ဆီးအထပ်ထပ် ရစ်ပတ်ထားလို့ ခြေထောက်တစ်ဖက် ဝဝကြီးဖြစ်နေသူ လူငယ်ကတော့ ခြေထောက်သွင်သွင်ကျိုးရှာပြီ ထင်ပါရဲ့။ ဘိုဘိုနှင့် ဖင်ဖင်စီကို လူနာတွေကြားမှာ မြုပ်လို့ တွေ့ရသည်။

တစ်ယောက်ယောက်ကိုတော့ အရေးပေးခွဲစိတ်ဖို့ ရှိသည်ထင်၏။ ဘိုဘိုက ခွဲစိတ်ခန်းသို့ အကြောင်းကြားစာ၊ သွေးတောင်းခံလွှာများ ဖြည့်သွင်းရေးသားနေခဲ့သည်။ အောင်ဇေ့ကို မော်ကြည့်သောမျက်နှာက စိတ်ရှုပ်အလုပ်ရှုပ်နေသော မျက်နှာ။

"ပေးလေ ဘို၊ ဂျီအပ်တွေအတွက် ငါ သွေးဖောက်ထားပေးမယ် ဘယ်သူ့ကိုလဲ"

အောင်ဇေကမေးလျှင် ဘိုဘိုက မိတ်ကပ်မျက်နှာ ခေါင်းဒဏ်ရာနှင့်ကောင်လေးသို့ မေးဆတ်ပြလေသည်။

အောင်ဇေသွေးဖောက်ယူဖို့ ဆေးထိုးပြွတ်တွေ အပ်တွေဆင်ပြီး လူနာလေးထံသို့ လျှောက်လာခဲ့ပြီးမှ သတိရမိကာ ဘိုသို့ လှမ်းအော်ပြောလိုက်မိပေ၏။

"ဟေ့ ဘို၊ သွေးတောင်းမှာက လေးပုလင်းတောင်ဆိုတော့ ရပါ့မလားကွ၊ တို့ဝါ့ဒ်တွေထဲမှာတော့ လိုသလောက်မရတာ ကြာပြီနော်"

"ဟုတ်လား"

ဘိုဘိုက ခေါင်းခဲသွားဟန်ဖြင့် အလယ်စားပွဲတွင်ထိုင်နေသော



www.burmeseclassic.com

www.burmeseclassic.com



လက်ထောက်ဆရာဝန် ဒေါ်တင်တင်သူသို့ အကူအညီတောင်းသလို လှည့်ကြည့်လေသည်။

"ဒီနေ့တော့ လွယ်မှာပါကွ၊ ဒီနေ့ နှစ်ဆန်းတစ်ရက်နေ့လေ၊ သွေးလှူပွဲရှိတယ်၊ နောက်ရက်တွေမှာ သွေးကို အားမနာတမ်း လိုသလောက်တောင်းလို့ရတော့မှာ"

နှစ်ဆန်းတစ်ရက်နေ့ သွေးလှူပွဲ။

သည်တစ်ခိုက်မှာပင် အောင်ဇော သူရောက်ရှိနေသော နေရာမှ ဆေးရုံကြီး ပင်မအဆောက်အအုံကြီး ခြားထားရာ အခြားတစ်ဖက် နယ်စွန်ဆီက သွေးလှူဘဏ်အဆောက်အအုံတွင် ကျင်းပလေ့ရှိမြဲ နှစ်ဆန်းတစ်ရက်နေ့ သွေးဒါနပြုပွဲသို့ စိတ်အာရုံဝင်စားသွားမိခြင်းပါပဲ။

"ဟာ ဒါဆို ကျွန်တော်လည်း သွားလှူဦးမှပဲ"

စိတ်ဝင်စားမိသည်နှင့်အမျှ နှုတ်က စကားတွေ လွှတ်ထွက်သွားလေတော့ လက်ထောက်ဆရာဝန် မမသူ၊ ဆရာဦးနွေအေးနှင့် ဘိုဘို၊ ဖင်ဖင်စီတို့က သူ့ကို တအံ့တဩမျက်နှာတွေဖြင့် လှမ်းကြည့်လိုက်ကြပါလေ၏။

မယုံကြည်နိုင်၍များလား ...

"ဒီနေ့က ကျွန်တော့်မွေးနေ့လေ ... အဲဒါ ..."

ဘိုဘို့ ပြုံးစပ်စပ်မျက်နှာထားကို အောင်ဇော်မှာ မကျေမချမ်းရိပ်ပြန်ပြရင်း သူ့ဘာသာသူ ဖြေရှင်းချက်ထုတ်နေမိပြန်သေး၏။ ဆရာဝန်ဖြစ်ခါမှ ပန်းကေဖြင့် အသွင်အပြင်တွေ ပြောင်းလာသော ဖင်ဖင်စီကလည်း ရယ်သွဲ့သွဲ့မျက်နှာဖြင့် လှမ်းကြည့်နေလေဆဲ။ တကယ်လှူမှာလည်း မဟုတ်ဘဲနဲ့ လုပ်မနေနဲ့ဟု ဆိုလိုလေသည့် အပြုံးပေလား မပြောတတ်။ မမသူက စတင်လို့ တည်တည်ကြည်ကြည်ပြုံးကာ ...

"ကောင်းတာပေါ့၊ နှစ်ဆန်းတစ်ရက်နေ့ သွေးလှူပွဲက တကယ်အားကျဖို့ကောင်းတာ၊ မမလည်း အဲဒီရက် ဂျူတီရက်ကျခဲ့ဖူးတယ်၊ သွေးလှူရှင်တွေ သိပ်များတာပဲ၊ တစ်ရက်တည်းကို တစ်ထောင့်သုံးလေးရာ ပတ်ဝန်းကျင်မှာရှိတယ်၊ ကိုယ့်အလှည့်က ညနေ ၄ နာရီ၊ ၅ နာရီရောက်သွား



www.burmeseclassic.com

www.burmeseclassic.com



လည်း တကယ့်ဖွဲကောင်းကောင်းနဲ့ကို စောင့်လှူကြတာပဲ၊ ယူ လှူချင်ရင် အခုသွားစာရင်းပေးလိုက်ပြီး လှူရင်လည်းရတယ်၊ စိတ်ကောင်းလေးဝင်နေတုန်း မြန်မြန်သာသွား၊ တို့အားပေးတယ်''

အောင်ဇေနှင့်လည်း ခွဲစိတ်ကုသဆောင်မှာ တာဝန်အတူကျခဲ့ဖူးသော မမသူက တိုက်တိုက်တွန်းတွန်းလေး လှွတ်ပေး၏။ ဘိုဘိုကတော့ ပြုံးစပ်စပ်ဖြင့် ...

''မမရော ဝင်လှူခဲ့မှာပေါ့ နော်၊ အဟဲ''

ဟု ဆိုလိုက်သေးလျှင် လက်ထောက်ဆရာဝန် မမက ရှက်ရယ်ရယ် မောပါလေသည်။

''တို့က ဘယ်တော့မှ သွေးပေါင်ချိန် မပြည့်တတ်ဘူးကွ၊ အဲဒါကြောင့်''

သည်အကြောင်းအရာကို ပြောဆိုနေရင်းကပင် အောင်ဇေ စိတ်ထက်သန်မှုအရှိန်က မြင့်လာတော့ကာ ...

''ကျွန်တော်က ညနေဂျူတီဝင်ရမှာဆိုတော့ အချိန်မီမှ မီပါ့မလား၊ သွားလိုက်ရင်ကောင်းမယ် ထင်တယ်''ဟု စိတ်မြန်ကိုယ်မြန်ထွက်ဖို့ပြန်တော့မှ ဇင်ဇင်စီက အထင်ရောက်လာသော မျက်နှာလေးဖြင့် လှမ်းကြည့်ကျွန်ရစ်သည်။ မမသူက ...

''သာဓု ကြိုခေါ်လိုက်ပါတယ်ဟေ့''

ဟု ဆိုကာ ဘိုဘိုကတော့ ...

''အတွယ်အတာတွေ မပူနဲ့တော့၊ အောင်ဇေ သွေးလှူရအောင်လာနေပြီ''

ဟု လက်တစ်ဖက်ကို အပေါ်သို့မြှောက်လျက် တစ်ခုခုကိုချိတ်ဆွဲထားဟန် အမူအရာလုပ်ပြလျက် စ နောက်ဖြစ်အောင် နောက်လိုက်သေးသည်ပင်။

❑ ❑ ❑

သွေးလှူဘဏ်သို့ ရောက်လာတော့ သွေးလှူဖို့ စိတ်အားထက်သန်



www.burmeseclassic.com

www.burmeseclassic.com



စွာ စောင့်စားနေကြသူတွေကို တစ်စုတစ်ရုံးတည်း တွေ့လိုက်ရကာ အောင်ဇေ ရင်ခွေးအောင် ကြည်နူးလာမိရသည်။

စားပွဲတစ်လုံးဖြင့် ထိုင်နေသော သွေးလှူဘဏ်အမှုထမ်းတစ်ဦးထံမှာ အောင်ဇေ စာရင်းပေးလိုက်ကာ သွေးအုပ်စုခွဲရသည်။ အောင်ဇေ့သွေးအမျိုးအစားက သူသိထားပြီးသည့်အတိုင်း အို။ ပြီးတော့ ဘယ်ပြီးရင် ဘယ်သွားရမယ်ဟူသော သွေးလှူသူအချင်းချင်း ကူညီလမ်းညွှန်မှုများဖြင့်လူတွေ စုပြုံအုံခဲနေသော နေရာဆီသို့ အောင်ဇေ တရွေ့ရွေ့ဖြင့်ရောက်သွားခဲ့သည်။ သည်နေရာက သွေးလှူမည့်သူတွေကို သွေးပေါင်စစ်ဆေးပေးနေသည့် နေရာပဲ။ အောင်ဇေ မျက်မှန်းတမ်းမိနေသောအမျိုးသမီး လက်ထောက်ဆရာဝန် သုံးဦးက သွေးလှူရှင်တွေကို သွေးပေါင်ချိန်ပေးနေခဲ့၏။ လူတွေဝိုင်းအုံနေကြပေလို့ သူတို့ကို အနီးရောက်မှပဲ မြင်ရလေသည်။ ဆရာဝန် မမတို့လည်း မျက်နှာ၊ လည်တိုင်များမှာ ချွေးသီးချွေးပေါက်တွေ သီးနေခဲ့ကာ အရပ်အနားမရှိ သွေးချိန်ပေးနေကြရသည်။ ကတ်ပြားတစ်ခုပြီးတစ်ခု၊ သွေးလှူရှင် တစ်ယောက်ပြီး တစ်ယောက် ခေါ်ယူသွေးချိန်ပေးနေပေမယ့် ကတ်ပြားပုံက လျော့သည်ပဲမရှိ၊ ထပ်၍သာ တိုးလာနေတော့သလို။ အောင်ဇေ့ကတ်လေးကို သွားထပ်တော့ မမက မော်အကြည့်နှင့်ဆုံကာ ...

''အော် သွေးလှူမလို့လား''

ဟု နှုတ်ဆက်သည်နှင့် အောင်ဇေမှာ ...

''ဟုတ်ပါတယ် မမ၊ ကျွန်တော် ညနေ ဂျူတီဝင်ရမှာမို့ ဂျူတီ မီအောင်လေး လုပ်ပေးနိုင်ရင်'' ဟု ခပ်တိုးတိုး အရေးဆိုကာ အခွင့်အရေးယူလိုက်မိရပါလေ၏။ ပြီးတော့ သည်လို ကိုယ့်အလှည့် ကိုယ်မစောင့်ဆိုင်းဘဲ အခွင့်အရေးယူလိုက်သူဆိုလို့ သည်ကနေ့ သွေးလှူပွဲတွင် သူတစ်ယောက်သာ ရှိလိမ့်မည်လားဟု တွေးရက်မိနေရပြန်သည်ပဲ။ အခွင့်အရေး မျှော်မှန်းစရာမရှိသော သွေးလှူပွဲတွင် အခွင့်အရေးသမားတို့ကို မတွေ့ရပေ၊ ပြီးတော့လည်း လင်ဆာနှင့် တိုရှိတာနှင့် ငါးချိတ်နှင့် သွေးလှူရအောင် လာသူဆိုလို့လည်း အောင်ဇေမမြင်ဖူးခဲ့ရပါလား။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ညနေ ဆေးရုံကျူတိုဝင်စရာ အမှန်ရှိနေလို့ပါ။ ခွင့်လွှတ်ကြပါဗျာ။ နေပူထဲကလူ၊ နေရိပ်ထဲကလူ၊ စောင့်စားနေကြသူအားလုံးသို့ အောင်ဇေ့စိတ်တွင်းမှ တောင်းပန်စကား ဆိုလိုက်မိရပါလေသည်။

ဦးခင်ထွန်း အကြိမ်နှစ်ဆယ်။

မပြုံးလဲ့ အကြိမ် ဆယ့်ငါး။

မောင်တင့်လွင် ရှစ်ကြိမ်။

သွေးပေါင်ချိန်ပြီးတော့ နောက်တစ်နေရာတွင် ကတ်လေးကို တပ်ထားရသည်။ သွေးလှူရှင်တစ်ယောက်စီကို ခေါ်ယူကာ ကိုယ့်အတွက် သွေးပုလင်းကိုယ်စီကို ကိုယ်တိုင်ယူထားကြရလေ၏။

''ကိုအောင်ဇေ ပထမအအကြိမ်''ဟု ခေါ်လိုက်တော့ အောင်ဇေ ခပ်သွက်သွက်လှမ်းလာမိခဲ့သည်။ အကြိမ်နှစ်ဆယ်၊ အကြိမ်သုံးဆယ်စသည် ဖြင့် လှူကြသူအများအပြားတွင် ပထမဆုံးအကြိမ်အဖြစ် လှူမည့်အောင်ဇေမှာ သိမ်ငယ်စိတ်ဝင်ရတော့သလို။ အောင်ဇေ့ရှေ့က တန်းစီနေကြသော လူစုကတော့ အင်္ကျီ ပုဆိုး ဆင်တူဝတ်ထားကြကာ တစ်ဆယ့်ငါးယောက်၊ နှစ်ဆယ်ခန့် ရှိမည်ထင်သည်။ ခေါင်းဆောင်ဖြစ်ဟန်တူသူ လူလတ်ရွယ်တစ်ဦးကလွဲလို့ အောင်ဇေ့ထက်ပင် ငယ်ရွယ်ကြဦးမည့် လူငယ်လေးတွေ။

''ကျွန်တော်တို့က 'နှစ်တိုင်းပေါက်' ရေသဘင်အဖွဲ့ကလေ အစ်ကိုရဲ့၊ ဒီလိုပဲ နှစ်ဆန်းတစ်ရက်နေ့တိုင်း သွေးလှူကြတယ်၊ သင်္ကြန်အတက်နေ့ ညနေကျရင် တကယ်ဆွေးရတယ်၊ မီးကုန်ယမ်းကုန်သွန်ပြီး နွှဲလိုက်ချင်တာ က တစ်ဖက်၊ နောက်တစ်နေ့ သွေးမလှူနိုင်မှာလည်း စိုးရိမ်ရနဲ့ ရေရေလည်လည်ပဲ''

စိတ်တန်းစောင့်ဆိုင်းနေရစဉ် ချည်ချောပုဆိုး အဝါအပြာကွက်တွေ ဆင်တူဝတ်ထားသော အဖွဲ့ထဲက လူငယ်လေးက အောင်ဇေ့ကို ပြောပြခဲ့သည်။ ပြီးတော့ သင်္ကြန်ရှိန်မပြေသေးဟန်၊ သံချပ်တိုင်ချင်သောဟန်ဖြင့် ကိုယ်အလေးချိန် ပေါင်တစ်ရာကျော်ရုံပဲရှိမည့် သူ့ကိုယ်လုံးလေးကို တငြိမ့်ငြိမ့် ရှေ့တိုးနောက်ငင် လှုပ်ထားနေသေး၏။ သည်တော့မှ သည်မောင်တို့အဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



လိုပဲ တူညီဝတ်စုံဖြင့် အမျိုးသား၊ အမျိုးသမီးစုလေးတွေကို သတိထားလာမိရသည်။ တချို့က ရှိုးရှိုးရေပက်ခံအဖွဲ့။ တချို့က ရေကစားမဏ္ဍပ်အဖွဲ့။ တချို့ကမူ ရှိုးရာရေသဘင်အဖွဲ့သားများ။ အချင်းချင်း ခေါ်ကြ၊ စကြ၊ နှုတ်ဆက်ကြ၊ စကားဆိုကြရာက ကြားသိလာရသည်။ သွေးလှူရှင်အများစုမှာတော့ မျက်လုံးတွေ နီစပ်၊ အသားနေပူလောင်လျက် အကြွန်လေးရက်ကို တစ်ရက်မပျက် ပျော်ခဲ့ကြလေသည့် ပုံစံတွေနှင့်။ သင်္ကြန်ဆိုလျှင် အရူးအမူး ပျော်ချင်တတ်မြဲ အောင်ဇေလို ပုဂ္ဂိုလ်တွေဖြစ်ပေမှာပဲ။ သူတို့အချင်းချင်း ဆိုစကားများအရ နှစ်စဉ် လှူနေကျ သွေးလှူရှင်တွေမှန်း ခန့်မှန်းနားလည်လာမိရသည်ပင်။ တစ်ဦးကသိုလ်ကို တစ်ဦးက ပီတိဖြစ်ရသည်မှာ သွေးလှူပွဲရဲ့ ဝိသေသပင် ထင်ရဲ့။

❑ ❑ ❑

ကိုယ့်အလှည့်ရောက်ဖို့ ကြာမြင့်စွာ မစောင့်ဆိုင်းလိုက်ရပေ။ သွေးလှူဘဏ်နှင့် ဆေးရုံကြီး ဝန်ထမ်းများရဲ့ စီစဉ်ထားမှုက စနစ်ကျလှသည်ပင်။ သွေးထည့်ဖို့ ပုလင်းကိုယ်စီကိုင်ဆောင်လျက် သွေးလှူဘဏ်အဆောက်အအုံ အပေါ်ထပ်သို့ တစ်စီတစ်တန်း တရွေ့ရွေ့တက်သွားကြရသည်။ အပေါ်ထပ်ရောက်တော့ ခန်းမကြီးထဲတွင် ခုတင်များ ခင်းကျင်းထားလျက် တစ်ချိန်တည်း သွေးလှူနေကြသူတွေကို ခန်းလုံးပြည့်မျှ မြင်တွေ့လိုက်ကြရပါလေသည်။ တစ်ချိန်တည်းတွင် သွေးအလှူရှင် လေးဆယ်ခန့် သွေးထုတ်ယူနိုင်ဖို့ စီစဉ်ထားကာ တစ်ဦးသွေးလှူပြီးစီးသည်နှင့် နောက်တစ်ဦး သွေးလှူဖို့ နေရာရလေအောင် အမှုထမ်းများ၊ သူနာပြုဆရာမလေးများက နေရာချထားပေးကြသည်။ အမျိုးသမီး သွေးလှူရှင်များအတွက် သီးသန့် ခင်းကျင်းစီစဉ်ပေးထားဟန်တူ၏။ အမျိုးသမီးများကို ထိုသီးသန့်ခန်းလေးသို့ ခေါ်ယူသွားတတ်လေသည်။ ငြိမ့်ညောင်းသော တေးသံသာသာက ထွက်ပေါ်နေခဲ့ကာ . . .

''အရင်နှစ်တွေကဆိုရင် အဆိုကျော်တွေကိုယ်တိုင် လာဆိုကြတာ''ဟု လူငယ်ကလေးက တသသပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အောင်ဇေ့အလှည့်သို့ ရောက်လာခဲ့သည်။ အခင်းဖြူဖွေးသော ခုတင်ပေါ်တွင် ကိုယ်လျှော့ဖြေ လဲလျောင်းကာ မျက်လုံးကို မှိတ်ထားလိုက်မိဆဲ။ ခုတင်ပေါ်သို့ ခေါ်လာနေရာချပေးသော သူနာပြုဆရာမလေးပဲထင်လေ၏။ လက်မောင်းက သွေးကြောတစ်ခုသို့ အပ်ထိုးစိုက်လိုက်သည်ကို စစ်ခနဲ ခံစားလိုက်ရတော့သည်ပဲလေ။

စိတ်လျှော့ဖြေထားနေခိုက် တေးသံသာက အာရုံခံနားထဲသို့ ပျော်ဝင်လာခဲ့သည်။ အေးဆေးပြီး အားမာန်ပါလှသော ခိုင်ထူးရဲ့အသံ။

''လိုချင် အကုန်လုံးယူ မိန်းကလေး၊ လိုတာ အကုန်လုံးယူ မိန်းကလေး၊ ရှိတာတွေကို ပေးချင်တယ်၊ ရှိတာတွေ အကုန်လုံးယူ''

သွေးဖောက်ယူထုတ်စေကာ သွေးတွေ အလှူပေးနေစဉ်မှာ ခိုင်ထူးရဲ့ ဟစ်ကြွေးသံကို တိုက်တိုက်ဆိုင်ဆိုင် အာရုံဝင်စားနစ်မျောရတာ ကိုယ့်အမိပ္ပာယ်နှင့်ကိုယ် အောင်ဇေ သဘောကျ နှစ်သက်သွားမိပြီ ...။

အခု အောင်ဇေရဲ့ စိတ်အနေလိုပဲပေါ့။

အောင်ဇေ့ရင်ထဲမှာ သူ့သွေးကို လက်ခံရယူမည့် ဘယ်သူဘယ်ဝါမှန်း မသိသေးသည့် လူသားတစ်ဦးပေါ်မှာ စေတနာမေတ္တာ ဖြိုးဝေနေမိကာ။

''နေကောင်းဖို့ဆိုရင် သွေးတွေ လိုသလောက်ယူပါလား၊ ပေးချင်တယ်၊ လူသား မိတ်ဆွေရယ်'' ဟူသော ဖြူစင်စိုရွှဲစိတ်ထားတွေဖြင့် ညွတ်နူးနေခဲ့လို့သာပင်။

ဘာမျှမကြာလိုက်။ ၁၀ မိနစ်ခန့်မျှသာပါပဲ။ အောင်ဇေ့ထံမှ သွေးထုတ်ယူပြီးစီးခဲ့သည်။

သွေးလှူဘဏ်ရဲ့ အခြားတစ်ဖက်လှေကားမှ ဆင်းလာခဲ့စဉ်စောင့်ဆိုင်းနေသည့် လူစုလူဝေးကြီးကို လျော့ပါးသည်မထင်ရဘဲ စုဝေး၍ကောင်းနေဆဲအဖြစ် မြင်တွေ့ရပါလေ၏။ ဖော်ရွေစွာဖိတ်ခေါ်လာသော အမှုထမ်းမိန်းကလေးက အောင်ဇေ့ကို အကျွေးအမွေးဖြင့် ဧည့်ခံရာဆီသို့ ပို့ပေးခဲ့ပြန်၏။

ဆေးရုံကြီး ၎ ်မအဆောက်အအုံဆီသို့ လျှောက်လာခဲ့မိစဉ်



www.burmeseclassic.com

www.burmeseclassic.com



အောင်ဇေ့ရင်ထဲတွင်တော့ ပီတိလှိုင်းတွင် တဝေ့ဝေ့ဖြင့်။

နံနက်အရုဏ်ဆီက ဆွမ်းတော်ပွဲပြင်ပေးကာ အောင်ဇေ့ကိုနှိုး၍ ဆွမ်းကပ်နိုင်းခဲ့လျက် . . .။

"အိမ်နီးချင်းတွေကိုတော့ ရွှေရင်အေးလေး ဝေရမယ်"ဟု သူမွေးနေ့မှာ ကုသိုလ်ယူစေခဲ့သော မေမေသာသီရင် သည်အလှူအတွက် သူ့ထက်ပိုလို့ ကြည်နူးဝမ်းမြောက်မည်ပဲ ထင်လေ၏။

ဆေးရုံကြီးအရှေ့ဂိတ်မှ လူငယ်တစ်စုတို့ ဝင်လာကြပြန်စဉ် ဗိုလ်ချုပ်လမ်းထိပ်တွင် အမိုးဖွင့် သဘော်သားကားတစ်စီးမှာ သင်္ကြန်ရှိန်မပြေသေးဟန်ဖြင့် မိန်းကလေး၊ ယောကျ်ားလေးတစ်စုတို့ တွန်းထိုးရယ်မောလို့ ပါသွားတာ လှမ်းမြင်တွေ့လိုက်မိလေ၏။

သွေးလှူဘဏ်သို့ ချီးကွေ့သွားလေသော လူငယ်တွေမှာလည်း လေးရက် သင်္ကြန်အတက်ဖြင့် မျက်လုံးနီနီ၊ မျက်ကွင်းမျက်ချောင်ကျကာ နွမ်းနယ်သော မျက်နှာတွေနှင့်ပေ။

သင်္ကြန်ဆိုရင် အရှူးအမူးပျော်နွဲချင်ကြတာ လူငယ်သဘာဝပါပဲ။ သင်္ကြန်ရူးတွေထဲက အရူးပါးတွေကတော့ နှစ်ဆန်းတစ်ရက်နေ့မှာ ဆုံစည်းမိကြဖို့ အချင်းချင်း ချိန်ဆိုတတ်ကြတယ်ဗျာ။ အဲဒါ ဘယ်နေရာဖြစ်မယ်လို့ ထင်သလည်းဟု စကားထာဝှက်ဆိုရရင် ကောင်းလေမည်လားဟု တွေးလိုက်မိလေသော အောင်ဇေ့မျက်နှာမှာ အပြုံးရိပ်တွေထင်နေလျက်ဖြင့်သာ . . .။

❑ ❑ ❑

မဟေသီ၊ ဧပြီလ၊ ၁၉၈၆

(၃)

"ဘယ်သူပဲရရ မိမိတို့တလောကသားချင်းမို့ ဝမ်းမြောက်မိပါကြောင်း။
တောမြို့လေးတွင် အလုပ်လုပ်ဖို့ စိတ်တူကိုယ်တူ ဆုံးဖြတ်ထားသူ
ချင်းပေပဲမို့ အားလုံးကို ခင်မင်ပါကြောင်း။
သူ့စကားကလေးများကို သဘောတကျ သိမ်းဆည်းထားမိသည်။
နောင်တစ်ကြိမ်မှာလည်း သည်စကားလေးတွေ သူကိုယ်တိုင်သုံးနှုန်းဖို့ လိုမလို ဆိုတာ
ဘယ်သူပြောနိုင်မှာတဲ့လဲ"

www.burmeseclassic.com



# ကိုယ်လည်းရောက်တဲ့အရပ်မှာ ပျော်အောင်နေ

မြို့နယ်သမဝါယမရုံးခန်းအတွင်းမှ ထွက်လာရတော့ နေမွန်းတည့်လို့နေချေပြီ။ ရွက်ခြောက်နံ့သင်းသော နွေလေရူးလေး ထိပါးမွှေယမ်းအစွမ်းပြလေသည့် အချိန်ပေ။ လေရူးတိုးအဝှေ့တွင် ဖုန်လုံးနီနီတို့ဝဲကတော့ထိုးဝှေ့ပျံတက်သွားတတ်ကြသည်။

မြို့လယ်ဈေးဆီမှ အင်ဖက်ဟောင်းတစ်ရွက် တလိမ့်လိမ့်လွင့်ပါလာခဲ့ပြီး သူ့ခြေရင်းဆီမှာ ငြိမ်ဝပ်သွားခဲ့သည်။ ကြည့်လေရာရာနွေသရုပ်က ပီပြင်နေပါလို့။

နံနက်ခင်းဆီက ပိန်းပိတ်မှုန်နေသော နှင်းထုကြီးကိုဖြင့် တွေးမြင်မရတော့ပြီ။

ပထမဆုံးအကြိမ်အဖြစ် သည့်မြို့လေးသို့ ခရီးနှင်လာခဲ့သော နံနက်ခင်းစောစောဆီကဆိုလျှင် နှင်းတို့ကိုသာ ဖွေးဖွေးလှုပ် မြင်လာခဲ့ရသည်။ ထွက်လာရာမြို့ဆီမှာလည်း နှင်း၊ အဝေးပြေးကားလမ်းတစ်လျှောက်က လယ်တောတွေထဲမှာလည်း နှင်း၊ နှင်းမိုးထုထုရွာသွန်းနေခဲ့သည်။ နှင်းသည်းထဲမှာပင် မြို့လေးသို့ ဆိုက်ရောက်ခဲ့သည်။ တောမြို့လေးသဘာဝဖြင့် နှင်းမကွဲမီ သက်ဝင်လှုပ်ရှားလျက် ကြိုနှင့်နေခဲ့ပြီပင်။ နှင်းမှုန်ရီတွင် မြို့လေးရှုခင်းက ကောင်းစွာမပီပြင်သေး။ မပီပိုးဝါးရှုခင်းကိုပင် သူက ရင်းနှီးကျွမ်းဝင်လိုစိတ်ဖြင့် တငေးတမော ကြည့်လာခဲ့သည်။

မြို့လယ် အချက်ကျကျနေရာရှိ တိုက်တန်းလျားလေးတစ်ခုရှေ့က အဖြတ်တွင်တော့ သူမှာ့ မိတ်ဆွေရင်းတစ်ယောက်ကို တွေ့လိုက်ရသလို ပြုံးပင်ပြုံးမိခဲ့သေးသည်လေ။ တိုက်တန်းလျားလေးရဲ့ တံစက်မြိတ်တွင် အနီရောင်အပေါင်းလက္ခဏာ အမှတ်အသားလေး တွဲခိုလို့။



www.burmeseclassic.com

www.burmeseclassic.com



သမဝါယမရုံးခန်းရောက်တော့ ရုံးက မဖွင့်သေး။ မျက်နှာချင်းဆိုင်ဆီက သမဝါယကုန်ပဒေသာ အရောင်းဆိုင်တွင် နှင်းအအေးကိုခိုရင်း စောင့်ဆိုင်းခဲ့ရလေသည်။ လူတွေ့စစ်ဆေးခံဖို့ သက်ဆိုင်ရာလူကြီးတွေ စုံညီသည်အထိ စိတ်လှုပ်ရှားမှုလေး ပြေလိုပြေငြား ဆိုင်တွင်တင်ထားသည့်ပစ္စည်းစုံကို လျှောက်ကြည့်နေမိသည်။ ယွန်းထည်ပစ္စည်းအမျိုးမျိုး၊ လယ်ယာလုပ်ငန်းသုံး ပစ္စည်းကိရိယာစုံ။ ဆိုင်ထဲဝင်စောင့်ဖို့ ဖိတ်ခေါ်ခဲ့သော မျက်နှာသုတ်ပဝါခေါင်းပေါင်းနှင့် ဦးကြီးက ဟိုပစ္စည်းဈေးမေး၊ သည်ပစ္စည်းဈေးမေး သူမေးသမျှ စိတ်ရှည်လက်ရှည်ဖြေပေးနေခဲ့သည်။ သူ မမေးရပါဘဲ သိမှတ်ဖွယ်ရာမြို့နယ်သမအသင်းပေါ်ပေါက်လာပုံအစ၊ နှစ်ကာလ၊ အောင်မြင်မှု၊ တိုးချဲ့မှုတို့ကိုပါ ပြောပြခဲ့လေသည်။ အကြောင်းအရာ စကားရပ်တိုင်းရဲ့အဆုံးမှာ ဦးကြီးပြောတတ်သည်က . . .

"လူတွေ့စစ်တယ်ဆိုရပေတဲ့ ဘာမှ အထူးအဆန်းမမေးပါဘူး ကျုပ်တူမရာ၊ တန်ရုံသင့်ရုံပါ၊ စိတ်အေးအေးသာထား" ဟူသော အားပေးစကား။ ခင်ဖို့ကောင်းသည့် ဦးကြီး။

မြို့နယ်သံမဝါယမ ရုံးခန်းအတွင်းမှ သူပြန်ထွက်လာတော့ ဦးကြီးရဲ့ကုန်ပဒေသာအရောင်းဆိုင်ကဖြင့် ပိတ်ခဲ့ပြီ။

"နေ့လယ်စာစားချိန်ပိတ်သည်"ဟူသော စာကို ဆိုင်ရှေ့မှာထောင်ထားသည့် ကျောက်သင်ပုန်းထိပ်မှာ ခုမှမြင်မိသည်။ ဦးကြီးကိုဖြင့် နှုတ်ဆက်ခွင့်မကြုံနိုင်တော့ပါပေ။ မွန်းတည့်နေ အဝါရောင်ကျဲကျဲက မြို့လေးထိပ်မှာလင်းချင်း ပြင်းပြလို့နေပြီ။ နှင်းမှုန်ကြားမှ မသဲမကွဲခဲ့သောမြို့လေးကို ခုမှကြည့်ငေးရသည်။ သူခေတ္တခဏ တည်းခိုနေသည့်မြို့နှင့် ရေမြေတစ်စပ်တည်းမို့ ခရီးအတန်ဝေးကွာပေမယ့် မြို့ကွက်အနေအထားချင်းကတော့ ခပ်ဆင်ဆင်။ မြန်မာပြည်မြေလတ်ပိုင်း မြို့လေးတွေထဲက တစ်မြို့သာပဲပေါ့။ နွေနံနက်ခင်းများမှာ နှင်းကျလို့ရသလောက်ကျချင်ပြီး နေ့လယ်ခင်းကျတော့ ဖုန်ထူ၊ နေပူလို့ရသလောက် ထူပူချင်သည့် မြို့မျိုးလေး။

နေ့လယ်ခင်းက ပိုမိုငြိမ်သက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ကြီးများကြားမှ တိုးဝင်လာသော နွေလေပြည်၏အတွေးက အေးမြည့်သက်သည်။ ရော်ရွက်လေးများကို ညင်သာစွာခြွေချလေသည်။ သူ ထိုင်နေသော မန်ကျည်းပင်စည်ရင်းက ကွပ်ပျစ်လေးပေါ်သို့ ရော်ရွက်လေးများ တဖွေ့ဖွေ့ကြွေဆင်းလာလေသည်။ ကွပ်ပျစ်လေးမှခြေချခဲ့လျှင် ပြောင်ရှင်း နေသော မြေပြင်သို့ရောက်မည်။ ဦးကြီး ဦးငွေရင်နှင့် ဒေါ်ဒေါ် ဒေါ်မယ်မြတို့ မှာ၊တောမြို့သူမြို့သား ပီသကြပါပေ့။ ဇနီးမောင်နှံနှစ်ဦးတည်းရှိသော အိမ် ပေမယ့် အလုပ်နှင့်လက် ထာဝရပြတ်သည်မမြင်ရ။ ခြံစည်းရိုးအသစ် ဝါးချွန်ချွန်တန်းနှင့် အိမ်ဘေးကထင်းစင်က ဦးကြီးရဲ့လက်ရာဖြစ်ဟန်တူသည်။ ခွဲလက်စ ထင်းခြမ်းများရှိနေသေးသည်၊ မြေတလင်းပြောင်ပြောင်ကမူ ဒေါ်ဒေါ့် လက်ရာပေလား။ အိမ်နောက်ဘက် ရေတွင်းမှ ရေပုံး ရေတွင်းနှုတ်ခမ်းပေါင် ကို တိုက်လို့ဆင်းသံ၊ ရေစီးဝင်သံ၊ ရေပုံးတက်လာရင်း ရေဖိတ်လျှံ ပြန်ကျသံ တို့ကြားနေရသည်။ ဒေါ်ဒေါ် ဒေါ်မယ်မြ ရေငင်နေသည်။

သူကမူ ညနေထွက်မည့်ကားကို သည်ကွက်ပျစ်လေးပေါ်မှ အေးအေး လူလူ ထိုင်စောင့်နေမိသည်။ သူ့အနီးမှာ ခေါင်းအုံးလေးတစ်လုံးပင် လာချ ပေးထားသည်။ ခေါင်းအုံးစွပ်ကလေးက ဖြူဖြူစင်စင်။ လဲလျောင်းပြီး သက်သောင့်သက်တာ ခေါင်းအုံးလိုက်ချင်စရာ။ သို့ပေမယ့် သူ မလှဲဖြစ်သေးပါ။ လှဲအိပ်လိုက်လျှင် ခြံရှေ့က မြေလမ်းကျဉ်းလေးသို့ ခေါင်းဆိုက်ထားမိသည်။ သည်အခါ ခြံတွေဆီက ပိတောက်၊ သရက်၊ မန်ကျည်းပင် ပင်ကြီးများ ဝိုင်းမိုးထားကာ အရိပ်အေးမြနေသောလမ်းလေးကို မမြင်မတွေ့ရနိုင်တော့ဘဲ ရှိမည်ပေ။

နေ့လယ်နှစ်နာရီရဲ့ ကျနေရှိန်ပြင်းပြင်းအောက်တွင် သည်လမ်းလေး က အရိပ်လုံခြုံနေသည်။ ဘူတာဘက်ဆီသို့ ပေါက်သွားသော လမ်းကြိုလမ်း ကြားလေးတစ်ခုဟု ဆိုသည်။ လူသွားလူလာနည်းပါးသည်၊ တစ်ဖက်ပိတ်လမ်း တိုကလေးသာ။ ပိတ်ထားသော လမ်းလေးကို ချောင်ကြိုချောင်ကြားမှ ရှေ့ဆက် တိုးသွားတော့ ဘူတာလေးသို့ ရောက်သွားနိုင်သည်ထင်၏။ လမ်းကဖြင့် သူ့ကို ဆွဲဆောင်နေအားကောင်းလှချည့်။



www.burmeseclassic.com

www.burmeseclassic.com



ကွပ်ပျစ်မှ ထလာမိတော့သည်။ အိမ်နောက်သို့ အိမ်ဘေးမှ ကွေ့ပတ်ဝင်ခဲ့သည်။ ဒေါ်ဒေါ်က ရေငင်၍ကောင်းနေဆဲ။

''ဘူတာဘက် ခဏလျှောက်လိုက်ဦးမယ် ဒေါ်ဒေါ်''

''ဟေ ရထားနဲ့ပြန်တော့မလို့လား၊ နေဦး ဒါဆို ကိုငွေရင်ကို ကျုပ်ပြေးပြောလိုက်ဦးမယ်လေ''

ပြေလျှော့လျှော့ဆံပင်ကို ဘီးနှင့် ကပျာကယာ ပြန်ပတ်ရစ်းက ဒေါ်ဒေါ် ခြေလှမ်းပြင်သည်။

''မပြန်ပါဘူး ဒေါ်ဒေါ်ရဲ့ လမ်းကလေးက အေးလို့ အညောင်းပြေလျှောက်ကြည့်မှာပါ''

''ဪ အေးအေး၊ လမ်းက ဘူတာထိပေါက်တယ်''

လမ်းကလေးသို့ လျှောက်လာခဲ့တော့ သစ်ရွက်ရော်တွေ တဖွဲဖွဲကြွေသက်နေသော တောရကျောင်းလေးထဲသို့ ဝင်သွားရသည့်သို့ပင်။ အပင်တို့အရိပ်က လုံလှသည်။ ကားလမ်းနှင့် လှမ်း၍ သစ်ရွက်သစ်ပင်တို့တွင်ပင် ဖုန်နီနီတွေ ထုတက်လို့မနေခဲ့။ ပကတိ စိမ်းရွက်တို့က စိမ်းလျက်၊ ရော်ရွက်တို့က ဝါရောင် ညိုရောင်ရှိသည်။ လမ်းကလေးက မရှည်လျားလှ၊ ဝါးလုံးတန်းလေးများဖြင့် ပိတ်ဆီးရံတားထားခဲ့သည်။ ဝါးလုံးတန်းရဲ့တစ်ဖက်မှာ ပုဏ္ဏရိက်ချုံတန်းတွေ။ ဘူတာရုံလေးရဲ့ စည်းရိုးဖြစ်မည်ပင်။ တစ်နေရာမှာတော့ ချုံများရှိနေခဲ့သည်။ ဖြတ်သွားဖြတ်လာရှိဟန်ဖြင့် တစ်ယောက်သွားလမ်းကလေးတစ်ခု ဖြစ်ထွန်းနေခဲ့သည်၊ ဝါးတန်းရဲ့ ဟိုတစ်ဖက်တွင် သစ်ပင်ပုဏ္ဏရိက်ချုံကြားမှ ရိုးရိုးရိပ်ရိပ်မြင်ရသည်က တိုက်ဖြူဖြူအဆောက်အအုံလေး တစ်ခုရဲ့ဘေးတိုက်အနေအထား။ ဘူတာရုံလေးဖြစ်မည်ပင်။

တဖြည်းဖြည်း ထိုနေရာလေးသို့ ရောက်လာသည်။ ဝါးတန်းများကြားမှ ဘူတာရုံလေးကို တိတ်ဆိတ်ခြောက်ကပ်စွာ လှမ်းမြင်ရသည်။ သစ်ပင်ကြီးများ အရိပ်မိုးနေ၍ ဘူတာတစ်ဖက်ခြမ်းက အရိပ်ကျနေသလောက် အခြားတစ်ဖက်ခြမ်းကမူ နေပူကျဲကျဲ။ သည်ရှုခင်းလေးကို သူ့စိတ်ထဲ ဇဝေဇဝါဖြင့်ငေးကြည့်နေမိ၏။ သူနှင့်ရင်းနှီးဖူးသော ရှုခင်းလေးကို ပြန်မြင်ရသလို စိတ်



www.burmeseclassic.com

www.burmeseclassic.com



တွေ ခံစားမိ၏။ လမ်းကလေးတစ်လျှောက်လာခဲ့ပြီး ဘူတာလေးဆီ လှမ်းငေး ကြည့်နေမိသော အဖြစ်ကလေးက သူကြုံဖူးခဲ့သော အဖြစ်ကလေး လိုလို။ သည်နေရာလေးကို သူရောက်ပင်ရောက်ခဲ့ဖူးသလိုလို။ တွေဝေ လျက် သူ စဉ်းစားနေမိခဲ့၏။ စဉ်းစားလို့ရတော့ဖြင့် ပြုံးမိပြီကွယ်။

Deji-Vu ပဲပေါ့၊ လူတိုင်းလိုလို တစ်ကြိမ်ကြိမ်မှာ ခံစားလာမိနိုင်သော စိတ်ခံစားမှုလေး တစ်မျိုးသာပါပဲ၊ အတိတ်ဟောင်းလေးတစ်ခုထဲသို့ ပြန်လည် ရောက်ရှိသယောင်ယောင် ခံစားလာမိစေသော ထူးခြားသည့်ခံစားမှုမျိုးလေး တွင် သူ မိသွားခဲ့ခြင်းသာ။ ဆေးပညာအခေါ်အဝေါ်အားဖြင့်တော့ Deji-vu Phenomenon ဟု ခေါ်သည်။

တကယ်တော့ သည်မြို့လေးရဲ့ သည်နေရာလေးကို သူရောက်ဖူးခဲ့ဖို့ထားလို့ ဆက်နေဖို့ပင် လမ်းမရှိခဲ့တော့ပါ။ တစ်ရက်တည်းသာ ရောက်ခဲ့ရသည့် မြို့ကလေး။ မြို့လေးတွင်နေရဖို့ရှိရင်တော့လည်း သည်လိုပေါ်ပေါက်လာသော စိတ်ခံစားမှုလေးက ပြောင်းပြန်ပြောပြချင်စရာ။ လူတွေ့စာမေးပွဲ အရွေးချယ်ခံရပြီး ဘူတာလေးဘက်လျှောက်သွားမိတော့ တစ်ခါက ရင်းနှီးကျွမ်းဝင်ဖူးခဲ့တဲ့ နေရာဟောင်းလေးတစ်ခုကို ပြန်ရောက်သလို ခံစားလိုက်ရတယ်။ ကိုယ်နေရမယ့် မြို့လေးမို့ ထင်ပါရဲ့ကွယ်။ ခုတော့ သည်လိုပြောပြစရာမှ မဖြစ်ဘဲလေ။

သူ့အဖို့ သည်မြို့လေးကို နှုတ်ဆက်ဖို့သာ ရှိတော့သည်ပင်၊ တွေးရင်း ဝါးတန်းလေးအောက်မှ ငုံ့လျှိုးဝင်မိပြီဖြစ်၏။ ချုံငယ်လေးတွေရဲ့ အကိုင်းအခက် ထိုးထိုးထောင်ထောင်တွေကြားမှ ဖြတ်သန်းလျှောက်ခဲ့ရသည်။ သစ်ကိုင်းများ က လုံချည်စဆီ မကြာခဏ လာငြိသည်။ ကပ်စေးနှဲသီးလေးများကလည်း လာရောက်ကပ်ငြိကြ။ လွင်ပြင်ငယ်ကို ဖြတ်လိုက်ပြီးမှ ဘူတာလေးသို့ ရောက်ခဲ့သည်။ လေးထောင့်ကျကျ အဆောက်အအုံလေး။ မြေဖြူတုံးလေးတစ်တုံးကို ချထားသလို တိတိပပ သပ်သပ်ရပ်ရပ်လေး ရှိနေပေ၏။ ဘူတာဘေးနားမှ ကပ်လျက် လျှောက်ခဲ့ပြီး ရှေ့ဘက်ပလက်ဖောင်းပေါ်သို့ တက်မိသည်။ ဘူတာ စကြံတွင် လူသူကင်းရှင်းနေလို့၊ စကြံတစ်ဖက်တွင်တော့ ရထားစောင့်နေသည့်



www.burmeseclassic.com

www.burmeseclassic.com



ခရီးသည်တစ်ဦးကို ရှားရှားပါးပါး မြင်လိုက်သည်။

သူ့ကိုမြင်လိုက်စဉ် ခဏ ...

'ဩော်' ဟု နှုတ်မှ အလိုလိုဆိုလိုက်မိပြီပေါ့။ သူကလည်း လှည့်ကြည့်လေသည်။ ရင်းနှီးခင်မင်သော အပြုံးကို သူ့မျက်နှာပေါ်မှာ တွေ့မြင်လိုက်ရ၏။ သူ့ထံလျှောက်ခဲ့မိစဉ် သူကလည်း သားရေလွယ်အိတ် ပြင်လွယ်လျက် လျှောက်လာလေသည်။ ပင်နီတိုက်ပုံ၊ ရှပ်ဖြူလက်ရှည်၊ ထားဝယ်ချည်ချောကွက်စိပ်ဆင် ပုဆိုးနှင့်။ မျက်မှန်ပါသေးသည်။ မျက်ခုံးထူထူ၊ အသားညိုညို၊ ပွင့်လင်းစွာရယ်ပြုံးတတ်သော နှုတ်ခမ်းနှင့် မြန်မာဆန်သော ရုပ်ရည်။

"ပြန်တော့မလို့လား"

သူကပင် စတင်နှုတ်ဆက်ဖြစ်သည်။ ခေါင်းညိတ်ရင်း ပြန်လည်ပြုံးသည်။

"ဘယ်ကိုပြန်ရမှာလဲ ဟင်"

"ပဲခူးကိုလေ၊ ရန်ကုန်ကမှ တစ်ဆင့်ပေါ့၊ ခင်ဗျားရော ဘယ်ပြန်ရမလဲ"

"ကျွန်မက ရန်ကုန်ကပါ၊ ဒါပေမဲ့ မပြန်သေးဘူး၊ အဘိုးအဘွားတွေရှိတဲ့ မြို့လေးမှာ ခဏနေဦးမလို့၊ ညနေမှ ကားနဲ့ပြန်မယ်လေ၊ ခရီးသည်တင်ကားကို ပြောတာနော်"

ရင်းရင်းနှီးနှီးရယ်လိုက်မိကြ၏။ ရုံခန်းထဲမှာမူ ဣန္ဒြေရရစောင့်ဆိုင်းနေဖြစ်ကြ၏။ စကားထွေထွေရာရာ မပြောမိခဲ့ကြ။ လူတွေ့ စစ်ဆေးခံဖို့ တစ်နယ်စီမှ ရောက်လာကြသော လေးဦးသားမှာ ကိုယ့်အတွေးကိုယ်စီနှင့်ကိုယ်။ သူကမူ အလုပ်ရဖို့ထက် ခရီးသွားဖို့ကို ပိုစိတ်ဝင်စားခဲ့သူ။ သို့တိုင်ပဲ လူတွေ့ စစ်ဆေးဖို့ စောင့်ဆိုင်းနေရစဉ် စိတ်လှုပ်ရှားနေသည်မှာ ပီဘိကျောင်းသားလေးနှင့်မခြား။ သို့နှင့်စကား နှုတ်ဆိတ်နေမိခဲ့ခြင်းပင်။ လူတွေ့ စစ်ဆေးပြီး အရေးတကြီး ဆရာဝန်လိုနေခိုက်မို့ ချက်ချင်းပဲ အကြောင်းပြန်သည်။ နံနက်စာထမင်းဖြင့် ဧည့်ခံကျွေးမွေးအပြီးမှာပေါ့။ လေးယောက်သားတွင် ဒေသခံဖြစ်သူဆရာကို ရွေးလိုက်သည်။ အသင့်မြတ်ဆုံးပါပေ။ သည်တော့ အခုသူ့ရှေ့က မျက်မှန်ဆရာလေးက စကားပြောကောင်းမွန်လှတာ သူတွေ့



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရသည်။ ညွှန့်ခံကျွေးမွေးသည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ မိမိတို့အနေနှင့်လည်း ဘယ်သူတော့ ရကောင်းစေလို့လို့ မရှိပါကြောင်း၊ ဘယ်သူပဲရရ မိမိတို့တစ်လောကသားချင်းသာမို့ ဝမ်းမြောက်မိပါကြောင်း၊ တောမြို့လေးတွင် အလုပ်လုပ်ဖို့ စိတ်တူကိုယ်တူ ဆုံးဖြတ်ထားသူချင်းပေပဲမို့ အားလုံးကို ခင်မင်ပါကြောင်း။

သူ့စကားကလေးများကို သဘောတကျ သိမ်းဆည်းထားမိသည်။ နောင်တစ်ကြိမ်မှာလည်း သည်စကားလေးတွေ သူကိုယ်တိုင်သုံးနှုန်းဖို့ လိုမလို ဆိုတာ ဘယ်သူပြောနိုင်မှာတဲ့လဲ။

''ခင်ဗျားက ဆေး(၁)ကအောင်တာနော်၊ ခင်ဗျားကို ကျွန်တော် မမြင်ဖူးဘူး''

''ဟုတ်ကဲ့၊ ဆေး (၁)ကပါ၊ ခင်ဗျားရော ဆေး(၂)ကလား၊ ဆေး (မန္တလေး)ကလား''

''ကျွန်တော်က ဆေး(၂) ကလေ၊ သမဝါယမ ဆရာဝန်ရသွားတဲ့ ကိုအောင်ထွန်းကလည်း ကျွန်တော့်ဆီကပဲ၊ ကျွန်တော်တို့ထက် ပိုစီနီယာကျတယ်''

''သြော်''

ထိုစဉ် ရထားဥသြသံ ကြားလိုက်ရ၏။ ရန်ကုန်သွားမယ့် ရထားဘူတာလေးကို ဝင်လာပေပြီ။ စကားကောင်းနေမိခဲ့၍ လှုပ်ရှားသက်ဝင်လာသော ပတ်ဝန်းကျင်ကို သတိမမူမိခဲ့။ ထိုအခါမှ မျက်မှန်ရှင်ကလည်း အဆောတလျင် လှုပ်ရှားလာသည်။ ခဏသာရပ်မယ့် ရထားကြီးဆီသို့ သူပြေးဖို့ ပြင်လေသည်။ လက်တစ်ဖက်မြှောက် နှုတ်ဆက်လိုက်ရင်းက ရထားစက်သံကြားမှ အသံမြှင့်၍ ဆိုသည်။

''ပြန်ပြီဗျာ၊ ကျွန်တော်တို့ တစ်ချိန်ချိန်မှာ ပြန်ပြီးဆုံကြသေးတာပေါ့ဗျာ၊ မဟုတ်လား''

စကားမပြန်လိုက်ရခင် ရထားတွဲ သံလက်ကိုင်တန်းကို သူဖမ်းခိုတွယ်ဖက်လို့ တွဲထဲကို ဝင်သွားတော့သည်။ အပေါ်သို့ အရောက်တွင် နောက်



www.burmeseclassic.com

www.burmeseclassic.com



သို့ လှည့်ကာ လက်ပြခဲ့သေးသည်။ သည့်နောက်တွင်တော့ ရထားပြင်ပဆီ သို့ သူ မကြည့်နိုင်တော့ပါပြီ။ ရန်ကုန်အရောက် တစ်နေ့ရာစာရဖို့ ရှာဖွေ တိုးဝှေ့ရင်း ယိမ်းထိုးစွာ ပါသွားခဲ့ပြီပင်။ ထွက်ခွာသွားသော ရထားကြီးကို ငေးကြည့်ကျန်ရစ်ရလေသည်။

ရထားဦးက မီးနီးတလူလူ လွှင့်ထူထွက်သွားပေမယ့် လေပြည်ကြောင့် ဘူတာဆီသို့ မီးခိုးငွေ့တန်းတွင် ဝေ့လည်ပြန်ရောက်လာကြသည်။

ရထားကြီးသည် တရွေ့ရွေ့ဝေးကွာခဲ့လျက် မြင်ကွင်းမှ ပျောက်ကွယ် သွားခဲ့တော့သည်။

သူ့ရဲ့ Deji-vu ထဲက ဘူတာရုံလေးနှင့် 'သူ'တို့နှစ်ဦးသော ပလက်ဖောင်း ပေါ်မှာ ကျန်ရစ်နေခဲ့ပါလေ၏။

❑ ❑ ❑

သည်နောက်တွင်တော့ သူ့ဘဝတွင် အဖြစ်အပျက် အပြောင်းအလဲ တွေ မလွဲမသွေ ရှိလာခဲ့ပြီပေါ့။

ရေမြေခြားသော နေရာဒေသနှစ်ခုတွင် သမဝါယမဆရာဝန်များ အဖြစ် အမှုထမ်းခဲ့ရ။ ဆေးကုခန်းလေးများကို သုံးကြိမ်ထက်မနည်းဖွင့်လှစ် ခဲ့ရ။ နေ့လယ် ဆေးရုံဆရာဝန်၊ ညနေ ဆေးခန်းဆရာဝန်အဖြစ် ရုန်းကန်ခဲ့ ရသည်များ။ သည်နေ့ထက်တိုင်လည်း လှုပ်ရှားရုန်းကန်နေရဆဲပဲပေါ့။

တစ်ညအိပ်သင်္ဘောစီး၍သွားရသော မြစ်ဝကျွန်းပေါ်က ရွာကလေး တစ်ရွာသို့အရောက် သင်္ဘောဆိပ်ခံတံတားတွင် သူ ရပ်ငေးကြည့်ဖြစ်ခဲ့၏။

ဝေးလံရပ်ခြား ဒေသတစ်ခုသို့ ဘိုးအင်းဂျက်ကြီးစီးလို့ ရောက်ခဲ့ ရတော့လည်း (ပြည်တွင်းကိုပဲ ပြောတာပါကွာ။ သိရဲ့သားနဲ့များကွယ်) လေတွေ အဆီးအတားမဲ့ တဟူးဟူး တိုက်ခတ်နေသော လေဆိပ်လွင်ပြင်မှာ ရပ်ငေး ကြည့်ဖြစ်ခဲ့သေးသည်သာ။ သို့ပေမယ့် တစ်ကြိမ်သောအခါကလို ရင်းနှီးနှင့် သော စိတ်ခံစားမှုလေးကဖြင့် ပေါ်မလာခဲ့ပါ။ သည်အရပ်များမှ သူ့အတွက် တကယ့်ကိုပင် သူစိမ်းပြင်ပြင်။



www.burmeseclassic.com

www.burmeseclassic.com



မရောက်ဖူးသော အရပ်မှာ မသိဖူးသူတို့နှင့်အတူ လက်တွဲ အမှုတော်များလည်း ထမ်းရင်း နှစ်ကာလများကို လိုက်လျောရောင့်ရဲစွာ ဖြတ်သန်းနိုင်ခဲ့သည်လေ။

နောက်တော့ မြို့တော်ကြီးက ဆေးရုံကြီးတစ်ရုံမှာ ပြောင်းရွှေ့တာဝန် ကျလာခဲ့၏။ ဆေးရုံကြီးရဲ့ အထပ်ထပ်၊ အခန်းခန်း၊ အဆောင်ဆောင်၊ ထောင့် လေးထောင့်ကိုမြင်လို့မှလည်း ရင်းနှီးကျွမ်းဝင်ဖူးသော ခံစားမှုလေးက ပေါ်မလာ ခဲ့။ သို့ပေမယ့်လို့ သည်မှာလည်း သူလိုက်လျောညီထွေ အမှုတော်တွေကျေ နေဆဲသာ။

တစ်ရံတစ်ခါ ပြင်သစ်ပြည်ဖြစ် ရေးနိုးလ်တတ်စ်ကြီးစီးလို့ အလုပ်သွား အလုပ်ပြန်ဖြစ်ခဲ့လျှင် ...

''ပြန်လည်ဆုံတွေ့သည့်တိုင်'' ဟူသော ကားဦးက အမိုးဆီမှာ တွဲလွဲ ချိတ်ဆွဲထားလို့ ယိမ်းထိုးနေသည့် စာတန်းလေးကိုမြင်ကာ ဆရာဦးမျက်မှန် ကို သတိရမိသလိုရှိပေသား။ သူသည်လည်း တစ်နေရာရာဆီမှာ လှုပ်ရှား ရုန်းကန်လို့ ရှိရှာပေမှာ။ သူနှင့်မူ သူပြောခဲ့သလို တစ်ကြိမ်တလေ ပြန်လည် မဆုံစည်းဖြစ်ခဲ့သေး။

သည့်အတူပါပဲ တာဝန်အရ ပြောင်းရွှေ့ခဲ့ရသော မြို့လေးတစ်မြို့။ သို့မဟုတ် ကိုယ်တိုင်နေရာရွေး၍ ဖွင့်ခဲ့သော ကိုယ်ပိုင်ဆေးခန်းလေး တစ်ခန်း။ သို့မဟုတ် လျှောက်လွှာတင် ဝင်ခွင့်ရခဲ့သော သမဝါယမဆေးခန်းလေးတစ် ခန်း။ အရပ်ဒေသအမျိုးမျိုးသို့ ရောက်ရှိခဲ့ပေမယ့်လည်း တစ်ခါက သမဆေးခန်း အတွက် လျှောက်လွှာသွားတင်မိခဲ့သော တောမြို့လေးတစ်မြို့လို ရင်းနှီးကျွမ်းဝင် နှင့်သော ခံစားမှုလေးမျိုး သူ့စိတ်အတွးထဲမှာ ပေါ်ပေါက်မလာခဲ့တော့ပါ။

ထို့အတူပါပဲ။ တစ်ခါက အလုပ်ဝင် ယှဉ်ပြိုင်ဖော်ဖြစ်ခဲ့လေသော 'သူ'နှင့်လည်း တစ်ကြိမ်မျှပင် မိတ်ဖြစ်ဆွေဖြစ် ပြန်လည်ဆုံစည်းခဲ့ခြင်း မရှိတော့ပါ။

❑ ❑ ❑

*မဟေသီ၊ မတ်လ၊ ၁၉၈၈*



www.burmeseclassic.com

www.burmeseclassic.com



(၄)

လူနာ့အင်္ကျီအိတ်ထဲမှ ရရှိသိမ်းဆည်းပေးထားသော နိုင်ငံသားမှတ်ပုံတင်ကလေးကို လူနာလက်သို့ ပြန်လည်ပေးအပ်နိုင်လိုက်ပြီ။ သူ့အဖို့တော့ ကိုယ့်ပစ္စည်းကိုယ်ပြန်ရတာမို့ ထူးခြားစွာမရှိခဲ့ပါ။ ဆေးရုံစားပွဲ အံဆွဲထဲမှာ ပိုင်ရှင်မဲ့သွားရှာသော ကတ်ကလေးများ ရှိခဲ့သေးသည်မို့ ပေးအပ်သူ အတွင်းစိတ်ထဲမှာသာ ထူးခြားခံစားမိခဲ့ပေ၏။



www.burmeseclassic.com

www.burmeseclassic.com



## မျှော်လင့်ချက်ရောင်ခြည်မြို့တော်သို့ ဆောင်းရောက်ရှိလာခြင်း

သည်မြို့လေးသို့ ဆောင်းရောက်ရှိလာပုံက ညင်သာလွန်း၍ အစတွင် သတိမထားမိနိုင်။ စောစောပိုင်းရက်များက မိုးရိပ်မိုးယောင်ရှိသည့်တိုင် နေ စောစီးစွာပွင့်ခဲ့၏။ ဝေးဝေးက တောင်တန်းတွေထိပ်မှာ လွှင့်ပါးနေသော တောင်ခိုးငွေ့များကို စိမ်းညို့ညို့တောင်တန်းကြီးများ နောက်ခံနှင့် မြင်တွေ့ ခဲ့ရသည်။ နေခြည်ဖြာ၍ နွေးထွေးလာလျှင် နှင်းမှုန်တို့ အရည်ပျော်ကျလာကာ တစ်မိုးလုံး မှိုင်းရီမှုန်လာခဲ့သည်။ မြို့ကလေးမှာလည်း နှင်းမြူဖြင့် ဖုံးလွှမ်း သွားခဲ့သည်။ နှင်းဖြူ ပိတ်ဖုံးသွားသောအခါမှ ဘယ်ဆီ တောင်တန်း၊ ဘယ်ဆီ ကောင်းကင်၊ ဘယ်ဆီ ရေပြင် မမြင်ရနိုင်တော့။ အမြူပြင်ကြီးသည်သာ တစ်စတစ်စ ကျယ်ပြောလာခဲ့တော့သည်။

မိုးတွင်းဆီက တဟီဟီမြည်ကာ လျှံတက်လာခဲ့သော နန့်ယင်းချောင်း ရေပြင်ပင် ရပ်တန့်ခဲ့ပြီး ရေခိုးရေငွေ့တို့သည်သာ ရေပြင်ထက်မှာ လူပ်ရှား လွင့်ပါးနေခဲ့သည်။ ချောင်းရေတွေ အေးခဲကုန်ပြီလားဟု နန့်ယင်းချောင်းကူး တံတားပေါ်ဖြတ်တိုင်း ကြည့်မိရ၏။ သူ့လက်တွေတော့ ထုံကျင်အေးခဲနေခဲ့ ပြီဖြစ်သည်။ စက်ဘီးလက်ကိုင်ဆုပ်ကိုင်လို့ ဆုပ်ကိုင်ရမှန်း မသိချင်တော့။ သည်မြို့သားတွေလို လက်နှစ်ဖက်လုံး ဂျင်းဂျက်ကက်အိတ်တွေထဲထည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



လက်လှတ်စက်ဘီးစီး ကျွမ်းရင်လည်း ကောင်းလေသားပဲ။ သူကမူ မြို့ပြင်ပတ်လမ်းအတိုင်း မြို့တစ်ပတ် စက်ဘီးစီးလို့ ကောင်းလှပေသော ဆောင်းရက်များအမီ ဘီးစီးတတ်လာရုံလေးရှိပါသေးသည်။

မြို့ကလေးကို ဝန်းရံထားသော မြို့ပြင်ပတ်လမ်းမှာ တစ်ဖက်ဝေးဝေးက တောင်တန်းညိုညိုကြီးတွေနှင့်ယှဉ်၍ ဘီးစီးရသော လွင့်မျောအရသာကို မိုးတွင်းဆီက မရခဲ့နိုင်။ မိုးတွင်းက မြို့ကလေးရဲ့နေရာ အတော်များများကို ရေရောက်ခဲ့၏။ အိမ်ရဲ့အနိမ့်ပိုင်းများပါ ရေနစ်မြုပ်လာတော့ ပစ္စည်းတွေ ရေလွတ်ရာ ရွှေ့ကြရ ဒူးဆစ်ထိ ရေထဲမှာဖြတ်ရနှင့် မိုးသည်းသည်းအောက်မှာ ဗျာများခဲ့ရသေး၏။ ထိုအချိန်မှာ ဆေးရုံ၌ လူနာတွေက အပြည့်ပေါ့။ ဘယ်တော့မှ ပျောက်ကွယ်မသွားတော့ဘူးလား မသိတဲ့ ငှက်ဖျားပါပဲ။ အနောဖလိစ်ခြင်ရဲ့ ရိုင်းပျမှုအောက်မှာ မြို့ကလေးနှင့် အနီးပတ်ဝန်းကျင်မှာ စင်းလို့ခံနေခဲ့ရပေ၏။

နာမည်ကျော် ဖားကန့်ဒေသအပါအဝင် မှော်လို့ခေါ်ကြသော ကျောက်စိမ်းထွက်ရာဒေသနှင့် ပြည်မဆက်သွယ်ဖို့ရာ အနီးဆုံးဖြစ်သော သည်မြို့ကလေးသို့ နာမကျန်းသူအဖို့ မိုးရာသီမှာ ရောက်အောင်လာရဖို့ပင် မလွယ်ကူခဲ့ပါ။ နှစ်ညအိပ်ခရီးမျှ တောလမ်း တောင်လမ်းမှ ဖြတ်သန်းကြရ ရုံဖန်ရံခါ ရင်ခေါင်းထိမြုပ်သော ရွှံ့နွံတောထဲမှာ ရုန်းကြရဖြင့် လမ်းခရီးကားပင်ပန်းခက်ခဲလှသည်ဟု ဆိုကြပါ၏။ တတ်နိုင်သူတွေက လူနာကို ဆင်နှင့် တင်၍သယ်ယူလာခဲ့ကြသည်။ လူခြေနှင့်လာခဲ့တယ်ဟု အချို့လူနာတွေစကားကို အစမှာ နားမလည်ခဲ့မိ။ နောက်မှ လူငှားနှင့်ပိုးလာခဲ့ခြင်းဟု နားလည်ရတော့သည်။ မိုးကလည်း သည်အရပ်တွင်ရွာပြီဆိုလျှင် သည်းလည်းသည်းထန်၏။ ကြာလည်းကြာရှည်တတ်ပါ၏။ မိုးမိပြီး ငှက်ဖျားလည်းဝင်ရင်တော့ တဟီးဟီးချမ်းဖျားတက်ရှာပြီပင်။ သည်လမ်းခရီးကို ကြိုးစားပမ်းစား ရုန်းလာခဲ့တာ ကိုယ့်အရပ်ဒေသနှင့်အနီးဆုံးဆက်သွယ်လို့ရမည့် မြို့ကလေးရောက်လာပြီးပါမှ တိမ်းပါးရရှာသူတွေလည်းရှိခဲ့သည်။ ဆေးကုသခွင့် ၂၄ နာရီပင်မရလိုက်ဘဲ လက်လှတ်ဆုံးရှုံးရသောအဖြစ်များနှင့်လည်း ကြုံရတတ်ပါ၏။ ဆွေ



www.burmeseclassic.com

www.burmeseclassic.com



မရှိ၊ မျိုးမရှိ၊ မိမသိ၊ ဖမသိ အရပ်မှာ စွန့်စားလာရောက်ကျောက်တူးကြသူတွေ၊ ''အလွယ်လိုက်'' ခေါ်သော ပစ္စည်းထမ်းပိုးလိုက်သူတွေ၊ လူငယ်လူရွယ်ပီပီ ဝေးလံခေါင်းဖျား စွန့်စားစီးပွားရှာဖို့ ကြိုးစားကြခါမှ သည်ငှက်ဖျားက နှိပ်စက်နိုင်ရက်အားတော့သည်။ ငှက်ဖျားပိုးက ဦးနှောက်အမှေးပါးကိုရောင်စေ၊ သွေးနီဥကိုစားကာ သွေးအားကင်းမဲ့စေ၊ ကျောက်ကပ်ကို ထိခိုက်ပျက်စီးစေ အမျိုးမျိုးသော အသွင်သဏ္ဍာန်ဖြင့် သည်မြောက်ပိုင်းတွင်တော့ မိုးငှက်ဖျားက ဆုံးမ,မရ ဆိုမနိုင် ခက်ခဲသော ငပွကြီးပါပဲ။

တစ်နယ်သား အောက်ပြည်အောက်ရွာကလူတွေကို မြန်မာပြည်မြောက်ပိုင်းငှက်ဖျားက ပိုလို့ပြင်းထန်စွာ ခံစားစေရုံမက သည်နယ်သားများကိုလည်း အလွတ်မပေးခဲ့ပြန်ချေ။

ဖေမေက မော်ထဲတက်ကြစဉ် ဘိုးဘွားနှင့်အပ်ထားခဲ့သော ကလေးတစ်စုက အဖျားတက်လျက်ရှိတတ်ကြသည်။ ဘူတာရုံမှာ လဲကျသတိလစ်လို့ ဆေးရုံရောက်လာသူကတော့ တစ်နယ်သားတွေသာပါပဲ။

❑ ❑ ❑

ဆေးရုံလေးမှာ ဆေးဝါးမပြည့်စုံလှပေမယ့် နွမ်းပါးလူနာများအတွက်မှု ဆေးဝါးရရှိအောင် အမျိုးမျိုးအဖုံဖုံ ကြံဆရသည်သာ။ အလွယ်ဆုံးသော ကြံဆနည်းက ကိုယ့်ဂျူတီမှာရောက်လာသူအတွက် ကိုယ့်ဆေးဗီရိုကို ဖွင့်လိုက်ခြင်းပဲပေါ့။ နည်းနည်းပိုခက်သော ကြံစည်နည်းကမှု ငွေကြေးပြည့်စုံသူလူနာတွေ ဆေးရုံအဆင်းမှာ စေတနာရှိသလောက် များလေကောင်းလေပဲပေါ့။ နွမ်းပါးချို့တဲ့သူနှင့် မော်ပြန်တစ်နယ်သားများအတွက် ရည်ရွယ်က အလှူငွေကောက်ခံပေးထားခဲ့သည်။ ပတ်ဝန်းကျင်တောရွာလေးမှာလည်း ရိုးသားနွမ်းပါးကြသည်။ မြို့ကလေးရဲ့စရိတ်ကြီးမြင့်မှုကို အမီမလိုက်နိုင်သော ချို့တဲ့ရှာသူတွေလည်း အများအပြားပါပဲ။

နှစ်ရက်သုံးရက်တာ သတိလစ်မြောနေခဲ့ရာက ဆေးရုံခုတင်ပေါ်မှာ ငုတ်တုတ်လေးထထိုင်နိုင်လာသော လူနာကိုမြင်ရလျှင်တော့ မောသမျှ



www.burmeseclassic.com

www.burmeseclassic.com



ပြေရသည်။

တူရွှင်းလည်းတို

လူလည်းအိုပြီ

သူ့ကိုပြန်ခေါ်ကြပါဦး . . .

ဟု စပ်ဆိုရလျှင် ကောင်းလေမလားပင်။

ယခုတော့မူ ဆေးရုံတက်နေသည်။ ဆေးရုံနှင့်ဆက်သွယ်ခေါ်ယူပါ ဟုသာ နေရပ်လိပ်စာမေး၍ ကြေးနန်းရိုက်ပေးစေရပါ၏။ လူနာ့အင်္ကျီအိတ်ထဲမှ ရရှိသိမ်းဆည်းပေးထားသော နိုင်ငံသားမှတ်ပုံတင်ကလေးကို လူနာလက်သို့ ပြန်လည်ပေးအပ်နိုင်လိုက်ပြီ။ သူ့အဖို့တော့ ကိုယ့်ပစ္စည်းကိုယ်ပြန်ရတာမို့ ထူးခြားစွာမရှိခဲ့ပါ။ ဆေးရုံစားပွဲ အံဆွဲထဲမှာ ပိုင်ရှင်မဲ့သွားရှာသော ကတ်ကလေးများရှိခဲ့သေးသည်မို့ ပေးအပ်သူ အတွင်းစိတ်ထဲမှာသာ ထူးခြားခံစားမိခဲ့ပေ၏။ ထိုကတ်ကလေးများပေါ်က ဓာတ်ပုံရှင်များမှာ သူတွေ့လိုက်ရသော လူနာများနှင့် မတူခဲ့ပါ။ ရောဂါဝေဒနာကြောင့် ရုပ်သွင်ပင် မှန်းဆမလွယ်နိုင်ခဲ့တော့။ ပါးချောင်နားချောင်နှင့် ကြုံလှီခြောက်ခန်းနေ၊ မဟုတ်ရင် ဖောင်းပွဖောသွပ်နေ၊ ဓာတ်ပုံများတွင်မူ ကော်လာကတုံး၊ ရှပ်အင်္ကျီဖြူလက်ရှည်၊ ဆံပင်နဖူးပေါ် မဝဲစေအောင် ဖြီးလျက် သပ်ရပ်အောင် ကြိုးစားဓာတ်ပုံရိုက်ခံယူထားမှန်း သိသာစေပါ၏။ တစ်သက်ပန်လုံး သိမ်းဆည်းရမည့်ကတ်ကလေးအဖြစ် ပလတ်စတစ်လေးများပင် အုပ်လောင်းထားကြသည်။ သူတို့ ကတ်ကလေးများကိုမြင်တိုင်း နောက်ဆက်တွဲအတွေးများက စီးဝင်လာကြမြဲပေပင်။ ပိုင်ရှင်လက်သို့ ပြန်လည်ပေးအပ်လိုက်နိုင်သောအခါမူ ပီတိဝေဖြာမိရတာ သဘာဝပါပဲ။

သံကြိုးစာရ၍ မိဘ၊ ဦးလေး၊ အစ်ကို၊ ညီတို့က လိုက်လာခေါ်ယူကြသည်များ ရှိခဲ့၏။ ရန်ကုန် လမ်းမတော်မှ လူငယ်လေးကို လိုက်လာခေါ်ယူစဉ် တစ်ကိုယ်လုံး မီးလောင်ဒဏ်ရာရ မိန်းကလေးငယ်တစ်ယောက်ကို ဆေးပတ်တီးလဲလှယ်ထည့်ပေးနေခိုက်တွင် ဖြစ်ပါ၏။

"သူ့အစ်ကို ရန်ကုန်ကရောက်လာခဲ့လို့ ပြန်တော့မယ်တဲ့ ဒေါက်တာ



www.burmeseclassic.com

www.burmeseclassic.com



ရေ၊ နှုတ်ဆက်မလို့တဲ့ စောင့်နေကြတယ်''

သူနာပြုဆရာမကြီးက ဝမ်းသာရွှင်ပျ သတင်းလာပေးခဲ့ပေမယ့် သူ့အလုပ်က အပြီးမသတ်သေးခဲ့။ အလုပ်ပြီးတဲ့အချိန်မှာတော့ သူတို့လည်း မရှိကြတော့ပေ။ သည်လိုပါပဲ လာရောက်ခေါ်ယူသူနှင့် ပြန်လိုက်ပါသွားသူ လူနာများကို သူ့ အကြောင်းကြောင်းကြောင့် နှုတ်မဆက်ဖြစ်လိုက်ရ၊ နှုတ်ဆက်ဖြစ်လျှင်တော့ ပျော်စရာကောင်းမည် အမှန်ပင်။ သို့ပေမယ့်လည်း သူ့အတွက်မူ ကတ်ကလေးကို ပြန်ပေးလိုက်နိုင်စဉ်ကပင် ဝမ်းမြောက်ပီတိဖြစ်ခဲ့မိပြီမို့ ကိစ္စမရှိတော့ပါဘူး။ လာခေါ်ယူသူမဲ့ လူနာများအတွက် ဆေးရုံဆင်းလက်မှတ်ပေါ်မှာ သက်ဆိုင်ရာ မီးရထားရုံပိုင်များက ကူညီပေးဖို့ ရေးပေးလိုက်ကြသည်။ လမ်းခရီးမှာ စားနပ်ရိက္ခာအတွက် ဒါနပြုကြရပြန်သည်။ မီးရထားရုံပိုင်ကြီးဆီ မကြာခဏ ကင်းလွတ်ခွင့်တောင်းပန်ရတာ ရုံပိုင်ကြီးလည်း စိတ်ညစ်ရှာမှာပဲ ထင်သည်။ ဆေးရုံကလေးမှာ ခုတင် ၂၅ ခုတင်ဆံ့ ဆေးရုံလေးနှင့် မလိုက်အောင်ပင် လူနာတွေများ။ အလုပ်တွေရှုပ်ပွေခဲ့ကြရသည်။ ပင်ပန်းပြီး အရာမထင်သည်များလည်း ရှိတော့ ပိုမောခဲ့ကြရ၊ အတွင်းလူနာ ခုနစ်ဆယ်၊ ရှစ်ဆယ်ကျော်နေခဲ့သည်တွင် အသည်းအသန်လူနာများ၊ အရေးပေါ် ခွဲစိတ်ကုလူနာများလည်း ရှိသေးတော့ ပြုစုရ၊ ဆေးထိုးဆေးတိုက်ရသော သူနာပြုဆရာမတွေလည်း ဖား၊ သန့်ရှင်းရေးဆိုပေမယ့် ဆေးရုံမှာလိုသမျှ ကူခိုင်းရသော အလုပ်သမားတွေပါမကျန် တစ်ဆေးရုံလုံး တဖားဖားနှင့် အလုပ်များခဲ့ကြရပေ၏။ သည်လိုကနေ လူနာတွေ တစ်စတစ်စ လျော့နည်းလာခဲ့သည်။ ဆေးရုံရဲ့ အလုပ် ဝန်ပိမှုတွေလည်း သိသိသာသာ လျော့ပါးသွားခဲ့ပါလားဟု သိမှတ်ပြုလာမိသော အခါတွင်တော့ နွေသွဲ့သောဆောင်းက မြို့ကလေးသို့ ချောမောပြေပြစ်စွာရောက် ရှိခဲ့ပြီပင်။

❑ ❑ ❑

မြို့ပြင်ပတ်လမ်းမှာတော့ နှင်းတို့က ပိုမိုသိပ်သည်းစွာ ကျနေတတ်သည်။ မြို့ထဲလမ်းမမှာလို လူသူရှုပ်ထွေးခြင်းမရှိ၍ အေးအေးဆေးဆေး ဘီးစီး



www.burmeseclassic.com

www.burmeseclassic.com



လို့ကောင်းလှပေ၏။ နှင်းစက်နှင်းခဲများက မျက်နှာသို့ပြေးဝင်ထိစင်လာကြသည်။ အနွေးထည်အထပ်ထပ်ကို ဖောက်ဝင်လာသောဆောင်းအအေးက စူးစူးမြမြ။ ကလေးငယ်ကို ကျောပိုး၊ ဟင်းရွက်တောင်းများ လျှိုထမ်းလျက် ဈေးရောင်းသွားကြမည့် ရှမ်းတောင်သူများရဲ့ တအိအိခြေလှမ်းကို သူ့ဘီးက ဖြည်းဖြည်း ကျော်တက်ခဲ့သည်။

သူနေ့စဉ် ဖြတ်သန်းဖြတ်လာနေသော လမ်းမှာမူ သည်မြို့ပြင်လမ်းလို ရှင်းလင်းမနေ။ မြို့ကလေးရဲ့ အရှုပ်ထွေးဆုံးသောလမ်းသာ ဖြစ်ခဲ့သည်။ ထိုလမ်းက မြို့မနှင့်မြို့ပြင်ဆက်သွယ်နေသော မြို့လယ်လမ်းမကြီးပေ။ ဆေးရုံ ကျောင်း၊ ရွှေသာလျောင်းဘုရားကြီးနှင့် ဘုရားကြီးဝင်းအတွင်းက နာမည်ကျော် ကျောက်ပိုင်းကိုလည်း ဖြတ်သွားခဲ့၏။ နံနက်စောစော ကျောက်ပိုင်းစည်ချိန်တွင် လမ်းအရှုပ်ထွေးဆုံးပေ။ ထင်းလှည်း၊ ဝါးလှည်း၊ မီးသွေးလှည်းတွေကလည်း တအိအိဖြတ်ကြ။ ဆိုက်ကားတွေက ခရီးသည်တင်ဆောင် သွားချည်ပြန်ချည်။ တစ်စီးတည်း ဂျစ်တွေ၊ ထရော်လီတွဲထားသည့် နှစ်စီးတွဲ ဂျစ်တွေ၊ ဘီးဆယ်ဘီး ကုန်တင်ကားမြင့်မြင့်ကြီးတွေ၊ ဟွန်းပေးလာသော စူပါကပ် ဟွန်ဒါတွေ၊ ပြီးလျှင်တော့ ဘီးတွေ၊ ဘီးတွေ။ လိပ်ကလေးရွေ့နေသလို သုံးဘီးပုပု လေးမှနေ၍ BMX၊ ဖီးဆင့်၊ ပန်းကမ္ဘာ တရုတ်ဘီး၊ ဘီးတွေ အတွဲလိုက် မျောနေတော့ပေသော ဘီးစီးကြောင်းများ။ လေးယောက်စီးသော တစ်ဘီး၊ တစ်ယောက်စီးသောဘီး သုံးစီး။ ဘီးစီးရင်းက လက်နှစ်ဖက်က ဘီးအပိုနှစ် စီးကို ဆွဲယူသွားလို့လည်းရှိ၏။ ဘာယာဉ်တွေ ဘယ်လိုပဲရှုပ်ရှုပ် ဈေးစကားဆိုရင်း အေးအေးလူလူ လျှောက်နေကြသည့် လမ်းပေါ်က သူကြွယ်လောင်းများကိုတော့ ဘီးတွေက မထိတထိ ပွတ်ဖြတ်ကျိုစယ်သွားတာ မြင်ရဖူး၏။ စက်ဘီးရှင်ကို သူတို့ မော်ပင်မကြည့်အားခဲ့ပါ။ ဆောင်းလေထဲမှာ တိုက်အိမ်ကြီးတွေ ဆောက်နေကြရှော့သလား။

❑ ❑ ❑

ခရစ္စမတ်သေးသံလွင်သော ဒီဇင်ဘာတွင်မူ ထူးထူးခြားခြားအေး



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ပါ၏။ ရာသီဥတု၊ လူနာ၊ ဆေးရုံ အလုပ်အားလုံးပင် သိပ်သည်းလာသော ဆောင်းနှင်းပွင့်များနှင့်အတူ အေးလာခဲ့သည်။ မြန်မာပြည်မြောက်ပိုင်းရှိ မြို့ကလေးကို နှိပ်စက်ကလူပြုနေတော့ပေသော ငှက်ဖျားသည်ပင် ဆောင်းမှာတော့ စိတ်ကောင်းဝင်သည်ထင့်။ ဆောင်းငှက်ဖျားက မိုးငှက်ဖျားလိုမတင်းမာဘဲ ပျော့ပျောင်းတဲ့သဘောထားများ ထားရှိနေသလိုပ။ ဆောင်းငှက်ဖျားက လွယ်လင့်တကူ လက်နက်ချတတ်ပေ၍ ဆေးရုံကလေးကလည်း ဆောင်းကို နှစ်သက်ကြိုဆိုခဲ့မိပါ၏။ မြို့ကလေးမှာ ပွင့်လင်းသာယာလာခဲ့ပါသည်။ တစ်နယ်သား ညှော်သည်မပြတ်သော မြို့ကလေးတွင် ညှော်သွားညှော်လာတွေ ပိုမိုများပြားစည်ကားလာခဲ့သည်။

နှင်းမကွဲမီပင် မြို့ကလေးရဲ့ လမ်းများပေါ်သို့ လူတွေ ဖိတ်လျှံကျလာခဲ့သည်။ နေ့စဉ် မှော်ထဲ တဖွဲဖွဲသွားရောက်နေကြသူတွေ မြစ်မ်းမြေလမ်းပေါ်မှာ တွေ့မြင်နေရသည်။ သူတို့တစ်တွေထဲမှာ ဆေးရုံတက်လူနာဖြစ်ဖူးသူ တစ်ယောက်တလေပါလျှင်တောင် သူမှတ်မိဖို့ရာ မလွယ်ခဲ့ပါ။ သူတို့မှာ ခရီးရှည်သွား ဝတ်စုံများဖြင့် ဖြစ်ပါ၏။ ဂျင်းများကို အဝတ်များကြပါ၏။ လမ်းလျှောက်ဖိနပ် ကောင်းကောင်းခိုင်ခိုင်များ စီးထားကြသည်။ တချို့က ခြေကျင်တောက်လျှောက် မှော်ထဲအရောက် တက်ကြ၍ အချို့ကမူ ကားပေါက်သည့်နေရာထိ ကားဖြင့် သွားကြပါ၏။ ခုနစ်ထောင်၊ ရှစ်ထောင်တန် ဂျာကင်တွေ၊ သုံးထောင်တန်ဖိနပ်တွေ၊ သောင်းကျော်တန် နာရီတွေနှင့် ခရီးသွားများကိုလည်း တွေ့ရမရှားလှပါ။ သူတို့ကို မုဒိတာပွားရင်း သူတစ်ခါက လူနာများအတွက်တော့ ကရုဏာပွားနေမိရပါ၏။

ဆေးရုံပေါ်က မိတ်ဆွေတွေများ ပါခဲ့မည်ဆိုလျှင်တော့ ထိုသူတို့ကို သူက သည်တစ်ခေါက်မှာ ရိုးသားစွာ ကြိုးစာပြီး အောင်မြင်စေချင်ပါသည်။ ငှက်ဖျားဒဏ်ကလည်း ကင်းဝေးစေချင်ပါသည်။ စွန့်စားလာရောက်ကြသူ လူငယ်တွေဖြစ်ပါလျှင် စွန့်စားခြင်းရဲ့အကျိုးကို ဘဝစတင်စ အရွယ်မှာ ယုံကြည်လာစေချင်ပါသည်။ ဘယ်သူပင်ဖြစ်ဖြစ်ပါ။ မျှော်လင့်ချက်ရောင်ခြည်လေးနှင့် မြစ်မ်းမြေလမ်းမှ ထွက်ခွာသွားကြသူမြို့သား တစ်နယ်သား။



www.burmeseclassic.com

www.burmeseclassic.com



တိုင်းရင်းသားအားလုံး သန့်စင်သော အောင်မြင်မှုတွေနှင့်အတူ ပြန်ရောက်စေချင်ပါသည်။

မြို့ပြင်ပတ်လမ်းမှာ တောင်တန်းကြီးများနှင့်ယှဉ်၍ ဘီးစီးရင်းက နေ့အိပ်မက်များ သူ မက်နေခဲ့မိပါ၏။ နံနက် ဆယ်နာရီခန့် နေပွင့်လာလျှင် တောင်တန်းကြီးများရဲ့ တောင်ထွတ်များက တိမ်ယံတွေထဲ ထိုးဖောက်နေတော့ သလို တောင်ခိုးတွေ မှိုင်းဝေလို့ တွေ့ရတတ်သည်။ နေခြည်ဖြာဆင်းကျလာသောအခါ တောင်တန်းတွေတစ်ထပ်၊ တောင်တန်းနှင့် မြို့ကလေးကြားမှာ ရစ်ခွေစီးဆင်းနေသော နန့်ယင်းနှင့် နန့်ကောင်း ချောင်းများ ဝန်းရံထားသည့် မြို့ကလေးမှာ ပိုလို့ လှပလာခဲ့သည်။

မြို့ကလေးကို လှပသာယာ ကျန်းမာလာစေသော 'ဆောင်း'ကို သူရဲ့ ဆောင်းအတွေး အိပ်မက်ထဲမှာ . . .

''ကျေးဇူးကဘာဆိုင်''ဟု ရွှေ့ဆွေးရှုတင်ပါကြောင်း ပြောပြနေမိခဲ့ပါ၏။

❑ ❑ ❑

မဟောသီ၊ မေလ၊ ၁၉၉၁



www.burmeseclassic.com

www.burmeseclassic.com

# ကပ္ပိယဒေါက်တာ

www.burmeseclassic.com

www.burmeseclassic.com



(၅)

လူနာတစ်ယောက်ယောက်ဆိုရင်တော့ စားသောက်နေဆဲတွေ့ရှိလည်း "ဒါတွေမတည်ဘူးလေ"ဟု သူ ဖယ်ရှားပစ်နိုင်ခဲ့ဖူးလှသည်ပေါ့။ သူ့စိတ်ထဲမှာလည်း သန့်ရှင်းသည်။ လူနာအတွက် တားမြစ်တာပဲဟု အမြဲ ကင်းစင်ကြည်လင်နေခဲ့သည်၊

ဆရာတော်ဘုရား၏ ကျန်းမာရေးစောင့်ရှောက်ရသည်ကမှ လူအများရဲ့ ကြည်ညို၊ သဒ္ဓါ၊ စေတနာ၊ ဒါနတွေကို ဘယ်လိုမထောက်ထားနေဝံ့မည်လဲ။



www.burmeseclassic.com

www.burmeseclassic.com



# ကပ္ပိယဒေါက်တာ

ဆောင်းကစလို့ ပွင့်လင်းသာယာလာခဲ့သော မိုးကောင်းမြို့လေးမှာ ဆောင်းအကုန် နွေအကူးတွင် ပိုမိုသာယာလှပလာခဲ့တော့ပေ၏။

မိုးတွင်းမှာ ရေနစ်၊ ဗွက်ထခဲ့သောလမ်းတွေ ဖြောင့်ဖြူးသာယာရှိလာခဲ့သည်။

သည်နှစ်တွင် လမ်းတွေလည်း ချဲ့ခဲ့သည်။ လမ်းချဲ့ရင်း ဓာတ်တိုင်တွေက လမ်းအလယ်ရောက်လာရင်း ဓာတ်တိုင်တွေ ရွှေ့စိုက်လိုက်ရင်းနှင့် သုံးကြိမ်တိုင်တိုင် ဓာတ်တိုင်တွေ ပြောင်းရွှေ့စိုက်ဖြစ်ခဲ့သည် အဆိုရှိပါ၏။ လမ်းတွေ တပြန့်တပြော ကျယ်လာသည်။ မျှော်ငေးမိလျှင် ... တောင်အစ တောင်အဆုံးသာရှိတော့သလို ကားလမ်းမကြီးများက ရှင်းလင်းဖြောင့်ဖြူးလှသည်။

အဝေးတူရူရှိ တောင်ခြေထိတိုင် လမ်းတွေက တိုးဝင်သွားနေတော့သလိုပေ။

ရိပ်သာကျောင်းလမ်းမှာ မိုးတွင်းဆီက ခြေကျင်ပင် အသွားခက်ခဲ့သည်။ ရွှံ့စေးထဲ ခြေကုပ်မြဲအောင် အားယူနိုင်ပါမှ ...။ လူကို စက်ဘီးက စီးပြီမို့ ဆင်းလို့သာတွန်းပေရော့ ...။

ယခုမှာမူ မြေဝါဝါလမ်းကလေး ဖြောင့်ဖြူးလမ်းသာချိန်။ နံနက်စောစောနေမထွက်မီ မြူတွေဆိုင်းချင်သေး၏။ မြူမှုန်မှုန်တွင် ရိပ်သာ



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းလမ်းအတိုင်း စက်ဘီးပြင်းပြင်းနင်းစီးလို့ ကောင်းလှသည်။ တူရှုမှာ ဆီးကြိုလင့်နေတော့သလို တောင်ပြာတန်းလွှင့်လွှင့်များ။ သူနီးလာခဲ့လျှင် တောင်တန်းများက နောက်သို့ဖြည်းဖြည်းချင်းဆုတ်သွားကာ ကျီစယ်နေသယောင်ရှိခဲ့သည်။

တစ်ခါတစ်ရံ သည်တောင်ထိပ်ချွန်ချွန်များမှာ မြူခိုးတောင်ခိုးကြားတွင် ပျောက်ဆုံးနေတတ်၏။

တစ်ခါတစ်ရံ မြူနှင်းတောင်ခိုးစတွေ ကင်းစင်ကြည်လင်ကာ တောင်ပြာတန်းတွေ ဝံ့ဝံ့စားစား မားမားမြင့်မြင့်။

ဝေဘူလတောင်ခြေနှင့် မနီးမဝေး မိုးကောင်းမြို့ပြင် လယ်ကွင်းစပ်တွင် မဟာတိလောကာရာမ စာသင်တိုက်ကြီးမှာ ကျယ်ဝန်းဆိတ်ငြိမ်ချမ်းမြေ့သာယာစွာ တည်ရှိပေ၏။ ရိပ်သာကျောင်းကြီးအဝင်လမ်းမှာ ဆရာတော်ကြီးစံရာသိမ်သို့ တည့်တည့်ဦးခိုက်လို့ရှိသည်။ ကွန်ကရစ်ခင်းလမ်းအတိုင်း စက်ဘီးဖြည်းဖြည်းနင်းခဲ့သည်။

လမ်းကလေးတစ်ဖက်တစ်ချက်တွင် သစ်ပင်ပျိုပုပိုင်းလေးများနှင့် တစ်ပါးစံကမ္မဋ္ဌာန်းကျောင်းလေးများ ရှိသည်။ ဆိတ်ငြိမ်အေးချမ်းလှပေ၏။

သူရောက်သွားသော နံနက်ခင်းစောစောတွင် ဆရာတော်က ကြိမ်ပက်လက်ကုလားထိုင်တွင် အေးဆေးသက်သာ ထိုင်နေတော်မူတတ်သည်။ တစ်ခါတစ်ရံ ကွန်ကရစ်ခင်းလမ်းဘေးတွင် စင်္ကြံကြွလို့ရှိတတ်သည်။ သူတို့ကို မြင်လျှင် ...

"အိမ်း လာကြပြီလား"

ဟု ဖြည်းဆေးစွာ မိန့်လေသည်။

"နေကောင်းပါလား ဘုရား"

သူဝတ်ပြုရင်း နှုတ်ခွန်းဆက်လျှင် ...

"အေးပဲ့ နေကောင်းပါတယ်" ဟု မတုံ့မဆိုင်းအဖြေပေးတတ်သည်။ နေမကောင်းရှိခဲ့လျှင်လည်း ...

"သာမည ပါ"ဟု ဖြေဆိုတတ်လေမြဲ။



www.burmeseclassic.com

www.burmeseclassic.com



စမ်းသပ်ကြည့်ရှုဖွယ်တို့ကို စမ်းသပ်ပေးနေစဉ်အတွင်း စိတ်ချမ်းတသာရှိလှသည်။ စမ်းသပ်စစ်ဆေးပေးပြီးသောအခါမှ ဆရာတော်သောက်နေကျ နှလုံးသွေးတိုးဆေးကို အတိုးအလျှော့ပြုရသည်။ ဦးပဥ္စင်းလေးအားသေချာ စေ့စေ့စပ်စပ်မှာကြားသင့်သည်ကို မှာကြားလျက် ဆရာတော်အား ဝတ်ပြုဦးချကာ ကျောင်းမှပြန်ခဲ့သည်။

စိတ်ချမ်းသာမှုကြောင့် စက်ဘီးစီးရတာ ပိုမိုပေါ့လွင့်လာသည် ထင်မိခဲ့စမြဲ။

လာစဉ်က တူရူမှ ကြိုလင့်နေတော့သလိုရှိသော တောင်ပြာတန်းကို ကျောခိုင်းပြန်ခဲ့ရသည်မှန်ပေမယ့် ဟိုဝေးဝေးရှေ့ဆီမှာလည်း တောင်တန်းပြာပြာတို့က ဘွားခနဲ ပေါ်ပေါက်ကြိုဆီးလာကြတော့ပြန်ပြီ။

❑ ❑ ❑

ထိုစဉ်က ရိပ်သာကျောင်းဆရာတော်ဘုရားမှာ သက်တော်(၈၄)နှစ်ရှိခဲ့ပြီဖြစ်၏။

မိုးကောင်းမြို့သို့ ပြောင်းရွှေ့ရောက်ရှိလာစတွင် ဖူးတွေ့ခဲ့ရရာမှ ဆရာတော်ကြီး၏ ကျန်းမာရေးအတွက် မကြာခဏလို သွားရောက်ကြည့်ဖြစ်လာခဲ့သည်။

အစမှာ အရေးပေါ်လိုအပ်ချက်ကြောင့် ဒကာတွေရဲ့ ကားလွှတ်ပေးမေတ္တာရပ်မှုနှင့် ...။ နောင်တော့ ကျန်းမာရေး မစစ်ဆေးရက် ကြာခြားခဲ့လျှင် ဖောက်ပြန်လာတတ်သော နှလုံး၊ သွေးတိုးအခြေအနေကြောင့်အပတ်စဉ်လို ကိုယ့်စက်ဘီးလေးနှင့်ကိုယ် သွားကြည့်ပေးဖြစ်လာခဲ့သည်။

၁၉၉၀ ပြည့်နှစ် သံဃာမဟာနာယက အစည်းအဝေးအသွားတွင်လည်း ဘူတာဆင်းမည့်ဆဲဆဲအထိ ကျန်းမာရေးစစ်ဆေးကြည့်ရှုပေးဖြစ်ခဲ့ပါသေး၏။

''ကမ္ဘာအေး သံဃာ့တည်းခိုဆောင်ရောက်တော့ တစ်ခါ စစ်ဆေးပေးသေးတယ်၊ ဆရာတော့် ကျန်းမာရေးမကောင်းဘူး ဘုရားလို့ ဆရာဝန်က



www.burmeseclassic.com

www.burmeseclassic.com



ပြောတော့ . . . ဒါဖြင့် မကောင်းရင် ကောင်းမယ့်နေရာပို့ကွာ ပြောတာနဲ့ ဗိုဝိတဒါနသံဃာ့ဆေးရုံ ရောက်သွားတော့တာပဲ၊ ဆေးရုံက ဆင်းတာနဲ့ လေယာဉ်နဲ့ပြန်လာခဲ့ရတယ်၊ ကမ္ဘာအေးမှာ ဆွမ်းတစ်နပ်တောင် မဘုဉ်းပေးခဲ့ရပါဘူးကွာ''

သည်အကြောင်းကို ဆရာတော်က ရယ်ရယ်မောမောပြောပြတော်မူလေ့ ရှိပါသည်။ ထိုအချိန်မှစလို့ ကချင်ပြည်နယ် သံဃာ့မဟာနာယကအဖွဲ့ ဥက္ကဋ္ဌလည်းဖြစ်သော ဆရာတော်မှာ ခရီးဝေးဝေးမထွက်ဖြစ်ခဲ့တော့ပါ။

၁၉၉၂ ခုနှစ်မှာမူ ထူးခြား၏။ ဆရာတော်ဘုရားကြီးသို့ နိုင်ငံတော်အစိုးရမှ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ချီးမြှင့်ဆက်ကပ်ခဲ့ရာ တက်ရောက်လက်ခံရယူတော်မူဖို့ ရှိလာခဲ့သည်။ ခရီးဝေးဝေးမထွက်တော့သည်မှာလည်းကြာ၊ သံဃာ့ဆေးရုံပေါ်မှပင် ပြန်ခဲ့ရသည့် တမြန်မနှစ်အဖြစ်ကိုလည်း အမှတ်တရပြောနေသေးဆဲဖြစ်ရကား ဆရာတော်က ဝေခွဲရခက်သည်ဟု ဆိုခဲ့ပါ၏။

ဆရာတော်နှင့်အတူ လိုက်ပါမည့် အနီးကပ်အဖွဲ့တွင် သူအမည်ပါဝင်နေခဲ့တာ သိလိုက်ရတော့ အစမှာ သူအံ့သြတွေဝေချင်ချင်။ သူ့စိတ်ခပ်ထွေထွေလည်း ရှိခဲ့သည်။

ကချင်ပြည်နယ်ရဲ့ မိုးရာသီမှာ အဖျားအနာကြမ်းတမ်းများပြားလှသော ကာလဖြစ်၍ အရေးပေါ်မဟုတ်ရင် ခွင့်မယူဖြစ်ကြဖို့ ကျန်းမာရေးဝန်ထမ်းအားလုံးက အလိုလိုသိနားလည်သဘောပေါက်ပြီးလည်းဖြစ်ရာ နွေနှင့်ဆောင်းသည်သာ သူတို့အတွက် ချစ်မက်ရွေးချယ်စရာ ဖြစ်နေခဲ့ပါ၏။

အထူးသဖြင့် ကျောင်းပိတ်ရက်လည်းဖြစ်သည့် နွေ။ သည်နွေတွင် အချင်းချင်း ညှိနှိုင်း၍ ခွင့်သွားကြရပါ၏။ လုပ်ဖော်ကိုင်ဖက်များရဲ့ ကိုယ်ပိုင်အစီအစဉ်များကိုလည်း မထိခိုက်စေလိုခဲ့။ ဝန်ခံရလျှင် သည်နွေမှာ သူ့ကိုယ်ပိုင်အစီအစဉ်လေးများလည်း ရှိနေခဲ့သည်။ သို့ပေမယ့် စိတ်တွင်းအဖြစ်အပျက်က ခဏတာမျှသာပါပဲ။ နှစ်နှစ်နီးပါး ဆရာတော်ကြီး၏ ကျန်းမာရေးကို စဉ်ဆက်မပြတ် စောင့်ရှောက်ပေးခဲ့ပါလျက် ဆရာတော်က တကယ်လိုအပ်



www.burmeseclassic.com

www.burmeseclassic.com



တယ် ထင်မြင်၍ လိုက်ပါစေလိုသောအခါတွင်မှ အကြောင်းပြ ငြင်းဆန် မနေလိုတော့ပါ။ သူရဲ့ ကိုယ်ပိုင်အစီအစဉ်များဆိုတာလည်း သူတော်ကောင်း ပုဂ္ဂိုလ်များနှင့် ယှဉ်၍ စဉ်းစားမည်ဆိုလျှင် ဖွဲမျှသာပါပဲ။

သည်လိုဖြင့်ပင် ဆရာတော်ကြီး၏ ဥပသကာအဖွဲ့ဝင်တစ်ဦး တိုးလာခဲ့ရတော့တာပါပင်။

❑ ❑ ❑

မတ်လ(၈)ရက်တွင် ဆရာတော်ဘုရားကြီး၏ ခရီးစဉ် စခဲ့သည်။ နံနက်(၉)နာရီတွင် အစုန်ရထားဖြင့် မန္တလေးသို့ မိုးကောင်းယောဂီအဖွဲ့က ဆင်းခဲ့ကြသည်။ နံနက်(၁၁)နာရီတွင် အဆန်ရထားဖြင့် ဆရာတော်က မြစ်ကြီးနားသို့ ခရီးစတင်ထွက်ကြွခဲ့ပေ၏။ မတ်လ(၁၀)ရက်တွင် ဆရာတော်က မြစ်ကြီးနား–ရန်ကုန် ခရီးစဉ် လေယာဉ်ဖြင့် ရန်ကုန်သို့ ခရီးဆက်လေမည်။

နှစ်ညအိပ်လျှက် မတ်လ(၁၀)ရက် နံနက်စောစောတွင် ရန်ကုန်သို့ ရောက်ရှိနေမည်ဖြစ်သော မိုးကောင်းယောဂီအဖွဲ့။

ရန်ကုန်ရှိ မိုးကောင်းသူ၊ မိုးကောင်းသားအဖွဲ့တို့က ထိုနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာဒုံလေဆိပ်သို့ လေယာဉ်ဖြင့်ဆိုက်ရောက်လာမည့် ဆရာတော်ဘုရားအား ဆီးကြိုပူဇော်ကန်တော့ကြမှာ ဖြစ်ပေ၏။

ခရီးစဉ် အစီအစဉ်ကို ထိုမျှအသေးစိတ်အောင် ရေးဆွဲထားနိုင်ခဲ့ကြသည်ပင်။

ခရီးစဉ်ဖြစ်မြောက်ရေး အစည်းအဝေးပွဲများတွင် သူ မပါရှိလိုက်သည်မို့ နောင်မှ ခရီးစဉ်ကို သူလေ့လာကြည့်မိရခြင်းပေ။ ဆရာတော်ဘုရားကြီး၏ ခရီးစဉ်များက ရက်စဉ်ဆက်တိုက်လို အစီအစဉ်များ ရှိနေခဲ့သည်။

ကမ္ဘာအေးကုန်းမြေတွင် သီတင်းသုံးရက်၊ သံဃာ့မဟာနာယက အစည်းအဝေးပွဲများ၊ ဘွဲ့တော်ဆက်ကပ်အခမ်းအနား၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတို့က အဓိကအစီအစဉ်များဖြစ်သည်။ မဟာစည်ပူဇော်ပွဲ၊ မြစ်ကြီးနား အသင်းပူဇော်ပွဲများက ရက်သတ်မှတ်ထားပြီး ဖြစ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ခရီးမထွက်ကြွ ကြာပြီဖြစ်သော ဆရာတော်ကြီးအား သီးသန့် ဆွမ်းကပ်လှူပွဲများကလည်း ထွက်ကြွချီးမြှင့်ပေးဖို့ရာ ရက်ဆက်ရှိနေသေးခဲ့ပေ၏။

ဆရာတော်ဘုရားကြီး၏ ခရီးစဉ်ချောမွေ့စေရေးအတွက် လှူရှင်ဒကာရင်းအဖွဲ့က မတ်လဆန်းကပင် ရန်ကုန်သို့ ကြိုတင်ခရီးစနှင့်ထားခဲ့သည်ဆိုပေ၏။

ဆရာတော်ပြီးမြောက်စေရမည့် စဉ်ဆက်တိုက်အစီအစဉ်များနှင့် ဆရာတော့်ကျန်းမာရေး အခြေအနေကို နှိုင်းချင့်တွေးနေမိသော သူ့မှာသာ ခရီးမစမီ တာဝန်ကြီးခေါင်းလေးနေမိရပေတော့သည်ပင်။

❑ ❑ ❑

မိုးကောင်း–မြစ်ကြီးနား ခရီးအစမှာ ဆရာတော် ရွှင်လန်းအားရရှိလှတာ ဖူးမြင်တွေ့နေရပေ၏။ ရာသီကလည်း မျှတသောရာသီ။

တောင်တန်းပြာလွင့်လွင့်များ၊ ထူထဲသော သစ်တောစိမ်းစိမ်းများကြားမှာ ရထားဖြည်းဖြည်း ခုတ်မောင်းသွားခဲ့စဉ် ဆရာတော်ဘုရားမှာ ပြတင်းအနီးတွင်ထိုင်လျက် ဝန်ကျင်ရှုခင်းကို ကြည့်ငေးလိုက်ပါတော်မူခဲ့ပေ၏။

တပေါင်းလ ရက်ဦးပေမို့ တောထဲတောင်ထဲခရီးမှာ တကယ်ပင်သာယာလှပါပေ၏။

''ဒီရာသီကတော့ ရှမ်းဘုရားရှာကြတဲ့ လရာသီပဲ''

သာယာသော ဝန်းကျင်ရှုခင်းကိုကြည့်ရင်း ဆရာတော်ကမိန့်ခဲ့သည်။

''ဘုရားရှာတယ်ဆိုတာ ဘုရားဖူးထွက်ကြတယ် ပြောတာပေါ့''

ဆရာတော်နှင့် အတူလိုက်ပါခဲ့သော ဦးပဋ္ဌင်းက ရှင်းပြခဲ့သည်။ ဆရာတော်၏ ကျန်းမာရေးစောင့်ရှောက်သူအဖွဲ့တွင် သူနှင့် ဆရာတော်၏ တူမတော် သူနာပြုဆရာမ 'ဒေါ်ခင်ခင်ကြည်'တို့ လိုက်ပါခဲ့ကြသည်။

ဝန်းကျင်ရှုခင်း သာယာလှတာမှန်ပေမယ့် ဆရာတော်အား ပြင်ပလေတိုက်ရိုက်တိုးဝင်သော ပြတင်းဘေးမှာ မထိုင်စေလိုတာ၊ ဝဲပခုံးနှင့် ဝဲဘက်



www.burmeseclassic.com

www.burmeseclassic.com



ရင်ဘတ် သက်နှံးလွတ်နေသောနေရာကို လေစိမ်းထိမှာမလိုလားတာခြင်းမှာ သူတို့နှစ်ဦး တစ်သဘောတည်း တူနေခဲ့ပေ၏။

ဆရာတော်သို့ မလျှောက်ဝံ့ဝံ့ လျှောက်ပြန်တော့လည်း . . .

"သာမညပါ၊ ဘာမှမဖြစ်လောက်ပါဘူး" ဟုသာ ဆရာတော်မိန့်တော်မူခဲ့လေ၍ သူတို့မှာ မကြံသာဘဲ ရှိနေရတော့သည်။

နမ္မတီးဘူတာအဝင်မှာ သာသနာ့အလံဝါလေးတွေ တလွင့်လွင့်မြင်ရသည်။ ပန်းပေါင်းဝေဝေဆာဆာ ထီးဖြူများ ခမ်းနားစွာ စိုက်ထူလျက် ပြောသံစည်သံ မြိမ့်မြိမ့်သဲမျှ ဆရာတော်အား ဆီးကြိုပူဇော်ကန်တော့ခဲ့ကြသည်။

ဆရာတော်မှာ ကြွရောက်ကန်တော့လာသော တပည့်ရဟန်း သံဃာတော်များနှင့် ဒကာအမျှား အပူဇော်ကို ကြည်ဖြူအားရခံယူတော်မူခဲ့သည်။ ဘူတာအပြည့်အလျှံ နမ္မတီးသူ၊ နမ္မတီးသားများမှာ ဦးခိုက်သိမ်မွေ့သော အမူအရာ၊ ရိုကျိုးသောသဒ္ဓါဖြင့် မျက်နှာနေ အေးချမ်းယဉ်ကျေးကြပါပေ၏။

ဆရာတော်၊ သံဃာတော်များဖြင့် ခရီးမသွားခဲ့ဖူးသော သူ့မှာ မကြုံခဲ့စဖူးသော အတွေ့အကြုံတစ်ခု ဖြစ်၏။ ထိုကြည်နူးတုန်လှုပ်ရသော ခံစားမှုမျိုး နောင်ခရီးတစ်လျှောက် တွေ့ကြုံရရှိနိုင်လိမ့်ဦးမည်ဆိုတာ မတွေးဖြစ်ခဲ့သေးဘဲ အနီးရှိ သူနာပြု 'ဒေါ်ခင်ခင်ကြည်'အား . . .

''ကိုယ်တို့ ပိုတာဝန်ကြီးလေးလာခဲ့သလို ခံစားရတယ်နော်''ဟု ခပ်တိုးတိုးပြောမိစဉ် 'ဒေါ်ခင်ခင်ကြည်'မှာ စကားမပြန်နိုင်၊ မျက်ရည်ခပ်ဝဲဝဲနှင့် ခေါင်းသာညိတ်ပြခဲ့လေ၏။

❑ ❑ ❑

မြစ်ကြီးနား ခေမာသီဝံ စာသင်တိုက်တွင် ဆရာတော်ခေတ္တသီတင်းသုံးခဲ့သည်။

ပြည်နယ်ဆေးရုံကြီးမှ သူငယ်ချင်းလည်းဖြစ်၊ အသက်ငယ်ငယ်နှင့် သမားတော်ကြီးလည်းဖြစ်နေပြီဖြစ်သော 'ဒေါက်တာဦးခင်မောင်ဌေး'က



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီး၏ ကျန်းမာရေးကို လာရောက်စစ်ဆေးပေးခဲ့ပါ၏။ သူရည်ရွယ်ထားသော အစီအစဉ်ကို မြစ်ကြီးနားရှိ ဒကာများက ဆောင်ကြဉ်းပေးခဲ့ကြခြင်းပင်။

"နှလုံးခုန်မမှန်ဘဲ AF တော့ရှိနေတယ်၊ လေယာဉ်ခရီးသွားလို့တော့ စိုးရိမ်စရာ မရှိပါဘူး"

နှလုံးရောဂါခံရှိသူအဖို့ အောက်စီဂျင်နည်းပါးသော ပေနှစ်သောင်းကျော်အထက်မှာ နှလုံးဖောက်လွဲဖောက်ပြန်ဖြစ်တာမျိုးလည်း ရှိတတ်ပေရာ သူ စိုးရိမ်မကင်းရှိနေသော ထိုအကြောင်းပြခြင်းရာကို "ဦးခင်မောင်ဌေး" က ရိုပ်စားမိစွာ နှစ်သိမ့်ပေးခဲ့လေ၏။ သို့စဉ်လျက် သူမှာ ထိုညက အိပ်မပျော်ချင်။

ရထားလေစိမ်းမိရုံလေးနှင့် လည်ချောင်းနာ၊ ချောင်းဆိုးခဲ့တာကလည်းရှိ၊ ဒေါ်ခင်ခင်ကြည်လည်း အိပ်ပျော်ပုံမရ။ တလူးလူးတလွန့်လွန့် ရှိနေခဲ့ပေ၏။

နောက်တစ်ရက်မှာ ဖော်ကာဖြင့် ရန်ကုန်သို့ ထွက်ခွာခဲ့ကြ၏။

ဆရာတော်နှင့် သူတို့မှာ လေယာဉ်ထိုင်ခုံချင်း လှမ်းသည်။ သူနေရာမှ ဆရာတော်အား လည်ဆန့်လို့ လှမ်းဖူးတွေ့လာခဲ့ရပေ၏။

ဆရာတော်မှာမူ မျှတချမ်းသာစွာပင် လေယာဉ်ပြတင်းပေါက်မှ ခရီးစဉ်တောက်လျှောက် ကြည့်ရှုလိုက်ပါတော်မူခဲ့သည်။

သုံးနာရီကြာ လေယာဉ်ခရီးစဉ်အဆုံးမှာ လေယာဉ်မူးဝေကာ ခေါင်းတွေကိုက်ခဲ ငြီးစီလာသူမှာ ဆရာတော်၏ ဆရာဝန်ကိုယ်တိုင်နှင့် နပ်စ်တို့သာ ဖြစ်နေကြလျက် . . .

"အဲဒါ စိုးရိမ်ပူပန်လွန်ကဲမှုရဲ့ ကျေးဇူးပေ"ဟု ကိုယ့်ကိုယ်ကို သဘောထားမိရတော့သည်လေ။

❑ ❑ ❑

ဆရာတော်က မင်းကွန်းတောရတွင် ခေတ္တသီတင်းသုံးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးကောင်းယောဂီအဖွဲ့မှလည်း မင်းကွန်းတောရတွင်ပင် တည်းခိုခွင့်ရခဲ့ပေ၏။

သူနှင့် ဒေါ်ခင်ခင်ကြည်ကို ဆရာတော် သီတင်းသုံးသောစံကျောင်းနှင့်အနီးဆုံး တိုက်ဇရပ်လေးမှာ နေရာချထားပေးခဲ့သည်။

''အနီးဆုံးဆိုပေမယ့် ဝေးသေးတာပဲ၊ ညရေးညတာ အကြောင်းတစ်စုံတစ်ရာရှိရင် လှမ်းခေါ်လိုက်မယ်ဆိုလည်း ကြားနိုင်ပါ့မလား''ဟု သူတွေးပူပင်လိုက်မိပြန်ပြီး ...

''အကြောင်းတစ်စုံတစ်ရာရှိမှာမှ မဟုတ်တာ''ဟု သူ့အတွေးကို သူပြန်ဖျက်ပစ်ရသည်။

မင်းကွန်းဆရာတော်ကြီးက မင်းကွန်းတောရတွင် တိုက်ကျောင်းများအများအပြားရှိပေမယ့် သစ်သားစံကျောင်းတွင်သာ မျှတစွာသီတင်းသုံးတော်မူခဲ့သည်။

ဆရာတော်ဘုရား၏ စံကျောင်းတွင်ပင် မိုးကောင်းဆရာတော်ဘုရားကြီးကို သီတင်းသုံးစေပေ၏။

မတ်စောက်သော လှေကားထစ်စိပ်စိပ်လေးများမှ တစ်ဆင့်တက်ရောက်ရသော အထပ်ထပ်မှာ အတန်မြင့်သည်။ ဆရာတော် တောရအတွင်းကြွမည်ဆိုတောင် ထိုလှေကားထစ်များမှဆင်း၊ အခြားတစ်နေရာသို့ ပြန်တက်၊ ဆရာတော်အား လျှောက်ရဖို့ရာ မင်းကွန်းဆရာတော်ကြီးက ...

''ငါ့နောင်တောင်မှာ ဘယ်မှာလွတ်လပ်တော့လည်းကွ၊ သွားလေရာရာ ဆရာဝန်ကပ်ပါနေမှတော့ ...''ဟု ဆိုထားသည်မို့ မလျှောက်ရခဲ့။ ဆရာတော်၏ ကျန်းမာရေးကို လိုက်ပါစောင့်ရှောက်ရတာ လူပုဂ္ဂိုလ်တစ်ယောက်ယောက်ရဲ့ ကျန်းမာရေးကို ကြည့်ရှုပေးရတာနှင့် လုံးဝခြားနားလှတာ သူတစ်စစသိရှိလာခဲ့ပြီးပင်။

လူနာတစ်ယောက်ယောက်ဆိုရင်တော့ စားသောက်နေဆဲတွေ့ရှိလည်း ''ဒါတွေမတည့်ဘူးလေ''ဟု သူ ဖယ်ရှားပစ်နိုင်းခဲ့ဖူးလှသည်ပေါ့။ သူ့စိတ်ထဲမှာလည်း သန့်ရှင်းသည်။ လူနာအတွက် တားမြစ်တာပဲဟု အပြစ်ကင်းစင်ကြည်လင်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ဘုရား၏ ကျန်းမာရေးစောင့်ရှောက်ရသည်ကမှ လူအများရဲ့ ကြည်ညို၊ သဒ္ဓါ၊ စေတနာ၊ ဒါနတွေကို ဘယ်လိုမထောက်ထားနေဝံ့မည်လဲ၊

မြစ်ကြီးနားတွင်ရှိစဉ် ဆရာတော်အား ဆွမ်းကပ်လှူမည့်တစ်အိမ်မှ . . .

''ဆရာတော် ဘာများအထူးဘုဉ်းပေးချင်ပါသလဲ ဘုရား''ဟု မေးလျှောက်ခဲ့၏။

ဆရာတော်ကြီးက . . .

''ရှမ်းဟင်း၊ ပန်းဟင်းပေါ့၊ အဲ ငါးပိရည်နဲ့ တမာရွက်ကလေးတော့ တို့ချင်သားကွ''ဟု ရယ်ပြုံးမိန့်ခဲ့သည်။ ဆရာဝန်ပီသလှသော သူ့နှုတ်မှ ရုတ်ခြည်းလို . . .

''မတည့်ပါ ဘုရား''ဟူသော တားမြစ်ချက်စကားက ထွက်ပဲထွက်ပေါ်နိုင်လွန်းစွာ ထွက်ပေါ်သွားခဲ့ရာ ဆရာတော်မှာ . . .

''အေး . . . အေး . . . ဒါဖြင့်လည်း မလုပ်နဲ့တော့''ဟု ပြန်လည်မိန့်လိုက်ခဲ့သည်။

ထိုစဉ်ကစလို့ ''ဘာသုံးချင်သည်''ဟု ဆရာတော်မမိန့်ခဲ့တော့တာ ခရီးစဉ်ဆုံးသည်အထိပါပဲ။ သူလည်း စိတ်မကောင်းဖြစ်မိကာ သူ့စိတ်တစ်နေရာမှ ''တကယ်တမ်း စားဖြစ်လည်း တမာတစ်ခက် ငါးပိရည်တစ်စက်ပေါ့''ဟု သူ့ကို ပြန်လည်ဆန့်ကျင်စကား ဆိုနေခဲ့တော့ပေသည်လေ။

သည်လိုနှင့် ဆရာတော်အား ကပ်လှူသော ဆွမ်းပွဲများမှ အကောင်းမွန်မြတ်ဆုံးသော၊ ရှားပါးသောဟင်းပွဲများ၊ ဆီအိမ့်သောဆွမ်းဟင်းပွဲများကို ဒကာများ သဒ္ဓါတရားတိုးပွားစေဖို့ ကုသိုလ်စေတနာများဖို့သာ ရည်ရွယ်လျက် တို့ထိရုံ ဘုဉ်းပေးတော်မူပေရာ ဆရာတော်အား သူ မတားမြစ်မိတော့ပါပေ။

❑ ❑ ❑

ရန်ကုန် မင်းကွန်းတောရသို့ ဆရာတော်ရောက်ရှိသီတင်းသုံးပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ရက်မှာပင် '(ဦး)မြတ်ခိုင်'၊ 'ဒါရိုက်တာခင်ဇော်၊ 'ရုပ်ရှင်သရုပ်ဆောင် ပြေဇော်'တို့ကြီးမှူးသော အနုပညာရှင်များက ဆရာတော်ကြီးအား လာရောက် ပူဇော်ကန်တော့ခဲ့ကြသည်။

ထိုပူဇော်ပွဲအပြီး ရန်ကုန်ရောက် မိုးကောင်းဒကာများ၊ ဆရာတော်ကြီး၏ ဒကာရင်းများမှ ဆွမ်းကပ်လှူပွဲများ ရက်ဆက်လိုရှိခဲ့ပေ၏။

စီစဉ်ဆောင်ရွက်ပေးသူများ၏ ကျွမ်းကျင်လိမ္မာမှုကြောင့် ဆရာတော်မှာ ပင်ပန်းရိပ်မထင်ခဲ့ပါ။

"ဆရာတော်ဘုရား ပင်ပန်းလေမလား"ဟု ပွဲတစ်ခုမစခင်နှင့် ပြီးစီးတိုင်း ဆရာတော်၏ ကျန်းမာရေးကို စစ်ဆေးကြည့်ပေးမိရင်း စိတ်ပင်ပန်းနေရာမှုသာ သူ့မှာ ထင်ဟပ်နေခဲ့သော ပြောစရာရှိပေ၏။

❑ ❑ ❑

မတ်လ(၁၅)ရက်တွင် ကမ္ဘာအေးလိုဏ်ဂူတော်အတွင်း ကျင်းပမည့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အစည်းအဝေးတွင် သဘာပတိအဖြစ် ဦးဆောင်စည်းဝေးရမှာဖြစ်သည်။ ထိုအစည်းအဝေးမှသည် ဘွဲ့တံဆိပ်တော် လက်ခံရယူချိန်အထိ ကျန်းမာစွာရှိဖို့မှာ သူလိုက်ပါလာရခြင်းရဲ့ အဆုံးစွန်သော တာဝန်ပါပင်။

သည့်အတွက်ပင် ဆရာတော်ဘုရားအား ရန်ကုန်ဆေးရုံကြီး၊ နှလုံးရောဂါအထူးကုဆရာဝန်ကြီးနှင့် ပြသပေးဖို့ သူစီစဉ်မိခဲ့သည်။ စင်စစ် ရန်ကုန်သွားရဖို့ရှိကတည်းက သူစိတ်ကူးထားမိခဲ့သည်။

မတ်(၁၅)ရက်မီအောင် နှလုံးအထူးကုဆရာဝန်ကြီး'ဦးအောင်'ကလည်း အစည်းအဝေးတစ်ခုကို ပျက်ကွက်ပြီး ဆရာတော်ဘုရားအား ကျန်းမာရေး စစ်ဆေးပေးမှာဖြစ်သည်။ အလုပ်တာဝန် များပြားလှသော ဆရာဝန်ကြီး၏ အချိန်ကိုလည်း လေးစားရသေးတော့ သူ့အစီအစဉ်မှာ ကြိုတင်ညှိနှိုင်းမထားလိုက်နိုင်သည့် ကတိုက်ကရိုက် ကြားဖြတ်အစီအစဉ်တစ်ခု ဖြစ်သွားခဲ့ရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



နှလုံးရောဂါ အထူးကုဆရာဝန်ကြီး ဦးအောင်က နှလုံးနှင့်ပတ်သက်သမျှ အစစအရာရာကို ဂရုတစိုက် စစ်ဆေးကြည့်ပေးခဲ့ပါ၏။

တစ်ညနေခင်း အချိန်တိုလေးတွင် အီးစီဂျီ၊ အက်ကိုး၊ ရင်ဘတ်ဓာတ်မှန်၊ သွေးစစ်ဆေးမှု စသည်ဖြင့် အပြည့်စုံနိုင်ဆုံး စမ်းသပ်ဆောင်ရွက်ပေးစေခဲ့သည်။

"ဆရာတော်၏ နှလုံးအခြေအနေမှာ စိုးရိမ်ဖွယ်မရှိပါ"ဟူသော အဖြေကိုရရှိမှ သူ့စိုးရိမ်ပူပင်နေရမှုတွေ များစွာ လျော့ပါးသွားခဲ့ရသည်။

သူက သာမာန်ဆရာဝန်တစ်ဦးမျှသာပါပဲ။ ဆရာတော်၏ ရောဂါသဘောကို သိလည်းသိနေပါလျက် သူ့ထက် အဆများစွာတတ်ကျွမ်းသော ဆရာသမားကောင်းနှင့် ကြုံလည်းကြုံခိုက် ပြသမပေးဖြစ်ခဲ့ရလျှင် သူ့မှာ အပြစ်မကင်းသလို ခံစားနေရတော့မှာပင်။ ကြိုတင်ရေးဆွဲထားပြီး အစီအစဉ်လမ်းကြောင်းမှ သွေဖည်သလိုဖြစ်သွားခဲ့ရသည့်အတွက်မှု "ဆောရီး"ပါပဲ အဖွဲ့ရေ။

❑ ❑ ❑

မဟာပါသာဏလိုဏ်ဂူတော်တွင် ကျင်းပသော ဘွဲ့တံဆိပ်တော်ဆက်ကပ်သည့်အခမ်းအနား မတ်လ (၁၈)ရက်၊ တပေါင်းလပြည့်နေ့ဖြစ်ပေ၏။ နံနက်မိုးသောက်ကစလို့ ကမ္ဘာအေးကုန်းမြေတစ်ခွင်တစ်ပြည်လုံး သဒ္ဓါရှိကျိုးသော ပြည်သူတွေနှင့် တစ်စစ ပြည့်လျှံလာတာ ဆရာတော်ကြီး၏ သီတင်းသုံးရာ သုံးထပ်အမြင့်ဆောင်မှ ဆီးမြင်နေရပေ၏။

စိတ်လှုပ်ရှားဝမ်းမြောက်စဖွယ်ပါ။ သူသာမဟုတ်။ ဆရာတော်ကြီးကပ္ပိယအဖွဲ့၊ ယောဂီအဖွဲ့မှာလည်း စိတ်လှုပ်ရှားတက်ကြွနေတာ ထင်သာမြင်သာလှသည်။ ဆရာတော်ဘုရားသည်သာ အချိန်ကိုစောင့်စားရင်း အေးချမ်းစွာ စံနေတော်မူနိုင်ပေ၏။

ဘွဲ့နှင်းသဘင်ကျင်းပရာ မဟာပါသာဏလိုဏ်ဂူတော်ဆီသို့ ဆရာတော် တဖြည်းဖြည်း ကြွချီတော်မူခဲ့သည်။ ဆရာတော်မှာ အထိုင်အထ



www.burmeseclassic.com

www.burmeseclassic.com



လေးရှာကာ အတွဲအကူမပါလျှင် လမ်းမြဲမြဲမလျှောက်နိုင်ဘဲ ယိမ်းယိုင်ချင်၏။ ထိုသို့ဖြစ်တိုင်း . . .

"ငါ့အားတွေ ဘယ်ရောက်ကုန်မှန်း မသိပါဘူးကွာ"ဟုဆရာတော် မိန့်တတ်ပေ၏။

သာသနာရောင်၊ သက်န်းရောင်တို့ဖြင့် ခမ်းနားတင့်တယ်နေတော့ပေသော မဟာပါသာဏလိုဏ်ဂူတော်အတွင်းရှိ ထီးဖြူရုံအလယ်လမ်းဝမှ သက်တော် (၈၆)နှစ်ရှိ မိုးကောင်းဆရာတော်ဘုရားကြီး၊ အခြားသော ဆရာတော်ကြီးများကဲ့သို့ပင် မျှတချမ်းသာစွာ ကြွချီလာနိုင်သည်ကို ဖူးမြင်ရသော သူ့တွင် တစ်ကြိမ်တစ်ခါမျှမဖြစ်ပေါ်ဖူးသော ရင်အေးချမ်းမြ ကြည်နူးဝမ်းမြောက်မှုကို အတိုင်းအဆမရှိ ခံစားမိလိုက်ရပါလေ၏။

❑ ❑ ❑

ဆွမ်းဆန်စိမ်း လောင်းလှူပွဲစတော့ နေ့လယ် နေပြင်းနေခဲ့ပြီ။ နံနက်မိုးသောက်ကပင် ရောက်ရှိစောင့်စားနေကြသော ပြည်သူအများရဲ့ သဒ္ဓါတရားကို မျက်မြင်တွေ့မြင်ရတာ ကြည်နူးအားရစရာပါ။ မဟာပါသာဏလိုဏ်ဂူတော်အတွင်းမှ ဆရာတော်များ ထွက်ကြွခဲ့ကြပြီ၊ နွေနေ့လယ်နေပြင်းအောက်တွင်ပေမယ့် သက်ကြီးဝါကြီး မထေရ်မြတ်များအား ဘီးတပ်ကုလားထိုင်ဖြင့် ကြွချီနိုင်ရန် စီစဉ်ပေးခဲ့ရာ မပင်မပန်းဘဲ ကြွရောက်ပူဇော်ခံနိုင်ခဲ့ပေ၏။ မဏ္ဍာပ်တို့အရိပ်၊ သစ်ပင်ဝါးရိပ်၊ တစ်ပါးကြွသာလမ်းကလေးသာ ကျန်တော့အောင် ဘေးက ဝန်းရံလောင်းလှူနေကြသော ဒကာပြည်သူများရဲ့ ယပ်တောင်၊ ထီး စသည့် မိုးကာထားပေးသော အရိပ်တို့ဖြင့် ဆရာတော်အများ မပင်ပန်းစွာ ကြွလှမ်းနိုင်ခဲ့ကြပါ၏။

မိုးကောင်းယောဂီအဖွဲ့မဏ္ဍာပ်မှာ မဏ္ဍာပ်အားလုံးရဲ့ အဆုံးမှာဖြစ်သည်။ သူ့ဆရာတော်၏ ကျန်းမာရေးအတွက် ကြောင့်ကြစိုက်နေမိခဲ့စဉ် မိုးကောင်းယောဂီအဖွဲ့မှ ဆရာတော်နှင့်တကွ သံဃာတော်အများအား ဆွမ်းဆန်စိမ်းလောင်းလှူဖို့ မဏ္ဍာပ်ဆင်နေခဲ့ကြပေ၏။ ယခုမှပင် မဏ္ဍာပ်အပြည့်



www.burmeseclassic.com

www.burmeseclassic.com



လှူဖွယ်ဝတ္ထုအသင့်ဖြင့် သူ ရောက်ဖူးရခြင်းပင်။ ဥပသကာအဖွဲ့ဝင်တစ်ဦးရဲ့ အပြော လိုပါပဲ။ (သူ့အစီအစဉ်၊ ကိုယ့်အစီအစဉ်နှင့် ကလေးတွေလိုပဲ အစီအစဉ် လုမိကြစဉ်ကပေါ့) "အားလုံးက ကောင်းဖို့အတွက် လုပ်နေကြတာပါပဲ" ဆို သည့်စကား။ သည်စကားကို မိုးကောင်းမဏ္ဍပ်တွင် ဆွမ်းဆန်စိမ်းလောင်းလှူဖို့ စောင့်ဆိုင်းရင်း သတိရမိပါ၏။

အင်းကုန်းဆရာတော် ဦးဆောင်ကြွချီလာသော ဆရာတော်များတွင် လေးပါးမြောက်မှာ မိုးကောင်းဆရာတော်ကြီး ဖြစ်ပေ၏။ ဆရာတော်ကြီး ခံယူရရှိတော်မူခဲ့သော၊ အလွန်အမင်းများပြားသော လှူဖွယ်ဝတ္ထုပစ္စည်းများ ကို သယ်ယူထမ်းပိုးလာသော အင်္ကျီဖြူ ပုဆိုးစိမ်းနှင့် ကျောင်းသား လေးတွေ၊ ဆရာ၊ ဆရာမတွေကို ဦးစွာတွေ့မြင်ရပါ၏။

ကျောင်းသားလေးများ အသွင်နှင့်တစ်မျိုး၊ ကြက်ခြေနီအဖြစ် တစ်သွယ်၊ အသွင်အမျိုးမျိုးပြောင်းကာ ကျရာတာဝန်ကို ကူညီထမ်းရွက်ဖို့ ဝန်မလေးသည့် ကျောင်းသား လူငယ်လေးများ ဂုံနီအိတ်ကြီးငယ်ဖြင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို တနင့်တပိုး ထမ်းရွက်ကူသိုလ်ယူခဲ့တာ မြင်တွေ့ ရပါ၏။

သည်အချိန်တွင် အားလုံးရဲ့ မျက်နှာမှာ ထင်ဟပ်နေသည်က ကြည်ညိုသဒ္ဒါတရားနှင့် စိတ်အေးချမ်းမြေ့ ပီတိရိပ်များသာဟု သူက ယုံကြည် နေမိခဲ့ပေ၏။

နိုင်ငံတော်အစိုးရမှ ကြီးမှူးစီစဉ်ကပ်လှူသော ဆလွန်းကားကပ်လှူ ပွဲအပြီးတွင် မင်းကွန်းတောရသို့ ဆရာတော် ပြန်ကြွခဲ့ပေ၏။

မင်းကွန်းတောရမှာ ဆရာတော် အများဆုံးသီတင်းသုံးခဲ့သော ကျောင်းဖြစ်၏။

မြတ်ညီတော်ဖြစ်သော မင်းကွန်းဆရာတော်နှင့် တွေ့ဆုံရကာ ရှေးဖြစ်ဟောင်းများ ပြောဆိုခဲ့ကြရ၊ တရားဒေသနာများ မိန့်ဆိုခဲ့ရ၊ မဖူးရ ကြာပြီဖြစ်သော ရန်ကုန်ရှိ တန်ခိုးကြီးဘုရားများကို ဖူးမြင်တော်မူရသည်နှင့် ဆရာတော်မှာ ကြည်လင်ချမ်းမြေ့ရှိလှသည်။ ကျန်းမာရေးပိုလို့ပင် တိုးတက်

www.burmeseclassic.com



ကောင်းမွန်နေသေးခဲ့တော့ပါ၏။

မဟာစည်တရားရိပ်သာ မြစ်ကြီးနားအသင်းပူဇော်ပွဲများနှင့် သီးသန့်ဖိတ်ကြားသော ဆွမ်းကပ်လှူပွဲများကို စဉ်ဆက်တိုက် ကြွရောက်ချီးမြှင့်အပူဇော်ခံနိုင်ခဲ့ပါ၏။

သူပင် ပူပင်စိုးရိမ်စိတ်တွေ လျော့ပါးကာ စိတ်အေးချမ်းမြေ့ရှိလှတာကြာပြီ။ ပြောရလျှင် သူ့ကို ညညမှာ အရေးပေါ်လာနှိုးတတ်လေ့ရှိသောဆေးရုံဒရဝမ် ''ဘာဘူ''ကြီးနှင့် ဝေးနေရလျှင် သူကောင်းကောင်း ညအိပ်ပျော်ချမ်းသာရှိပေမယ့် သည်ထက်ပိုသော စိတ်အေးချမ်းမြေ့မှုတွေ ရရှိခဲ့သည်လေ။

ဘုရားရိပ်၊ တရားရိပ်၊ သံဃာရိပ်တွင် နေခွင့်ရချိန်လေးမှာ ထူးခြားလေစွဟု သူ မက်မောရပါလေ၏။

မတ်လ(၂၆)ရက်တွင် ရန်ကုန်ခရီးစဉ် ပြီးစီးပြီမို့ ဆရာတော်ကြီးမှာ ရန်ကုန်မှ မြစ်ကြီးနားသို့ လေယာဉ်ဖြင့် ပြန်လည်ကြွခဲ့ပါ၏။

မိုးကောင်း၊ မြစ်ကြီးနား ဒကာများက မြစ်ကြီးနားလေဆိပ်တွင် ဆီးကြိုပူဇော်ကာ မြို့တစ်ပတ် လှည့်လည်အပူဇော်ခံခဲ့သည်။ ဆရာတော်ခရီးစဉ်များကို ငြီးပြီထင့် ...

''ကိုယ့်အရပ် မြန်မြန်ပြန်ရောက်တာ ကောင်းတာပေါ့ကွာ''ဟု မိန့်ခဲ့သည်။

မတ်လ(၂၇)ရက်တွင် မိုးကောင်းဒကာများက ဆရာတော်အား မိုးကောင်းသို့ ပြန်လည်ပင့်ဆောင်ခဲ့လေ၏။ မြို့လုံးညွတ်မျှပင် ဆရာတော်အား ဆီးကြိုပူဇော်ခဲ့ကြသည်။

မဟာတိလောကရာမသို့ ရောက်လျှင် ခရီးရောက်မဆိုက်ပင် အပူဇော်ခံကာ သီလပေး ချီးမြှင့်ခဲ့ပါ၏။

❑ ❑ ❑

ဆရာတော်စံရာ သိမ်ကျောင်းတွင် လာရောက်ဖူးမြော်သူ စဲသွားသည်



www.burmeseclassic.com

www.burmeseclassic.com



အထိ စောင့်ဆိုင်းနေဖြစ်ခဲ့၏။ သည်အခါတွင်မှ ဟိုအရင် နှစ်နှစ်ကျော် အတွင်းက သူလုပ်မြဲ နိစ္စဓူဝအလုပ်တစ်ခုကို သူပြန်စခဲ့ရပေ၏။ အေးဆေး ကြည့်ရှု စမ်းသပ်ပေးပြီး ဖြစ်ခဲ့လေ၏။

"အိမ်း ပြီးပြီလား၊ သာဓု ... သာဓု ... သာဓု"

ဆရာတော်တစ်ပါးတည်း စံလိုတော့သည့်အခါ မိန့်တော်မူတတ်သည့် အတိုင်း မိန့်ကြားတော့မှ သူလည်း ပြန်ဖို့ ဝတ်ပြုကန်တော့မိပေ၏။ သူ ပြန်ခဲ့သောအခါ ဆရာတော်သည် သိမ်ကျောင်းထဲတွင် တစ်ပါးတည်း စံနေမြဲ နေရစ်တော်မူပေ၏။

မကြာသေးမီက အုတ်အုတ်ကျက်ကျက် စည်ကားခဲ့သော ရိပ်သာ ကျောင်းဝင်းမှာ နာရီပိုင်းအတွင်းမှာပင် ပြန်လည်တည်ငြိမ်အေးချမ်းသွားခဲ့ ပြီ။ သူ့အား စောင့်ဆိုင်းပေးနေသော ဆန်နီလေးဖြင့် ပြန်ခဲ့စဉ်တာဝန်တစ်ခု ပြီးဆုံးလို့ ရရှိသည့် အောင်မြင်ခံစားမှုထက်ပိုသော ခံစားမှုတစ်မျိုးကိုဖြင့် သူ အမည်မပေးတတ်ဘဲ ရှိရပါတော့၏။

❑ ❑ ❑

ဆွမ်းဆန်စိမ်းလောင်းလှူပွဲနေ့က မိုးကောင်းမဏ္ဍပ်ကိုရှာရင်း ဆယ်နှစ်ခွဲကျော် ကွဲကွာနေခဲ့သော သူငယ်ချင်း 'အေးသက်လှိုင်' နှင့် မမျှော်လင့် ဘဲ ဆုံစည်းဖြစ်လိုက်သည်။ တိုက်ကြီးမြို့နယ်မဏ္ဍပ်မှာ ဖြစ်လေ၏။ သူမက တိုက်ကြီးမြို့နယ် မိခင်နှင့်ကလေး ဆရာဝန်အဖြစ် တိုက်ကြီးသူဖြစ်နေခဲ့တာ ကြာပြီဆို၏။

"မင်းဆံပင်တွေ ဘယ်ရောက်ကုန်တာလဲ"

သူငယ်ချင်းက ဆံပင်တိုလေးနှင့်မို့ မေးမိသည်။ သူ့ဆံပင်ကျော လယ်ထက် ပိုမရှည်တတ်ပေမယ့် သူငယ်ချင်းဆံပင်က သတိထားမိအောင် ရှည်ခဲ့သည်ပင်။

"ကိုယ် လွန်ခဲ့တဲ့ သုံးလက မယ်သီလရှင်ဝတ်လိုက်တာ"

သူငယ်ချင်းက သူ့ထက်ပြောင်မြောက်သည်ပဲ၊ မိခင်က ဘာသာခြား။



www.burmeseclassic.com

www.burmeseclassic.com



ဖခင်က ဗုဒ္ဓဘာသာ။ ကျောင်းမှာတုန်းက သူငယ်ချင်းက နှစ်ဘာသာကိုးကွယ်ခဲ့တာ မှတ်မိသည်။ ယခု သူ ဗုဒ္ဓဘာသာဝင် ပီပီပြင်ပြင်ဖြစ်ရုံမက ဖခင်ဆုံးတော့ ဖခင်အတွက်ရည်စူး၍ သီလရှင်အဖြစ်ကုသိုလ်ယူလိုက်တာဟု ဆိုပါ၏။

"မင်းကရော ..."

သူလိုက်ပါခဲ့သည့်တာဝန်ကို ရှင်းပြတော့ သူငယ်ချင်းက အားပါးတရ ရယ်မောကာ ...

"ဩော် ... ဒါဖြင့် တို့နှစ်ယောက်က သီလရှင်လူထွက် ဒေါက်တာနဲ့ ကပ္ပိယဒေါက်တာပေါ့"

သူငယ်ချင်းပေးသော အမည်ကို သူ သဘောတကျ ရယ်မောမိခဲ့ရသည်ပင်။

လုပ်သက် (၁၀)နှစ်ကျော်မှာ ကြာရှည်ကြာမြင့်မဟုတ်တောင် လူစားဝင်ဆရာဝန်အဖြစ် လုပ်ကိုင်ခဲ့ဖူးသော တာဝန်ခံအလုပ်တွေကဖြင့် သိပ်မနည်းလှပါဘူး။ ထောင်ဆရာဝန်၊ သင်္ဘောဆရာဝန်ဆိုတာမျိုးပင် အပါအဝင်ပေါ့။

သည်တာဝန်တစ်ခုကဖြင့် သူ့ကို ယဉ်ကျေးသိမ်မွေ့ ရိုးကျိုးစေကာ သဒ္ဓါကြည်ညိုစိတ်တွေ ပွားဝေစည်ပင်လာစေသော ရှားရှားပါးပါး အလုပ်တာဝန်တစ်ရပ်ပေမို့ သူငယ်ချင်းပေးသောအမည်ကို အစဉ်အမြဲ သတိတရ ရှိနေမိတော့မှာ ဖြစ်ပါ၏။

❑ ❑ ❑

မဟေသီ၊ နိုဝင်ဘာလ၊ ၁၉၉၂



www.burmeseclassic.com

www.burmeseclassic.com



(၆)

နံ့နက်စောစော နန့်ရှင်းချောင်းထဲမှာ ရေချိုးကြပေသော သည်မြို့သားတို့မှာမူ အာဂသတ္တိခဲမျှားပေပဲ။ ချောင်းရေက နံနက်စောမှာ တသွင်သွင် တနွေးနွေးရှိလှသည် အာမခံပေးကြပေမယ့် သူတော့ ယနေ့ထက်တိုင် မစမ်းသပ်မိခဲ့သေးတာ အမှန်ပင်။ စိတ်ကူးကြည့်ရုံနှင့်ပင် ချမ်းဖျားတက်ချင်လာခဲ့သည်လေ။



www.burmeseclassic.com

www.burmeseclassic.com



## ချမ်းတိုင်းတွေးမိတာတွေ

*တောင်ငွေ့ဝေဝေ၊ အထွေထွေနှင့်*
*လေလည်းရောရာ၊ မိုးမပါဘဲ*
*သံဝါဖြောက်ဖြောက်၊ ဆီးနှင်းပေါက်လည်း*
*မိုးလောက်ပြင်းထန်၊ သွန်းချပြန်သော် ...*

ရတုစာဆို မင်းလက်ဝဲ၏ မဲဇာတောင်ခြေချီ ရတုပိုဒ်စုံကို အမှတ်ရစရာပါပဲ။

နှင်းမှုန်ဖြူဖြူတို့ဖြင့် ပိတ်ဆီးဝေမှောင်နေတတ်ပေသော ဆောင်းကို ရောက်ခဲ့ပြန်ပြီဖြစ်ပေ၏။ နံနက် (၉)နာရီမှာ နေရောင်ခြည် မမြင်ရသေး။ နံနက် (၁၀)နာရီခန့်မှာ နေမင်းကြီးက ကမ္ဘာ့ဝှမ်းစောင်ကြီးပမာ ထွက်လာခဲ့လို့ မြို့လေးနွေးထွေးရုံရှိပါသေး။ ညနေ (၃)နာရီခန့်တွင် ကမ္ဘာ့ဝှမ်းစောင်ကြီးက ခေါက်သိမ်းသွားတတ်ပြီပေ။ မြို့လေး ချမ်းစိမ့်မှုန်ရီလို့ ကျန်ရတတ်လေသည်။ ကချင်ပြည်နယ်ရဲ့ ဆောင်းကပဲ ကြာလေအေးလေဖြစ်ရော့သလားပင်။

သူ ရောက်လာစမှာ နိုဝင်ဘာကို ချမ်းသည်ပင် မထင်မိသေး။ အေးတယ်ပြောကြတာ သိပ်မဟုတ်ပါဘူး၊ အနွေးမထပ်ဘဲ နေလို့ဖြစ်သားပါပဲ ထင်မိခဲ့သည်။ ကြည့်နေပါ၊ ခဏနေ ချမ်းလာမှာပါဟူသော သည်မြို့သားတွေ အပြောကို သူပြုံး၍ပင် နေခဲ့မိသေးတော့။ မြို့သားတွေက သူ့ထက်ပင် ချမ်းတတ်နေတော့သလိုပ။ စိတ်ထဲက အောက်မေ့မိ၏။



www.burmeseclassic.com

www.burmeseclassic.com



နံနက်စောစော နန့်ရင်းချောင်းရေချွေးချွေးမှာ ရေဆင်းချိုးပြီးလျှင်တော့ မြို့သားတို့ တစ်ရက်လုံး အချွေးချတ်တာ မမြင်ရတတ်တော့ပေ။ သည်စဉ်က သူက တစ်ခါတစ်ရံ အချွေးမထပ်ဘဲပင် နေနိုင်ခဲ့သေးသည်လေ။ ဒီဇင်ဘာလောက်မှ ချမ်းအေးလှတယ်ဆိုတာ လက်သင့်ခံချင်သည်။ နောင်နှစ်တွေမှာတော့ သူလည်း တဖြည်းဖြည်း မိုးကောင်းသားပီသလာလို့ပင်လား၊ ငှက်ဖျားအခံလေး ရလာလို့ပင်လား မသိ။ နှင်းမှုန်လေးတွေ မြင်လာရသည်နှင့် ချမ်းစိမ့်လာတတ်ပြီပေ။ ခရစ္စမတ်အကြို၊ ကာရိုဆင်းဂင်းတွေလာသည့် ဒီဇင်ဘာဆိုလျှင်တော့ ချမ်းရတော့မှာလား။ ဘယ်သူ့မှ တိုင်ပင်မနေနှင်တော့။ သူလည်း ချမ်း၊ ကိုယ်လည်း အရမ်းချမ်းလာပြီဖြစ်ပေ၏။ ဦးထုပ်ဆောင်း၊ ခြေအိတ်ဝယ်၊ မာဖလာပတ်ဖြင့် အဆောင်အယောင်တွေ များလှသည်။

တစ်နံနက်စောစော အောက်ပိုင်းက (မြန်မာပြည်မြောက်ပိုင်း မိုးရထားလမ်းတစ်လျှောက်တွင် လမ်းဆုံးဖြစ်သော ကချင်ပြည်နယ် မရောက်မီအထိကို သည်ဘက်မှာ အောက်ပိုင်းဟု သုံးနှုန်းကြသည်။) လူရွယ်လေးတစ်ယောက်မှာ ပင်နီတိုက်ပုံအင်္ကျီလေး တစ်ထပ်တည်းဝတ်လျက် ခပ်သုတ်သုတ် လမ်းလျှောက်လာခဲ့ရင်း သူနှင့်ဆုံမိခိုက် ...

''ချပ်ဝတ်တန်ဆာပလာတွေကလည်း များလှချည်လားဗျာ''

ခနဲ့တဲ့တဲ့ဆိုသည်ကို ကြုံရဖူး၏။ ရောက်စကတော့ ကိုယ်လည်း မင်းလိုပါပဲဟု စိတ်ထဲမှာ ပြုံးလိုက်မိပေသား။

❑ ❑ ❑

''ဒီနှစ် ပိုအေးတယ်နော်''ဟု ပြောလေ့ရှိကြပြီး တစ်ဖန် ရယ်မောလျက် ...

''ဟုတ်တာပေါ့၊ မနှစ်က လွန်သွားပြီဆိုတော့ မသိတတ်တော့ဘူးလေ''

မြို့သားချင်း နံနက်စော တွေ့ကြစဉ်မှာ ရာသီဥတုအကြောင်းကို စ ပြောဖြစ်ကြမြဲပေ။ သူကတော့ တကယ့်ကို သည်နှစ်ပိုအေးသည်ထင်မိပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ နိုဝင်ဘာ (၁)ရက်မှာ ထူးထူးကဲကဲ တစ်နေ့လုံးနေခြည်မမြင်ရအောင် နှင်းတွေ အုံ့ဆိုင်းမှိုင်းဝေနေခဲ့ပါ၏။

ယုဂန်ထင်ရှား၊ တောင်တော်ဖျားက
ရထားယာဉ်သာ၊ နေစကြာလည်း
ရောင်ဝါမထွန်း၊ ချမ်းရှာလွန်း၍
တည့်မွန်းချိန်နေ၊ ရောက်လွယ်စေဟု
စေ့ရေလှည့်လည်၊ တ,လျက်မည်သည်
နေခြည်ဖြာမှုနွေးသောကြောင့်။

စာဆို မင်းလက်ဝဲ မဲဇာတောင်ခြေချီရတုပိုဒ်စုံစပ်ဖြစ်သည်မှာ သည်လိုနေ့ရက်မှာ ဖြစ်ပေမှာပင်။ နေကိုမျှော်မော်ကြည့်မိသောအခါ နေကို မမြင်ရ။ ငွေမျှင်မြားစက်ကလေးတွေ အဆက်မပြတ် တဖွားဖွားကျဆင်း နေတာသာ တွေ့မြင်ရသည်။ အဆောင်းမပါခဲ့လျှင် ဆံစတွေစိုရွှဲသွားအောင် နှင်းကျဒဏ်ကို ခံရတတ်ပေသည်။

နံနက်စောစော နန့်ရင်းချောင်းထဲမှာ ရေချိုးကြပေသော သည်မြို့ သားတို့မှာမူ အာဂသတ္တိခဲများပေပဲ။ ချောင်းရေက နံနက်စောမှာ တသွင်သွင် တငွေးငွေးရှိလှသည် အာမခံပေးကြပေမယ့် သူတော့ ယနေ့ထက်တိုင် မစမ်းသပ်မိခဲ့သေးတာ အမှန်ပင်။ စိတ်ကူးကြည့်ရုံနှင့်ပင် ချမ်းဖျားတက် ချင်လာခဲ့သည်လေ။

□ □ □

ဆေးရုံရဲ့ ညဂျူတီယူလှည့်ကြုံသည့်အခါမှာ ညဘက် အရေးပေါ်ထ ရလျှင်တော့ မင်းလက်ဝဲကို ပိုလို့သတိရစရာ ဖြစ်ခဲ့ပါ၏။ ပိတ်ဆီးဝေမှောင် နေသော နှင်းထုထဲမှာ ရှေ့က ဆေးရုံဒရဝမ် ဘာဘူကြီး၏ လက်နှိပ်မီးရောင် သာ အားကိုးရာရှိခဲ့သည်။

**"သံဝါဖြောက်ဖြောက်၊ ဆီးနှင်းပေါက်လည်း၊ မိုးလောက်ပြင်းထန်"**

ရုံမက တစ်ခါတစ်ရံ ခြေသံအလားမို့ ဘေးဘီဝဲယာနှင့် အနောက်သို့ပင်



www.burmeseclassic.com

www.burmeseclassic.com



ပြန်လှည့်ကြည့်မိရတတ်သည်။ ထိုသို့ကြည့်မိတော့လည်း ကြည့်လေရာရာ တိတ်ဆိတ်နေသော အဖြူရောင်သာ။

တစ်ညတလေတော့ ကလေးပျက်၊ သွေးပုပ်ဆန်လူနာ (သို့မဟုတ်) ခက်ခဲမွေးလူနာတွေ ရောက်လာတတ်ပေ၏။ သူတို့လို လိုအပ်သလို ကုသ သန့်စင် ခွဲစိပ်ပေးပြီးပြီဆိုလျှင်တော့ သူ့တစ်ကိုယ်လုံး သွေးပုပ်သွေးညှီတွေ အညစ်အကြေးတွေဖြင့် ကျန်ခဲ့ပြီပေ။ အိမ်ပြန်ရောက်လို့ (တစ်ရက်ခြား တစ်ကြိမ်ခန့်သာ ရေနွေးနှင့် ရေချိုးလေ့ရှိသော) သူ့ကိုယ်သူ ရေအေးအေး ကြီးတွေနှင့် ဆောင်းညအလယ်မှာ ဆေးကြောသန့်စင်ရပြီဆိုလျှင် မြိုင်ရာဇာ တွတ်ပီရဲ့တပည့်ကျော် ဗိုက်ကလေး၏ "ဒီနေ့ ကံမကောင်းပါလား"ဟူသော စကားလေးကို ငှားသုံးချင်လာမိရတော့ပေ၏။

သူ့ရဲ့ အပေါ်ယံ ကံမကောင်းတာလေးနှင့် လူနာရဲ့ အသက်ဘေး နီးခဲ့အောင် ကံမကောင်းတာကြီးကို လဲလှယ်ယူပေးနိုင်ခဲ့သည်ကမူ အားလုံး အတွက် ကံကောင်းခဲ့တာသာ ဖြစ်သည်ပဲပေါ့လေ။

❑ ❑ ❑

တကယ်မူ မခန့်မှန်းနိုင်သော အရေးပေါ်ကလွဲလျှင်တော့ ဆောင်း တွင်းမှာ ဆေးရုံအလုပ်က အေးပါသည်။ တစ်ပြည်လုံးမှာ မိုးရာသီသာ ရောဂါဘယ ထူပြောတာ၊ ဆောင်းရာသီမှာ အနာရောဂါ နည်းပါးသည့် နည်းတူ သည်မြို့ကလေးမှာလည်း ပွင့်လင်းရာသီတွင် မကျန်းမမာနည်းပါး ခဲ့ပါ၏။ ဆေးရုံတက်လူနာလည်း နည်းသည်။ ငှက်ဖျားကတော့ ရှိမြဲပေါ့။

သူ တာဝန်ကျသည့် ယောကျ်ားလူနာဆောင်မှာတော့ လူနာမရှိဖြစ် မှာ မပူပင်ရပါပေ။ အိမ်က စွန့်ပစ် ဆေးသမားလူနာ၊ လမ်းက ကောက်ရ ငှက်ဖျားလူနာ၊ အောက်ပိုင်းက စွန့်စွန့်စားစားလာရောက် စီးပွားရှာပြီး အအေး ဒဏ်၊ ငှက်ဖျားဒဏ်ဖြင့် ဗုန်းဗုန်းလဲ ဒုက္ခသည်လူနာ၊ သူနှင့် တာဝန်ခံသူနာပြု ဆရာမကြီး အန်တီစောရဲ့ မွေးစားသား လူမမာတွေ များလှပါသည်။ ဆေးရုံ ဆင်းချိန်ရောက်လျှင်တော့ သူ့ကို ရှာဖွေကန်တော့နှုတ်ဆက်လျက် သူ့ထံမှ



www.burmeseclassic.com

www.burmeseclassic.com



လမ်းစရိတ် အလှူခံသွားတတ်သူများပေ။

လမ်းစရိတ် အလှူခံသွားတတ်သူများအတွက် ထိုတစ်ယောက်ကို တော့ သူအမှတ်ရဆုံး။ ထိုလူနာလူငယ်က ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်မှ ဖြစ်ပါ၏။ သူ့ကို ခရီးဖော်တစ်စုက ဆေးရုံသို့လာပို့ချိန်မှာ သူသတိလစ်မေ့မြော လျက်။ ဦးနှောက်ငှက်ဖျားပိုးဝင်ရောဂါဖြင့် သုံးလေးရက် သတိမကောင်း ဖြစ်နေရာက တစ်ညမှာ ''ကျွန်တော် ဘယ်ရောက်နေလဲ'' ဟူသောအမေးဖြင့် ကြည်ကြည်လင်လင် နိုးလာခဲ့သူပေ။ သူဆေးရုံဆင်းချိန်ရောက်တော့ ထုံးစံ အတိုင်း လက်ထဲမှာ ငွေတစ်ပြားတစ်ချပ်မှမရှိ။ စရိတ်ဘယ်လောက်လိုမလဲ မေးရသည်တွင် သူ့အဖြေစကားကြောင့် ဆရာမကြီးနှင့် ဆရာဝန်မှာ 'ဟိုက်' ခနဲဖြစ်သွားခဲ့ရပေ၏။

''ငါးထောင်လောက်''တဲ့။

''ကျွန်တော်တို့အရပ်ကို ရောက်ဖို့ဆိုရင် စရိတ်က နှစ်ထောင်လောက် ကုန်မှာပါ၊ ကျွန်တော် ဒီကိုလာတော့ ချေးယူလာခဲ့တဲ့ငွေကို ပြန်ဆပ်ဖို့ကလည်း ရှိသေးတယ်''

''ဒါကတော့ ကိုယ် ဘယ်လိုမှ ကူညီနိုင်မယ်မထင်ဘူး''ဟု ဆိုမည် ပြင်ဆဲ ...

''ကျွန်တော် အလုပ်လုပ်မှာပါ၊ ကျွန်တော့်ကို အလုပ်တစ်ခု သာရှာပေးပါ၊ အလုပ်လုပ်ပြီး ငွေစုဆောင်းပြီးမှ ပြန်မှာပါ''

တည်တည်ကြည်ကြည်ပြောခဲ့၏။ လူပုံက တည်တံ့လျက်၊ စိတ်ယတိ ပြတ်နှင့် ယုံကြည်ရမည့်ပုံရှိပေမယ့် အကြောင်းမသိသည့်မို့ ကတိမပေးဝံ့ဘဲ သူ့အတွက် အလုပ်ရှာပုံတော်ဖွင့်ခဲ့ရ၏။ ရိုးသားကြိုးစားလုပ်မည့်သူအတွက် မိုးကောင်းမြို့လေးတွင် အလုပ်တော့မရှားပါ။ အလုပ်ပေးချင်ကြပေမယ့် ငှက်ဖျားသမား ဒုက္ခသည်ဆိုလျှင် ဆေးကုသပေးဖို့နှင့် ငွေမော မောရမည်ဆို တော့၊ ထားပါ။ ငှက်ဖျားဖြစ်လျှင် အချိန်မရွေးကုသပေးပါမည် တာဝန်ခံတော့ ကံအားလျော်စွာပါပဲ မြို့ရဲ့နာမည်ကြီး စားသောက်ဆိုင်ကြီးတစ်ဆိုင်ဖြစ်သေ ''ထုံလော့''မှာ သူ အလုပ်ရခဲ့သည်။ သို့နှင့် သူ့ကို မေ့လျော့ထားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



လေးငါးလလအကြာ သူ့ထံသို့ စားသောက်ဆိုင်မှ ဟင်းလျာစုံနှင့် ရောက်လာတွေ့တော့မှ အမှတ်ရရပေသည်။ နေကောင်းကျန်းမာကာ ရုပ်တွေပင် သူမမှတ်မိနိုင်အောင် ပြောင်းလို့ပဲ။

"မင်းအခု လခဘယ်လောက်ရလဲ"

"တစ်လ တစ်ထောင်ရပါပြီ"

"ဒါဆိုရင် မင်းလိုချင်သလောက် ပြည့်တော့မှာပဲ၊ ပြန်တော့မလား"

ဟုမေးတော့ သူပြုံးရယ်နေလေ၏။ နောင်တော့ မကြာခဏပင် သူ ရောက်လာနှုတ်ဆက်တတ်လေသည်။ သည်လိုဆိုတော့လည်း ဆောင်းညဘက်မှာ အေးချမ်းချမ်းတုန်တုန်ဖြင့် ဆေးရုံရောက်လာကာ အဖျားအနာလည်း မတွေ့ပါဘဲ ဆေးရုံတက်ဖို့ ဖွတ်ပင်တောင်းဆိုလို့ စိတ်ထဲမှာ မသက်မသာ ဖွာနှင့်ပင် အားလုံးနှင့်ဆိုင်သည့် ပြည်သူ့ဆေးရုံပဲလေဟု လက်ခံတင်ပေးထားမိလျှင် နောက်တစ်ရက်မှာ လူနာအချင်းချင်းတွေရဲ့ ဓာတ်ဘူး၊ စတီးလ်ချိုင့်က အစ ဆေးရုံရဲ့ မီးဖို၊ ခန်းဆီး၊ ရေပုံးပါမကျန် ပယူထွက်ပြေးသူ အခြေအနေမဲ့တွေနှင့် ကြုံရတတ်ပေလို့ တစ်ခါတစ်ရံမှာ တင်းမာလာချင်သော စိတ်နှလုံးသားတွေပင် ပျော့ပျောင်းခဲ့ရသည်လေ။

သနားရုံ၊ စိတ်မကောင်းရုံထက်ပိုလို့ သူ မကူညီနိုင်ခဲ့သည့် လူနာလေးတစ်ဦးနှင့်လည်း ကြုံရဖူးပါ၏။ အသက် (၁၉)နှစ်သာရှိသေးသည့် လူငယ်လေးတစ်ဦးပါပဲ။ ဝေးလံလှသည့် ရခိုင်ကမ်းမြှောင်ဒေသကပင်ဖြစ်ပါ၏။ ကျောက်တူးရန် ကျောင်းတက်နေရင်းက ထွက်လာခဲ့သည်ဆို၏။ ဆေးရုံရောက်၍ သတိကောင်းကောင်းဝင်စကပင် တရှိုက်ရှိုက်ငိုနေခဲ့တော့ပေ၏။

"အိမ်ပြန်ချင်တယ်၊ အိမ်ပြန်ချင်တယ်"ဖြင့်။

လူနေကောင်းလာပေမယ့် အငိုက မကောင်းလာခဲ့သေးပါ။

"မန္တလေးအထိ ရထားစီးလို့ရအောင် ဆေးရုံဆင်းလူနာဖြစ်တဲ့အကြောင်း ထောက်ခံပေးလိုက်မယ်၊ လမ်းမှာအတွက် အသုံးစရိတ်တော့ ပေးပေးမယ်လေ၊ ဟိုကျမှတစ်ခါ မင်းအဆက်အသွယ်ရှာပေါ့၊ ဘုန်းကြီးကျောင်းတွေမှာ ခဏတည်းနိုင်ဖို့ အကျိုးအကြောင်းလျှောက်ထားပြီး အကူအညီ



www.burmeseclassic.com

www.burmeseclassic.com



တောင်းရင် ရနိုင်မှာပါ''

ပြောပြပေးပေမယ့် တကျူကျူသာငို။

''တိုက်ရိုက်ရောက်အောင် ပြန်ချင်ရင်လည်း ဒီမြို့မှာ အလုပ်လေး ဘာလေး ရှာဖွေလုပ်ပြီး ငွေစုမလား''

အကြံပေးပြန်လည်း အငိုက မတိတ်။

''မင်းတို့အိမ်ကို သံကြိုးရိုက်ပေးမယ်၊ လာအခေါ်ကို ဆေးရုံကပဲ စောင့်ရင်ရော''

ဆိုပြန်တော့လည်း တီဗွီထဲက နမ့်ဆန်အချိုခြောက်ကြော်ငြာလို ''ဒါလည်း မဟုတ်သေးဘူး'' ဖြစ်နေတော့ သူလည်း မကြံစည်တတ်။ နောက်တစ်ရက်မှာတော့ သူ 'ရောင်း'လာခဲ့ရင် အမြဲပိုပြီး ငိုနေကျဖြစ်သော လူငယ်လေးကို မတွေ့ရတော့။ ဆေးရုံပေါ်ကနေ ထွက်ခွာပျောက်ဆုံးသွားသည့်စာရင်းထဲ သွင်းလိုက်ရတော့သည်ပါပဲ။

သည်လိုနှင့် သူယောက်ျားလူနာဆောင်ကို တစ်ခါတစ်ရံ 'ရဖြူကျီကင့်ပ်'ဟုသာ နာမည်ပေးချင်မိတော့သည်လေ။

*အကြေတစ်ပြင်၊ တို့အောက်ခွင်ဝယ်*
*ရေရှင်ပတ်ဝန်း၊ ပျော်ဖွယ်ထွန်းလိမ့်*
*တစ်ကျွန်းလောက်ပင်၊ ဝေးမည်ထင်ခဲ့*
*စီးသွင်ညို့ရစ်၊ မဲဇာမြစ်လည်း*
*ထစ်ထစ်ထွန်းဘိ၊ ချုံအတိနှင့်*
*တောကြီးဆိတ်ညံ၊ ဆီးကျံကျံဝယ်*
*ရှုဝံမပေါ်၊ မမျှော်ပါရ၊ နေကိုတလည်း*
*ဘယ်ကရွှေ့နောက်၊ ဘယ်တောင်မြောက်ဟု*
*တွေးထောက်မမှန်၊ ဖန်ဖန်အံ့ဩ*
*ကြံတိုင်းမောစွ၊ ဘယ်တောဘယ်မြိုင်၊ မသိနိုင်ခဲ့*
*မနိုင်စိတ်ဝမ်း၊ နေ့တိုင်းလွမ်းရှင့်*
*ကင်းစမ်းတောင်က၊ လေဦးဝဲ၍*



www.burmeseclassic.com

www.burmeseclassic.com

နောက်မှလေရှူည်၊ အတည်တည်သည်
လေပြည်လာက အေးသောကြောင့်။ ။

''အကြေတစ်ပြင်၊ တို့အောက်ခွင်''က ရောက်လာကြသူတွေကို ဆိုပါလျှင် ငှက်ဖျားက ပြင်းထန်တတ်ပြီး ကိုယ်ခံအားက ငှက်ဖျားအတွက် မပြင်ဆင်ဖူးသေးသည်မို့ ငှက်ဖျားဖြစ်ပြီဆိုလျှင် ဦးနှောက်ငှက်ဖျားထိဆိုးဝါးသွားတတ်တာမျိုး။ အလုပ်ရှင်ရဲ့ မက်လုံးများဖြင့် တက်လာခဲ့ပြီး ရာသီဥတုဒဏ်ခံနိုင်ဖို့ အဝတ်မလုံမလောက်၊ အာဟာရပြည့်ဖို့ ရိက္ခာမလုံမလောက်နှင့် တစ်နယ်သားများခမျာ ငှက်ဖျားဒဏ်ကို တစ်ကိုယ်တည်း ခံစားရရှာပေတော့ပင်။ ငှက်ဖျားအပြီးမှာတော့ ငှက်ဖျားနှင့် မဟာမိတ်ဖြစ်သော အာဟာရချို့တဲ့နာ၊ တီဘီရောဂါ။

လက်ဝဲသုန္ဒရအမတ်ကြီးကိုယ်တိုင်လည်း ရတနာသိခ်ရွှေမြို့တော်ကြီးမှ မဲဇာသစ်တောသို့ ရောက်လာသူပေမို့ တောထဲမှာ ငှက်ဖျားဒဏ်မခံရမရှိနိုင်ဟု သူအတွေးနယ်ချဲ့နေမိခဲ့ခြင်း ဖြစ်ပါ၏။ 'အချမ်း'ကိုသာ ဖွဲ့နွဲ့ထားခဲ့ပြီး 'အဖျား'နှင့် ပတ်သက်စပ်ဆိုထားသည်လည်း မတွေ့ခဲ့ရပါ၍ စာဆိုကြီးတော့ ငှက်ဖျားကို နိုင်ခဲ့လိမ့်မည်ပဲ ထင်မိပါ၏။

ဆောင်းကာလမှာ စာဆို မင်းလက်ဝဲ၏ မဲဇာတောင်ခြေချီ ရတုပိုဒ်စုံလေးကို ဆွတ်ပျံ့ဖွယ် အောက်မေ့ရင်း သူ့ 'ရဖြူကျီကင့်(ပ်)'မှ လူနာများကို ထိုငှက်ဖျားနိုင်ဆေးလေးနှင့် ကုသပေးရသော် ကောင်းလေစွဟု သူ ချမ်းတိုင်းတွေးတွေးကြည့်နေမိခဲ့ရပါတော့သည်လေ။

❑ ❑ ❑

မဟောသီ၊ ဧပြီလ၊ ၁၉၉၅



www.burmeseclassic.com

www.burmeseclassic.com

# ကတ္တီပါ ကားလိပ်များကြားမှာ

www.burmeseclassic.com

www.burmeseclassic.com



(၇)

စိမ်းကိန်းက ရည်ရွယ်သော ဘဝမြင့်တင်ပေးလိုသည့် အမျိုးသမီးများ အထူးအားဖြင့် ဆင်းရဲသည့် အမျိုးသမီးများကို တွေ့နိုင်ဖို့က ပိုလို့မလွယ်။ နေ့ရှိသရွေ့ တောထဲတောင်ထဲ ဖက်ခူး ဟင်းရွက်ရှာ၊ ထင်းရှာ၊ ကျပန်းလုပ် နေရုံမက လူတောသူတောများကိုလည်း သူတို့ရှောင်တတ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



# ကတ္တီပါကားလိပ်များကြားမှာ

နွေဦးရဲ့ အချိန်အတော်များများမှာ ကစ္ဆပနဒီမြစ်ပြင်ကြောမှာ ကုန်လွှန်နေဖြစ်ပါသည်။ မြစ်ရေ ငြိမ်သက် စိမ်းမြ။ လှိုင်းလေ ကင်းစင်သည်။

မိုးခါဆီက မိုးတွေ သည်းသည်းထန် ရွာသွန်းခဲ့သည်။ လှိုင်းလေထန်၊ မြစ်ရေလျှံကာ ရေစီးသန်ခဲ့ပါ၏။ သစ်ပင်၊ သစ်တုံးတွေ ရေတိုက်စား မျောပါ တတ်သည်။ မိုးသဲသဲ၊ ရေစီးသန်သန်မှာ စက်လှေနောက်ပြန်မျောသောအဖြစ် တွေကို မေ့ပျောက်နိုင်စွမ်းစေအောင် သဘောတွေ ကောင်းနေပါတဲ့ ကစ္ဆပနဒီ။

ပွင့်လင်းရာသီ ရောက်ခဲ့ပြီ။ မြစ်ပြင်တစ်ကြော၊ မုန်တိုင်းခရီး ပေါက်နိုင်သည့် ကာလတာဟုပင် ဆိုပါရစေ။ ထိုတစ်ရက်က စီမံကိန်းဝင် တောင်ဘွယ်ကျေးရွာလေးသို့ ခရီးထွက်ခဲ့သည်။ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်၊ ဝေးလံခေါင်းပါးမြို့နယ်များ ဖွံ့ဖြိုးရေးစီမံကိန်း Community Development for Remote Township(CDRT)အရ ၁၉၉၇ခု၊ ဧပြီလမှစတင်၍ ကျောက်တော် မြို့နယ်တွင် စီမံကိန်း စတင်ခဲ့သည်။ တောင်ဘွယ်ကျေးရွာက ကစ္ဆပနဒီမြစ် အထက်ပိုင်းရှိ (CDRT) စီမံကိန်းဝင် ကျေးရွာလေးတစ်ရွာပေ။

ရခိုင်ပြည်နယ်ရဲ့ ပွင့်လင်းရာသီမှာ တန်ဖိုးရှိလှပါသည်။ ထိုအချိန် လေးတွင်သာ ကျေးရွာသားတို့ အိမ်ပြင်၊ ကျောင်းပြင်၊ တံတားပြင်၊ ရပ်ရေး ရွာရေး စသဖြင့် မိုးမကျမီ လုပ်ရှားကြရသည်။ စီမံကိန်းကလည်း ထိုအချိန်



www.burmeseclassic.com

www.burmeseclassic.com



လေးကိုပဲ လှ၍ စီမံချက် အကောင်အထည်ဖော်ဖို့ ရွာများသို့ တွန်းအားပေးနေစဉ် ဖြစ်၏။ ကျောက်တော်မြို့နယ်တွင် စွမ်းရည်မြှင့်သင်တန်းတွေ ဖွင့်လှစ်ပေးနေသည်။ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် (CDRT) ပူးပေါင်းဖွင့်လှစ်သည့် အရန်သားဖွား မွမ်းမံသင်တန်း၊ တိရစ္ဆာန်ဆေးကု ဦးစီးဌာနနှင့် ပူးပေါင်းဖွင့်လှစ်သည့် အခြေခံမွေးမြူရေးနှင့် ကုသရေးလုပ်သားသင်တန်း မြို့ပေါ်မှာ ထိုသင်တန်းနှစ်ခု ရှိနေသည်။

ပညာရေးအနေနှင့် ပူးပေါင်းဖွင့်လှစ်သော သက်ကြီးစာတတ်မြောက်ရေးသင်တန်းက တောင်ဘွယ်ကျေးရွာလေးမှာ ပို့ချနေခြင်းပေ။ မွေးမြူရေးကဏ္ဍဆိုင်ရာ ဆရာဦးသန်းဋ္ဌေးက မွေးမြူရေးသင်တန်းများရဲ့ တာဝန်ခံ။ ကျန်းမာရေးဆိုင်ရာ စီမံကိန်းလှုပ်ရှားမှုများက ကျွန်မ တာဝန်။ ပညာရေးကဏ္ဍဆိုင်ရာ ဆရာ ဦးတင်ထွန်းက လုပ်သက်ခွင့်နှင့် စီမံကိန်းစပြီးကတည်းက တစ်ကြိမ်မျှ ပြန်မရောက်သေးသော မိသားစုရှိရာ မကွေးမှာ။ တောင်ဘွယ်သင်တန်းမှာ မြို့နယ်တာဝန်ခံဖြစ်သော ကျွန်မတွင်သာ တာဝန်ရှိလာခဲ့ပါသည်။ တောင်ဘွယ်သင်တန်းသို့ ကျွန်မ အကြိမ်များများရောက်သင့်ပါလျက် မရောက်ဖြစ်ခဲ့။ စီမံကိန်းကျေးရွာ နှစ်ဆယ့်ခုနစ်ရွာက အဆိုပြုလွှာတင်ထားသော ကျေးရွာစီမံကိန်းငယ်များအတွက် ပွင့်လင်းရာသီမှာ ရွာစဉ်လျှောက်ကာ တွန်းအားပေး ဆွေးနွေးနေရ၍ဖြစ်ပါ၏။

ပညာရေးကဏ္ဍတစ်ခုတည်းမှုပင် သင်တန်းများမှာ တစ်ခုမက။ ဆရာများ အရည်အသွေးမြှင့်သင်တန်း၊ အ,သုံးလုံး သင်တန်း ဆက်တိုက်လို ဝင်လာခဲ့ပါသည်။

တောင်ဘွယ်ကျေးရွာလေးသို့ နေ့လယ်ခင်းတွင်မှ စီမံကိန်းဘုတ်ဖြင့် ထွက်ခွာခဲ့ပါသည်။ ရွာသားတွေ အလုပ်နားချိန်မှာမှ သင်တန်းဖွင့်နိုင်သည်။ ဖက်ခူး၊ ဟင်းရွက်ရှာ၊ အမျိုးသမီးအုပ်စုကို ပိုလို့ဦးစားပေးရသည်။ သူတို့အလုပ်မပျက်ဖို့ကို စဉ်းစားရပါသည်။ အမျိုးသမီး၊ ကလေး၊ မသန်စွမ်းသူ၊ ဆင်းရဲသူတွေမှာ စီမံကိန်းက ဦးစားပေး၊ ဖွံ့ဖြိုးရေးရစေချင်တဲ့ သူတွေလည်း ဖြစ်သည်လေ။ သင်တန်းတွင် ကျောက်တော်မြို့ပေါ်က ဝါရင့်ကျောင်း ဆရာမ



www.burmeseclassic.com

www.burmeseclassic.com



လေးဦးက ဦးဆောင်ပါသည်။ ရွာမှာနေကာ သင်တန်းကာလ နှစ်ဆယ့် တစ်ရက်ကြာ သင်တန်းပေးကြသည်။ သက်ကြီးစာသင်သား လေးဆယ့်ငါးဦး တင်မက တစ်ကြိမ်မျှ စာမသင်ဖူးသော ဆယ့်ငါးနှစ်အောက် ယောကျာ်းလေး သုံးဦးကပါ စာသင်ခွင့်တောင်းကာ စာဝင်သင်နေကြသည်။

သူတို့ရဲ့ တက်ကြွ၊ စာအံ့သံ ဝဲဝဲလေးများ ကြားရတာ ဝမ်းမြောက် ရွှင်လန်းစရာ။

တစ်မျိုးတစ်ဘာသာ ဆန်းပါသည်။

လေဆိုရင် သဝေထိုး လရေ–လေ မဟုတ်ပါ။

လကို အေနဲ့တွဲတော့ လေတဲ့။

မကို အိုးနဲ့တွဲတော့ မိုးတဲ့။

မ လုံးကြီးတင် တစ်ချောင်းဝင် မို၊ ဝစ္စနှစ်လုံးပေါက် မိုးဆိုတာထက် ဆိုလို့ မှတ်သားလို့ လွယ်သယောင်ပဲ။ သို့ကြောင့်ပဲ သူတို့လေးတွေ စာတတ် မြန်ကြတာလား။ ကြိုးစားကြတာလည်း ပါပါမည်။

နောက်နှစ်ရက်ကြာမှာ သင်တန်းဆင်းပွဲရှိပါမည်။ ထိုပွဲမှာ စာဖတ် ပြချင်လို့ မျှောင်မိုက်သည်ထိ အချိန်ပိုတွေပင် ယူကြသည်တဲ့။ သင်တန်းသား တွေရော၊ ဆရာမတွေပါ ရွှင်လန်းကျန်းမာစွာ နှုတ်ဆက်ကျန်ရစ်သည်။

မြစ်တစ်ဖက်ကမ်းတွင် စီမံကိန်းဝင် မျှောက်တောင်ကျေးရွာရှိသေး သည်။ မြစ်ကို စက်လှေဖြင့် ဖြတ်ကူးခဲ့ပါသည်။ မျှောက်တောင်ကျေးရွာမှာ ငါးမွေးမြူဖို့ ငါးကန်တစ်ကန် အဆိုပြုထားသည်။ မြောက်ဦးမြို့နယ် စီမံကိန်း မှ ငါးပုစွန်မွေးမြူရေးကဏ္ဍဆိုင်ရာ ဆရာက လာရောက်ဆွေးနွေးမည်။ ဦးဆောင်မွေးမြူမည့်အဖွဲ့နှင့် တွေ့ဆုံဖို့လိုမည်။ မွေးမြူဖို့ ဖွဲ့စည်းထားသော အဖွဲ့မှာ နည်းပညာ မသိကြသူတွေ။ လုပ်ငန်းရှင်များကို ပေးခဲ့လျှင် အောင်မြင် ဖို့ သေချာနိုင်သော စီမံကိန်းတစ်ခု။ ဖွံ့ဖြိုးရေးစီမံကိန်းက ရည်ရွယ်သည်မှာ ချို့တဲ့သော လူတန်းစားများဘဝ ဖွံ့ဖြိုးလာရန်သာ။ သူတို့လိုအပ်နေသော နည်းပညာတွေ၊ အခွင့်အလမ်းတွေ ဖွင့်ပေးဖို့။ စီမံကိန်းအောင်မြင်ဖို့ တစ်ခု တည်းကြည့်ပြီး လုပ်ငန်းရှင်တွေကို ပေးလိုက်ဖို့မဖြစ်ပါပေ။ ရွာရောက်တော့



www.burmeseclassic.com

www.burmeseclassic.com



ကြိုပြောထားခြင်း မဟုတ်လို့ တွေ့ချင်သူတွေက မစုံလင်။ ရွာလုပ်ငန်းတွေဖြင့် ရွာပြင်ပသို့ရောက်နေကြသည်။

ရွာထဲမှာ လှည့်အော်နေသော ရွာဆော်ရဲ့အသံကို ကြားရသည်။ ရွာဆော်မှာ ရွာရဲ့ အရေးပါသူတစ်ဦးပါပဲ။ စီမံကိန်းမှ ကျေးရွာသားတွေနှင့် တွေ့ဆုံဖို့လာရင်လည်း ရွာဆော်ကိုပဲ အားကိုးရပါသည်။ ရနိုင်လိုဝဲဝဲတွင် သည်တစ်ကြိမ်မှာ ဘာအတွက် လူစုသည်လည်း မသိလိုက်ရ။

အမျိုးသမီးများချည်း တဖွဲဖွဲရောက်လာကြသည်။ အမျိုးသားကြီးက သုံးလေးဦးသာ။ အရွယ်စုံ၊ အမျိုးသမီး အများအပြားနှင့် ခုလိုတွေ့ဖို့က ရွာတွေမှာ မလွယ်ပေ။

စီမံကိန်းက ရည်ရွယ်သော ဘဝမြှင့်တင်ပေးလိုသည့် အမျိုးသမီးများ အထူးအားဖြင့် ဆင်းရဲသည့် အမျိုးသမီးများကို တွေ့နိုင်ဖို့က ပိုလို့မလွယ်။ နေ့ရှိသရွေ့ တောထဲတောင်ထဲ ဖက်ခူး၊ ဟင်းရွက်ရှာ၊ ထင်းရှာ၊ ကျပန်းလုပ်နေရုံမက လူတောသူတောများကိုလည်း သူတို့ရှောင်တတ်ကြလေသည်။ အမျိုးသမီးအုပ်စုများများနှင့် တွေ့နိုင်မည်မို့ သူတို့စုဝေးသည်ကို စောင့်နေဖြစ်ခဲ့သည်။ အရိပ်ကောင်းသည့် ရွာလယ်ကုက္ကိုပင်ကြီးအောက်မှာ စည်းဝေးကြပါသည်။ အိမ်ခြေ ၃၁၈ အိမ်ရှိသည့် ရွာကြီးမို့ အမျိုးသမီးအုပ်စုကလည်း များပြားလှပါသည်။ သည်အဖွဲ့မှာ 'ဝါကြီးမအဖွဲ့'ဟု သိရသည်။ သကြံန်အခါရက်တွေမှာ တစ်အိမ်တက် တစ်အိမ်ဆင်း လိုက်ကပြ ရန်ပုံငွေရှာကြတဲ့ ဓလေ့လေး သည်ရွာမှာ ရှိသည်တဲ့။ စုဆောင်းရရှိထားသည့်ငွေကို စပါးပေး၊ အချေးအငှားလုပ်တာ ငွေနှစ်သောင်းကျော် ရပြီ။ ရွာဦးဘုန်းကြီးကျောင်း သီလခံရာနေရလေးချဲ့ဖို့အတွက် ငွေလှူ လုပ်အားကူဖို့ လာမည့်နှစ်အတွက် ရန်ပုံငွေထပ်ရှာဖို့ စည်းဝေးတိုင်ပင်ရန် လူစုဆောင်းနေကြခြင်း ဖြစ်သည်တဲ့။ ကျေးရွာရဲ့အားပေးသင့်သော ဖွံ့ဖြိုးရေးလုပ်ငန်းဆန်ဆန် အလေ့လေးပါပေ။

ကျွန်မပါ ဝင်နားထောင်တော့ သည်အဖွဲ့မှာ ပုံမှန်ဝင်ငွေရှိဖို့ တစ်ခုခုပြုလုပ်လိုပါသည်။ စီမံကိန်းက အထောက်အပံ့ပေးနိုင်မည်လား။ ဆွေးနွေးလာခဲ့သည်။ သက်ကြီးရုပ်ရှင် အမျိုးသမီးကြီးများကို အားကျစွာ အမေအဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



များ ဖွဲ့ပေးဖို့ တောင်းဆိုလေမလားဟု ကျွန်မ တွေးကြည့်နေမိဆဲ။

"ဆန်၊ ဆီ၊ ဆားနဲ့ ကုန်ခြောက်ဆိုင်တစ်ဆိုင်ဖွင့်ရင် ရွာလည်း ဈေးသက်သက်သာသာနဲ့ ဝယ်နိုင်မယ်၊ ရန်ပုံငွေလည်း ရမယ်"

ဝါကြီးမ (သက်ကြီးအမျိုးသမီး)တစ်ဦးက ဆိုပါသည်။ စုဝေးထိုင်နေကြသော အမျိုးသမီးများကလည်း အစီအစဉ်ကို အားတက်သရော ဝင်ရောက်စဉ်းစားပေးကြသည်။

"ဘယ်သူ ဆိုင်ထိုင်ရောင်းမလဲ"

"ကျုပ်တို့တော့ တစ်နေကုန် ထိုင်နေရအောင် မအားဘူး"

"အတွက်အချက်ကလည်း လိုသေးတာ၊ ကျွန်မတို့ကတော့ စာမတတ်ဘူး"

"ဈေးရောင်းဖို့ လူငှားတစ်ယောက်ကတော့ လိုမှာပဲ"

တစ်ယောက်တစ်ခွန်း ဆွေးနွေးနေကြသည်များကို ကျွန်မ စောင့်နားထောင်ဖြစ်နေပါသည်။ တစ်ခါတစ်ရံမှာတော့ ဝင်ရောက်ဆွေးနွေး။

"အရောင်းတစ်ယောက်ငှားရင် အဲဒီတို့ လစာပေးရမယ်၊ သူ့လစာကို ပစ္စည်းအမြတ်တင်ကတည်းက စဉ်းစားပြီး ဈေးနှုန်းသက်မှတ်လိုက်ရင် မကောင်းဘူးလား"

"လစာမှန်မှန်ပေးပြီး ကိုယ့်ပစ္စည်းလို သဘောထားနိုင်ဖို့က အရေးကြီးသေးတယ်နော်"

ကျွန်မရဲ့တာဝန်က စီမံချက်တစ်ခု အောင်မြင်ရေးအတွက် တွန်းအားပေးသူ Failtator တစ်ယောက်သာပါပဲ။ ကျေးရွာသားတွေ ကိုယ်တိုင်ရေးဆွဲသော စီမံချက်များကိုလည်း အားပေးကူညီဖို့၊ စီမံကိန်းတစ်ခု ရွာသားတွေဘက်က ကျိုးကြောင်းခိုင်လုံစွာဖြင့် အဆိုပြုလွှာတင်ဖြစ်သည်အထိ အဆင့်ဆင့်ကူညီပေးဖို့မှာလည်း ဖွံ့ဖြိုးရေးဝန်ထမ်းဖြစ်သော ကျွန်မတို့ တာဝန်။ အဆိုပြုလွှာတင်လာရင် စိစစ်ပြီး ဒေသစီမံကိန်းအရာရှိမှတစ်ဆင့် အကြံပေးအရာရှိချုပ်ထံ ထင်ပြရန်မှာလည်း ကျွန်မတာဝန်။ အကြံပေးအရာရှိချုပ်မှတစ်ဆင့် ကွာလာလမ်ပူရှိ ဌာနချုပ်သို့ ဆက်လက်စိစစ်တင်ပြမည်။ စီမံကိန်းအဆိုပြုလွှာ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ကျလာခဲ့ရင်တော့ အကောင်အထည်ဖော်ရေး ရွာသားတွေကို အဘက်ဘက်မှ တွန်းအားပေးပေတော့။ အကောင်အထည်ဖော်နေဆဲနှင့် ဖော်ပြီးချိန် စဉ်ဆက်မပြတ် အကဲခတ်လျက် လိုအပ်ချက်များကို ပံ့ပိုးကူညီမှုတွေ စီစဉ်ပေးရပေဦးမည်။ ကျွန်မ ကျောက်တော်မြို့နယ်ရှိ ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းတွေနှင့် ထဲထဲဝင်ဝင် ရင်းနှီးကျွမ်းဝင်နေခဲ့တာ တစ်နှစ်ပြည့်ပြီ။

ညနေ လေးနာရီခန့်တွင် မျောက်တောင်ရွာလေးမှ ထွက်ခွာဖြစ်သည်။ ရွာသူတွေရဲ့ စည်းဝေးပွဲက မပြီးပြတ်သေးပေ။ စိတ်ဝင်တစား ဆွေးနွေးကောင်းနေဆဲ။ အနုံအောင်မြင်မည့် လယ်စိုက်ခင်းလို သူတို့ရဲ့စကားဝိုင်းမှာ လန်းဆန်းစိုပြည်လို့။ အသေးစားစီမံကိန်းအဆိုပြုလွှာ(Micro Project Proposal)တစ်ခု ထွက်ပေါ်လာဖို့ အလားအလာတွေ ကောင်းစွာဖြင့် ကျန်ရစ်သည်။ စင်စစ် သူတို့ရဲ့ စီမံကိန်းဖြစ်အောင်၊ ယူအမ်ဒီပီ လာပေးတဲ့ စီမံကိန်းလို့ စိတ်ထဲစွဲမနေရအောင်၊ ရေရှည်ခိုင်မြဲသည့် လုပ်ငန်းလေး ဖြစ်လာအောင်၊ သူတို့လည်း ပူးပေါင်းပါဝင် ငွေကြေးထည့်ဝင် ပထမစုဆောင်းဖို့တွေ ပြောပြဖို့ လိုပါသေးသည်။ သိပ်မကြာမီမှာ သည်ကိစ္စဖြင့် ကျွန်မ ရွာလေးသို့ ပြန်လာရပါဦးမည်။

ကျောက်တော် သဘော်ာဆိပ်ရောက်တော့ ညနေ ငါးနာရီကျော်ပြီ။ ရုံးသို့ လှည့်ဝင်ခဲ့သည်။ ဆရာဦးသန်းဋ္ဌေး မရှိ။ ဝက်မွေးမြူရေး သရုပ်ပြခြံတည်ဆောက်ရေး မာလာရွာလေးသို့ ကွင်းဆင်းသွားခဲ့သည်။ နေ့လယ်က ချေးငွေဆိုင်ရာ အကြံပေးပုဂ္ဂိုလ် အင်ဒိုနီးရှားအမျိုးသားကြီး Mr.Uben ကို ရုံးမှာထားခဲ့ရသည်။ သူနှင့်ကျွန်မ သဘော်ာဆိပ်တွင်သာ ဆုံဖြစ်လိုက်သည်။ မြောက်ဦးမှ ရောက်လာခဲ့ခြင်းပင်။ ကျောက်တော်ရုံးမှာ နှစ်ရက်အိပ်ပြီး စီမံကိန်းဝင် မြို့နယ်ပင်ဖြစ်သော ပလက်ဝသို့ ဆက်တက်မည်။ နောက်တစ်ရက် ကျောက်တော်တွင် အသေးစားချေးငွေ အစီအစဉ်အတွက် ကျေးရွာဆင်းဖို့များကို မစ္စတာဦးဘန်းနှင့် နှုတ်ဆက်ရင်း စကားအနည်းငယ်သာ ပြောရသေးသည်။ လူတစ်ယောက်က စက်ဘီးအပြင်းနင်းလာသည်ကို အရှိန်လျှော့ကာ ရုံးထဲသို့ ဝင်ရောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျောက်တစ်လုံးရွာက ဦးမြကျော်က လွှတ်လိုက်လို့ပါ၊ ကျောင်းစိုက်ခင်း ပိုးကျပြီး အရိုးပြိုင်းပြိုင်းဖြစ်ကုန်ပြီတဲ့။ ဆရာမကို ကျွန်တော် လာရှာတာ နှစ်ခါရှိပြီ"

အပေါ်ထပ် ရုံးဝရံတာမှာ ထိုင်နေသော ကျွန်မကို လှမ်းအော်ပြော လိုက်သည်။ မမျှော်လင့်သော သတင်းကြောင့် ကျွန်မ ထူပူစွာ နေရာမှ ထရပ်လိုက်မိခဲ့သည်။

❑ ❑ ❑

၁၉၈၁ ခုနှစ်က ကျောက်တော်မြို့လေးသို့ ရောက်ခဲ့ဖူးပါသည်။ ထိုစဉ်ကတော့ စစ်တွေရှိ ပြည်နယ်ဆေးရုံကြီး၏ လက်ထောက်ဆရာဝန်အဖြစ် အလုပ်စတင်ဝင်ရောက်စ။ မဟာမုနိဘုရားပွဲအမီ ဘုရားဖူးလာခဲ့သည်မို့ သည် အချိန်ဖြစ်မှာပါပဲ။ တပေါင်းလပြည့်တစ်ပိုက်က တစ်ရက်ရက်ဖြစ်မည်သာ။ ၁၉၉၇ ခုနှစ်မှာ မမျှော်လင့်ဘဲ သည်နယ်မြေသို့ ပြန်ရောက်ခဲ့ရပြန်သည်။ သည်တစ်ကြိမ်တော့ ခြားနားသော အလုပ်တာဝန်တစ်ခုနှင့်။ တစ်ခါက ဘုရားဖူးခရီးစဉ်မှာ မှတ်ဉာဏ်ထဲ ရေးရေးသာ ကျန်တော့သည်။ ကားလမ်းခရီး ကြမ်းတမ်းလျက် တောတောင်ထူထပ်တာမူ သေချာသည်။ နှစ်များစွာက တစ်ကြိမ်သာ ဖူးဖူးခဲ့သော မဟာမုနိ ရှင်တော်မြတ်ကို ပြန်လည်ဖူးမြော်ရသောအခါ ဖူးရလျှင် ရချင်းပင် အသိထဲ ပြန်လည်စွဲမြင်မှတ်မိခဲ့သည်။ ဖူးမြော်မဝနိုင်ခဲ့။

မဟာမုနိဘုရားသို့ မကြာမကြာရောက်ဖြစ်၊ ဖူးမြော်ဖြစ်ခဲ့ရသည်။ စိမ်ကိန်းဝင် ကျေးရွာအချို့မှာ ဘုရားကြီးတည်တော်မူရာ မြောက်ဦး–ကျောက်တော် ကားလမ်းကို အသုံးပြုနိုင်သော လမ်းသင့်ရာမှာ ရှိကြသည်။ ထိုကျေးရွာများသို့သွားတိုင်း ဘုရားဝင်ဖူးဖြစ်ကာ ဘုရားကြီးရှိ ထမင်းဆိုင်တန်းတွင် နေ့လယ်စာ စား၊ တစ်ထောက်နားဖြစ်မြဲ။

ဘုရားကြီးနှင့် အနီးဆုံး စိမ်ကိန်းဝင် ကျေးရွာအုပ်စုမှာ ကျောက်တစ်လုံးကျေးရွာအုပ်စုပေ။ ထိုအုပ်စုတွင် ကျေးရွာသုံးရွာ ပါဝင်သည်။ မူးချောင်း



www.burmeseclassic.com

www.burmeseclassic.com



ရေစာ၊ ကျောက်တစ်လုံးနှင့် ဘူးသီးတောင် သိန်းတန်-ဖုညင်းပြားတို့ ဖြစ်သည်။ ဖတ်စာအုပ်၊ စာရေးကိရိယာ ဖြန့်ဖြူးရေး၊ မူလတန်းကျောင်း သုံးကျောင်း ပြုပြင်ဖို့၊ တံတားငယ်တစ်ခု တည်ဆောက်ဖို့ စီမံကိန်းများကလည်း ပွင့်လင်း ရာသီတွင် တစ်ခုပြီးတစ်ခု ကျရောက်လာခဲ့သည်။

ကျောက်တစ်လုံးရွာလေးမှ ကျောင်းဝင်ငွေတိုးလုပ်ငန်းအတွက် ဘိုကိတ်ပဲ စိုက်ခင်းလေး အဆိုပြုလာခဲ့သည်။ ကျေးရွာပိုင် လယ်မြေသုံးကေ တွင် ဘိုကိတ်ပဲကို ကျေးရွာစိုက်ပျိုးရေးအဖွဲ့မှ ဦးဆောင်၍ စိုက်ပျိုးပေးမည်။ စီမံကိန်းမှ စိုက်ပျိုးစရိတ်နှင့် မြေသြဇာထောက်ပံ့ပေးရန်။ ပဲပေါ်ချိန်မှာ ပံ့ပိုး ငွေကို ရွာက ပြန်လည်ပေးဆပ်မည်။ အမြတ်ငွေကို ရွာမိဘဆရာအသင်း ရန်ပုံငွေအဖြစ် ထားရှိကာ ကျောင်းမနေနိုင်သော ကလေးတွေစာသင်နိုင်ဖို့ ထောက်ပံ့ပေးမည်။ (CDRT)စီမံကိန်း၏ ရည်ရွယ်ချက်နှင့်လည်းညီသော ထို အဆိုပြုချက်မှာ ရွာရဲ့စိတ်ကူးလေးပေ။

အဆိုပြုလွှာကို ထောက်ခံ တင်ပြခဲ့ရာတွင် ကျွန်မမှာ အခြား ရည်ရွယ်ချက်လည်း ရှိနေပါသည်။ သည်ဘက်မှာ စပါးတစ်သီးသာ စားရသည်။ စပါးနှစ်သီး ကြိုးစားဖူးသည်။ မြေက ရေစုပ်အားကောင်းပြီး ခြောက်သွေ့ လွယ်သည်။ ရေစုပ်စက်အကူအညီဖြင့် ရေတင်လည်း ရေခြောက်သွေ့လွယ်၍ ဆီမခံနိုင်။ ကျွန်မ တာဝန်ကျဖူးခဲ့သော မကွေးတိုင်းနှင့် ပူပြင်းခြောက်သွေ့မှု မှာလည်း မကွာခြားလှ။ လယ်မြေတွေမှာ စပါးတစ်သီးပြီးလျှင် အနားရသွား ကြမြဲ။ စပါးမရနိုင်ပေမယ့် ပဲများဖြစ်နိုင်မလား။ မြေပဲကလွဲလို့ မစိုက်ဝံ့ကြ။ မြေပဲကျတော့ အရင်းနှီးကြီးသည်။ လူတိုင်းမစိုက်နိုင်။ အခြားပဲမျိုး စိတ်ကူး ရှိပေမယ့် အတွေ့အကြုံမရှိသည်ကို အဆုံးရှုံးမခံနိုင်။ စိတ်ကူးတွေ အကောင် အထည်မဖော်ရဲ။

ဘိုကိတ်ပဲ ကျောင်းစိုက်ခင်းသာ အောင်မြင်ခဲ့ရင် သူတို့ရဲ့တွန့်ဆုတ် နေမှုတွေ အားလုံး ပျက်ပြယ်သွားမည်။ အကျိုးအမြတ်ကို မျက်မြင်ကြုံခဲ့ရင် အခြားစီမံကိန်းရွာများမှပါ အားကျလာမည်။ ကျေးရွာရဲ့ အာမခံချက်ရှိသော ဝင်ငွေတိုးလုပ်ငန်းအဖြစ် ကျေးရွာတိုင်းက လက်ခံကျင့်သုံးလာရန်မှာ



www.burmeseclassic.com

www.burmeseclassic.com



သည်ကျောက်တစ်လုံး ကျေးရွာကျောင်းရန်ပုံငွေ ပဲစိုက်ခင်းပေါ်မှာ တည်မှီနေပါသည်။ စင်စစ် ရွာသားတွေမှာ အတွေ့အကြုံမရှိ။ ကျွန်မမှာလည်း ဖြစ်စေလိုသော ဆန္ဒသာရှိပြီး စိုက်ပျိုးဗဟုသုတက မရှိ။

မခက်ပါ။ မြို့နယ်စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာများနှင့် ပဲစိုက်ခင်းအတွက် သွားရောက်ဆွေးနွေးဖြစ်သည်။ အောင်မြင်သည့် မျိုးစေ့ကောင်း၊ မြေဩဇာထည့်ရမည့်အချိန်၊ နှုန်းထား စသည်ဖြင့် အကြံဉာဏ်ကောင်းတွေ ရခဲ့သည်။ ဘိုကိတ်က ပြုစုဖို့ များစွာမလို။ အောင်မြင်မှာပါ။ အားပေးခဲ့ကြသည်။

သည်လိုနှင့် ပဲစိုက်ခင်းလေး စဖြစ်သည်။ စစချင်းပင် လယ်မြေ သုံးဧကကို ဝါးခြံကာရသည်။

"စိုက်စရိတ်က ဘာမှမရှိဘူး၊ ခြံကာစရိတ်က ပိုတောင်များနေပြီနော်"

"ခြံကတော့ မကာလို့မဖြစ်ဘူး၊ လယ်သိမ်းပြီးရင် ရွာထဲကနွားတွေကို လယ်ကွင်းတွေထဲ လွှတ်ကျောင်းထားတော့ နွားစာဖြစ်ကုန်မှာ"

ကျွန်မကို ပညာရေးစိတ်ဝင်စားသူများအဖွဲ့ ကျောင်းဆရာမလေးက နှစ်သိမ့်ခဲ့သည်။

"ခု ခြံကာထားတဲ့ဝါးတွေကို နောင်နှစ် ရေကန်ကာတဲ့နေရာမှာ ပြန်သုံးရင်ရပါတယ် ဆရာမရဲ့"

သူတို့အစီအစဉ်လေးနှင့် သူတို့ တွေးတော တွေးထားပြီးသားပါလား။

စိုက်ခင်းလေး စဖြစ်ပြီ။ ကျောက်တစ်လုံးရွာလေးသို့ ပိုရောက်ဖြစ်ရပြန်သည်။ အပင်လေးတွေ စိမ်းစိမ်းစိုစို ထွက်လာသည်က ပျော်စရာ။ အရိပ်တကြည့်ကြည့် ရှိနေခဲ့သည်။ ကျောက်တစ်လုံးသို့လာရင်း တစ်ခါတစ်ရံ အချိန်လု၍ မဟာမုနိဘုရားဖူးဖြစ်သည်။ မဟာမုနိဘုရားပွဲပင် နီးလာခဲ့ပြီ။ ဘုရားပွဲနှစ်ပတ်အလိုမှာ ကျောက်တစ်လုံးကျေးရွာလေးမှ တောင်းထားသော လူသွားတံတားငယ် တည်ဆောက်ရေးစီမံကိန်းလေး ကျလာခဲ့သည်။ မနှစ်က ရေကြီးစဉ်က ပျက်စီးသွားသော တံတားလေး။ ရွာကပြုလေ့ရှိမြဲ ဝါးတံတားပင်။



www.burmeseclassic.com

www.burmeseclassic.com



တံတားသာဆို အန္တရာယ်မကင်းသော အခြေအနေရှိ သက်တမ်းရင့်နေသော တံတားအို။ ရွာက ပြန်လည်မဆောက်နိုင်သေး။ ချောင်းလေးကို ကူးတို့ဖြင့် ကူးကြရသည်။ ကူးတို့ခက အသွားတစ်ကျပ်၊ အပြန် တစ်ကျပ်။ သည်နှစ်ကျပ် ဆိုတာကပင် အခေါက်ရေများများသွားရလျှင် ကျေးရွာလူထုအတွက်မလွယ်။ လူကူးတံတားလေးတည်ဆောက်ဖို့ ဘတ်ဂျက်ရလာပြီဆိုတော့ ရွာသားတွေက အားတက်သရော လှုပ်ရှားကြသည်။ မဟာမုနိဘုရားပွဲအမီ အပြီးတည်ဆောက် မည်တဲ့။ ရွာသားတွေလိုပဲ ကျွန်မလည်း တံတားလေးပြီးစေချင်မိသည်။

ပွင့်လင်းရာသီမို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတတ်ရေးဦးစီးဌာနအပါအဝင် စီမံကိန်းမှ အကြီးအကဲများ၊ ယူအမ်ဒီပီမှ အကဲဖြတ် ကော်မရှင်အဖွဲ့များ၊ အလှူရှင်နိုင်ငံများ ကိုယ်စားပြု သံတမန် အဖွဲ့များ ရောက်လာနိုင်သည်ပင်။ အလှူရှင်နိုင်ငံများကလည်း စီမံကိန်း မှ ပံ့ပိုးကာ သူတို့ဖြစ်စေချင်သလို ရွာသားများကိုယ်တိုင်ပါဝင်အကောင်အထည် ဖော် ဆောင်ရွက်ထားသော ဖွံ့ဖြိုးရေးလုပ်ငန်းစုံကို မြင်လိုပေမည်သာ။

တံတားအတွက် ကျောက်တစ်လုံးရွာလေးသို့ရောက်ပြန်၏။ ရောက် တိုင်းလည်း ပဲခင်းလေးကို ဝင်ကြည့်ရ၏။ နောက်ဆုံးတစ်ခေါက်ရောက်စဉ်မှာ အောင်မြင်တဲ့ ပဲစိုက်ခင်းဟု ဆိုနိုင်နေပြီ။ တစ်ကွင်းလုံး ပဲပင်တွေ စိမ်းမှောင် သန်စွမ်းနေသည်။ ပဲသီးတောင့်တွေ ပင်လုံးညွှတ်မျှ သီးနေခဲ့သည်။ အချို့ ရင့်မှည့်စပြုပြီ။ တစ်ခုပဲ၊ ကျေးရွာဖွံ့ဖြိုးရေးအတိုင်ပင်ခံအဖွဲ့ ဥက္ကဋ္ဌ၊ အငြိမ်းစား မူ/အုပ် ဆရာကြီး ဦးမြကျော်မှာတော့ ကိုယ်အလေးချိန် အတော်လျော့သွားပြီ။ ပဲတောင့်တွေ ရင့်မှည့်လာတော့ ရွာနွားတွေကို ဟန့်တားထားလို့ မရနိုင်တော့။

"အဘ အဘ ပဲခင်းကို နွားဝင်နေပြီ"

ကလေးတွေရော၊ လူကြီး လူငယ်တွေကပါ ပြေးလာပြောပေးကြ သည်တဲ့။ အငြိမ်းစား ကျောင်းအုပ်ဆရာကြီးမှာ တုတ်တစ်ချောင်းကောက်ဆွဲ ကာ ...

"အဲဒါ ရွာစာသင်ကျောင်း ပဲစိုက်ခင်းဟ၊ အားလုံးနဲ့ဆိုင်တယ်၊ တွေ့ရင် တွေ့တဲ့လူက မောင်းခဲ့ပါတော့လား၊ ငါ့လာခေါ်နေတာနဲ့ပဲ အခင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ကုန်တော့မှာပဲ''

အပြေးအလွှား ပဲခင်းသွား၊ နွားမောင်းနေရသည်တဲ့။

''ဝင်တဲ့နွားကို ဒဏ်တပ်မှပဲဖြစ်တော့မယ် ဆရာမရေ''

''ကောင်းသားပဲ၊ အဘတို့အဖွဲ့ သဘောတူရင် ရယကနဲ့ ဆွေးနွေးကြည့်ကြပါလား''

နွားဝင်၊ ကျွဲဝင်ရင် တစ်ကောင် ငွေငါးဆယ်ကျပ်နှုန်းနှင့် သတ်မှတ်ဒဏ်တပ်လိုက်သည်ဟု သိရပြီး နောက်နှစ်ရက် ပဲခင်းနှင့် မလှမ်းမကမ်းဝါးရုံရိပ်မှာ ထိုင်နေသော ဦးမြကျော်ကို တွေ့ရပြန်ပါ၏။

''စောင့်ရတုန်းပဲလား အဘ၊ ဝင်တဲ့နွားကို ဒဏ်တပ်မယ်လို့ ရွာဆော်အော်ပြီးပြီဆို''

''ဒဏ်တပ်ဖို့က နွားကို အမိအရဖမ်းဖို့က လိုသေးတာ ဆရာမရဲ့၊ ဒါမှ ဘယ်သူ့နွားလို့ စွဲလို့ရမှာ၊ ခုထိတော့ တစ်ကောင်မှဒဏ်မတပ်နိုင်သေးဘူး''

''ဒဏ်ကြေးပေးရမယ်ဆိုတော့ နွားရှင်တွေက ကိုယ့်နွားကိုထိန်းကြပြီနဲ့ တူတယ်''

''ဘယ်ဟုတ်ရမှာလဲ၊ ကျုပ်မှ ဖမ်းလို့မရတာ၊ အသက်အရွယ်ကထောက်လာပြီလေ''

သည်တစ်ကြိမ်တော့ ကျွန်မ ဦးမြကျော်ကို ဘယ်လိုအကြံပေးရမလည်း မသိတော့ပါ။

''ကျုပ်လာထိုင်စောင့်နေတော့ နွားအဝင်တော့ နည်းသွားတာပေါ့လေ''

အဘဦးမြကျော်ကသာ ကျွန်မကို ပြန်၍နှိမ့်သိမ့်ပေးခဲ့ပါသည်။ ဒါကလွန်ခဲ့တဲ့နှစ်ရက်က ကျောက်တစ်လုံးကျေးရွာ ပဲစိုက်ခင်းအနေအထား။

❑ ❑ ❑

လမ်းမတော်ဘက်ကမ်းသို့ ကူးလာခဲ့တော့ ညနေ ခြောက်နာရီထိုး



www.burmeseclassic.com

www.burmeseclassic.com



ဖို့ ဆယ့်ငါးမိနစ်အလို။ နွေဦးဖြစ်ပေမယ့် 'ပုဏ္ဏားနွားရောင်း လတပေါင်း' စာဆိုနှင့်အညီ အေးချင်သေး၏။ တစ်ဆောင်းတွင်းလုံးရဲ့အအေးကို တောင့်ခံလာသော စေးစေးကုပ်ကုပ် ပုဏ္ဏားခမျာ တပေါင်းလ အအေးကျတော့ မနေနိုင်။ နွားရောင်းပြီး စောင်ဝယ်ဖြစ်ပါရောတဲ့။ သည်ဒေသရဲ့ စာဆိုပေ။ အေးရုံမက ခြောက်နာရီမှာ မှောင်ချင်ပြီ။

ကျောက်တော်–မြောက်ဦး ကားလမ်းပေါ်မှာ ဆိုင်ကယ်စီးရင်း နောက်ကြည့်မှန် ကြည့်စရာမလို။ အခြားဖြတ်သွားဖြတ်လာယာဉ်က ခပ်ရှားရှား။ မှောင်မိုက်စကာလရဲ့ အန္တရာယ်မှာ မျက်လုံးထဲ တိုးဝင်လာတတ်သော ပိုးကောင်၊ မွှားကောင်များရဲ့ ရန်သာ။ လမ်းခါတ်မီးတိုင်မရှိ။ လမ်းဘေးအဆောက်အအုံတွေမရှိ၊ တောင်တန်းနှင့်ကွင်းပြင်ကြားကလမ်းမို့ ညဥ့်ဘက်မှာ အမှောင်ပိုကဲသည်။ မှောင်တော့မှာပေမယ့် မတတ်နိုင်။ ပဲခင်းသုံးကေရဲ့ သောကက ပိုကြီးမားနေသည်။ ဒေသစီမံကိန်းအရာရှိ ဂျပန်အမျိုးသားကပင် သိပ်မကြာသေးမီက . . .

"ကျောက်တော်က မင်းတင်တဲ့ ကျောင်းစိုက်ခင်း ပရောဂျက်၊ ရည်ရွယ်ချက်ကောင်းတယ်၊ အောင်မြင်ရင် မင်းနဲ့ အဲဒီရွာမှာ တာဝန်ကျတဲ့ C.D.W (ကျေးရွာဖွံ့ဖြိုးရေးလုပ်သား)ကို ဆုပေးဖို့ရည်ရွယ်တယ် မင်းပြောက ကိုယ်စောင့်ကြည့်နေတဲ့ ပရောဂျက်တစ်ခုနဲ့ ယှဉ်ရမှာပေါ့၊ တစ်ခုတော့ရှိတယ်၊ စိုက်ခင်းက အဖြစ်မှန်ကိုပဲ ငါ လိုချင်တာနော်၊ အချက်အလက် အမှန်ကိုပဲ သိချင်တယ်၊ ဒါမှ အရှုံးအမြတ်သိရပြီး နောက်ပရောဂျက်တွေမှာ ပြင်စရာရှိ ပြင်နိုင်မှာ"

"မစိုးရိမ်ပါနဲ့၊ ကျွန်မ အမှန်ကိုပဲ အမြဲတင်ပြပါတယ်"

ရယ်မောပြောဆိုခဲ့မိသေး၏။ အလွန်စိစစ်ကာ စစ်စိတတ်သော ဒေသစီမံကိန်းအရာရှိလေးရဲ့ဆုမှာ ခါတိုင်းလို လက်ဖက်ရည်တစ်ခွက်၊ ထမင်းကြော် တစ်ပွဲ မဟုတ်ဘဲ တစ်ခုခုဆိုရင် ဆရာကြီးဦးမြကျော်ကိုပေးဖို့ပင် ကျွန်မ စိတ်ကူးလိုက်ခဲ့မိသေးသည်လေ။

နားထဲမှာ လေတိုးသံတွေ တဝီဝီမြည်ကာ လေက အေးစက်ထုံကျင်



www.burmeseclassic.com

www.burmeseclassic.com



လာစေသည်။ ထိုလေတိုးသံသည်သာ တောင်တန်းနှင့် ကျယ်လွင့်သော လယ်ကွင်းကြား ဖြတ်သန်းသွားနေသော ကားလမ်းမပေါ်က တစ်ဦးတည်းသော အေးစက်စက် ခရီးသွားဖော်။ တောင်တန်းများက ကားလမ်းနှင့်အပြိုင် ပြေးသည့်အခါ ပြေးကာ၊ ရှေ့မှ ဆီးသည့်အခါဆီးသည်။ နေဝင်ရီးရီတွင် တောင်တန်းမှိုင်းညို့ညို့ကြီးများက ပိုလို့မှောင်စောစေတော့သလို၊ ခြောက်မိုင် ခရီးမှာ အနီးလေးပေမယ့် မမှောင်ခင် စိုက်ခင်းဆီရောက်ဖို့တော့ လိုသည်။

များမကြာမီ သရက်တစ်ပင်ကျေးရွာအုပ်စုဆီ ရောက်လာခဲ့သည်။ ခါတိုင်းလို ဘူးသီးတောင်၊ သိန်းတန်ရွာဘက်က လှည့်ပတ်ဝင်စရာမလို။ ကျောက်တော်–မြောက်ဦး ကားလမ်းပေါ် ဆိုင်ကယ်ထားခဲ့ပြီး မပြီးသေးသော တံတားလေးမှ ဖြတ်သန်းလာခဲ့ရုံ။ တံတားလေးမှာ ပျဉ်အပြည့်မခင်းရသေး။ ထိုထုပ်တန်းကျဲကျဲပေါ်မှာပင် လူတွေဖြတ်သန်းသွားလာနေခဲ့ကြသည်။ သည် တံတားလေးက ကျေးရွာများစွာနှင့် လမ်းမကြီးကို ဆက်သွယ်ပေးသော တံတား လေး။ အရေးပါလှသည်တော့ အမှန်ပင်။ တစ်ဦးစီသာ ကူးသာသေးသည့် အခြေအနေမှာပင် တံတားလေးမှာ အသုံးဝင်နေပြီ။ အလှည့်စောင့်လို့ ကူး ရသည်။ နောင်နှစ်ရက်မှာ မဟာမုနိဘုရားပွဲ စတော့မည်။ တံတားလေးက ဘာကြောင့်အပြီးမသတ်သေးတာပါလိမ့်၊ တံတားဆီသို့လာရမည့် မြေလမ်းကို လည်း မဖို့ရသေး။

ပွင့်လင်းရာသီမို့ ဒေသ့သည်ခရီးစဉ်များ၊ ဆန်းစစ်အကဲဖြတ်ခရီးစဉ် များလည်း ကြားနေရသည်။ လာရောက်ခဲ့လျှင် ရခိုင်ပြည်နယ်ရဲ့ ကျက်သရေ ဆောင်ဖြစ်သော မဟာမုနိဘုရားသို့ ဝင်ရောက်ဖူးမြော်လေ့လာရင်း ဘုရား ကြီးနှင့် အနီးလေးက စိမ်ကိန်းရွာကလေးသို့ ဝင်ရောက်ဖြစ်ကြမည်မှာ သေချာ နေတာပဲ။ ဖွံ့ဖြိုးရေးပံ့ပိုးကူညီမှုတွေ ရရှိစေချင်သူတွေထံ အကျိုးရှိရှိ ရောက် မရောက် မျက်မြင်တွေ့ချင်မှာ သဘာဝပေ။

တံတားလေးအပြီးမသတ်ရှိနေတာက ကြည့်မကောင်း။ ထိုတံတား လေးမှပင် ကူးဖြတ်ခဲ့သည်။ စိုက်ခင်းကို လှမ်းမြင်နေရပြီ။ လယ်ကွင်းပြင်ထဲ တွင် ဘယ်သူမှမရှိတော့။ ပိုးကျနေသောနေရာ ရှာဖွေစရာပင်မလို။ အရွက်



www.burmeseclassic.com

www.burmeseclassic.com



တွေ အရိုးပြိုင်းပြိုင်းကျလျက် အမြွေးကလေးသာ ဖွေးဖွေးကျန်တော့အောင် ပျက်စီးနေသော ပဲပင်ဥတစ်ကွက်ကို လှမ်းမြင်ရသည်။ အစိမ်းရောင်မရှိတော့၍ အကွက်ဖွေးဖွေးကြီးက မြင်သာထင်သာ။ ထိုအကွက်ဆီသို့ တိုးသွားခဲ့ပါသည်။ အစိမ်းရွက်ကလေးတစ်ရွက် ခူးကြည့်မိသည်။ အရွက်ပေါ်မှာ ဘာမျှမထူးခြား။ အရွယ်အောက်ဘက်သို့ လှန်ကြည့်လိုက်မှ ရွရွတက်နေသော ပိုးကောင်ငယ်ငယ်လေးတွေ။ ခေါင်းက မည်းမည်းလေး။ တုတ်တုတ်တိုတိုလေးတွေဖြစ်ပြီး လောက်ကောင်လေးတွေနှင့် တူလှ၏။ အရွက်သေးသေးလေးပေါ်မှာ အကောင်အစိတ်၊ သုံးဆယ်ခန့် တရွရွတွေ့နေရသည်။ သည်မျှပိုးတွေတက်နေမှတော့ အရွက်တွေ အရိုးပြိုင်းပြိုင်းမကျဘဲ ရှိပါတော့မလား။ အပင်တွေ မသေရှိပါတော့မလား။ ရင့်နေသော ပဲသီးတောင့်တွေလည်း ရော်တာရော်ကုန်ပြီ။ ပိုးကျသောနေရာနှင့် နီးစပ်သောအကွက်တွေကိုပါ လိုက်ကြည့်မိသည်။ နေရာအတော်များများမှာ ပိုးကောင်လေးတွေရောက်နေသည်။ ပဲစိမ်းတစ်ခွင်တစ်ပြင် စိမ်းမှောင်သန်စွမ်းဆဲဖြစ်သော်လည်း စိတ်ချရပါ့မလား။

အရွက်တိုင်းရဲ့အောက်မှာ သူတို့တွေ ရောက်နေကြပြီလား။ ကျွန်မစိတ်ခါတ်ကျစွာ ငေးနေဖြစ်သည်။

"ဆရာမ ရောက်နေတယ်ဆိုလို့ . . ."

C.W.D လေး မအေးသန်းစိန် အပြေးအလွှားရောက်လာခဲ့သည်။ သူမ နောက်မှာက ဦးမြကျော်။ ဦးမြကျော်လည်း မျက်နှာမကောင်း။

"ပဲတွေရင့်လာတော့ မနက်စောစော ကျွန်မကိုယ်တိုင် ထဆွတ်တာ၊ မနက်ကတောင် ဒီလိုသတိထားမိအောင် မရှိပါဘူး၊ နေ့လယ်ဘက်ပဲခင်း ဒီနေရာ ကွက်နေပါတယ်လို့ လာကြည့်မှ တွေ့ရတာ"

"ကိစ္စမရှိတန်ကောင်းပါဘူး၊ ကျွန်မတို့ စိုက်ပျိုးရေးဌာနကို အကူအညီ တောင်းနိုင်တာပဲ"

မျက်စိမျက်နှာပျက်နေသော ဦးမြကျော်ကို သည်တစ်ကြိမ်ကျွန်မက ဦးအောင်နှစ်သိမ့်အားပေးပြီး ပြန်လာခဲ့ပါသည်။ C.W.D လေး အေးသန်းစိန်ကိုတော့ မေးမိလျှင် . . .



www.burmeseclassic.com

www.burmeseclassic.com



"မနက် ပဲထဆွတ်တော့ အေးသန်းစိန်တစ်ယောက်တည်းလား"

"မဟုတ်ဘူး၊ အဘဦးမြကျော်လည်း ပါပါတယ်"

"တံတားက ဘာဖြစ်လို့ မပြီးသေးတာလဲ၊ ဘုရားပွဲအမီ ပြီးချင်တာ ဆို"

"သစ်မရောက်သေးလို့တဲ့၊ အခု အေးနေကြပြန်တယ်၊ ပွဲတွေလည်း ရှိတော့ သူတို့ သိပ်မအားကြဘူး၊ မြေလမ်းတောင် ဖို့မယ့်သူမရှိလို့ မနက်ဖြန် တော့ ကျွန်မကိုယ်တိုင်ပဲ စဖို့တော့မလို့ပါ"

"အေးသန်းစိန် တစ်ယောက်တည်းလား"

"အဘ ဦးမြကျော်က သူလည်း လာဖို့မယ်ပြောတယ်"

ကျွန်မ စိတ်ရှုပ်ရှုပ်နှင့်ပင် ရယ်လိုက်မိသည်။

"ဒါဆိုရင် ဒီပရောဂျက်တွေက အေးသန်းစိန်နဲ့ ဦးမြကျော်ရဲ့ ပရောဂျက်ပဲဖြစ်သွားမှာပေါ့၊ ရွာသားတွေ ပူးပေါင်းပါဝင်ဖို့ဆိုတာ စီမံကိန်း ကြီးရဲ့ ရည်ရွယ်ချက် နံပါတ်နှစ်လေ၊ အေးသန်းစိန်က ဘေးကတွန်း အားပေး၊ ပံ့ပိုးသူဆိုတဲ့အဖြစ်ကို မမေ့ရဘူး၊ ဒါမှ CDRT စီမံကိန်းပြီးသွားရင်လည်း ရွာက ရပ်ရေးရွာရေး ဖွံ့ဖြိုးရေးကို စိတ်ဝင်တစားလုပ်တတ်ပြီး ကျန်ခဲ့မှာပေါ့၊ ဆက်ပြီး ထိန်းသိမ်းနိုင်မှာပေါ့၊ အေးသန်းစိန် ဝင်လုပ်တာ ကောင်းပါတယ်၊ ဒါပေမဲ့ ရွာသားတွေလည်း ပါရမယ်၊ စီမံကိန်းနဲ့ သက်ဆိုင်တဲ့ C.D.W အေးသန်းစိန်ရယ်၊ ဖွံ့ဖြိုးရေးဥက္ကဋ္ဌ ဦးမြကျော်ရယ်ပဲ အမြဲလုပ်နေလို့ မဖြစ်သေးဘူး၊ ရွာသားတွေက ကိုယ်နဲ့မဆိုင်တဲ့ ကိစ္စတစ်ခုလို ပါဝင်ပြီး မလှုပ်ရှားသေးရင် စည်းရုံးရေးလိုနေသေးလို့လို့ ဆရာမကတော့ ဝေဖန်ရမှာပဲ၊ ရွာသားတွေ မအားလို့ သူတို့အလုပ် မလုပ်ဆိုတာမျိုးတော့ ပြောလို့မရဘူးနော်"

နောက်ဆုံးပိုဒ်စကားများကတော့ ကျွန်မကို စီမံကိန်းအရာရှိက အမြဲသတိပေးနေကျစကားလေ။

အပြန်လမ်းခရီးမှာ မှောင်မိုက်ပြီ။ လမ်းမတော်ဘက်ကမ်းပြန်ရောက် တော့ စီမံကိန်းဘုတ်က စောင့်ကြိုနေသည်။ မစောင့်လို့မဖြစ်။ သည်အချိန် မှာ လိုင်းဘုတ်က မရှိတော့ပြီ။ ဘုတ်သမားတွေ ဆိုင်ကယ်ကို ဘုတ်ပေါ်သို့



www.burmeseclassic.com

www.burmeseclassic.com



ကျွမ်းကျင်စွာ မှောင်မိုက်ထဲမှာ တင်ကြရသည်။ မြစ်ပြင်မှောင်မည်းကို ဖြတ်ကူး လာတော့ မြစ်တစ်ခွင်တစ်ပြင်မှာ ပရောဂျက်ဘုတ်တစ်သံတည်းကသာ မင်း မူလို့။

❑ ❑ ❑

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက စီမံကိန်းကို အကူအညီပေးမြဲဖြင့် သည်တစ်ကြိမ်လည်း ကူညီခဲ့ပြန်သည်။ ထိုစဉ်က မန်နေဂျာ ဦးသောင်းရွှေ၊ ဦးထွန်းလှဖြူတို့က ပိုးကျသည့်အခြေအနေကြည့်ပေးဖို့၊ ဆေးဖြန်းပေးဖို့တွေ စီစဉ်ပေးပါမည် ဆိုခဲ့သည်။

ထိုည ကျွန်မပြန်ရောက်ပြီး မရှေးမနှောင်းပင် မွေးမြူရေးကဏ္ဍ ဆိုင်ရာ ဆရာဦးသန်းဌေးလည်း မာလာရွာက ပြန်ရောက်လာခဲ့သည်။ သူမှာ ရုံးပေါ်မတက်ရသေး။ ကျွန်မ ရုံးပေါ်မှ လှမ်းပြောပြသည်နှင့် ...

''ကျွန်တော် အခုပဲ စိုက်ပျိုးရေးရုံးဘက်ပြေးပြီး အကျိုးအကြောင်း ပြောလိုက်ဦးမယ်''

ဆိုင်ကယ်ကို ပြန်လှည့်ထွက်သွားခဲ့ပါသည်။

နောက်တစ်ရက်မှာ မိုးရိပ်ဆင်လာခဲ့သည်။ ဘုရားပွဲနီးရင် ဒီလိုပဲ ထူခြားမိုးအုံ့တတ်တယ်။ ကျောက်တော်မြို့သားများက ဆိုကြသည်။ စိုက်ပျိုး ရေးဆရာများကမူ ပိုးကျပဲစိုက်ခင်းအတွက် ချက်ချင်းလှုပ်ရှားဖို့ထက် မိုးရိပ် ကိုစောင့်လိုက်ဖို့ အကြံပေးကြသည်။ ဆေးဖြန်းပြီးရင်ဆေး အပင်တွေမှာ အနည်းဆုံး သုံးရက်ရှိနေနိုင်မှ။ မိုးမရွာတာ သေချာမှ ဆေးဖြန်းတာပေါ့။ မဟုတ်ရင် ရေထဲပဲ ရောက်ကုန်မယ်။ မိုးကို စိုးရိမ်စိတ်ဖြင့် စောင့်နေမိခဲ့ သည်။ ထိုရက်က တစ်နေ့လုံး မိုးအုံ့ခဲ့သည်မှအပ မိုးမရွာဖြစ်ခဲ့ပါ။

❑ ❑ ❑

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ လက်ထောက်မန်နေဂျာ ဦးကျော်လွင် နောက်တစ်ရက်မှာ ပဲခင်း ကွင်းဆင်းကြည့်ပေးခဲ့သည်။ ဆေးဖြန်းဖို့ တစ်ကြိမ်



www.burmeseclassic.com

www.burmeseclassic.com



ထပ်မံသွားကာ သုံးကေပဲခင်းတစ်ခုလုံး ဆေးဖြန်းပေးခဲ့ပါ၏။ ရွက်ခြစ်ပိုးပါ။ အရွက်တွေကိုစားရင်း အပင်လည်း နောက်ဆုံးသေစေနိုင်ပါတယ်။ ဆေးဖြန်းပြီးပြီမို့ သောကတွေ အေးဆေးသွားရသည်။ ဦးကျော်လွင်က အားပေးစကားပြောခဲ့သေးသည်။

"နောင်နှစ်မှာတော့ ကျွန်တော်တို့ဌာနကလည်း စပါးအပြီး ဘိုကိတ်ပဲ စိုက်ကြဖို့ တွန်းအားပေးမယ် ရည်ရွယ်ထားပါတယ်၊ တစ်ကွင်းလုံးစိုက်ကြရင် ခုလို ခြကာရတာတို့ နွားစောင့်မောင်းရတာတို့ မရှိနိုင်တော့ဘူးပေါ့"

ရှေ့အစီအစဉ်အတွက် မျှော်လင့်အားတက်မိရပါသည်။

❑ ❑ ❑

စီမံကိန်းတစ်ခု၏ တိုးတက်မှု၊ ဆုတ်ယုတ်မှုအခြေအနေကို လစဉ်တင်ပြရမြဲဖြစ်သည်တွင် ဧပြီလ လစဉ်အစီရင်ခံလှည့်သို့ ရောက်ခဲ့ပါ၏။ ကျောင်းပဲစိုက်ခင်း၏ မတ်လအစီရင်ခံစာမှာ ပိုးကျသည်ကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အကူအညီနှင့်အချိန်မီ ကာကွယ်လိုက်နိုင်သည်ဟု ရေးခဲ့ပါသည်။ ဧပြီလတွင်တော့ အစီရင်ခံစာရေးရတာ လက်နှေးနှေး။ လေးလေးလံလံဖြင့်ပေ။

သကြံန်ခါရက်အတွင်း ရခိုင်ပြည်နယ်ရဲ့ မိုးဦးလေဦးတွင် မိုးရိပ်ဆင်တတ်မြဲ။ လေမုန်တိုင်းက ကျောက်တောင်တွင် ကျရောက်လာခဲ့သည်။ ထိုလေမုန်တိုင်းက ပဲစိုက်ခင်းသုံးကေရဲ့ အကာအရံဝါးခြံတွေကို လဲပြိုသွားစေခဲ့ပါ၏။ ဝါးခြံလဲပြိုသွားခိုက် ရွာတွင်းက နွားတွေဝင်ရောက်ကာ နာရီပိုင်းအတွင်း ပဲစိုက်ခင်းကို ဝါးမျိုလိုက်ကြသည်တဲ့။ ထိုအစီရင်ခံစာကို ကျွန်မ အမှန်အတိုင်း ပြန်လည်တင်ပြခဲ့ရသည်။ စီမံကိန်းမှ ထောက်ပံ့သော မြေဆီနှစ်အိတ်ဖိုး အရင်းရှုံးသွားခဲ့ပါသည်။ စီမံကိန်းရေးဆွဲတင်ကတည်းက စီမံကိန်းသို့ အန္တရာယ်ဖြစ်လာနိုင်သည့် အလားအလာအဖြစ် သဘာဝဘေးအန္တရာယ်ကို ထည့်သွင်းစဉ်းစားဖော်ပြဖို့ ရွာသားတွကို သတိပေးမိခဲ့၏။ တော်ပါသေးရဲ့ဟု ကျွန်မ သက်သာရာ သက်သာကြောင်း တွေးနေမိဆဲ ဒေသစီမံကိန်းအရာရှိက



www.burmeseclassic.com

www.burmeseclassic.com



တုံ့ပြန်ခဲ့ပါ၏။

"တချို့ ခြံကာပြီး ပဲစိုက်ကြတဲ့ရွာတွေ ရှိတာပဲ၊ ပဲခင်းတိုင်း မဆုံးရှုံးဘူး။ ကိုယ့်အခင်းလို ကိုယ်ဂရုစိုက်တဲ့ လယ်သမားတွေက ချက်ချင်း ခြံပြန်ကာတယ်၊ နွားကို စောင့်မောင်းတယ်၊ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စတစ်ခုလို ရွာသားတွေ ပူးပေါင်းပါဝင်မှုမရှိရင် စည်းရုံးရေးလိုနေသေးလို့လို့ ကိုယ်ကတော့ ဝေဖန်ရမှာပဲ၊ အဖြစ်အပျက်မြန်လွန်းလို့တို့၊ ဟိုအကြောင်း၊ ဒီအကြောင်းဆိုတာမျိုး ပြောလို့မရဘူး"

ဒေသစီမံကိန်းအရာရှိ၏ သတိပေးနေကျ ထိုစကားကို ကြားရပြန်ပါ၏။ ခံလိုက်ပေဦးတော့လေ မြို့နယ်တာဝန်ခံ။ အတွေ့အကြုံတစ်ရပ်ပါပဲ။

ပဲစိုက်ခင်းစီမံကိန်း သေးသေးလေး၏ အဖြစ်အပျက်လိုပင် စီမံကိန်းများစွာတွင် အဖြစ်အပျက်များစွာ ရှိနေပါသေးသည်။ မုန်တိုင်းကိုပင် ခွင့်မလွှတ်ချင်သည့် ဒေသစီမံကိန်းအရာရှိ၏ စီမံကွပ်ကဲမှုအောက်တွင် မအောင်မြင်သောစီမံကိန်းမှာ စင်စစ် ရှားပါးပါသည်။ သို့ပေမယ့် ထိုပဲစိုက်ခင်းစီမံကိန်းဖြစ်စဉ်က စိတ်ထဲမှာ အတော်စွဲထင်နေပေသား။ မအောင်မြင်ခဲ့၍ ပိုလို့မမေ့နိုင် ထင်သည်။ ဝေဖန်ခံခဲ့ရသောစကားက တွေးမိတိုင်း တနုံ့နုံ့။ ကြာရှည်ကြာမြင့်တော့ ဒီအကြောင်း ခေါင်းထဲမှာ နေရာမယူနိုင်။ ၁၉၉၈ ခုနှစ်၊ မိုးရာသီ လယ်ယာစိုက်ပျိုးချိန်အမီ မြေသြဇာဖြန့်ဖြူးရေးစီမံကိန်းနှင့် မူလတန်းကျောင်းပြုပြင်၊ ကျောင်းသစ်ဆောက်လုပ်ငန်းအတွက် ဓာတ်မြေသြဇာနှင့် ဘိလပ်မြေအိတ်များ မြို့နယ်သို့ ရောက်ရှိလာခဲ့သည်။ ထိုမြေသြဇာများကို စီမံကိန်းကျေးရွာများရှိ လယ်ဧကအနည်း လုပ်ကိုင်သော လယ်သမားများကို ဖြန့်ဖြူးပေးဖို့အစီအစဉ် ရေးဆွဲပြီးခဲ့သည်။

စပါးပေါ်ချိန်မှာ ငွေ သို့မဟုတ် စပါးကို ယူထားသော မြေသြဇာနှင့် ဈေးသင့်၏။ ပြန်လည်ပေးဆပ်စုဆောင်းမည်။ စုဆောင်းရငွေနှင့် ၁၉၉၉ ခုနှစ်တွင် မြေသြဇာပြန်လည်ဝယ်ယူမည်။ ဤနည်းဖြင့် မြေဆီဩဇာအဖြစ် ဆက်လက်လည်ပတ်ရင်း စီမံကိန်းပြီးစီးသော်လည်း တည်တံ့ကျန်ခဲ့ဖို့ အစီအစဉ်တွေ ကျေးရွာ နှစ်ဆယ့်ခုနစ်ရွာမှာ ရေးဆွဲပြီး ဖြစ်ပါ၏။ ထိုအစီအစဉ်များကို



www.burmeseclassic.com

www.burmeseclassic.com



ကျေးရွာစဉ် လျှောက်၍ဆွေးနွေးစည်းရုံးရပါဦးမည်။ တစ်ဖန် အချိန်မီ ဖြန့်ဖြူး ပေးရေးကလည်း ရှိသည်။

ဆင့်ကဲဆင့်ကဲ ကျလာနေသော စိမ်ကိန်းများ ကတ္တီပါကားလိပ်တွေကဖြင့် တစ်လိပ်ပြီးတစ်လိပ် အပြိုင်အဆိုင် ဖွင့်လာနေခဲ့ပါပြီတည်း။

တိုင်းရင်းသားမဂ္ဂဇင်း၊ နိုဝင်ဘာလ၊ ၁၉၉၉



www.burmeseclassic.com

www.burmeseclassic.com



(ဂ)

မျိုးရင်ထဲမှာ သူကိုဖွင့်မပြောဘဲ ချန်သင့်သလောက် ချန်ထားထား ရစ် ရသည်ကိုတော့ မချိုက မသိရှာပေ။

မျိုးရင်တွင် မပြောကောင်းသော အကြောင်းလေးတစ်ခု ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



## မပူးသာ

မိုးဖွဲကလေးများ တဖွဲဖွဲကျနေသည်။

မနက်စောလည်းဖြစ်၊ မိုးလည်းအေးလျှင် မျိုးတို့က အလိုက်သိရလေသည်။ မိုးအေးအေးနှင့် ကွေးချင်နေကြမည့်လူနာများကို စကားများများပြောလို့ မဖြစ်ပေ။ ရောဂါရာဇဝင်တွေ၊ လက္ခဏာတွေမေးနေ၍ မဖြစ်ပေ။

ခုတင်ခြေရင်းကရောဂါ မှတ်တမ်းများကိုသာ ပျင်းစရာကောင်းလောက်အောင် လိုက်ဖတ်ပေတော့။

အပြင်ဘက်တော့ မိုးဖွဲကလေးများ သဲလာလိုက်။ စဲသွားလိုက်ရှိနေဆဲ။ မျိုးစိတ်တွေကလည်း လူနာ၏ရောဂါအခြေပြ မှတ်တမ်းမှာ ဝင်စားလိုက်၊ ပျံ့လွင့်သွားလိုက်ပင်။ ဆရာတွေသာ မမြင်ဘူး၊ မဆူဘူးဆိုလျှင် မျိုးအတွေးကောင်းမည့် တစ်နေရာတွင် စိတ်ဖြေလက်ဖြေ နေမိတော့မည်။ မျိုး၏ ပျံ့လွင့်ချင်လှသော စိတ်အစုံကိုလည်း ဖြေလွှင့်ပေးလိုက်လိုပါသည်။ သို့ပေမင့် မဖြစ်နိုင်ပါ။ မသင့်လျော်ပါ။

မျိုး တစ်ခုတင်က တစ်ခုတင် ကူးပြောင်း၊ လူနာအခြေပြမှတ်တမ်းကြည့်နေ ဟန်ဆောင်ရင်းသာ စိတ်ကိုတိတ်တခိုး ဖြေလွှင့်ရတော့မည်။ လူနာတွေ သွေးနွေးလာပြီး၊ စမ်းသပ်လေ့လာတာ ခွင့်ပြုသည်အထိ။

❑ ❑ ❑

ထိုတစ်နေ့ကလည်း သည်နေ့လိုဘဲ၊ မိုးဖွဲကလေးများ ကျနေသည်ဟု မျိုးကောင်းစွာ မှတ်မိနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ကာလ ခြားခဲ့ပေမယ့် မိုးတွင်းချင်းအတူမို့ မိုးဖွဲလေးများ ကျနေပုံကလည်း မကွဲပြားပါ။ မိုးတိတ်ပြီ မဆိုသာအောင် ခပ်ဖွဲဖွဲ မရဲတရဲ ဆက်ရွာနေပုံမျိုး။ အုံ့ပျပျ မိုးအရောင်က ဆေးရုံထဲသို့ပင် ကူးစက်ဝင်ရောက်ကာ မှောင်ရီရီဖြစ်လာစေလေသည်။ လူနာဆောင်တစ်ခုလုံး ငြိမ်သက်စိုထိုင်းမှိုင်းနေသည်။ ကျောင်းသားများကို လက်ခံစကားပြောမည့် လူနာမရှိဘဲ တိတ်ဆိတ်လို့။ မျိုးတို့ကလည်း လူနာခုတင် ခြေရင်းတွေဆီမှာ ရပ်ကြလို့။ ဆရာကြီးများ လူနာဆောင်များသို့ လှည့်ဝင်မှုမလုပ်ခင်၊ ဆရာတွေ စာမသင်ခင်၊ ရောဂါမှတ်တမ်းများကိုပဲ ပျင်းပျင်းရိရိ လိုက်ဖတ်နေရသည်။ အစဉ်ရယ်မောစရာရှာတွေ့တတ်မြဲ မျိုးအံဖော် မချိုတစ်ယောက်ပင် ငြိမ်သက်နေသည်။ မျိုးတို့စိတ်ဝင်စားစရာ ကေ့စ် တွေ့ရင် တစ်ယောက် တစ်ယောက် ခေါ်ငင်ကြဖို့မှု တိုင်ပင်ထားကြပြီးသားပင်။ မကြာမြင့်လိုက်ပါ။

"မျိုးရေ . . ."

ဟုမချိုထံက တိုးတိုးအသံပြုသံ မျက်နှာချင်းဆိုင် ခုတင်က ကြားရသည်။ ရောဂါမှတ်တမ်းကို မြှောက်ကိုင်ပြလျက် ခေါ်ငင်နေသော မချိုမျက်နှာကလည်း ချိုတော့မလို ချဉ်တော့မလိုနှင့်။

"ဘာကေ့စ်လဲဟင် . . ."

မျိုး . . . မချိုခုတင်သို့ ကူးသွားသည်။ မချိုလက်ထဲက မှတ်တမ်းကိုယူဖတ်ကြည့်တော့ လူနာ့ အပြောမဟုတ်ဘဲ တစ်ဆင့်ပြော မှတ်တမ်းမျိုးကိုတွေ့ရသည်။

လူနာကို သူ့ငယ်ချင်းများက သူ့အခန်းထဲမှာ မေ့မြောသတိလစ်လျက် တွေ့သည်တဲ့။ သူ့အနီးမှာ သူငယ်ချင်းများသို့ နှုတ်ဆက်ရေးသားခဲ့သော စာကို လည်း တွေ့ရသည်တဲ့။

ရောဂါအမည်က 'အိပ်ဆေးလွန်ခြင်း'။

မချိုအဖြစ်က ထူးထူးခြားခြားအဖြစ်မျိုး မဟုတ်ပေ။ သို့တစေ မျိုးကိုမူ 'ဘာဖြစ်လို့များ ကြံစည်ရပါလိမ့်' ဟူသော မိးခိုးကြွက်လျှောက် အတွေးများဖြင့် ငိုင်သွားစေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခုမှ ဆွေးနေလို့တော့ အပိုပဲပေါ့ မျိုးရဲ့၊ အစကတည်းက မချို မပြောလား၊ မျိုး သူ့အပေါ် ဒီလောက်ကြီးထိတော့ စိမ်းကားဖို့ မသင့်ပါဘူးလို့"

မချိုက လူနာအခြေပြု မှတ်တမ်း တစ်နေရာသို့ လက်ညှိုးထောက်ကာ ဆိုလိုက်သည်။ အများအမြင်တွင် စာဆွေးနွေးသလို ဟန်ဖြင့် ရွှမ်းပြက်လိုက်၍ မျိုးလည်း ပြုံးမိသွားသည်။ မချို မျက်နှာထား မချိုမချဉ်နှင့် ခေါ်သည်က ဒီလို နောက်မလို့ကိုး။ သည်တော့ မျိုးကလည်း မညံ့သေးပါ။ ခပ်တည်တည်ပဲ သူထောက်ပြနေသည့်နေရာကို လိုက်ကြည့်လျက် –

"အေးကွာ . . . မျိုးလည်း အတန်တန်ပြောခဲ့ပါသေးတယ်၊ မျိုးကို မမျှော်လင့်ပါနဲ့တော့လို့ ပြောရက်နဲ့ ခုလို ဖြစ်တာတော့လည်း မျိုး စိတ်မကောင်းပါဘူးကွာ . . ."

မျိုးတို့ ခပ်အုပ်အုပ် ရယ်လိုက်ကြသည်။ အနီးအပါး ခုတင်မှ သူငယ်ချင်းတို့ပင် မျိုးတို့ နှစ်ယောက်ကို လှမ်းကြည့်လျက် ရောယောင် ပြုံးမိသွားကြသည်။

"ဩော် . . . ခမျာ ရုပ်ရည်လေး သနားကမားနဲ့၊ မျိုးကလည်း သက်သက်ညှာညှာ စဉ်းစားလိုက်ရောပေါ့"

မချိုပြောမှ ခုတင်ပေါ်က လူနာကို ကြည့်ဖို့ သတိရသည်။

အို . . . မျိုးစိတ်ထဲတွင် လှုပ်ရှားသွားမိသည်။

လူနာသည် လက်နှစ်ဖက်ကို ယှက်လျက် ခေါင်းနောက်တွင် စုကာ ပက်လက် အိပ်မောကျနေသည်။ သူ့အိပ်မောကျနေပုံက အပြစ်ကင်းစင်သော ကလေးတစ်ယောက်လို အေးအေးချမ်းချမ်း ရှိလှသည်။ ဆိုးရွားသော အဖြစ်ကြီးနှင့် ဘယ်သို့မျှ မဆီမဆိုင်ပေ။ မျိုးတို့ထက် ခြောက်နှစ်၊ ခုနစ်နှစ် ပိုဦးမည့်သူမို့ သူငယ်ချင်းနှစ်ယောက် တိတ်တဆိတ် နောက်ပြောင်မိတာ အားနာစရာလိုပင်။

နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေစဉ်မှာပင် မချိုပြောသလို သနားကမား မွန်ရည်သော ရုပ်ရည်နှင့်ပါပဲ။ သူ့နှုတ်ခမ်းများက ပိရိစွာ စေ့ထား



www.burmeseclassic.com

www.burmeseclassic.com



လျက်။ အနည်းငယ် ရှည်နေသော ဆံပင်များက နဖူးတွင် ဖရိုဖရဲ ဝဲနေသည်။ သို့သော် မျက်ခုံးထင်းထင်းကတော့ ဆံပင်ရိပ်များ ကြားထဲက ပေါ်လွင်နေဆဲ။ မျက်ဝန်းကျယ်ဟန် ရှိသော မျက်လုံးများက အိပ်ဆေးတန်ခိုးဖြင့် လေးလံမှေးမှိတ်နေလေသည်။ ဆရာဝန်၊ ဆရာမတို့ ဝိုင်းဝိုင်းလည်အောင် အလုပ်ရှုပ်ရမည့် အခြေအနေကို လွန်မြောက်ပြီးဟန်နှင့် လူနာက သက်သောင့်သက်သာ အိပ်မောကျနေသည်။

နှစ်ရက်၊ သုံးရက် နေပြီးလျှင် လူနာဆေးရုံက ဆင်းနိုင်မှာပဲ။ လေး ငါးရက် အိပ်ချင်ပြီ ထိုင်းမှိုင်းနေဦးမယ်။ ဒီရက်တွေမှာ အိပ်နေမိဦးမှာပါပဲ။ ဒီရက်တွေ လွန်သွားရင်တော့ပုံမှန် ပြန်ဖြစ်သွားပါလိမ့်မယ်။ ဒါပေမဲ့ သူ့ရဲ့ စိတ်အနေကရော။ သူ့ကို ဒီလိုအခြင်းအရာတွေ ဖြစ်ပွားလာစေတဲ့ အကြောင်းအရာတွေကရော ပုံမှန် ပြန်ဖြစ်နေပါ့မလား။ ပြန်ဖြစ်မနေရင် သူဘာလုပ်မလဲ။ နောက်တစ်ကြိမ် ဆေးရုံကို ပြန်လာဦးမှာလားကွယ်။

သည်တစ်ကြိမ်တော့ သူသည် ရင်ခွဲရုံသို့ အနှောင့်အရှက်မရှိ ရောက်အောင် ကြိုးစားတော့မည်ပင်။

''အင်း ... အင်း မျိုးပဲ ကယ်တင်ရေး အသင်းဖွဲ့ပြီး ကိုယ့်ဖာသာကို ဥက္ကဋ္ဌ လုပ်ပေတော့ ....''

အတွေးများကို ဆွေးနွေးမိတော့ မချိုကသည်လို မျိုးကို ဩဘာပေးသည်။

''ဒီလောက်လဲ မစိုးရိမ်ပါနဲ့မျိုးရ၊ သေနေ့မစေ့သေးရင်၊ ဘယ်လိုပဲ ကြံစည်ပေမယ့် မအောင်မြင်နိုင်ပါဘူး။ မသေမှာ စိုးရိမ်လွန်းလို့ ကမ်းနားက သစ်ပင်တစ်ပင်နားမှာ ကြိုးဆွဲချတာရော၊ သေနတ်နဲ့ရော၊ အိပ်ဆေးနဲ့ရော တစ်ပြိုင်တည်းလုပ်တဲ့ သူလိုပေါ့''

မှုခင်းဆိုင်ရာ ဆေးပညာ သင်စဉ်က ဆရာပြောပြခဲ့သော အဖြစ်အပျက်လေးတစ်ခုကို မချိုသတိတရ ပြန်ပြောနေ၍ မျိုးလည်းပြုံးမိရ၏။

သေချင်ရှာလွန်း၍ ထိုလူက ကမ်းနားက သစ်ပင်မှာ ကြိုးဆွဲချ၏။ ကြိုးနှင့်မအောင်မြင်ရင် ရေထဲကျကာ နစ်သေစေဖို့။ ပြီးတော့ အိပ်ဆေး



www.burmeseclassic.com

www.burmeseclassic.com



လည်း ငုံထား၏။ သေနတ်နှင့် ချိန်ရွယ်ထားသည်။ သစ်ပင်ပေါ်က ခုန်ရွယ်ထားသေးသည်။ သစ်ပင်ပေါ်က ခုန်ချသည်နှင့် တစ်ပြိုင်တည်းလို ပစ်လိုက်သော ကျည်ဆန်က ကြိုးကိုထိ၍ ကြိုးပြတ်ပြီးရေထဲကျတော့ မျိုချထားသော ဆေးတွေလည်း ရေနှင့်အတူ ပြန်အန်ထွက်ကျကုန်သည်တဲ့။ ရေနှင့်မြုန်းခနဲ ရိုက်လိုက်၍ သတိလက်လွတ်ဖြစ်ပြီး ရေကူးသွားမိကာ ကမ်းသို့ပြန်ရောက်သွားပါရော...တဲ့။

"မရွှေမျိုး ခုမှပဲ ရယ်နိုင်တော့တယ်လား"

"တော်ပါတော့ ချိုရာ..."

ထိုနေ့က နေ့လည် မျိုးတို့ လမ်းမတော်ကျောင်းဘက် ကူးလာသည်အထိ လူနာက အိပ်မောကျနေဆဲ။

သူ့အမည် ကိုစောဦးဟု မှတ်တမ်းထဲမှာ ဖတ်လိုက်ရသည်။

❑ ❑ ❑

နောက်တစ်နေ့တွင်တော့ နေသာသည်။

စောစီးစွာ ရောက်မြဲမျိုး လူနာဆောင်ထဲကို ရောက်လာတော့ လူနာတွေ အိပ်ရာထကြ၊ သိမ်းကြနှင့် အဆောင်တစ်ခုလုံး အသက်ဝင်လှုပ်ရှားချိန်။ ဟောက်စ်ဆာဂျင်တွေ တာဝန်ပြောင်းကြရတော့မည်မို့ အပြေးအလွှားအလုပ်များနေကြသည်။ မျိုးလည်း ကူညီလုပ်ပေးမိသည်။

ယောက်ျားလူနာဆောင်ထဲတွင် သွေးဖောက်ယူပေးနေစဉ်အတွင်း မချို၏ အိပ်ဆေးလွန်သမားကို သတိရ ဂရုစိုက်မိတော့ သူက နှစ်ခြိုက်စွာ အိပ်မောကျလို့နေသည်။ သူ့ခုတင်ဘေး သံဗီရိုလေးပေါ်တွင် မနေ့ကလို ရှင်းပြောင်မနေတော့ဘဲ၊ ခပ်စိမ်းစိမ်း ငှက်ပျောဖီးတစ်ဖီးနှင့် ဓာတ်ဘူး၊ ရေပုလင်းများကို တွေ့ရသည်။

သူ့အိမ်သား သို့မဟုတ် မိဘတွေ သိမှာ မဟုတ်သေးဘူးထင်ပါရဲ့ဟု မျိုး တွေးနေမိသည်။ မိန်းကလေးဆိုရင် ဒီလောက်စိမ်းတဲ့၊ ချက်ချင်းစားလို့ မရသေးတဲ့ ငှက်ပျောဖီးရွေးမှာ မဟုတ်ပါဘူး၊ သူ့ကိုလာပို့သည့် ယောက်ျားလေး



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းများ၏ လက်ရာပဲ ဖြစ်မည်ထင်သည်။ သွေးဖောက်ယူရမည့် နောက်လူနာ တစ်ဦးထံသို့ သူ့ခုတင်နားမှ ဖြတ်သွားရသည်။ သည်တွင် ခုတင်ဘေး ဆေးရုံကြမ်းပြင်ပေါ်မှာ မှောက်ခုံလေးဖြစ်နေသည့် ဓာတ်ပုံလေး တစ်ပုံကို မျိုးတွေ့မိခြင်းပင်။ အမှတ်မထင်ဘဲ ကောက်ယူလျက် အဆင်သင့် မြင်နေရသော ရည်ညွှန်းစာကြောင်းများကို မျိုးဖတ်မိသွားခဲ့သည်။

"အကိုစောသို့– ချစ်သော နွယ်လေးမှ"

ဟု ရိုးရိုးလေး ညွှန်းလျက် လက်မှတ် ထိုးထားသည်။ "နွယ်နွယ် လေး"ဟု ရေးထိုးထားသော လက်မှတ်လေးကို အံ့အားတသင့် ဖတ်ရလေ သည်။ သည်လက်မှတ်လေးက မျိုးနှင့်တရင်းတနှီးရှိနေခဲ့၍ပင်။ ဓာတ်ပုံလေး ကို လျှင်မြန်စွာ လှန်ကြည့်မိလျှင် မျိုးသူငယ်ချင်းမလေး နွယ်နွယ်မှ နွယ်နွယ် ပါပဲ။ နွယ်က သူမ နှစ်သက်မြဲ တစ်ပတ်လျှိုဆံထုံး မြင့်မြင့်တွင် ဆံမြိတ်ရှည် ဖားဖားလေးချကာ ပြုံးရယ်နေသည်။ မျိုးနှင့် အထက်တန်းကျောင်းမှာ အတွဲ ခဲ့ဆုံး သူငယ်ချင်း။ အနေလွတ်လပ် ပျော်ရွှင်ခဲ့သော မိန်းကလေးကျောင်းမှ တက္ကသိုလ် အသီးသီးသို့ လမ်းခွဲခဲ့ကြရပေမင့် မျိုးနှင့် နွယ်တို့ အဆက် အသွယ် မပြတ်တောက်လှပေ။ မျိုး လိပ်ခုံးဆေးကျောင်းတွင် ရှိစဉ်က နွယ် တို့ ဝိဇ္ဇာ–သိပ္ပံသို့ မကြာခဏ အလည်ရောက်ဖြစ်သလို နွယ်ကလည်း မျိုး ထံသို့ လာတွေ့တတ်သည်။ နွယ် ဘွဲ့ရသွားသော အခါတွင် မျိုးတို့ အနေ ဝေးကွာလာခဲ့သည်။ တစ်ခါတစ်ရံ စိတ်ရကြလျှင်မှ စာများ အပြန်အလှန် ရေးကြဆဲ၊ ပို့စကတ်လေးများ ပို့ကြဆဲ။ နွယ့်ကိုယ်ရေးကိုယ်တာကို မျိုး သိရလောက်အောင် မရင်းနှီးတော့တာတော့ အမှန်ပင်။ လူချင်းမတွေ့သည် ကပင် ကြာပြီ။

"အဲဒါ သူ့ဓာတ်ပုံဖြစ်မှာဗျ။ ကျုပ်ဉစ္စာတော့ မဟုတ်ပေါင်ဗျာ ..."

အတွေးဝင်နေသော မျိုးမှာ ရုတ်တရက်လို လန့်နိုးလာရသည်။ တစ်ဖက် ခုတင်မှ အဘိုးက မျိုးဓာတ်ပုံလေးကောက်ယူလျက် ငိုင်နေ၍လားမသိ။ ပိုင်ရှင်ကို ပြောပေးရှာသည်။

မချိုအနီးတွင်ရှိရင်တော့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ကာ ပြုံးမိတော့မည်။

ဒါပေမင့် ... မျိုးသည် အဘိုးလူနာကို –

"ဒါဖြင့် ကျွန်မ သူ့ခေါင်းဦးအောက်မှာ ထားခဲ့မယ်နော် ..."

ဟု အသိပေးလျက် လူနာ့ခေါင်းဦးအောက် အစပ်သို့ ဓာတ်ပုံလေးကို အသာအယာ ထိုးထည့်ထားခဲ့ပါသည်။

ခုတင်ပေါ်က လူနာကမူ တစ်ဖက်သို့ စောင်းလှည့်လျက်၊ အိပ်မောကျနေဆဲ။

❑ ❑ ❑

ထိုရက်များကသာ မျိုး ဗိုလ်ချုပ်ဈေး ပေါင်ချိန်စက်တွင် ဝင်၍ ချိန်မိပါက –

"အရင်က မလုပ်ဘူးသော အရာများ လုပ်မိနေလိမ့်မည် ..." ဟူသော ဟောစာတမ်းလေးကိုများ ရမည်လား မသိပေ။

မျိုး ဘောက်ထော်က သူငယ်ချင်း နွယ့်နွယ့်ကို သွားတွေ့ခဲ့ပါသည်။

"ဒီနာမည်ကို နွယ် မကြားပါရစေနဲ့ မျိုးရယ် ..."

နွယ်က မျက်နှာလေး ညှိုညှိုနှင့် ယတိပြတ် ဆိုလေလျှင် မျိုး မောသွားရသည်။ စကားဘယ်လို ဆက်ရမည်ပင် မသိတော့ပေ။

"ဆောရီးကွာ ... မျိုးတို့ဝါ့ဒ်ထဲကို အိပ်ဆေးလွန်ပြီး ရောက်လာတဲ့ ကိုစောဦးဆိုတဲ့ လူနာရဲ့ ခုတင်နားက နွယ့်ဓာတ်ပုံလေး ကောက်တွေ့မိလို့ မျိုး စကားစပ်မိတာပါ"

တောင်းပန်သလိုဖြင့် မျိုး ဖွတ်ပင် ဆက်ပြောမိသည်။ မျိုးမှာ ဘယ်လိုပဲဖြစ်ဖြစ် ရင်ဆိုင်ဝံ့သည့် သတ္တိတွေ ဘယ်က ဝင်နေသည်လည်း မသိပေ။ မျိုး အတွေးက မဆိုးခဲ့ပါ။ ဆေးရုံမှာ တွေ့ရသည်ဆိုတော့ တည်ငြိမ်နေသော နွယ်တစ်ယောက် လှုပ်ရှားလာခဲ့တော့သည်။

"သူ–ဆေးရုံမှာ၊ နွယ်လဲ ဘာမှ မသိရပါလား၊ အခုရော ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



နေသေးလဲ၊ အိပ်ဆေးလွန်တာလား မျိုး၊ ဟုတ်လား . . .''

နွယ်က မျက်လုံးလေးများ ဝိုင်းလျက် အလန့်တကြားမေးလျှင် မျိုးဖြေဘို့ ဝန်လေးသွားရ၏။ ခဏကြာမှ . . .

''သူ့နားမှာ နှုတ်ဆက်စာ တွေ့ရတယ်လို့ ချတ်ထဲမှာတော့ ဖတ်လိုက်ရတယ် နွယ် . . .'' . . . ဟု နွယ့်အရိပ်အခြေကို ကြည့်ရင်း ဖြေရသည်။ နွယ်က မယုံကြည်နိုင်သလို မျိုးကိုငေးရင်းက မျက်ရည်တွေ ရစ်ဝိုင်းလာသည်။

''အခု မစိုးရိမ်ရတော့ပါဘူး၊ အခြေအနေကောင်းလို့ ဆေးရုံက ဆင်းတောင် ဆင်းရတော့မှာပါ''

နွယ့်ကို မျိုး နှစ်သိမ့်ရပြန်ပါသည်။ နောက်တခါ ပြန်ရောက်မလာဖို့ဘဲ အရေးကြီးပါတယ်ဟု မျိုး စိတ်ထဲကတော့ ဆက်ပြောလိုက်ပါသည်။ လူနာ ကိုစောဦး၏ အခြေအနေများကို စေ့စေ့စပ်စပ် မေးလို့ အားရတော့ နွယ်က သူမတို့ အဖြစ်အပျက်များကို ဖွင့်ဟရှာလေသည်။

''သူသေဖို့ အစားဆိုရင် နွယ်က သေပစ်လိုက်ချင်ပါသေးတယ်၊ သူ့ကို နာကြည်းမုန်းတီးနေရတဲ့ ကိုယ့်အဖြစ်နဲ့လည်း မနေချင်တော့ပါဘူး၊ နွယ်တို့ ဒီလောက်ချစ်လာပြီးမှ ယုံပြီးမှ သူ့ကို ဒီလိုသစ္စာမဲ့တဲ့ သူ့အဖြစ် တွေ့ရတော့ နွယ် ဘယ်လိုနေရပါ့မလဲ''

''နွယ် . . . ပထမနှစ်ကတည်းက သူနဲ့ချစ်ခဲ့ကြတာပါ၊ သူလည်း အလုပ်ရ၊ နွယ်လည်း ကျောင်းပြီးကြတော့မှ လက်ထပ်ကြမယ်လို့ပေါ့၊ မိဘတွေကိုလည်း အသိပေးပြီးကြပါပြီ၊ အခု နွယ်တို့နှစ်ယောက်လုံး အလုပ်တွေလည်း ရကြ ပြီမို့၊ လက်ထပ်ဖို့လည်း ပြောကြရော (. . . . .)က မြင့်မြင့်မေဆိုတဲ့ မိန်းမတစ်ယောက် ဝင်လာတော့တာပါပဲကွာ၊ သူက နွယ့်ကို ဆက်သွယ်ခဲ့တယ်၊ ကိုစောဦးက သူ့အမျိုးသားမို့ နွယ့်ကိုရှောင်ပေးစေချင်ပါတယ်တဲ့၊ နွယ်က သူ့ရဲ့ရိုးဂုဏ်ကို ယုံလို့ ဒီလောက် မတုန်လှုပ်ခဲ့ပါဘူး၊ ဒါပေမဲ့ . . . သူ့ကို ဖွင့်မေးတဲ့အခါကျတော့ သူက နွယ့် အမေးတွေကို မဖြေခဲ့ဘူးလေ၊ နွယ်မချင့်မရဲနဲ့ မေးလွန်းတဲ့ အခါမှ သူနဲ့မြင့်မြင့်မေအကြောင်းကို သူတို့ နှစ်ယောက်သာ သိပါတယ်တဲ့၊ သူ့မှာ အပြစ်ရှိတယ်လို့ ထင်ရင်လည်း



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို လက်မထပ်ပါနဲ့တော့၊ သူလည်း ဒီ မြင့်မြင့်မေကို ဘယ်တော့မှ လက်ထပ်မှာ မဟုတ်ပါဘူးတဲ့၊ အဲဒါပဲ ပြောတယ်''

''သူ့ကို ဘာမှမေးမရတော့တဲ့ အဆုံးတော့ နွယ် စိတ်နာမိတယ်၊ လမ်းခွဲခဲ့ရတော့တယ်၊ အဲဒီ အမျိုးသမီးနဲ့ သူတို့ ယူဖြစ်ကြပြီလို့တောင် ထင်နေမိတာ၊ သူ ဒီလို ကြဲစည်တယ်ဆိုတော့လည်း စိတ်မကောင်းမိဘူး မျိုးရယ်၊ နွယ့်ဘက်ကတော့ သူတို့ကို ရှောင်ပေးခဲ့သားပါပဲ''

နွယ့် ဇာတ်လမ်း ဆုံးသွားတော့ မျိုးဘယ်သို့မျှ မဝေဖန်လိုက်မိပါ၊ မျက်စိထဲမှာတော့ ရိုးသားတည်ကြည်ဟန်ရှိသော ကိုစောဦး၏အသွင်ကိုသာ မြင်ယောင်နေမိသည်။ လူဆန်းဆိုတိုင်းလည်း သူများထက်ထူးကာ နဖူးတွင် ချိုမရှိသောကြောင့် အကဲခပ်ရ ခက်လှပါလားဟု မျိုး တွေးနေမိသည်။ နွယ့်ကို နှစ်သိမ့်၍ ပြန်ခဲ့သောအခါ (.....)က မြင့်မြင့်မေ ဟူသောအမည်ကို မျိုးစိတ်ထဲမှာ ပဲ့တင်ထပ်၍ ပါလာခဲ့သည်။ မြင့်မြင့်မေ ရှိသောနေရာတွင် မျိုး သူငယ်ချင်းတွေလည်း များစွာ ရှိသည်မဟုတ်ပါလား။

❑ ❑ ❑

နောက်တစ်ရက်တွင် ကိုစောဦး ဆေးရုံက ဆင်းဖြစ်သည်။

ဆေးရုံတွင် ရှိသည့် တစ်ချိန်လုံး သူသည် ထိုင်းမှိုင်းမှုးဝေခဲ့သည်။ အမြဲတစေ မှေးနေရသည်။ သို့မဟုတ် အိပ်မောကျနေခဲ့သည်။

ကိုစောဦး ခုတင်သို့ မျက်နှာလေး လမင်းလို ဝိုင်းစက်နေသည့် (၁၄)နှစ်အရွယ် လူနာလေးတစ်ဦး ရောက်လာသည်။ မျက်ခွံမို့မို့၊ မျက်နှာ ပြည့်ဝိုင်းဝိုင်းနှင့် ချစ်စရာအသွင်ကို မြင်ရကတည်း ကျောက်ကပ် ရောဂါမှန်း သိသာလှပါသည်။ မျိုးကတော့ ခုတင်ပေါ်တွင် လက်နှစ်ဖက် ယှက်ကာ ခေါင်းနောက်တွင် ခုလျက်ဖြစ်ဖြစ်၊ ဘေးတစောင်းစောင်းဖြစ်ဖြစ် အိပ်မောကျ နေတတ်သူ တစ်ဦးအသွင်ကိုသာ မြင်ယောင်နေမိပါသည်။

မျိုး မလုပ်ဖူးသော အရာများကို ဆက်လုပ်နေမိနေပါသေးသည်။ မြင့်မြင့်မေ တက်နေသော သင်တန်းသို့လိုက်၍ မျိုး၏ သူငယ်ချင်းမလေးများ



www.burmeseclassic.com

www.burmeseclassic.com



နှင့် တွေ့ဆုံမည်။

"မြင့်မြင့်မေလား ... အနေအေးသားပဲ၊ ခုတော့ သူ့အကြောင်း မသိလှပါဘူး"

"သူက လီလီတို့ထက် စီနီယာကျတယ် မဟုတ်လား၊ ဒါကြောင့် သူ့အကြောင်း များများမသိပါဘူး၊ ဆက်ဆံတာတွေ ဘာတွေတော့ ဖော်ရွေသားပါပဲ၊ သဘောကောင်းပုံ ရပါတယ်"

"မမြင့်က ရေကူးသိပ်တော်တယ် မျိုးရဲ့၊ သူဇာတို့နဲ့ ရေကူးရင်းပဲ တစ်ခါတစ်ရံ ဆုံဖြစ်တာ ..."

မျိုးရင်ထဲတွင် မကြေမလည် ခံစားမိရသည်။

သည်အတိုင်းဆို အေးဆေး ရိုးသားသော မိန်းကလေးတစ်ယောက်ကို ချစ်သူရှိပြီး၊ အတွေ့အကြုံရှိပြီး အမျိုးသားတစ်ဦးက ချစ်သူကွယ်ရာမှာ သစ္စာမဲ့လျက် ဖြားယောင်းသွေးဆောင်သည့် သမားရိုးကျ ဇာတ်လမ်းမျိုးပဲ ပေါ့"

ကိုယ့်ဇာတ်ရုပ်၊ ကိုယ်မရှင်းနိုင်တော့ အိပ်ဆေးလုံးလေးတွေကို အညီးနှင့် မျိုချလိုက်သည့် ဇာတ်လမ်းမျိုးပဲပေါ့။

ဒီတစ်ခါ နောက်ဆုံးပဲဟု တွေးလျက် အိမ်ပြန်ရောက်မှ ယောက်ျား လေး သူငယ်ချင်းတဦး၏ ဖုန်းနံပါတ်ကို လှည့်လိုက်သည်။ လူချင်း ရင်ဆိုင် တွေ့ကာ စပ်စုဖို့ မရဲတင်းသော်လည်း ဖုန်းအားကိုးနှင့်မို့ မျိုးက –

"မျိုးပါ ... ယူတို့ဆီက မြင့်မြင့်မေဆိုတဲ့ တစ်ယောက်အကြောင်း နည်းနည်းပါးပါး သိရမလားလို့ပါ ..."

ဟု ဆိုရသေးသည်။ တစ်ဖက်သူငယ်ချင်း၏ လေချွန်လိုက်သံကို ကြားရလေသည်။

"မျိုးနဲ့ ဘယ်လို ပတ်သက်နေလို့လဲ ..."

ရယ်သံနဲ့ ပြန်မေး၍ မျိုးက ကပျာကယာ ...

"ဟင်အင်း ... မျိုးနဲ့မပတ်သက်ပါဘူး၊ မျိုးသူငယ်ချင်း တစ်ယောက် ရဲ့ အမျိုးသား ကိုယ်ရေးရာဇဝင်မှာ မြင့်မြင့်မေဆိုတဲ့ နံမည်ပါနေလို့တဲ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဖြေရှင်းချက် ထုတ်ရသည်။

''ဒါဆိုရင် ... ပြန်ပြောလိုက်ပေတော့ မျိုး၊ နာမည်ပါနေရုံလောက်နဲ့ မဆန်းပါဘူးလို့ ...''

''သူတို့အတွက်ကတော့ ဆန်းနေတာပဲလေ၊ တစ်ယောက်က မျိုးတို့ဝို့ဒ်ထဲကိုတောင် အလည်လာသွားသေးတယ်၊ Suicide နဲ့ ...''

''မျိုးရဲ့ သူငယ်ချင်းတွေကလည်း နလုချည်လား၊ မျိုးမှာ လက်ချောင်းလေးတွေ၊ ခြေချောင်းလေးလေ စုစုပေါင်း ဘယ်နှစ်ချောင်းရှိလဲ''

မျိုးက ယောင်ယောင်ကန်းကန်းနှင့် ...

''နှစ်ဆယ်''

''အေး ... သူတို့ရဲ့ ကိုယ်ရေးရာဇဝင်ထဲမှာ မြင့်မြင့်မေရဲ့ နာမည်ပါနေပေမယ့် အမျိုးသားတွေကို ရေတွက် ကြည့်ချင်ရင်တော့ မျိုးတို့ ရင်ခွဲရုံထဲက လက်တွေ၊ ခြေထောက်တွေ ငှားချည်ဦးမှ ဖြစ်လိမ့်မယ်''

''အို ...''

ဒါပဲပြော၍ တစ်ဖက်က ဖုန်းချသွားသည်။ မျိုးပဲ ဇဝေဇဝါဖြင့် ကျန်ရစ်ရ၏။ ဘယ်သူ့စကားကို ယုံရမလဲ မသိတတ်တော့ပေ။

ဆုံးဖြတ်ချက်ကိုပြင်၍ နောက်တစ်ဦးထံ ဖုန်းခေါ်မိပြန်သည်။

''မြင့်မြင့်မေက အစတော့ အေးမလိုပါပဲ၊ နောက်တော့ နည်းနည်းမျက်စိနောက်စရာတွေဖြစ်လာတယ်လေ၊ အရည်အတွက်တွေ များလာတယ်ဆိုပါတော့၊ သူက ခပ်ရဲရဲပဲ တွဲတတ်တယ်၊ ဟိုတစ်လောတုန်းကတော့ အရည်အတွက်ကနေ အရည်အချင်းကို ကူးပြောင်းလိုက်ချင်ပုံ ရတယ်ကွ သိလား၊ အတော်လေး ကြိုးစားလိုက်သေးတယ်၊ အင်ဂျင်နီယာတစ်ယောက် ထင်ပါရဲ့''

မျိုး ရင်ခုန်မြန်သွားရသည်။ အင်ဂျင်နီယာတစ်ယောက်။

''တို့ဖြင့် အဲဒီတစ်ယောက်တုန်းက စိတ်တောင်မကောင်းမိဘူး၊ နှစ်ဖက်က အင်အားချင်းမှ မညီမျှပဲကို၊ ဒီလူလည်း ကြမ္မာငင်တာပါပဲ၊ သူ့အထက် အရာရှိတွေကိုတောင် မြင့်မြင့်မေက လိုက်ပြီးတော့ သူ့အမျိုးသမီး



www.burmeseclassic.com

www.burmeseclassic.com



ပါလို့ ကပ်သတဲ့ကွာ၊ ခံရတာပေါ့၊ ဒါပေမဲ့ ယူ မအုံ့သြနဲ့၊ အခု ... သူမဟုတ်ပြန်တော့ဘူး''

''ဟင် ... ဘာဖြစ်လို့ ...''

မျိုးစကား မြန်မြန်ထောက်ပေးမိသည်။

''ချိတ်–ချိတ်–ချင်း ချိတ်မိသွားကြပြီလေ၊ ဟို ... အင်ဂျင်နီယာပေါက်စနဲ့ မယှဉ်သာတဲ့ တကယ့်အပျံစား၊ အကောင်းစား တစ်ယောက်နဲ့ပဲ၊ တစ်ယောက် တစ်ယောက် အရှုံးမရှိပါဘူး၊ မင်္ဂလာတောင် လာတော့မတဲ့၊ ယူ စောင့်သာ နားထောင်ပေတော့ပေါ့''

ဖုန်းချသွားတော့ မျိုးရင်ထဲက စိုးရိမ်ကြောင့်ကြမှုတွေလည်း လျော့ဆင်းသွားသလိုပင်။

မိန်းကလေးအချင်းချင်းထက် ယောကျာ်းလေးတွေက မိန်းကလေးတစ်ယောက်အကြောင်းကို ပိုသိတတ်တယ် ဟူသော သီအိုရီကိုလည်း မျိုးထောက်ခံချင်သွားတော့သည်။ အမြင်လည်းကျယ်၊ ပတ်ဝန်းကျင်လည်းကျယ်သော ယောကျာ်းလေးတွေနားသို့ စကားသံလည်း ကျယ်ကျယ်ရောက်နိုင်သည် ထင်၏။ မျိုး ကြားသိခဲ့ရသမျှ နွယ့်ကို စကားတန်ဆာမဆင်ဘဲပြောပြခဲ့သည်။ ခွင့်လွှတ်သင့်၊ မသင့်ကိုတော့ နွယ့်ဖာသာ စဉ်းစားဖို့ ထားခဲ့သည်။ မျိုး ထင်မြင်ချက်ပေးပါ ဆိုသည်ကိုပင် ရယ်မောငြင်းဆန်ခဲ့ရသည်။ မျိုးမထင်မြင်လို့၊ မတိုက်တွန်းလို့ပါ။

သည်လို ကိစ္စမျိုးက ဘယ်လိုကိစ္စမျိုးနှင့်မှ မတူတတ်သည်ကို မျိုးကြားဖူးသည်ကိုး။

❑ ❑ ❑

ထိုနှစ် ဆောင်းတွင်းတွင်ပင် ကိုစောဦးနှင့် နွယ်နွယ်တို့ လက်ထပ်ဖြစ်ကြသည်။ မျိုးထံသို့ လက်ဖွဲ့ခြင်း သည်းခံပါ–ဟု နွယ့်လက်ရေးဖြင့် ရေးထားသော သီးသန့် ဖောင်းကြွ ဖိတ်စာကတ်လေး ပေးပို့သေးပေမင့် မျိုးမသွားဖြစ်ခဲ့ပါ။ ထိုအတောအတွင်းကလည်း မျိုးတွင် စာမေးပွဲများ ပတ်လည်



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းနေခဲ့သည်။ နောက်တော့ စစ်တောင်း စက္ကူစက်သို့ နွယ်တို့ပြောင်းရွှေ့သွားရသည်ဟု သဲ့သဲ့ ကြားရလေသည်။ နွယ်ကတော့ –

"မျိုးကို ကတိတစ်ခုပေးရမယ်၊ မျိုး ဒီလို စပ်စပ်စုစုတွေ လျှောက်လုပ်တယ်ဆိုတာ အိမ်သိရင် မလွယ်ဘူးပဲ၊ နွယ် ဘယ်သူ့ကိုမှ မပြောရဘူးနော်"

ဟု မျိုး နှုတ်ပိတ်ထားခဲ့၍ ဘယ်သူ့မှ ပြောဖြစ်လိမ့်မည် မထင်ပါ။ မျိုးကသာ အချစ်ဆုံး သူငယ်ချင်းကို ပြောပြမိခဲ့သည်။ မချိုက အံ့အားတသင့်နှင့် –

"ကြည့်စမ်း ... မျိုးက သူငယ်ချင်းအတွက် အတော်ကြိုးပမ်းလိုက်တာပါလား၊ မျိုးကို ချီးကျူးရမယ်ကွ၊ တကယ်ပြောနေတာပါ၊ မျိုးရဲ့ ..."

ဟု ရယ်မောနေသော မျိုး ပခုံးကိုဖက်၍ဆိုသည်။ အသံကို နှိမ့်ချလျက် –

"မချိုကျရင်လည်း ကြည့်မနေပါနဲ့ဟာ နော် ..." ဟု အရွှန်းဖောက်သေးလေသည်။

မျိုးရင်ထဲမှာ သူ့ကိုဖွင့်မပြောဘဲ ချန်သင့်သလောက် ချန်ထားထားရစ် ရသည်ကိုတော့ မချိုက မသိရှာပေ။

မျိုးရင်တွင် မပြောကောင်းသော အကြောင်းလေးတစ်ခု ခိုနေသည်။

ဟို ... ရှေးတရောအခါတစ်ပါးက အကြောင်း အဟောင်းအမြင်းလေး။ မျိုး (၁၅)နှစ်သမီးအရွယ်က။ ငယ်ရွယ်သူတို့ဘာဝ စိတ်ရှုပေါက်လျက် အိမ်မှ စိတ်ကောက် ထွက်ပြေးခဲ့ဖူးပါသည်။ မျိုးတစ်ယောက်တည်း ရန်ကုန်ဘူတာကြီးတွင် ယောင်လည်လည် ဖြစ်နေစဉ် လူရွယ်တစ်ဦးက (ထိုစဉ်ကတော့ မျိုးစိတ်ထဲမှာ သူ့ကို လူလားမြောက်နေသည့် လူကြီးကြီးတစ်ဦးဟု ထင်ခဲ့မိသည်ပင်) မျိုးကို ဖျောင်းဖျလျက် အိမ်တိုင်ယာရောက်လိုက်ပို့ပေးခဲ့သည်။

တစ်အိမ်လုံး စိုးရိမ်သောက များနေကြစဉ်မို့ သူပြန်သွားမှပင် သူ့နာမည်ကို မမေးလိုက်မိသည့် အဖြစ်ကို သတိရပြန်သည်။

နောင်တွင် တစ်ကြိမ်မျှ ပြန်လည်မဆုံတွေ့ရတော့သော ထိုသူသည်



www.burmeseclassic.com

www.burmeseclassic.com



မျိုးဘဝလေးထဲတွင် ထာဝရ အမှတ်ရနေချင်စရာ ဖြစ်လာခဲ့သည်။

"မျိုး သူ့ကို ပြန်လည်ဆုံတွေ့ရပါစေ"ဟု စွဲမြဲစွာ ဆုတောင်းမိခဲ့သည်။

မျိုး ဆုတောင်းပြည့်ခဲ့သည်ဟု ဆိုနိုင်မည်လားမသိ။ မျိုး သူ့ကို နှစ်အတန်ကြာသောအခါ ပြန်လည် ဆုံတွေ့ခဲ့ရသည်။ ကောင်းသော တွေ့ဆုံခြင်းမျိုးတော့ မဟုတ်ပေ။

သူသည် မျိုး၏သူသာ ဖြစ်ကြောင်း မျိုးစိတ်ထဲမှာ တစ်ရက်ထက်တစ်ရက် သေချာ မှတ်မိလာခဲ့သည်။

သူ့အမည် ကိုစောဦးဟု ထိုအခါမှပင် မျိုးသိရသည်။ ဆိုးဝါးသော အဖြစ်နှင့်အတူ သူ့ကိုယှဉ်တွဲတွေ့ရတော့ မျိုးက ကရုဏာသက်ရသည်။ သူ၏ ရိုးသားတည်ကြည်ပုံကို ယုံကြည်ပြီးဖြစ်၍ သူ့ဘဝ အဆင်ပြေဖို့ သူ နောက်တစ်ကြိမ်ပြန်ရောက်မလာဖို့ မျိုး ကြိုးစားမိပါသည်။ သူ့ချစ်သူက မျိုးရဲ့ သူငယ်ချင်း ဖြစ်လာပြန်တော့ မျိုး ကြိုးစားဖို့ လွယ်ကူကာ ကျေးဇူးဆပ်နိုင်ခွင့်ကြုံသည်ဟုပဲ ဆိုရလေမည်။

သို့နှင့် မျိုးမှာ ပြင်ဆင် ဆုတောင်းရပါသည်။

"အရင်က ဆုတောင်းမိသမျှ သည်တစ်ကြိမ်ပြည့်ရုံနဲ့ပဲ ပြီးပါစေ" ဟူ၍ ...

မျိုး ရင်ဖွင့်လို့ မဖြစ်ဘဲ၊ တွေးလို့ပဲ ဖြစ်သော အကြောင်းများကို အကြောင်း တိုက်ဆိုင်တိုင်း မျိုးမှာ တစ်ကိုယ်တည်း တွေးမိနေရပါသည်။ သည်လို မိုးဖွဲလေးများ ကျလေတိုင်း။

❑ ❑ ❑

ရှုမဝမဂ္ဂဇင်း၊ ဩဂုတ်လ၊ ၁၉၇၅။



www.burmeseclassic.com

www.burmeseclassic.com

# အမိုက်အမဲ

www.burmeseclassic.com

www.burmeseclassic.com



(၉)

"မိန်းမတစ်ယောက် အားထားရလောက်တဲ့ မေတ္တာမျိုးကို ပေးတတ်တဲ့သူက မိုက်ပါ့မလား မွန်၊ တကယ်မိုက်တာက မယူတဲ့သူပဲ၊ ငြိမ်းက မိုက်တာပေါ့၊ ဘာကြောင့်လဲဆိုတော့ ငြိမ်းဘဝမှာ ဘယ်တော့မှ သက်သာရာရမှာ မဟုတ်တော့လို့ပဲ • • •၊ ဘဝတစ်လျှောက်လုံး သူ့မေတ္တာတွေ စူးသွားတော့မှာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



## အမိုက်အမဲ

ကရုဏာဒေါသပွားရသည့် အပေါင်းအသင်းများက သူ့ကို ''လူမိုက်'' ဟု ဆိုမိကြသည်။ သူက ပြန်လည်ချေပဖို့ မကြိုးစားပေ။ ပင်ကိုယ် အေးဆေးခြင်းနှင့် ရောယောင်ကာ ငြိမ်သက်နေတတ်သည်။

''ငြိမ်း''နှင့်ပတ်သက်လာလျှင် သူ ဘာတစ်ခုမျှ မပွင့်လင်းချေ။ သိုသိပ်တတ်လေသည်။ သူ ... သိုသိပ်သမျှ ငြိမ်း၏ အေးစက်စက် အသွင်အပြင်က ပိုမိုသိသာ ပေါ်လွင်လာသည်။ နွေးထွေးမလာနိုင်ဖွယ်လည်း ဆောင်လာလေသည်။ ရှည်တောင့်ရှည်ကြာသော သူ့ရဲ့ စောင့်စားမျှော်လင့်ရခြင်းတို့နှင့် မလိုက်လျောသော ငြိမ်း၏ တုံ့ပြန်မှုများကပင် သူ့သူငယ်ချင်းများကို မခံချိမခံသာ ဖြစ်စေခဲ့သည်။ သူ့ကိုယ်စား ခံပြင်းကာ ငြိမ်းကို စိတ်နာကြည်းလာခဲ့စေသည်။

သူက ငြိမ်းကို အပြစ်မမြင်နိုင်ခဲ့၊ စိတ်နာရကောင်းမှန်းလည်း မသိခဲ့။

''မိုက်တဲ့ လူပဲ''ဟု လက်လျှော့ကြရတော့လေသည်။

တစ်ညနေ သူ့အခန်းထဲတွင် အတွဲဆုံးအဖော် အောင်မျိုး ရှိနေစဉ်–

''ရွှေမျက်ရည် စိုစိုရွှဲ မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာ မောင့်မျက်ရည် အလား၊ အောက်မေ့မိတာယုံ ...၊ ကိုယ့်မီးကိုယ်မွှေးလို့ ကိုယ့်ဓာတ်ကိုယ်က ...၊ မနိုင်မှ လွမ်းရ ရွှေရင်အုံ''

''လူမိုက်ကြီးရယ်လေ ... စိမ်းကားသူကိုမှ ချစ်လိုက်တာတုန် ...''

စကြဲ့မှ သီချင်းသံ လွင့်ဝင်လာသည်။ ကျောင်းသားတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ယောက် ရောက်တတ်ရာရာ ဟစ်လိုက်သော သီချင်းသံတစ်ပုဒ်။ သို့သော် အောင်မျိုးရော သူပါ ''လူမိုက်'' ဆိုသောစကားလုံးကို ကျက်မိသွားသည်။ အောင်မျိုးက သူ့ကို ဖျတ်ခနဲ လှမ်းကြည့်သည်။ သူကလည်း အောင်မျိုးကို ကြည့်နေရက် ဆုံမိနေသည်။

သူက ပြုံးလိုက်မိသော်လည်း အောင်မျိုးက မပြုံးပေ။

''ဒီသီချင်းကို ကိုယ်တော့ သိပ်ကြိုက်တာပဲ၊ ဆိုလို့ ကောင်းတယ်လေ၊ မင်းရော ... ဝင်းဟန်''

စာကြည့်စားပွဲက ထလာရင်း အောင်မျိုးက မေးသည်။

''ကောင်းသားပဲ''

အောင်မျိုး မျက်နှာပြင်ပေါ်က မရေမရာ အရိပ်ကို အံ့အားသင့်မိရင်းက သူ ဖြေသည်။

''ဒါပေမဲ့ တကယ့် ဖြစ်ရပ်မှာတော့ သီချင်းလို ဆိုလို့မကောင်း၊ ကြားလို့လည်း မတော်လှဘူး၊ သီချင်းထဲမှာပဲနေတာ ကောင်းလိမ့်မယ်ထင်တယ်''

သူ ဖတ်လက်စ ''စစ်နှင့်ငြိမ်းချမ်းရေး'' ကိုပင် စာမျက်နှာပျောက်မှာ မစိုးရိမ်ဘဲ ချမိလေသည်။ အောင်မျိုးက ဝရန်တာသို့ ထွက်ရပ်သည်။ သူ့ခုတင်အနီးမှ ဖြတ်သွားသော သူငယ်ချင်းကျောပြင်ကို လိုက်ကြည့်ရင်း မှင်သက်နေမိသည်။ ခုတင်မှ ဆင်းလာခဲ့ကာ အခန်းတံခါးဝကို မှီရပ်ရင်း အောင်မျိုး စကားဆက်ကို စောင့်မိသည်။ အောင်မျိုးက ကျောပေးရပ်မြဲ ရပ်နေရာက –

''တံ့ပြန်လာမှာ မဟုတ်တဲ့အရာကို မျှော်ကိုးနေတာဟာ အသုံးမကျ အခွင့်အရေးမရှိတော့တဲ့ သူတွေရဲ့ အလုပ်ပါကွာ၊ မင်းကိုယ်မင်း အသုံးကျသေးတယ်လို့ ယုံရင် ဒီမရေရာတဲ့ အလုပ်မျိုးကို စွန့်လွှတ်လိုက်ပါတော့''

ဟု သံမှန်ဖြင့် မဆိုစဖူး ဆိုလေသည်။ အောင်မျိုး မျက်နှာရိပ်ကို မှန်းဆကြည့်နေမိသည်။ အခန်းသို့ ဝင်လာစ သမားရိုးကျ ...။



www.burmeseclassic.com

www.burmeseclassic.com



"ဒီညနေ ဘယ်မှ မလျှောက်ဖူးလား" ဟု နှုတ်ဆက်စဉ်ကတည်းက အောင်မျိုး မျက်နှာ တစ်မျိုးတစ်မည် ရိပ်တွေ ထင်နေခဲ့သည်ပဲ။ ဆိုခဲ့သော အောင်မျိုး။ ငြိမ်းနှင့် ပတ်သက်လို့ ပိုဝေဖန်ခဲ့လှသည်။ သူ စိတ်ညိုးချုံး ပင်ပန်းရစဉ်တိုင်း နှစ်သိမ့်ဖျောင်းဖျတတ်မြဲ သူငယ်ချင်း။

"ယောက်ျားချေး မဖျက်စမ်းပါနဲ့ကွာ"

ဟု စိတ်ထန်သော အပေါင်းအသင်းတချို့က ဆိုကြစဉ် အောင်မျိုး က –

"မင်းမနိုင်မှာ လက်ဖက်ရည် သွားသောက်မယ်၊ လိုက်ခဲ့ကွာ"

ဟု သူ့ကို ဆွဲထုတ်သွားတတ်လေသည်။

သည် သူငယ်ချင်းကပင် သည်လို သည်လို ဆိုခဲ့ပြီဆိုတော့ . . . သူသည် ပြုံးမိလျက် ဝရန်တာသို့ လိုက်လာရပ်သည်။ အောင်မျိုးက လှည့်မကြည့်။ သူ့အကြည့်ကို ဗိုလ်ချုပ်လမ်းမတွင်သာ စိုက်ထားသည်။ လမ်းပေါ်တွင် မြူနီ ညိုပြာသော ကားတို့ တရိပ်ရိပ် ပြေးနေသည်။ ကားလမ်းမ တစ်ဖက်ကမ်းက ဆေးရုံလာ ညနေညှိမျှားဖြင့် စည်ကားနေသည်။ ပြေးလာသော ကားတချို့ အရှိန်သတ်လျက် ဆေးရုံကြီးဝင်းတွင်းသို့ ချိုးဝင်နေကြသည်။

ရန်ကုန်၏ မြို့လယ် ညနေခင်းသည် ရှုပ်ထွေးဆူညံနေမပျက်ပေ။ ညနေရှုခင်းတွင် အကြည့်စိုက်မြဲ စိုက်ထားသော အောင်မျိုးကို အကဲခပ်ရင်း သူနှင့်ပတ်သက်၍ တစ်ခုခု ခံစားခဲ့ရပြီဟု သိလာသည်။ သည်တစ်ကြိမ် ပြဿနာက ဆေးရုံမှာလား၊ စာသင်ခန်းမှာလား၊ မင်းမနိုင် ဆိုင်မှာလား။ ဘယ်နေရာမှာ စတင်ခဲ့သည်လည်းမသိ။

သူက ပေါ့စေလိုသောစိတ်ဖြင့် ရယ်မောလိုက်မိသည်။

"ကိုယ် မျှော်လင့်နေသေးတယ်လို့ ထင်လို့လား အောင်မျိုးရာ၊ မျှော်လင့်လှလို့ရယ် မဟုတ်ပါဘူး၊ ဘယ်လိုပြောရမလဲ၊ သူ မတုံ့ပြန်ချင်ရင်လည်း နေရင် နေနိုင်တဲ့ မေတ္တာမျိုး ကိုယ်ထားနိုင်လာသလိုပဲ"

အောင်မျိုးက ခံပြင်းရိပ်ဖြင့် စူးစူးရှရှ လှည့်ကြည့်သည်။ ဂရုဏာ



www.burmeseclassic.com

www.burmeseclassic.com



ဒေါသသင့်သောအသံဖြင့် –

"ကိုယ့်မေတ္တာက ရယူလိုခြင်း မဟုတ်ဘဲ ပေးဆပ်နေလိုခြင်း သက်သက်ပါ ဆိုတာမျိုးလား၊ စိတ်ကူးသိပ်မယဉ်စမ်းနဲ့ ဝင်းဟန် …၊ ငါတော့ မင်းကြောင်နေတာတွေ တော်လောက်ပြီလို့ ထင်မိတယ်"

အောင်မျိုးက စိတ်တိုလာနေပြီ၊ သူပြောသည်ကို နားလည်ပုံမလား၊ ဒေါသကြီးမလား၊ ရယ်မောမလားဟု စိုးရွံ့ရသေးသည်။ အောင်မျိုး စိတ်ငြိမ် အောင် စောင့်ပြီးမှ အေးအေးဆေးဆေး ပြောပြမိသည်။

"သူများတွေ အမြင်မှာတော့ ကြောင်တယ်လို့ ထင်စရာပဲ၊ ဒါပေမဲ့ ကိုယ် သူ့ကို မိုက်မိုက်ကမ်းကမ်း ဆက်ချစ်နေမိတာ ကိုယ့်အတွက်တော့ အဓိပ္ပာယ်မဲ့ မဟုတ်ဘူးကွာ၊ အဓိပ္ပာယ်ရှိတယ်၊ မင်းစဉ်းစားလေ အောင်မျိုး၊ ကိုယ်ချစ်တုန်းက သူ့ကိုပဲရယ်လို့ သေသေချာချာ လူရွေးပြီး ချစ်ခဲ့မိတာပဲ၊ သူ့ဆီက တုံ့ပြန်မရရုံနဲ့ ငါကတော့ ပေးရတယ်၊ ငါ့ကိုတော့ ပြန်မပေးပါလား လို့ ငြူစူရမှာလား၊ မင်းတို့ပြောသလို စိတ်နာဖို့ ဆိုတာကလည်း ပြဿနာကို စမိတဲ့သူက ကိုယ်ပဲ၊ နာချင်းနာရင် သူကသာ ကိုယ့်ကို စိတ်နာရမှာပဲ၊ ဒါတွေဟာ မေတ္တာစစ်နဲ့ ဘောင်ဝင်ပုံမလားလို့ ကိုယ်စဉ်းစားနေမိတယ်၊ မင်းလည်း တွေးကြည့်လေ အောင်မျိုး ကဲ …"

သူ့စကားဆုံး၍ ကြည့်မိလျှင် အောင်မျိုးက သူ့ကို ပြုံးစေ့စေ့ကြည့် လိုက်သည်နှင့် ဆုံနေသည်။

"ငါ့အတွက် စဉ်းစားစရာ လိုတော့မယ် မထင်ပါဘူး၊ မင်းကိုသာ အားလုံးက စဉ်းစားကြည့်စေချင်နေကြတာပဲ …"

အောင်မျိုးပြောမှ သူ့စကားပြော လောကြီးသွားသည်ကို သတိရ သည်။ ဝင်းဟန် ရယ်မောမိလေသည်။ အောင်မျိုးတို့က စဉ်းစားကာနေရ သည့်အဆင့်ကို ကျော်လွန်ခဲ့ပြီပဲ။

စင်စစ် သူ့သူငယ်ချင်းတစ်တွေက ဘဝအတွက် အဖော်သဟဲ လေးတွေ ကိုယ်စီ ကိုယ်ငှနှင့် …။

အပင်ကြီးမားလာသောအခါ အရိပ်ဝေဖြာ သာယာရစမြဲပေ။ သူတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်သာ အပင်ကြီးရင့်သော်လည်း ရိုးတံမွဲမွဲ အရွက်ကျဲမြကျဲနေလျက်။

အောင်မျိုး၏ မကြေအေးသေးသော စကားသံ ပြတ်ပြတ်ကို ကြားရပြန်သည်။

''ရှင်းရှင်းပဲပြောမယ်ကွာ၊ မင်း သူ့အတွက် သက်သက် အချိန်ကုန်ခံနေဦးမှာလား ...၊ မင်းမိုက်နေသေးသရွေ့ ဟိုကတော့ သိပ်ဟားလို့ကောင်းနေမှာပဲ၊ မင်းကို လူမိုက်လို့ လှောင်ကြတာ ရှက်တတ်စမ်းပါကွာ''

သူ့ကို စူးစူးရဲရဲကြည့်ရင်း အခြေကို စောင့်စားနေသည်။ တစ်ဖွတ်ထိုး ကတိ တောင်းဟန်ဖြင့် အောင်မျိုး မာကြောလာပြန်လေသည်။ သူက အောင်မျိုးပခုံးကို တွန်းပစ်ရယ်မော ရတော့ကာ –

''ဖြစ်နေရပါလားကွာ ....ကဲ ... မင်းပြောတာ ကိုယ်အားလုံး လက်ခံတယ်၊ သဘောလည်း ပေါက်ပါတယ်၊ ကတိလည်း ပေးပါတယ်၊ ကျေနပ်ပြီလား ....''

သူ့အတွက် ခံစားလာရရှာသော သူငယ်ချင်းကို နှစ်သိမ့်ရလေသည်။ ခဏချင်း အောင်မျိုးမျက်မှောင် ပြေလျော့သွားသည်ဟု ထင်လိုက်မိ၏။ စိတ်ကြည်သွားပုံဖြင့် စကားလမ်းကြောင်း ပြောင်းသွားလေသည်၊ ထိုညက သူ စာကျက်မပျက်ခဲ့ပေ။

အခန်းတံခါးပိတ်လျက် စာအေးဆေးစွာဖတ်ဖြစ်သည်။ ညဉ့်နက်၏။ အိပ်ရာဝင်ခါနီးတွင်တော့ ဒိုင်ယာရီအစား စာတစ်စောင်ကိုသာ ရေးလေသည်။

*ငြိမ်း*

*တိတ်ဆိတ်ပြီး လသာတဲ့ တစ်ညပါပဲ။ အခန်းမီး မှိတ်လိုက်တဲ့အခါ သာနေတဲ့ လရောင်ဟာ အခန်းထဲမှာ လာလင်းတော့မှာ သိရက် မီးမမှိတ်ဖြစ်သေးဘူး။ ငြိမ်းဆီကို စာရေးချင်သေးလို့ပဲ။ ငြိမ်းဖတ်မှဖတ်ပါ့မလားလို့လည်း စိုးရိမ်နေသေးတယ်။ ဒါပေမဲ့ ငြိမ်းက စာကို မဖတ်ချင်လို့ မဖွင့်ဘဲထားမယ့်အချိန်တွေ၊ ကျွန်တော်ကလည်း ငြိမ်းဆီက တုံ့ပြန်မှုမရလို့ စိတ်မကျေမချမ်းဖြစ်ရတဲ့ အချိန်တွေကို လွတ်မြောက်ခဲ့ပြီလို့ ထင်မိတယ်။*



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စိတ်ထဲမှာ မေတ္တာရဲ့အဖြစ်ကိုလည်း ပိုပြီးနားလည်လာမိသလိုပဲ။ ကိုယ်ကပေးသလို ပြန်မပေးရကောင်းလားလို့ ထိခိုက်ရတဲ့ မာန၊ ပွားရတဲ့ ဒေါသတွေနဲ့ ယှဉ်တဲ့မေတ္တာမျိုးဟာ မေတ္တာစစ် ဖြစ်နိုင်ပါ့မလားလို့လည်း တွေးမိလာတယ်။

တုံ့ပြန်မှုကို မမျှော်လင့်ဘဲ ထားတတ်ကြတဲ့ အချစ်ကြီးသူတွေရဲ့ မေတ္တာမျိုးကို အခုမှ နားလည်လာမိတယ်။ သည်တော့ သည်လိုနားလည်ရင် ဘာလို့ အချိန်ကုန်ခံနေမလဲလို့ ဆိုစရာပဲ။ ဘာဖြစ်လို့တဲ့လဲ။

ညနေက အောင်မျိုးကို ငြိမ်းနဲ့ပတ်သက်လို့ စိတ်က အဆုံးစွန် ဖျောက်ပါတော့မယ်လို့ ကတိပေးလိုက်မိတယ်။ ဒါပေမဲ့ အခု ငြိမ်းဆီကို စာရေးနေတယ်။ ဘာဖြစ်လို့တဲ့လဲ။ ဘာဖြစ်လို့လဲ ဆိုတော့ မေတ္တာပေါ့လေ. . . ငြိမ်း။ မေတ္တာပေါ့ . . . ။

❑ ❑ ❑

သူ့စာက ထုံးစံအတိုင်းပင် သုံး–လေးရွက်မျှ ရှိလေသည်။ "ငြိမ်း" သည် စာကို ဖြည်းဖြည်းချင်းပင် ဖတ်လာသည်။ ရည်မွန် ပြေပြစ်သော သူ့စကားများတွင် ရင်မောစရာ ရှာမတွေ့။ သို့သော် ဖြည်းဖြည်းဖတ်ရင်းပင် ငြိမ်း မောလာမိလေသည်။ သူ့စကားသံများက သူ့လိုပင် ရင့်ကျက်တည်ငြိမ်နေသည်။ လွန်ခဲ့သော ငါးနှစ်ကျော်ကလို ယောက်ယက်ဆန်ကာ ငြိမ်းစိတ်ကို ထန်ပြင်း ထိခိုက်စေခြင်းမျိုးလည်း မရှိတော့ပေ။ ထိုစဉ်က သူ့စာများကို ငြိမ်းမဖွင့်ဖတ်ဘဲ အချိန်ကြာမြင့် နေစေခဲ့သည်။ ငြိမ်းအတွက် ပထမဆုံး အတွေ့အကြုံကို ပေးသော သူ့လောက် စိတ်နောက်အောင် ညှဉ်းပန်းနိုင်မည့်သူ မရှိတော့ပါဘူးဟု ထင်မိခဲ့သည်။ နောင်တွင်မှ စာတစ်စောင်ပြီးတစ်စောင် ပါးတတ်ရုံဖြင့် အနှောင့်အယှက် မမည်ကြောင်း ငြိမ်း တစ်စတစ်စ အသိပညာ တိုးခဲ့လေသည်။ သူ့စာများကိုလည်း ဖတ်ဖြစ်လာရသည်။

သူ့အလိုကို မဖြည့်ပေးနိုင်သည့်အဆုံး၊ သူစိတ်ပြေရာပြေကြောင်း ရေးချင်လည်း ရေးပါစေတော့ဟု ခွင့်ပေးမိသည်။ သူကမူ ငြိမ်းခွင့်ပေးပြီ၊



www.burmeseclassic.com

www.burmeseclassic.com



မပေးသည်ကိုလည်း သိဟန်မတူ။ စာရေးမပျက်။ ကျောင်းမှာရှိတုန်းလည်း ရေး၊ နေရပ်ပြန်တော့လည်း ရေး၊ သတိရတိုင်းလည်း ရေးလေသည်။

သူ စာမေးပွဲတွင် အထိအနိုက်ရှိ၍ အားလျှော့ ညည်းညူသည့် တစ်ကြိမ်တလေ ငြိမ်းက အားပေးစာ ရေးမိသည့်အခါ ကျေးဇူးတင်၍ မဆုံးတတ်ပေ။ သည့်အပြင် ငြိမ်းက စာမပြန်စဖူး။

သူကလည်း ငြိမ်းကို စာပြန်ဖို့ မတောင်းဆိုပေ။ ငြိမ်းစိတ်ထဲတွင် စာပြန်ဖို့မလို ဟု ယူဆမိသည်ကို သူကလည်း ခွင့်ပြုလေသည်။ ကျောင်းမှာ သူငယ်ချင်းမိတ်ဆွေလို ကောင်းစွာဆက်ဆံလို့ ရသည်။ သူ့ခံစားချက် လှိုင်းလေများ ထန်ပြင်းလာဟန် တူသည့်အခါ၌ ငြိမ်းက မသိမသာ ရှောင်ဖယ် ထွက်ခဲ့ရုံသာ။

စာအဆုံးက ''ဝင်းဟန်''ဟု ရိုးစင်းစွာထိုးထားသော သူ့လက်မှတ် ကိုပင် အချိန်ကြာမြင့်စွာ ငေးစိုက်နေမိသည်။

မနေ့ကပင် သူ့စာဟောင်းတစ်စောင်ကို ငြိမ်းပြန်ဖတ်ရသေးသည်။ စာအုပ်တွေ ကြားထဲမှာ ဘယ်တုန်းက ညပ်နေသည်မသိသော ပြားချပ်ချပ် စာရွက်ထပ်လေးကို ငြိမ်းဖြန့်မိလေသည်။ မှတ်မိနေသာ သူ့လက်ရေးမို့ ငြိမ်း ပြုံးမိရသည်။ ဘာရယ်မဟုတ်၊ သူ့စာကို ပြန်ဖတ်မိလေသည်။ လွန်ခဲ့သော လေးနှစ်အတွင်းက စာ။ စာထဲက ငြိမ်း စဉ်းစားရလွယ်အောင်ဟု ရေးပေး ထားသော သူ့အကြောင်းကို တစ်စတလေ ပြန်မှတ်မိလာသည်။

. . . အစ်ကိုရယ် . . . အစ်မရယ် . . . အမေရယ် ရှိတယ်။ မဆင်းရဲပေမယ့် မချမ်းသာပါဘူး။ အစ်ကိုက အိမ်ထောင်ခွဲ . . . ( . . . )မှာ လုပ်တယ်။ အစ်မကတော့ အမေနဲ့ပဲ နေတယ်။ ကျွန်တော်က အငယ်ဆုံး၊ အထွေးဆုံးမို့ အလိုလိုက်ထားကြတယ်။ အိမ်ထောင်ရေးမှာလည်း ကိုယ်ပိုင် စဉ်းစား ပိုင်ခွင့်ပေးထားပါတယ်။ ကျွန်တော်က ရွေးရင် သူတို့က မွေးလာ ရသလို ချစ်မှာပဲတဲ့။

ကိုယ့်ကိုယ်ကို ပြန်ဆန်းစစ်တော့ ငြိမ်းက ကျွန်တော့်ကို မရွေးတာ မဆန်းပြန်ဘူး။ ကျွန်တော် ဆိုတာက ပညာဆိုလည်း ပြောပလောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



မထူးချွန်ဘဲ ပင်ကိုယ် အရည်အသွေးကလည်း ခပ်ရှားရှား။ သားနားသလား ဆိုတော့လည်း ဝမ်းနည်းတယ်။ ကြိုးစားသလား။ နိုးကြားသလားလို့ မေးရင် ပြန်ဖြေရမှာတောင် ရှက်မိသေးတယ်။ နေတော့အဆောင်၊ ဇာတိကအညာ ချောင် ဘာမသိ ညာမိတဲ့ ကောင်ပါ ငြိမ်းရယ်။

ဟိုစဉ်က ငြိမ်း ပြုံးမိလေသလား၊ မပြုံးမိလေသလားမသိ။ လေးနှစ် ကျော် အကြာတွင်တော့ ငြိမ်း ပြုံးမိလေသည်။ သူက အခုလောက် မတည်ငြိမ် သေး၍ ငြိမ်းကလည်း မရင့်ကျက်သေး၍ မပြုံးဖြစ်ခဲ့ဖို့ များမည်ပင်။ ငြိမ်း သူ့ကို ပင်ပန်းတကြီး ရှောင်နေခဲ့သည်က သည်စာကို ဖတ်ပြီးစရက်များပင် ဖြစ်နေဦးမလား မပြောတတ်ပေ။ ထိုစာအဆုံးမှာ ''ဝင်းဟန်''ဟု ရိုးရိုးစင်းစင်း ထိုးထားသော သူ့လက်မှတ်ကို သည်စာအဆုံးမှာလည်း၊ ငြိမ်း ရိုးရိုးစင်းစင်း ကြီး တွေ့နေရသေးမြပင်။

ငြိမ်းစိတ်ထဲတွင် စာကို မဆုံးစေချင်သေးပေ။ ငြိမ်း ဆက်ဖတ်ချင် နေသေးသည်။ သူ့ကိုလည်း ဆက်ရေးစေချင်သေးလေသည်။

သည်ဆက်ရေးမည့် အကြောင်းအရာတွေထဲတွင် ငြိမ်းကို နားလည် ပါတယ်ဟု လူတတ်ကြီးလုပ်မနေစေချင်တော့ပေ။

အတုံ့အပြန်မရှိတဲ့ မေတ္တာမျိုးကို ကိုယ်တော့ နားမလည်နိုင်တော့ အောင်ပဲဟု သံသယလေးဖြင့် ဆက်ရေးစေချင်လေသည်။

ငြိမ်းကို ဘယ်လိုများ နားလည်ရပ့ါမလဲဟု ညည်းညူစေချင်သေး သည်။ ညည်းညူနေရင်းက ကြာလာတော့ နာကြည်းဒေါ်ပွလာစေချင်သည်။ ကိုယ့်မှာ ဘယ်လိုအပြစ်မျိုးတွေ ရှိနေလို့ ငြိမ်းက လက်မခံနိုင် ဖြစ်နေရတာ လဲဟု မကျေမနပ် ခပ်ဆတ်ဆတ်လေး မေးစေချင်လေသည်။ ငြိမ်းက ဘယ်လို လူကိုမှ ကြည်ဖြူမလို့ပါလိမ့်ဟုရော မခန့်လိုတော့ဘူးလား။

တဖြည်းဖြည်း ဒေါသအိုးလေး ဆူဝေပွက်ကျလာကာ –

''ကြိုးရှည်ရှည်နဲ့ လှန်ထားတဲ့ ပညာခန်းတွေကလည်း အံ့မခန်းပါပဲ လား''ဟု ကာရန် ခပ်ကြမ်းကြမ်းလေးဖြင့် စွပ်စွဲစေလိုလေသည်။

ထိုမှ တစ်ဖန် –



www.burmeseclassic.com

www.burmeseclassic.com



''ကိုယ့်အဖြစ်က သစ်ခြောက်ပင်အောက် ပန်းသွားကောက်နေမိသူလိုပါပဲလား''ဟု စိတ်ပျက်လက်ပျက် ညည်းတွားလျက် –

''မိန်းမ မရှားပါဘူးကွာ''နှင့် အဆုံးသတ်စေလိုလေသည်။

သို့မဟုတ်ဂုဏ်မနေလှိုင်းမူးလျက် မေတ္တာစစ်ကိုတန်ဖိုးထားရကောင်းမှန်း မသိသူ၊ တွေဝေသောသဘောရှိသည့် လူလတ်တန်းစား ညဥ့်ကဲသူ စသည်ဖြင့် ပြင်းပြင်းထန်ထန်လေး ဝေဖန်နိုင်သေးသည်။ သည်လိုသာ တစ်ဆင့်ပြီးတစ်ဆင့် ဖြစ်လာရမည့် နိယာမသဘောတစ်ရပ်ကို သဘာဝကျစွာ ဖြစ်လာစေချင်လေသည်။

ထိုအခါ ... သည်သဘောကို ရိပ်စားမိပြီးဖြစ်သော ငြိမ်းက ပြုံးမိလိမ့်မည်။ သို့မဟုတ် မညှာမတာ တိုက်ခိုက်မှုတွေ ထန်ပြင်းခဲ့လျှင် စိတ်နာကြည်း ခါးသီးမိသည်။ သို့ဖြင့် သူ့ကို လွယ်လင့်တကူ မေ့ပျောက်နိုင်တော့မည်သာ။

သို့သော် သူက သည်လို မဟုတ်ခဲ့ပေ။

ငြိမ်းသိထားသည့် နိယာမ သဘောတရားထဲတွင် သူက ပါဝင်လည်ပတ်ခြင်း မပြုခဲ့ပေ။ သူ့ကို မမုန်းသာ မနာကြည်းသာဘဲ ရှိလေသည်။

နှောင့်ယှက်လွန်းသူအဖြစ် ငြိုငြင်ရအောင်ကလည်း သူသည် ငြိမ်းလို အဆောင်နေ၊ အနေလွတ်လပ်သည့် မိန်းကလေးတစ်ယောက်၏ ညှော်ချိန်များကိုပင် ပိုင်စိုးပိုင်နင်း မယူစဖူး။

ငြိမ်း မကြံစည်တတ်ဘဲ မကြာခဏ ရောက်လာတတ်သော သူ့စာများကိုသာ ဖတ်ဖြစ်နေသည်။

သူ့စာထဲတွင် ငြိမ်းအတွက် သူနှင့် သူ့သူငယ်ချင်းတွေ အဆင်မပြေဖြစ်ရသည်ကို ထည့်သွင်း ရေးလေ့မရှိပေ။ သို့သော် တစ်ဆင့်စကားဖြင့် ငြိမ်း ပြန်ကြားရလေသည်။

ဖျတ်ခနဲ မီးပွင့်လာမှ အခန်းထဲမှာ မှောင်နေပြီကို ငြိမ်းသတိရသည်။ ထမိန်အဖျားခတ်သံ၊ သော့တွဲလှုပ်သံကို ကြားရုံဖြင့် အခန်းဖော် 'မွန်'ပဲဟု သိလိုက်သည်။ ငြိမ်းက စာထပ်ကို ကပျာကယာ ဖွတ်သိမ်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



စရာ မလိုပေ။ မွန်နှင့် ငြိမ်းက စိတ်ချင်းထိ ပေါင်းကြသော သူငယ်ချင်းများ ဖြစ်၍ပင်။

"မှောင်မည်းကြီးမှာ စဉ်းစားခန်းဝင်နေတာ ဒါကြောင့်ကိုး၊ ဘယ်သူ့ဆီက ..."

မွန်က ပြုံးစေ့စေ့လေး မေးသည်။

"သူ့ဆီကပဲပေါ့၊ ဖတ်ဦးမလား"ဟု ငြိမ်းက အခွင့်ပေးမိသည်။ စာကို လှမ်းယူသော်လည်း မဖတ်ဘဲ စာအိတ်ထဲသို့ ပြန်ထည့်ပေးလေသည်။

"လူမိုက်ကြီးဆီက စာကိုး"ဟု ရယ်မောဆိုလိုက်၍ ငြိမ်းက –

"မွန်ကလဲ" ဟု မသဲမကွဲ ဟန့်တားမိလေသည်။ သူ့ကို "လူမိုက်"ဟု ဆိုကြသည့်အထဲ မိမွန်ကို မပါဝင်စေချင်ပေ။ ငြိမ်းက ဘယ်တော့မှ ပါဝင်မည်မဟုတ်။ သည်တော့ သူမိုက်မဲစွာ မျှော်လင့်ချက်ထားပြီး ငြိမ်းအပါးတွင် ရစ်ဝဲနေသမျှ ငြိမ်းက ဂုဏ်ယူဝံ့ကြွားလို့ ရနေမှာကိုးဟု ဆိုကြလေမလားပဲ။

မွန်က ငြိမ်း ဟန့်တားသည်ကို လက်မခံချင်ပုံဖြင့် –

"အမှတ်တမဲ့ဆို ကိုဝင်းဟန်ကို ဖွဲ့ကောင်းတယ်လို့ပဲ ချီးမွမ်းရတော့မလိုလို၊ ဒါပေမဲ့ တကယ်တော့ မိုက်တာပါကွာ၊ သူ့ကို အပြတ်ဖြေပြီးသားပဲ၊ ဒီကြားထဲက လိုက်ကပ်နေသေးတာ ငြိမ်းမှာလည်း ဘယ်လောက်အနှောင့်အယှက်ဖြစ်လဲ၊ သူမိုက်တာပဲ ပေါ်လွန်းနေတာပေါ့၊ မဟုတ်ဘူးလား"

"ဟင် ... ငြိမ်းတော့ အနှောင့်အယှက်ရယ်လည်း မဖြစ်တော့ပါဘူး"

မွန် ပြုံးသွားသည်။ ငြိမ်းကို အံ့အားသင့်သလို ကြည့်နေ၍ ငြိမ်းက ကပျာကယာ –

"မဟုတ်ဘူး"ဟု လုပ်မိပြန်သည်။

"ငြိမ်းကို အဆက်အသွယ် လုပ်နေသေးပေမယ့် အနှောင့်အယှက်လို့ စိတ်ဆိုးစရာမှ မရှိဘဲ၊ သူက ငြိမ်းစိတ်ကို ဘာမှ အထိအခိုက် မဖြစ်စေဘူးလေ၊ ကိုယ်လိုလားတဲ့အတိုင်း ဖြစ်မလာရင် ငြိုငြင်တတ်တဲ့သူ ပုတ်ခတ်ပြောချင်တဲ့ သူတွေကို တွေ့ရလွန်းလို့ သူစာရေးရုံ ရေးနေတာ အနှောင့်အယှက် မဖြစ်ပါဘူးလို့ ပြောတာပါ၊ ပြီးတော့ ငြိမ်းအပေါ် ဒီလောက် သဘောမြင့်တဲ့



www.burmeseclassic.com

www.burmeseclassic.com



သူတစ်ယောက်ကိုလည်း လူမိုက်လို့ မပြစ်မှားချင်တာပါပဲ''

မွန်က စိတ်လိုလက်ရလေး ပြောပြနေသော ငြိမ်းကို ငေးကြည့်နေမိသည်။ ငြိမ်းစကားတွေကိုတော့ နားလည်သလို၊ မလည်သလိုလိုပင်။ ''တံခါးဖွင့်တော့ မလို့လား''ဟု မွန် ဆွဲယူတွေးနေမိလေသည်။

''အဲဒီစာကို လူတွေအများကြီးထဲမှာ မယူမနေရ ပေးလိုက်တာ၊ သိပ်မျက်နှာပြောင်တာပဲ၊ နည်းနည်းမှ မသက်ညှာဘူး၊ မုန်းကို မုန်းတယ်''

ဟု ငြိမ်းက ဒေါပွခဲ့သော ပထမဆုံးနေ့ကို ပြန်မြင်ယောင်နေမိသည်။ ငြိမ်း မျက်နှာလေးရဲကာ အသက်ရှူ မှားနေသည်။

ဆတ်ဆတ်ထိ မခံချင်သော ငယ်စိတ်ငယ်သွေး၏ မာနလေးက လှနေသည်။

''သွား ... မဖတ်ဘူး ...''ဟု အခန်းထောင့်သို့ စာကို ပစ်ပေါက်ထားလိုက်လေသည်။ (နောက်တော့လည်း ... ဖတ်တာပါပဲ ...)

ရယ်မလို၊ ငိုမလို မျက်နှာလေးဖြင့် –

''သူ့ကိုမြင်ရင်လေ ... ငြိမ်းခြေထောက်အောက်က မြေကြီးဘယ်လောက်မာသလဲ၊ မမာသလဲ စမ်းကြည့်ချင်စိတ်ကို ပေါ်လာတာပဲ၊ ခြေဆောင့်ပစ်လိုက်ချင်တယ်၊ ရ–တန်းကျောင်းသူလေး မဟုတ်လို့သာ ...''

ရ–တန်းကျောင်းသူလေးမဟုတ်လို့သာ သူ့ကိုခြေမဆောင့်ဖြစ်ခဲ့တာဟု ဆိုခဲ့သော ငြိမ်းကမှ သူ့စကားကို သတိရတော့ဟန်မတူ။ ပြတင်းမှတစ်ဆင့် ကောင်းကင်ပြင်သို့ ငေးကာငြိမ်ငြိမ်လေး ထိုင်နေသည်၊ အရောင်မှိန်စတိမ်ခဲ တိမ်လိပ်တွေ ကောင်းကင်ပြာမှာ တလွင့်လွင့်ပြေးနေသည်။ မှောင်ရီဖျိုးဖျတွင် ကြယ်စင်နှစ်ပွင့် သုံးပွင့်က မရဲတရဲ ထောက်ပလာလေသည်။ သို့သော် ကောင်းကင်ယံ ရှုခင်းကို ငြိမ်း မြင်မှမြင်ရဲ့လား ...။ ငြိမ်းက မွန့်ကို လှမ်းကြည့်သည်။

ငေးမောနေသော မျက်လုံးကလေးများ အရောင်ပြောင်းနေကာ –

''စဉ်းစားကြည့်ရင် ငြိမ်းကမှ တကယ်မိုက်တာပဲ မွန်ရဲ့၊ သူ့ကိုမိုက်တယ်လို့ ပြောတာ မှားတယ်၊ ငြိမ်းကမှ မိုက်တာပဲ ...''



www.burmeseclassic.com

www.burmeseclassic.com



လိုက်လိုက်လဲ့လဲ့ ပြောလိုက်၍ ငြိမ်းအသံပင် ကျယ်သွားသည်။ မွန် အံအားသင့်ရင်း အခန်းတံခါးကို သွားစေ့ရလေသည်။

"ဆိုပါဦး . . ."

"မိန်းမတစ်ယောက် အားထားရလောက်တဲ့ မေတ္တာမျိုးကို ပေးတတ်တဲ့သူက မိုက်ပါ့မလား မွန်၊ တကယ်မိုက်တာက မယူတဲ့သူပဲ၊ ငြိမ်းက မိုက်တာပေါ့၊ ဘာကြောင့်လဲဆိုတော့ ငြိမ်းဘဝမှာ ဘယ်တော့မှ သက်သာရာရမှာ မဟုတ်တော့လို့ပဲ၊ ဘဝတစ်လျှောက်လုံး သူ့မေတ္တာတွေ စူးသွားတော့မှာပဲ၊ နောင် . . . ငြိမ်းက ချစ်ပါပြီလို့ ဝန်ခံမိတဲ့လူက သူ့လောက်မှ ငြိမ်းကို မချစ်ခဲ့ရင် ငြိမ်းဟာ ဘဝကို မကျေမနပ်ဖြစ်ရတော့မှာပဲ၊ လူကြီးသူမဖြစ်လာတဲ့အခါ ကိုယ်ချစ်ကိုမရှာနဲ့၊ သူချစ်ကိုပဲ ရှာကြဆိုတဲ့ စကားကို ငြိမ်းလည်း နောက်ဆုံးမှာ ပြောမိရတော့မှာပဲ"

ရွှန်းလဲ့နေသော ငြိမ်းမျက်လုံးများကို သတိပြုမိရင်း –

"ငြိမ်း ဒီလို သဘောပေါက်ပြီး သူ့ကိုလက်ခံလိုက်ရင်ရော . . ."

ဟု မွန် ခပ်ဆိုင်းဆိုင်းလေး ပြောလိုက်သည်။

ဒီတော့ ငြိမ်းက ပြုံးလေသည်။

"ဒီလိုဆိုတော့ ငြိမ်းက သူ့မေတ္တာကို အဆုံးအစွန် စော်ကားလိုက်သလို ဖြစ်တော့မှာပေါ့ကွာ၊ သူ့မေတ္တာနဲ့ညီအောင် ငြိမ်းကလိုက်မှ မမျှနိုင်ဘဲ၊ သူ့ကို မလိမ်ညာချင်ဘူး၊ မေတ္တာဆူးရုံမကဘဲ မေတ္တာကြွေးတွေပါ ထပ်တင်ဦးမှာ ငြိမ်းစိုးတယ်" ညည်းညည်းလေး ပြောလိုက်သည်။

မွန် မပြောတတ်တော့ဘဲ ပခုံးလေးကိုသာ တွန့်လိုက်မိလေသည်။ ငြိမ်းက ငြိမ်းစကားတွေနဲ့ ရှုပ်ထွေးနေပြီဖြစ်သော မွန့်ကိုကြည့်ပြုံးရင်း –

"ကဲ . . . ကိုဝင်းဟန်က ဘယ်မှာ လူမိုက်ကြီးဟုတ်လို့လဲ . . ."

ဟု ဆိုသေးသည်။

"မမိုက်တဲ့အပြင် လိမ်မာတောင်နေပါသေးတယ်၊ သူထားတဲ့ မေတ္တာတွေက အလကားမဖြစ်ပါဘူး၊ ငြိမ်းအဖို့ အခြားလူ တစ်စုံတစ်ဦးရဲ့ အချစ်မျိုးကို မေ့နိုင်လွယ်ပေမယ့် သူ့အချစ်မျိုးကို မေ့ဖို့မလွယ်ဘူး၊ ခလုတ်



www.burmeseclassic.com

www.burmeseclassic.com



ထိတိုင်း တမိနေရတော့မယ့် အဖြစ်ပဲ၊ အဲ့တာ သူလိမ္မာပါးနပ်စွာ ထားခဲ့တဲ့ မေတ္တာတွေကြောင့်ပေါ့၊ အများအမြင်မှာ သူက မိုက်တယ် ထင်ရပေမယ့် တကယ်မိုက်မဲတဲ့သူက ငြိမ်းပါပဲ ...''

ငြိမ်းက သက်ပြင်းလေးဖြင့် စကားကို အဆုံးသတ်သည်။

စကားဆုံးတော့ အပေါ်တည့်တည့်က ပြတင်းသို့ ငြိမ်း ... အကြည့်ရောက်သွားပြန်သည်။ သို့သော် ငြိမ်း မမြင်ဟု မွန်က ထင်လေသည်။

❑ ❑ ❑

ငြိမ်းထံက မကြားရစဖူးသော ဒီစကားများက မွန့်အဖို့ လူမိုက်၊ ငြိမ်းအဖို့ လူလိမ္မာကြီးဖြစ်သော ကိုဝင်းဟန်အတွက် ဝမ်းသာလောက်စရာလား၊ ဝမ်းနည်းလောက်စရာလားဟု မွန် မဝေခွဲတတ်ပေ။

ငြိမ်းက မိုက်တာပါ ... ဟူသော အပြောလေးကလည်း မွန့်နားထဲမှ မထွက်နိုင်ဘဲ မိုက်မဲစွာ မျှော်လင့်နေမိရင်းဖြင့်သာ ... ဟု သူ့ကိုယ်သူ ညွှန်းတတ်သော ကိုဝင်းဟန်၏ စာအရေးများကို ပြန်လည်အမှတ်ရသေးတော့သည်။

အချစ်ဆိုတာ ချစ်သူကို ဖြစ်ဖြစ်၊ မချစ်သူကိုဖြစ်ဖြစ် ရူးမိုက်စေတာပဲလားဟု မွန်ကတွေးနေမိလေသည်။

❑ ❑ ❑

ရွှေမဝ မဂ္ဂဇင်း၊ ဖေဖော်ဝါရီ၊ ၁၉၇၆



www.burmeseclassic.com

www.burmeseclassic.com



(၁၀)

"သူများနိုင်ငံကို အဝင်လုပ်ဖို့ ဒီကတော့ အကောင်းဆုံးဆိုတဲ့ ဘွဲ့တစ်ခုခုကို အရယူသွားပြီးမှ ကျေးဇူးကန်း စကားမျိုး မပြောသင့်ဘူးပေါ့ မူယာ ...၊ အစထဲက မနေအပ်တဲ့အရပ်လို့ ထင်ရင် ငယ်ငယ်ကတည်းက၊ ကိုးတန်း၊ ဆယ်တန်းကတည်းက သွားသင့်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



## နောင်ဘဝ ရုပ်ဆိုးမဖြစ်စေချင်

သတိရဖို့ ဆီဆိုင်သလား၊ မဆီဆိုင်သလားတော့ မသိပါ။ သူ့အမည်ကို အကြောင်းဆုံ၍ ကြားရသည့်အခါ ငယ်ငယ်က အဘွားပြောပြသော မင်းကုသဇာတ်ကို သွား၍သတိရမိသည်။

အဘွားက မင်းကုသနှင့် ပပဝတီ၏ ဆွတ်ပျံ့ဖွယ် ဇာတ်ကြောင်းလေးကို အရေးမပေးခဲ့ပါ။ မင်းကုသ အရုပ်ဆိုးလှပုံကိုသာ တဖွဲ့တနွဲ့ ပြောပြတတ်ခြင်းပင်။ ကုသမင်းသား အရုပ်ဆိုးပုံကို ကြောက်ရွံ့လောက်သော အခါတွင်မှ အရုပ်ဆိုးရသည့်အဖြစ်ကို အဘွား ဆက်လက်ပြောပြသည်။ မင်းသားသည် ရှေးဘဝက ပစ္စေက ဗုဒ္ဓါ အရှင်အား ကပ်လှူဖို့ သူ့ထံမှာ ယုံကြည်အပ်နှံထားသည့် မုန့်မှ ပဲစေ့လေးများကို ထုတ်ယူစားခဲ့မိသည်။ သည်အပြစ်ကြောင့် နောင်ဘဝတွင် မျက်နှာမှာ အချိုင့်အခွက်တွေဖြင့် အရုပ်ဆိုးရတော့သည်ဟု အဘွားက ပြောခဲ့သည်။ အရုပ်ဆိုးလှသော မင်းကုသအဖြစ်က သည်လိုဟု ''မလတ်'' နားတွင် စွဲခဲ့ရလေသည်။

❑ ❑ ❑

သူက နှစ်ကြီးကျောင်းသား။ မလတ်တို့ ဆေးတက္ကသိုလ် သစ်လွင်ဘဝတွင် သူက တက္ကသိုလ်သက် လေးနှစ်ရလျက် လမ်းမတော်ကျောင်းဘက်ရောက်နေခဲ့ပြီ။ သူ့ကို မသိ မမှီလိုက်ရပေ။ သို့သော် သူ့သတင်းကတော့ လိပ်ခုံးဆေးကျောင်းတွင် မွှေးလို့ ကျန်ခဲ့သည်။ သူ့ကို သိမှီလိုက်သူများက



www.burmeseclassic.com

www.burmeseclassic.com



သူ့အရည်အချင်းကို တတမ်းတတ ပြောခဲ့ကြ၍ မမြင်ဘူးပေမယ့် မှန်းဆကြည့်မိသည်။ မသိဘူးခင်က သူနှင့်ကျွမ်းဝင်နှင့်လေသည်။ သူသည် အများမြင်လွယ်၊ သတိထားမိလွယ်သော တောက်ပသည့် ကြယ်တစ်ပွင့်ပမာ။

ပညာကို ကိုးကွယ်သူတို့ စုဝေးရာတွင်ပင် ပြိုင်သူရှိအောင် ကွန်းပနိုင်သောသူ။

"လူပဲဟယ် ... ဒီလောက်ထိတော့ မပြည့်စုံနိုင်ပါဘူး ထင်တယ်၊ တစ်ခုခု ချို့ယွင်းချက် အားနည်းချက်တော့ ရှိမှာပါ ..."

မလတ် ပြောချင်နေသည့် စကားများကို သက်လှိုင်က ပြောလိုက်၍ ကျေးဇူးတင်မိသွားသည်။ သက်လှိုင်စိတ်ထဲတွင်လည်း မလတ်လိုပဲ သံသယခံနေဟန် တူလေသည်။ ညိုညိုကတော့ သက်လှိုင်ကိုရော၊ မလတ်ကိုပါ နှုတ်ခမ်းလေးစူကာ –

"သက်လှိုင်ကလည်း တကယ် သေသေချာချာမသိဘဲ စွတ်ငြင်းနေတာပဲ၊ တို့က တစ်ကျောင်းတည်းထွက်တွေပါဟ၊ သူ ထူးချွန်တာတွေကို ကြည့်စမ်း ...၊ စာတစ်ခုတည်းလား ... အားကစားတစ်ခုပဲလား ... လူမှုရေးတစ်ခုတည်းလား ..."

"အေး ... အဲဒီလို အားလုံးကောင်းပါတယ်၊ ပြည့်စုံပါတယ် ဆိုလို့ကို မယုံနိုင်တာပဲ မိညိုရ"

မလတ်တို့၏ သူ့အကြောင်းစကားဝိုင်းသည် သည်နှယ်ပင် အငြင်းပွားရမြဲနှင့် အဆုံးသတ်တတ်လေသည်။ မိန်းကလေးများစုမိရင် (အဆိုးနဲ့ဖြစ်ဖြစ်၊ အကောင်းဖြစ်ဖြစ်) ကျော်စောသော ယောက်ျားလေးတစ်ယောက်ယောက်အကြောင်း စကားစရောက်ရောက်သွားတတ်သည်ကို ရိုးသားစွာဝန်ခံရမည် ထင်သည်။ လိပ်ခုံးဆေးကျောင်းသူဘဝက မလတ်တို့ သူငယ်ချင်းများ တစ်ယောက်ထက်ပိုလျှင် ပြောတတ်သည်က သူ့အကြောင်းများသာ။

❑ ❑ ❑

ကြားရဖန်များ၍ သူ့အကြောင်းများကို စီစဉ်တကျလို မှတ်မိနေခဲ့သည်။ သူသည် သူတို့နှစ်က တက္ကသိုလ်ဝင်တန်းကို ထူးချွန်စွာ အောင်မြင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



သူ။ သူ့အထက်တန်းကျောင်းသက် တစ်လျှောက်ချီးမြှင့်သော ထူးချွန်ဆုများဖြင့်သာ ပြည့်လျှမ်းခဲ့သည်။ တက္ကသိုလ်တွင်လည်း ပညာသင်ဆု ချီးမြှင့်ခံရသည်။

သူ၏ ထူးချွန်မှုက တက္ကသိုလ်ရောက်မှ ပိုမိုတောက်ပလာသယောင်။ အ်တန်းတိုင်းတွင် ဂုဏ်ထူးများစွာ ယူခဲ့သည်။ ထို့ကြောင့်ပင် ဖြစ်ဖူးသော်လည်း ဖြစ်လေ့မရှိမြဲ အဖြစ်မျိုးဟု ဆိုကြသည်လားမသိ။

ဆိုလည်းဆိုနိုင်လောက်ပေသည်ဟု မလတ်နှင့် သက်လှိုင်တို့ ညှိညှိကို ဝန်ခံကြရတော့သည်။

''အေးကွာ . . . သူ့လို ပြည့်စုံတဲ့ သူမျိုးက ရှာမှ ရှားပါပဲ . . .၊ သူ့ကိုများ မြင်လိုက်ရရင် ငါ့ဖြင့် တခြား ဘယ်သူ့ကိုမှ အထင်ကြီးလို့မရတော့ဘူး . . .''

သက်လှိုင်က ခပ်ညည်းညည်းလေး ပြောသည်။ သက်လှိုင်၊ ညှိညှို၊ မလတ်တို့ တတိယနှစ် ဆေးရုံဆင်းရသောအခါ ကံသီစွာ သူ အလုပ်သင်ဆရာဝန်အဖြစ် တာဝန်ကျနေသော ဆေးရုံတွင် တာဝန်ကျခဲ့ကြလေသည်။ မလတ်တို့ စိတ်ဝင်စားမိသော သူ့ကို အနီးကပ် လေ့လာခွင့်ကြုံခြင်းပင်။

အများစကားက မပိုပေ။

သူသည် အသွင်အပြင်ကပင် တွေ့ရတတ်မြဲ အရပ်မြင့်မြင့်၊ ခါးကိုင်းကိုင်း၊ ပါးလျှလျှနှင့် စာကြမ်းပိုး ပုံစံမျိုးမရှိ။ မြင်မြင်ချင်း ခင်မင်အားကိုးလိုစိတ် ပေါ်ပေါက်လာစေမည့် ဆရာဝန်လူရွယ်တစ်ဦး ရှိသည်ဆိုပါတော့။ ထိုလူရွယ်က သူဖြစ်ဖို့ များမည်ပင်။ သူသည် မလတ်တို့၏ ဆရာလည်း ဖြစ်ခဲ့သည်။ ဆေးရုံဆင်းစ ဆေးကျောင်းသားများကို အကူအညီ အလွှန်ပေးသည့် ဆရာ၊ အလုပ်သင် ဆရာဝန် . . .။ အ်လုပ်သင် ဆရာဝန်မျှသာဖြစ်ပေမယ့် သူသည် မလတ်တို့တစ်တွေကို ကောင်းစွာ စာသင်ပြခဲ့သည်။ စင်စစ် အလုပ်သင် ဆရာဝန်က ကျောင်းသားများကို စာသင်ပြပေးဖို့ မရှိ။ သူက စေတနာဆရာ။ အလုပ်သင် တစ်ယောက်၏ များပြားလှသော တာဝန်တွေကြားကပင် မညည်းမညူ သင်ပြပေးတတ်၏။ ကျောင်းသားတစ်ယောက်တည်း ရှိပါစေ။ သူ ပညာမျှပေးဖို့ လူလုံလောက်သည်ဟု ယူဆတတ်သည်ပင်။

www.burmeseclassic.com



အလုပ်သင် ဆရာဝန်ဘဝတွင်လည်း သူ ထူးချွန်တောက်ပမြဲ။ ထူးချွန်စွာ တတ်ကျွမ်းသော အလုပ်သင်ဆရာဝန်ကို (ဆေးရုံ အမှုထမ်းများက လွဲလျှင်) အရင်ဆုံး သတိပြုမိသူများက ဆေးရုံတက် ကုသနေသည့် အတွင်းလူနာများ။ ဆေးရုံကဆင်းခွင့်ရသည့်လူနာတိုင်း သူ့ကို တကူးတက ရှာဖွေလျက် ကျေးဇူးတင်စွာ နှုတ်ဆက်သွားတတ်လေသည်။

❑ ❑ ❑

သူလို အရည်အချင်းကောင်း တစ်ယောက်သည် မလွဲမသွေ မြို့ကြီးများတွင်သာ ပို့စ်တင် တာဝန်ကျဖို့ သေချာသည်မို့ မလတ်တို့တစ်တွေက မလတ်တို့၏ ဆရာအဖြစ်နှင့် ဘယ်ဌာနသို့ရောက်လာမည်လဲ အမှန်းဆ ပြိုင်ကြသည်။

တချို့က ကျောင်းမှာ စာသင်ပြဖို့ ဆရာအဖြစ်ဟု ပြောကြလျက် တချို့က ဆေးရုံက ဆရာအဖြစ် မှန်းဆကြသည်။

ကျောင်းသားတို့၏ စာသင်ကောင်းသည့် ဆရာကို မျှော်လင့်တောင့်တမြဲ ထုံးစံနှင့်။

❑ ❑ ❑

ထိုသတင်းကို ညိုညိုကပင် ယူဆောင်လာသည်။

"ဟေး . . . တို့ဆရာက နိုင်ငံခြားကို အပြီးအပြတ် ထွက်သွားတော့ မလို့တဲ့ ဆရာ၊ သူ ပို့စ်တင် မယူတဲ့ အတွက်ရော၊ စကောလားရှစ်ဆုတွေ အတွက်ရော အားလုံးကုန် ငွေပြန်လျော်လိုက်ပြီးပြီတဲ့"

"ဟင် . . ."

မလတ်ရော သက်လှိုင်ပါ အံ့အားတသင့် ဖြစ်သွားကြသည်။

စင်စစ် သည်လောက်တော့ အံ့အားသင့် ဖြစ်ဖို့မရှိပေ။ ပညာတတ်တို့ ဝန်းကျင်တွင် နိုင်ငံခြားသို့ အပြီးအပိုင် ထွက်သွားနေသည့်အဖြစ်မျိုးက ထူးဆန်းတော့သည်မှ မဟုတ်ဘဲလေ။



www.burmeseclassic.com

www.burmeseclassic.com



သို့တစေ သူ့ကိုတော့ မလုပ်တန်ဖူး ထင်ခဲ့မိသည်။ ဘာကြောင့် ထင်ခဲ့မိသည်လည်း မပြောတတ်။ သူ၏ ကျောင်းသားများအပေါ် စေတနာ၊ လူ့နာများအပေါ် အကြင်နာတို့ကြောင့်များ ဖြစ်မည်လား မသိ။

မလတ်နှင့် သက်လှိုင်တို့ တော်တော်နှင့် စကားမပြောဖြစ်ကြ။

အတန်ကြာမှ သက်လှိုင်က ပြောမိပြောရာ ပြောရှာသည် ထင်သည်။

"အောင်ပြီးပြီးချင်း ချက်ချင်းကြီး ပါလားဟယ်၊ ငါးနှစ်လောက် ကလေးတောင် လုပ်ပေးမသွားတော့ဘူးတဲ့လား"

ဘာကိုမှန်း မသိ။ မကျေမလည် ခံစားနေရသော မလတ်က –

"သက်လှိုင်ကလည်း တမ်းတမ်းတတ ရှိလိုက်တာ" ဟု သူငယ်ချင်းကို စိတ်တိုတောင်းစွာ မဲမိလေသည်။

❑ ❑ ❑

"သိပ်ပြီး ထူးချွန်နေတဲ့သူမျိုးအတွက်တော့ နိုင်ငံခြားကို သွားမှကို ဖြစ်မှာပဲ၊ ဒါမှ ကိုယ့်ရဲ့ပညာအတွက် တက်လမ်းတွေ အများကြီး ပွင့်လာမယ်၊ ကိုယ့်ပညာကို အသုံးချခွင့်လည်း ရလာမှာပေါ့။ ဘာဖြစ်လို့ ပညာတွေ အအိပ် ခံနေမလဲ"

သူ့အကြောင်းကို မလတ်တို့ခါတိုင်းလို မပြောမိကြတော့ပေ။ မပြောမိ ရုံမက တမင်ရှောင်၍ပင် နေမိကြသည်။ သူ့ကို ချီးမွမ်းပြောဆိုဖို့လည်း အားနာနေမိလေသည်။ သူ့အကြောင်း ခါတိုင်းထက် ပိုပြောလာသူကတော့ တင်မူယာ။ ညိုညို့ သူငယ်ချင်းမို့ "သူ"နှင့်လည်း တစ်ကျောင်းတည်း ထွက် များပင်။ အပေါ်ယံဆန်လှသော တင်မူယာနှင့် "တိုက်ဂေါ်" ဘွဲ့ရ မလတ်တို့ တစ်စု မပေါင်းဖြစ်လှပေ။ ညိုညိုက ဆက်နွယ်ကာ သိရသူမို့ မျက်နှာနာသလိုလို တော့ရှိသည်။ "သူ" နိုင်ငံခြား သွားတော့မည့်သတင်း ထွက်လာကတည်းက တင်မူယာက နိုင်ငံခြားရောက် ဆွေမျိုးများအကြောင်းကို တဖွဖွ ပြော လာလေသည်။ သူ့ဆရာဝန်ဖြစ်ရင်လည်း သွားမည်ဆိုပဲ။ ပင်ကိုယ်က မော့ တတ်သည့်အထဲ "ဖောရင်း"စကားများများ ပြောရ၍လားမသိ၊ သူမ



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းလေးက ပိုမော်နေသည်။

မလတ်နှင့် သက်လှိုင်ကမူ စိတ်ထဲမှာ တရှူရှူဖြစ်လာရင်း ညှိုညှို့ကို ပင် အားမနာနိုင်တော့ဘဲ ရွေဘာနှင့် တင်ညွှန့်တို့၏ ရန်သူကို ချေမှုန်းတော့ မည့် အကြည့်မျိုးဖြင့် တင်မူယာကို စိုက်ကြည့်မိနေကြသည်။ တင်မူယာက တော့ –

"ဘာဖြစ်လို့ ပညာတွေ အအိပ်ခံနေမလဲနော် ... ကွယ်"ဟု မျက်လုံးလေးမှေး၍ပင် ဆိုလိုက်သေးလေသည်။

မလတ်က စိတ်မထိန်းနိုင်ဘဲ –

"နိုင်ငံခြားကို သွားဖို့လိုတယ် ဆိုတာကတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ အပြီးအပိုင် ထွက်သွားမှတဲ့လား၊ ပြီးတော့လည်း ထူးချွန်တဲ့ သူတွေအဖို့ ပိုတောင် အခွင့်အရေးရှိပါသေးတယ်၊ ပညာတော်သင်တွေ လွှတ်ပေးနေတာပဲ" ဟု ပြောမိစဉ် တင်မူယာ့ တုံ့ပြန်စကားက –

"အို ... သွားမယ့်သွား အပြီးပဲသွားမှာပေါ့၊ ဆက်နေလို့လည်း အကြောင်းထူးမှာမှ မဟုတ်ဘဲ၊ ဒီမှာက လူနေမှုအဆင့်အတန်းကိုက သိပ် အောက်တန်းနောက်တန်းကျနေတာ"

"ဒါဖြင့် မူယာ အခုတောင် သွားသင့်တာပေါ့ကွာ၊ ဘာဖြစ်လို့ ဘွဲ့ ရအောင် ယူနေတော့မှာလဲ ..."

သက်လှိုင်လည်း မခံချင်တော့ဘူး ထင်သည်။ ဝင်ပြောလာသည်။ တင်မူယာသည် မျက်နှာလေးတစ်ချက် မပျက်ဘဲ –

"မဖြစ်လို့ နေ့နေသေးတာပေါ့ ယူရဲ့၊ မူယာက ဒီမှာနေဖို့ကို စိတ်ဝင်စားတာ မဟုတ်ပါဘူး"

သက်လှိုင်ကို စူးစူးလေးကြည့်ပြောလိုက်သည်။

"သူများနိုင်ငံကို အဝင်လှဖို့ ဒီကတော့ အကောင်းဆုံးဆိုတဲ့ ဘွဲ့ တစ်ခုခုကို အရယူသွားပြီးမှ ကျေးဇူးကန်း စကားမျိုး မပြောသင့်ဘူးပေါ့ မူယာ ...၊ အစထဲက မနေအပ်တဲ့အရပ်လို့ ထင်ရင် ငယ်ငယ်ကတည်းက ကိုးတန်း၊ ဆယ်တန်းထဲက သွားသင့်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"နိုင်ငံကတော့ . . . ကိုယ့်နိုင်ငံသားတွေပဲ ပညာသင်ခွင့်ရပါစေ၊ သူတို့တစ်တွေသာ ပညာတတ်ကြရင် နိုင်ငံကိုပြန်ကြည့်မယ့်သူတွေလို့ပဲလို့ ယုံကြည်လို့ နိုင်ငံခြားသားတွေကိုတောင် စည်းကမ်း တင်းတင်းကျပ်ကျပ်နဲ့ သင်ခွင့်မပေးခဲ့တဲ့ ပညာရပ်တွေကိုသင်သွားတယ်၊ ပြီးတော့မှ တို့ပညာတတ်တွေ ဖြစ်ပြီ၊ တို့က သိပ်ထူးချွန်နေလို့ ဒီလို သိမ်သိမ်ငယ်ငယ် အရပ်မျိုးနဲ့ မတန်ဘူး ဆိုပြီး ကန်ထွက်သွားတာတော့ လွန်တာပေါ့"

ညိုညိုက မှူယာ၏ နီရဲလာသော မျက်နှာလေးကိုကြည့်ရင်း မလတ် ကို ခုံအောက်ကနေ လက်ကုတ်သည်။ သူလက်လှမ်းမမှီသည့် သက်လှိုင်ကို တော့ မျက်နှာငယ်လေးနှင့် အသနားခံရှာသည်။

"အလကား ထွက်သွားမှာ မဟုတ်ပါဘူး၊ တောင်းသလောက် လျော်ကြေးကို ပေးပြီးမှသွားမှာပါ . . ."

မှူယာ့စကားအပြီးမှာ ညိုညို့ကို အားနာ၍ ပါးစပ်ပိတ်ထားရသည်ကို မလတ် မေ့လျော့သွားရသည်။

"ခုနစ်နှစ်ဆိုတဲ့ အချိန်ကိုလည်း ပြန်လျော်ပေးခဲ့ဦးမှပေါ့ မှူယာရဲ့၊ မင်းအစား ဒီပြင်အလုပ်လုပ်ပေးမယ့်သူ တစ်ယောက်ယောက်ကို မွေးထုတ်ပေးဖို့ လစ်ဟာသွားရတဲ့ အချိန် ခုနစ်နှစ်လေ . . ."

"လျော်ကြေးငွေ မပေးနိုင်တဲ့သူမျိုးရဲ့အပြောကတော့ ဒီလိုပဲနေမှာ ပေါ့ကွယ်၊ လျော်ကြေးလည်း ပေးနိုင်တယ်၊ သွားဖို့အခြေအနေတွေလည်း အဆင့်သင့် ဖြစ်နေတဲ့ သူတွေကို မနာလို မရှိကြနဲ့ပေါ့၊ အခြေအနေသာပေးရင် နိုင်ငံခြားကို မသွားချင်တဲ့သူမျိုး မရှိပါဘူး . . ."

မှူယာ၏ ခပ်လှောင်လှောင် ရယ်လိုက်သံလေးက စူးမြသွားသည်။ စကားဆုံးသည်နှင့် ညိုညို့ကိုပင် နှုတ်မဆက်တော့ဘဲ သူ့ပခုံးလွယ်အိတ်လေး ကို ဆောင့်ဆောင့်အောင့်အောင့်လေး လွယ်လိုက်ကာ ထွက်သွားလေသည်။ သက်လှိုင်က –

"ဘယ်သူကမှလည်း မတားပါဘူး၊ မြေတောင်ပေါ့သေးတယ် . . ." ဟု လှမ်းပြောလိုက်သောစကားက ညိုညို ကပျာကယာ ပိတ်လိုက်သော



www.burmeseclassic.com

www.burmeseclassic.com



လက်ခုပ်ထဲတွင် ဗလုံးဗထွေး ပျောက်ကွယ်သွားရလေသည်။

❑ ❑ ❑

"သူ သွားပြီတဲ့"

မူယာနှင့်စကားဝိုင်းထဲက မလတ်နှင့် သက်လှိုင်တို့ လန့်နေ၍ ထင်သည်။ လမ်းမတော် ပင်မကျောင်းဆောင်ကြီးနောက်က မြက်ခင်းပြင်ကို အလျားလိုက် ဖြတ်လျှောက်လာကြရင်း ညိုညိုက မဝံ့မရဲလေး သတင်းပေးသည်။

"မြန်သားပဲနော် ..."

သက်လှိုင်က သံဝေဂ သံလေးလိုလိုနှင့် မှတ်ချက်ချသည်။

မလတ်ကတော့ အဘိုးအဘွားများရှိသည့် တောမြို့ကလေးသို့ အလည်သွားရင်းက လုပ်အားပေးခဲ့သည့် တောမြို့ဆေးရုံကလေးမှ ဆရာဝန် တစ်ဦးကို အမှတ်ရနေမိသည်။

ထိုတောသား ဆရာဝန်သည် –

သူ့အကြောင်းသူ ပီတိဝေဝေဖြင့် ပြောပြတတ်သည်။

"ကျွန်တော်က သူများ ခုနစ်နှစ်သင်ရတဲ့ပညာကို (၁၄)နှစ် လောက်သင်ခဲ့ရတယ်၊ တောသားဆိုတော့ အင်္ဂလိပ်စာ သိပ်ကောင်းတဲ့ လူတွေ ကြားမှာ မတိုးနိုင်ဘူးပေါ့ဗျာ၊ နှစ်တော်တော် ချီမှ လိုချင်တဲ့ ဆရာဝန်ဘွဲ့ ကို ရလာတယ်၊ ရရချင်း ဘွဲ့တစ်လုံးပိုက်ပြီး တောကိုပြန်ပြေးလာခဲ့တာပဲဗျို့၊ ကျွန်တော့် တောသားတွေက ကျွန်တော် ဆရာဝန်ဖြစ်မှ ဖျားမယ် နာမယ်လို့ စိတ်တင်းထားကြလို့ အသက်တောင် ပိုရှည်လာတယ်လို့ နောက်ကြတယ်ဗျ။"

မလတ် ကျောင်းဖွင့်၍ ကျောင်းပြန်တတ်ရသောအခါ သူငယ်ချင်း များကို ထိုအကြောင်း ဖောက်သည်ချ၍ ရယ်ပွဲဖွဲ့မိခဲ့လေသည်။

"မလတ် လုပ်အားပေးခဲ့တုန်းက အဲဒီက ဆရာဝန်ရဲ့ အကြောင်းကို ပြောပြရင်း မှတ်ချက်ချခဲ့မိတာ သတိရသေးသလား ..."

မလတ် သူငယ်ချင်းများကို မေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မလတ်က သူငယ်ချင်းတွေကို ပြောပြရင်း စကားအဆုံးတွင် –

"အင်းနော် ... တော်တဲ့လူများကျတော့လည်း တော်လိုက်တာ၊ ညံ့တဲ့လူတွေကျတော့လည်း ချာတူးနေအောင်ကို ညံ့တာပဲ၊ သူများ ခုနစ်နှစ်နဲ့ ဆရာဝန်ဖြစ်တာကို သူ့ခမျာ (၁၄)နှစ်ကြီးများတောင် ပျင်းစရာ ကောင်းအောင်ကို သင်ခဲ့ရရှာတာပဲ ..."ဟု မညွှာမတာ ဆိုခဲ့မိ၍ပင်။

'အေး ... မှတ်မိတယ် ..."

သက်လှိုင်၊ ညိုညိုတို့ ပြိုင်တူလို ဖြေကြသည်။

"အခု ဒီစကားကို ပြန်ရုပ်သိမ်းပါရစေကွာ၊ တကယ်တော့ ဘယ်အရာပဲဖြစ်ဖြစ် လှတာ၊ အဖိုးတန်တာထက် အသုံးဝင်တာ၊ အသုံးခံတာကိုသာ ချီးမွမ်းရမှာပဲ ..."

"သင်ခန်းစာ ရတာပေါ့လေ၊ လူတစ်ယောက်အပေါ် အရမ်းမဲ့ အထင်မသေးအပ်သလို အရမ်းမဲ့လည်း အထင်မကြီးအပ်ဘူးဆိုတဲ့ သင်ခန်းစာပေါ့"

သက်လှိုင်က တွေးတွေးဆဆ ပြောသည်။

မလတ်နှင့် သက်လှိုင်တို့၏ စကားဝိုင်းတွင်မပါဘဲ မြက်ပင်ရှည်လေးများကိုသာ ဆွဲနှုတ်ကစားလာသော ညိုညိုက ပြုံးစစမျက်နှာလေးဖြင့် –

"နင်တို့ ငါ့ကိုတော့ စောင်းပြောနေတာ မဟုတ်ပါဘူးနော်"ဟု ဆိုသည်။

မူယာ့ကိစ္စကို မျက်နှာပူဟန်ရှိသော ညိုညိုကို စနောက်လိုသည်နှင့် မလတ်က –

"နင့်ကိုပဲ ပြောနေတာပေါ့ဟ၊ ညိုညိုက သူ့ဆိုရင် သိပ်အထင်ကြီးတာပဲ၊ သူလုပ်သမျှ အကောင်းချည်း မြင်တတ်လို့ အခု သူနိုင်ငံခြားသွားတော့လည်း ကောင်းနေမှာပဲပေါ့ ..."

"ညိုညို တစ်ခါက ပြောဖူးတာကော မလတ်ရဲ့၊ သူကသာ ခေါင်းတစ်ချက် ညိတ်လိုက်ရင်တော့ ငါတစ်ခါတည်း သူ့နောက်က လိုက်သွားတော့မှာပဲဆို ..."

သက်လှိုင်ကပါ ဝင်နောက်သည်။ ညိုညိုက မျက်လုံးလေး ပိတ်သွား



www.burmeseclassic.com

www.burmeseclassic.com



အောင် ရယ်မောကာ –

"အဲဒါက ဟိုအခြေအနေနဲ့ ပြောမိတာပါကွ၊ ခုအခြေအနေနဲ့ဆိုရင်တော့ ခေါင်းညိတ်လို့မကဘဲ လာပြီး အတင်းဆွဲခေါ်ရင်တောင် ငါက လွတ်လပ်ရေး ကျောက်တိုင်ကြီးကို ဖက်ထားမှာပဲ၊ နင်တို့က ငါ့ကို ဒီလောက်လည်း အထင်မသေးပါနဲ့ဟာ၊ နင်တို့လို အာလူးမပေးတတ်ပေမယ့် ငါလည်း ကိုယ့်မြေ တော့ ကိုယ်ချစ်တာပါပဲ၊ ဟောဒီမှာ ကြည့် ..."

ညိုညိုက လမ်းလျှောက်ရင်း ဆွဲယူနုတ်ပါလာခဲ့သော မြက်ပင်ရှည်လေးတစ်ပင်ကို မြှောက်ပြသည်။ အစ တိုရှည်မညီသော မြက်ရွက်ရှည်လေးနှစ်ရွက်ပါသည့် မြက်ပင်လေး၏ အမြစ်ဖျားတွင် မြေခဲစလေးများ သီးနေသည်။ ညိုညိုက မြက်ပင်လေးကိုမြှောက်၍ မြေသီးခဲလေးများကို နှာခေါင်းနားသို့တေ့ရင်း –

"မွှေးလို့ .... ကိုယ့်မြေဆိုတော့ သူများမြေတွေနဲ့ မတူအောင်ကို မွှေးလို့ ...၊ ညိုညိုချစ်တဲ့မြေ ..."

ညိုညို၏ချစ်စဖွယ် အပြုအမူကြောင့် မလတ်၊ သက်လှိုင်တို့၏ တမင်ကြုတ်ထားရသော မျက်မှောင်များ ခဏချင်းပြေလျော့သွားရလေသည်။ ညိုညို့ပခုံးကို တစ်ယောက် တစ်ချက်ထုကာ ဩဘာပေးရင်း ရယ်မောမိကြလေသည်။

မလတ်တို့၏ စိလွင်သော ရယ်မောသံများနှင့်အတူ "သူ့"အကြောင်းက သူငယ်ချင်းတစ်စုထံမှ လွင့်ပြေးပျောက်ကွယ်သွားတော့မည်ပင်။ မလတ်တို့၏ စကားဝိုင်းများတွင်လည်း သူ့အကြောင်းကို ထည့်သွင်းပြောဆိုလိုတော့မည် မဟုတ်ပေ။ ပြောချင်းပြောလျှင် တောသား ဆရာဝန်၏ အကြောင်းကိုသာ ပြောဖြစ်လိမ့်ဦးမည်ပင်။

❑ ❑ ❑

ဆေးကျောင်းသား လောကတွင် ပျောက်ကွယ်မလွယ်သော သူ့အမည်ကိုသာ တစ်ခါတစ်ရံ ကြားရသည့်အခါ အဘွားပြောပြသည့်



www.burmeseclassic.com

www.burmeseclassic.com



မင်းကုသဇာတ်ကို သွား၍ သတိရမိတတ်သည်။

သတိရဖို့ ဆီဆိုင်သလား၊ မဆီဆိုင်သလားတော့ မသိပေ။ အထွက် အမြွတ် ရည်မှန်းထားလျက် ယုံကြည်အပ်နှံထားသော အရာကို ယှဉ်သုံးမိရင် နောက်ဘဝမှာ မင်းကုသလို အရုပ်ဆိုးတတ်သည်ဟု အဘွားက သင်ခန်းစာအဖြစ် ပြောပြတတ်သည်ကိုလည်း အမှတ်ရနေမိသည်။ သို့ဆိုလျှင် ...

❑ ❑ ❑

ရှုမဝ မဂ္ဂဇင်း၊ ဇူလိုင်၊ ၁၉၇၆



www.burmeseclassic.com

www.burmeseclassic.com



(၁၁)

"ရှင်လည်း ဗုဒ္ဓဘာသာ တစ်ယောက်ပဲ၊ ကံ, ကံ၏ အကျိုးဆိုတာ ယုံကြည်မှာပါ။ ကံအကြောင်းကုန်ရင် ဘယ်အရာနဲ့မှ တားဆီးထားလို့ မရပါဘူး။ ကံအကြောင်း မကုန်သေးရင်လည်း ဘယ်အရာနဲ့မှ မလွတ်မြောက်စေနိုင်ပါဘူး။ ရှင်းရှင်းလေးပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



# လွတ်မြောက်ခွင့်

ခန္ဓာကိုယ် တစ်စတစ်စ ပေါ့ပါးလာခဲ့သည်။ လေထဲသို့ တဖြည်းဖြည်း ကြွတတ်လာခဲ့သည်။ အရှိန်အဟုန် လျင်မြန်စွာ တိုးတက်လာခဲ့သည်။ အဆောက်အဦ၏ ခေါင်းမိုးလွှာနှင့်တိုက်မိတော့မည်။ လေထဲ လွင့်ပါးမြောက်တက်လာသော ရင်ဖိုသည်းအေး ခံစားမှု ...၊ ခေါင်းမိုးနှင့် ထိုးတိုက်မိတော့မည်။ ထိတ်လန့် ကြောက်ရွံ့ခံစားမှုများကို ခံစားနေခဲ့ရသည်။ ရုတ်တရက်ပင် သူ ခေါင်းမိုးကို ဖောက်ထွက်သွားခဲ့နိုင်လိုက်သည်။ ခေါင်မိုးကျိုးပျက်ကာ အစတွေ ဖွာလန်သွားခဲ့သော်လည်း ထိခိုက်နာကျင်မှု သူ မခံစားရပါ။ လွတ်မြောက်သည့် ဝမ်းသာ ပျော်ရွှင်မှုမှာ မကြာရှည်လိုက်၊ နောက်ထပ်ခေါင်မိုးတစ်ခု ဘွားခနဲ မြင်တွေ့လိုက်ရသည်။ ထိုခေါင်မိုးဆီထိ ရောက်အောင် မြင့်တက်သွားခဲ့ပြန်၏။ ခေါင်မိုးကို ဖောက်ထွက် သွားခဲ့နိုင်ပြန်ပြီ။ ဆီးကြိုနေသော နောက်ခေါင်မိုး တစ်ခုက ခံနေသေးတာ တွေ့ရသည်။ ခေါင်မိုးတွေ တစ်ခုပြီး တစ်ခု။ အပေါ်သို့ ဆက်မြင့်တက်ကာ ခေါင်မိုးများမှ လွတ်မြောက်ရဖို့ ကြိုးစားနေဆဲ ... အိပ်မက်မှ နိုးလာခဲ့တော့သည်။

❑ ❑ ❑

ထိုအိမ်မက်ကို ဘယ်စဉ်က စ၍ မက်ခဲ့သည်လည်း မမှတ်မိတော့။ ပြန်စဉ်းစားမိလျှင် အမှတ်မိဆုံးမှာ စတုတ္ထတန်းမှပေ။ အိပ်မက်တွေအကြောင်း ကိုယ်စီ ပြောမိခဲ့ကြသည်။ ထမင်းလုံး တစ္ဆေခြောက်သည့် အိပ်မက်ကို သူငယ်ချင်း အားလုံးလိုလို မက်ဖူးကြသည်။ ချောက်ကမ်းပါးတစ်ခုကနေ ရုတ်တရက် ပြုတ်ကျသွားသလို ထိတ်လန့်တကြား အေးခနဲဖြစ်သွားစဉ်

www.burmeseclassic.com



အိပ်မက်မှ လန့်နိုးလာသည့် အိပ်မက်မျိုး။

"ထမင်းလုံး တစ္ဆေခြောက်တဲ့ အိပ်မက်က ပြောင်းပြန်ရော မက်တတ်သလား"

"ဘယ်လို ပြောင်းပြန်လဲ"

"အောက်ကို ပြုတ်မကျဘဲ အပေါ်ကို ပျံတက်သွားတာလေ"

သူငယ်ချင်းတွေက သူ့ကို အထူးအဆန်းလို ဝိုင်းကြည့်ခဲ့ကြသည်။ အိပ်မက်ကို ပြောပြဖြစ်ခဲ့လေသည်။ သူတို့မှာ တအံ့တဩ။ "ဘယ်တော့မှ ခေါင်မိုးတွေကနေ မလွတ်ဖူးလား"

"လွတ်တဲ့အခါ ရှိတာပေါ့၊ လွတ်သွားရင် လေဟာပြင်ထဲရောက်ပြီး လေဟုန်စီးသွားရတာ၊ သိပ်ပျော်ဖို့ကောင်းတာပဲ၊ သစ်တောတွေ၊ တောင်တွေ၊ အိမ်တွေကို အပေါ်ကနေ စီးပြီး မြင်ရတာ"

သူ ပြောပြသည်ကို တကယ့် အဖြစ်အပျက်တစ်ခုလို သူတို့ စိတ်ဝင်တစားနား ထောင်ခဲ့ကြလေသည်။ အိပ်မက်မှာ သူက မထူးဆန်းဟု ထင်မှတ်ခဲ့ပေမယ့် အခြားသူများအတွက် ဆန်းနေတာ သတိရမိလာခဲ့သည်။

သူနှင့်တော့ အိပ်မက်မှာ ရင်းနှီးနေခဲ့ပြီ။ အိပ်မက်,မက်ရင်းပင် မက်ဖူးနေကျ ထိုအိပ်မက်လေးပဲဟု သိလိုက်သည်အထိ ရင်းနှီးကျွမ်းဝင်နေခဲ့သည်။

❑ ❑ ❑

အိပ်မက်နှင့် ပတ်သက်သော တိုက်ဆိုင်မှုလေးတစ်ခုရှိခဲ့သည်။ တက္ကသိုလ် ပထမနှစ်မှာ ဖြစ်သည်။ သူတို့အုပ်စုတွင် ဗေဒင်၊ အကြားအမြင်ဟော ဆရာကြီးတစ်ဦးနှင့် ဆုံခဲ့သည်။ ယောင်တစောင်းထုံး၊ ရှပ်အင်္ကျီဖြူလက်ရှည်၊ ပုဆိုး ရှားညိုရောင်နှင့် အသက် ၆၀ ကျော်ခန့်ရှိမည်။ သူတို့ သူငယ်ချင်းများ ဝင်လာသည်ကို ထိုဆရာကြီးက လှမ်းကြည့်လျက်ရှိနေခဲ့ရာက နောက်ဘက်ကျကျမှာ ဝင်ထိုင်လိုက်သော သူ့ကို –

"လေထဲမှာ ပျံတက်နေရတဲ့ အိပ်မက်မျိုး မမက်ဖူးဘူးလား



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေး''

လှမ်းမေးလိုက်ခဲ့၍ အံ့ဩထူးဆန်းသွားခဲ့ရသည်။ သူက မက်ဖူး ကြောင်း ဝန်ခံလိုက်သည်။ ထိုအဘိုးက သူ့ကို အကြားအမြင် ဟောမပေးခဲ့ ပါ။ သူကလည်း ဗေဒင်တို့ အကြားတို့ကို အစွဲအလမ်း မထားတတ်ပါ။

''အဲဒီအိပ်မက် ဘာကြောင့် ခဏခဏ မက်ရတာလဲ'' လောက်တော့ မေးခဲ့မိဖို့ ကောင်းသည်ဟု မကြာခဏတွေးမိသည်။ ဘယ်လို အဖြေရလေမလဲ မသိ။ သို့မဟုတ် ထိုအဘိုး ကိုယ်တိုင် အဖြေမသိတာလည်း ဖြစ်နိုင်မည်။

❑ ❑ ❑

မကြာခဏဆိုပေမယ့် တစ်နှစ်မှ တစ်ကြိမ်မျှ မမက်တဲလည်း ရှိတတ် သည်။ တစ်ခါတစ်ရံ အိပ်မက် မမက်တာကြာပြီ တွေးလိုက်မိသည့် ညမှာ ထိုအိပ်မက်,မက်တတ်သည်။ တက္ကသိုလ်ရောက်တော့ သူငယ်ချင်းတွေရဲ့ အိပ်မက်မှာပိုလို့ စိတ်ဝင်စားစရာ ကောင်းလာသည်။ တက္ကသိုလ် လက်ရွေးစင် အားကစားသမားတစ်ဦးနှင့် ကော်ရဲစ်ဒါတွေမှာ အမှတ်မထင် တိုးမိတာ တစ်စုံတစ်ယောက်နှင့် ရုတ်တရက် လက်ထပ်ပွဲ ဆင်နွဲနေရတာတို့ ဖြစ်ကာ ရယ်ပွဲဖွဲ့ ပျော်ရွှင်စရာ ကောင်းလေသည်။

သူ့ရဲ့ အိပ်မက်မှာတော့ဘာ ထူးခြားမှုမှ တိုးမလာခဲ့ပါ။ လေထဲ လွင့်တက်၊ ခေါင်မိုးများကို ဖောက်ဖို့ ကြိုးစားရဆဲ။ တစ်ခါတစ်ရံ အိပ်မက် ပန်းချီကားတစ်ချပ်ကြီး တစ်ခုလုံးထဲမှာ သက်ရှိဆိုလို့ သူတစ်ယောက်ထဲ။ တစ်ခါတစ်ရံတော့ သူစီးမိုးမြင်နေရသော နောက်ဖက်တွင် လူသုံးလေးယောက်၊ ဘယ်သူတွေမှန်း မသိတဲ့ရှိသည်။ ကွဲလွဲမှုလေးအနည်းအကျဉ်းရှိလည်း အိပ်မက် သဘော သဘာဝမှာတော့ အတူတူ။

တစ်ခါတစ်ရံတော့ စမက်ကာစမှာ ထိုအိပ်မက် မဟုတ်ဘူးလို့ ထင်ရ သည်။ သူ့မှာ လူစုလူဝေး တစ်ခုထဲမှာ ပျော်ရွှင်စွာ ရှိနေခဲ့တတ်သည်လေ။ မကြာပါ။ သူ တဖြည်းဖြည်း မြင့်တက်လာခဲ့ပြီး ထိုအိပ်မက်ပင် ဖြစ်လာခဲ့ တော့သည်သာ။ ထူးခြားမှုဆို၍ သူလွတ်မြောက်ခြင်း၊ လေဟုန်စီးပျံဝဲရခြင်းတို့



www.burmeseclassic.com

www.burmeseclassic.com



အကြိမ်များလာခဲ့ကာ ထိုအိပ်မက်ကို ထမင်းလုံး တစ္ဆေအိပ်မက်လို ခြောက်ခြားတုန်လှုပ်မှု မရှိလှတော့ခြင်းပေ။

❑ ❑ ❑

တက္ကသိုလ် ကျောင်းသက်ကုန်ဆုံးသောအခါ သူ တစ်မြို့တစ်နယ်သို့ စွန့်စားသွားရောက်လျက် ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းလေးတစ်ခု ထူထောင်ခဲ့သည်မှာလည်း အိပ်မက်ထဲက ခေါင်မိုးတစ်ခုကို ကျော်လွှန်ရသလိုပါပဲ။ သူ့ချစ်သူက နွမ်းပါး ချို့တဲ့သည်။ သူက မချမ်းသာ။ ချစ်သူ တစ်ယောက်တည်းရဲ့ ကြိုးစားမှုနှင့် သူတို့ မနိုးစပ်နိုင်။ သူတို့ တစ်နယ်စီ ခွဲခွာခဲ့ကြစဉ် ချစ်သူရဲ့ အစီအစဉ်ဖြင့် ပစ်တိုင်းထောင်ရုပ် စုဘူးတစ်ခုစီ ပါလေ၏။

သူ (၂၆)နှစ်မှာ ချစ်သူနှင့် လက်ထပ်ခဲ့ကြသည်။

(၂၇)နှစ်မှာ အစိုးရအလုပ်ဝင်ခဲ့သည်။ အလုပ်ဝင်ချိန်မှာ ကိုယ်ပိုင်လုပ်ငန်း အရှိန်ရကာ အောင်မြင်နေချိန် ... ထိုအောင်မြင်မှုကို စွန့်လွှတ်ကာ သူတို့ မြတ်နိုးသာ အစိုးရဝန်ထမ်းဘဝကို နှစ်သက်မက်မောစွာ ခံယူခဲ့ကြလေသည်။

အလုပ်လျှောက်လွှာတွင် ပါဝင်သော သွားရောက်အမှုထမ်းလိုသည့် နေရာဒေသ ပထမဦးစားပေး၊ ဒုတိယဦးစားပေး ကွက်လပ်များကို မဖြည့်ခဲ့ကြ။ သူတို့ရဲ့ ဆန္ဒအဖြစ်။

"ဇနီးမောင်နှံအတူတကွ နေရာချထားပေးပါလျှင် မည်သည့်အရပ်ဒေသမဆို သွားရောက်အမှုထမ်းပါမည်"

နှစ်ဦးသဘောတူညီစွာ ဖော်ပြရေးသွင်းခဲ့ကြသည်။

သူတို့ဘဝနှင့် ပတ်သက်သော မျှော်လင့်ချက်၊ အချစ်နှင့်ပတ်သက်သော ယုံကြည်ကိုးစားချက်များကို ထိုအလုပ်လျှောက်လွှာလေးတွင် မရည်ရွယ်ဘဲ မှတ်တမ်းတင်ဖြစ်လိုက်သည်နှင့် တူလှတော့သည်နော်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



ဘဝခရီးမှာ ခေါင်မိုးတွေများစွာက ဆီးကြိုနေခဲ့လေသည်။ အိပ်မက်ထဲက ခေါင်မိုးများလိုပင် ထိုးဖောက်ကျော်လွှန်ဖို့ လိုသော ခေါင်မိုးများအကြောင်းကို သူ တဖြည်းဖြည်းချင်း သိနားလည်လာခဲ့ရသည်။ ခေါင်မိုးများမှ လွတ်မြောက်ဖို့ ကြိုးစားရင်း သူ့ရဲ့ ချို့ယွင်းချက်များကိုလည်း သိရှိလာခဲ့လေသည်။ သူက သစ္စာစောင့်သိရင်း၊ တာဝန်ဝတ္တရား ကျေပွန်ရင်း၊ ကိုယ့်ကိုယ်ကို ကောင်းမွန်ဖို့ ကြိုးစားရင်း လောကကြီးက ပေးလာမည့် အကောင်းအမွန်တရားကို ဆုလာဘ်တစ်ခုလို မျှော်လင့်တတ်သူပေ။ ကိုယ်ကောင်းလို့ ကိုယ့်အပေါ်ကောင်းရဖို့ ဟူသော အတ္တဝဲလည် လှည့်သည့်ခံယူချက်ကိုလည်း လိုအပ်လျှင် စွန့်လွှတ်ပေးဖို့ အဆင်သင့်ဖြစ်ပြီ။

ထိုစဉ် နှစ်အတန်ကြာ မေ့လျော့ထားခဲ့သော ခေါင်မိုးအထပ်ထပ် အိပ်မက်များ ပြန်လည်ပေါ်ပေါက်ပြန်လေ၏။

ငယ်စဉ်က အိပ်မက်နှင့် ခြားနားခဲ့သည်မှာ အိပ်မက်ထဲတွင် လွတ်မြောက်လိုဇော ပြင်းထန်လှကာ ခေါင်မိုးတစ်ခု၊ တစ်ခု ကျော်ဖြတ်နိုင်ဖို့မှာ ပိုခဲယဉ်းလာခဲ့သည်။ တစ်ခုကျော်လွှန်ပြီးတိုင်းလည်း ခြေကုန်လက်ပန်းကျမောဟိုက်လာခဲ့ခြင်းတည်း။ ဆီးကြိုနေသော ခေါင်မိုးအထပ်ထပ် အရေအတွက်များလည်း ပိုများလာခဲ့ပါလေသည်။

❑ ❑ ❑

သူ အသက် (၃၃)နှစ်တွင် အကြားအမြင်နှင့် ဒုတိယအကြိမ် ပတ်သက်ခဲ့ပြန်သည်။ သူ ရန်ကုန်သို့ ပြောင်းရွှေ့ရောက်ရှိလာခဲ့ချိန် လက်ထပ်တော့မည့် ဌာနတူ အမျိုးသမီးငယ်လေးတစ်ဦးရဲ့ အဖော်အဖြစ် လိုက်ပါပေးခဲ့ခြင်းပင်။ သည်တစ်ကြိမ် အကြားအမြင်ဆရာမှာ အိမ်ထောင်ရှင် အမျိုးသမီးတစ်ဦး ဖြစ်သည်။ စားပွဲခုံနိမ့်လေးရှေ့ ရှေ့ကြမ်းပြင်မှာ မိန်းကလေးက ကျုံ့ကျုံ့ထိုင်ကာ လက်ဖဝါးများကို ခုံလေးပေါ်မှာ ဖြန့်တင်ထားရသည်။ စားပွဲခုံနောက်မှာ အကြားအမြင် အမျိုးသမီး ရှိသည်။ အခန်းနေရာက ကျဉ်းသည်။ တစ်ယောက်ကို ဟောပြောခဲ့ရင် အားလုံးကြားရနိုင်၏။ သူမ



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးလက်ကို တို့ထိရုံထိကာ ပောနေပုံက စိတ်ပါဝင်စားပုံမရှိ။ ဖြတ်တောင်းတောင်းနိုင်လှသည်။ သူ လှမ်းကြည့်တိုင်း သူ့ကိုသာ ထိုအမျိုးသမီး ကြည့်နေခဲ့တာ တွေ့ရသည်။ ပြီးစီးလို့ မိန်းကလေး ထခဲ့တော့ သူလည်း လိုက်ထခဲ့သည်။ အကြားအမြင် အမျိုးသမီးက သူ့ကို အရေးတကြီးလို -

"ရှင်ရော မေးဦးမလား" သူ အားတုံ့အားနာစွာ ခေါင်းယမ်းခါပြခဲ့လျှင် -

"ကျွန်မ ရှင့်ကို သတိပေးစရာရှိတယ် ထိုင်ပါဦး"

သူ စိတ်ထင့်မိစွာ စားပွဲခုံနိမ့်လေးရှေ့မှာ ထိုင်မိရလေသည်။ အမျိုးသမီးက စာတစ်ပုဒ်အလွတ် ရွတ်ဆိုနေရသလို ဆက်တိုက်ပောပြောသွားခဲ့သည်။ သူ ပြောသွားခဲ့သည်များမှာ မျှော်လင့်မထားခဲ့လျှင် မျက်နှာသို့ ဖြတ်ရိုက်လိုက်သော ရိုက်ချက်တစ်ခုလို ပြင်းထန်နာကျင်လှဖွယ်ပေ။ ပောနေစဉ် မျက်လုံးအစုံကို မှိတ်ထားခဲ့သည်။ စကားဆုံးလို့ မျက်လုံးများ ဖွင့်လိုက်သောအခါ နေရာမှ ထရပ်နေပြီ ဖြစ်သော သူ့ကို နားမလည်သလို ခပ်အမ်းအမ်း မော်ကြည့်သည်။

"ကောင်းပါပြီ၊ ကျွန်မ ဂရုစိုက်လိုက်ပါ့မယ်"

မကောင်းတတ်ဟု ထင်၍သာ ပြောလိုက်ခဲ့သည်။ သူမ လိုချင်သည်မှာ ထိုသကဲ့သို့သော အေးစက်စက်တုံ့ပြန်မှု ဟုတ်ဟန်မတူပေ။

သည်စားပွဲခုံနိမ့်လေးရှေ့မှာ ချုံးပွဲချ ငိုကြွေးခဲ့သော အိမ်ထောင်ရှင် အမျိုးသမီး မရည်မတွက်နိုင်အောင် တွေ့ဖူးခဲ့ဟန်တူသော ထိုအမျိုးသမီးရဲ့ အောင်နိုင်မှုကို သူမ မျက်နှာမှာ မြင်ရလေ၏။

"ဂရုစိုက်ပါမယ် မဟုတ်ဘူး ... အထူးဂရုစိုက်ရမှာ၊ ရှင့်မှာ ကလေးငယ်တောင် ရှိနေသေးတာပဲ"

သူ့ကို လသားကလေးငယ်ရှိသော မိခင်အဖြစ် မိန်းမချင်း အကဲခတ်မိသလား၊ အကြားအမြင် အဟောလား မခွဲခြားတတ်ပေ။

"ရှင့်ဘဝ ပျက်သွားနိုင်တယ် ..."

ဒီစကားကမူ အကြားအမြင် အဟောဟု သူ မထင်ပါ။ ဖြစ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လျှင် သူနှင့် အကြားအမြင် အမျိုးသမီး ကြားက ကိုယ်ရေးကိုယ်တာ မာနချင်း တိုက်ခိုက်မှုသာ ဖြစ်နိုင်မည်။

"ရှင်လည်း ဗုဒ္ဓဘာသာ တစ်ယောက်ပဲ၊ ကံ၊ ကံ၏ အကျိုးဆိုတာ ယုံကြည်မှာပါ၊ ကံအကြောင်းကုန်ရင် ဘယ်အရာနဲ့မှ တားဆီးထားလို့ မရပါဘူး၊ ကံအကြောင်း မကုန်သေးရင်လည်း ဘယ်အရာနဲ့မှ မလွတ်မြောက်စေနိုင်ပါဘူး၊ ရှင်းရှင်းလေးပဲလေ"

သူ့စကားက ယတြာ ဆေးဖယောင်းတိုင်ထုပ်ကို ဘုရားစင်ပေါ်မှ လှမ်းယူနေသော အမျိုးသမီးရဲ့ လက်ကို ရှတ်စေခဲ့လေသည်။ အပြန်လမ်းတွင် အဖော်မိန်းကလေးက မရွံ့မရဲ စုံစမ်းရှာသည်။

"မမ ဟိုအကြားအမြင်က ဟောတာ ဘယ်လိုလဲဟင်၊ ကျွန်မကို ဟောတာတော့ တစ်ခုမှ မမှန်ဘူး"

သူက ကလေးမကို ပခုံးနှစ်ဖက်တွန့်ပြမိရင်း –

"အကြားအမြင် မှန်စေတဲ့ စိတ်စွမ်းအင်တစ်မျိုးဟာ ဟောသူမှာသာမဟုတ်ဘဲ အဟောခံရသူမှာလည်း ရှိလိမ့်မယ် ထင်ပါရဲ့ကွယ်"

နှစ်သိမ့်မိလေသည်။

❑ ❑ ❑

ထူးဆန်းသည်က ထိုအိပ်မက်ကို သူ လုံးဝ မမြင်မက်တော့ခြင်းပင်။ အိပ်မက်ထဲက လွတ်မြောက်လိုဇော ကြိုးပမ်းမှု စိတ်ခံစားချက်တွေသာ စွဲကျန်ရစ်ခဲ့လေသည်။ ထိုခံစားချက်ဖြင့် သဲသဲမဲမဲ အလုပ်လုပ်ခဲ့သောကြောင့် အခက်အခဲများကို ကျော်ဖြတ်နိုင်တာများ ဖြစ်မလား။ အောင်မြင်မှု တစ်ခုရပြီးတိုင်း သူ ပြန်စဉ်းစားနေမိ၏။ ကြိုးပမ်းရသော နေ့အချိန်များ လွန်မြောက်ပြီးသောအခါ ညအချိန်များက မှောင်မိုက်စွာ ရောက်ရှိလာတတ်၏။

ငယ်စဉ်က အိပ်မက်အစား အခြားအိပ်မက်တစ်ခု ရရှိနေခဲ့တာကြာပြီ။ အိပ်မက်ထဲတွင် သူ လူစုလူဝေးကို တွန်းတိုက်ဖယ်ရှား တိုးဝှေ့ ရှာဖွေလျက်ရှိသည်။ တစ်ခါတစ်ရံ ကလေးပျောက်လို့ပါ၊ ကလေးပျောက်လို့



www.burmeseclassic.com

www.burmeseclassic.com



ပါဟု ငိုကြွေးအော်ဟစ်လာတတ်သည်။ လူအုပ်ကြားမှာ ကလေးလက်ကလေး တစ်ဖက်ကို ကိုင်ဆွဲမိသလိုလို ရှိလာသည်။ ထိုလက်ကလေးက လွတ်ထွက် ဝေးကွာ သွားခဲ့ပြန်၏။ တစ်ခါတစ်ရံ မြို့လယ်အဆောက်အဦ အထပ်ထပ်၊ အခန်းခန်း၊ အဆောင်ဆောင်မှာ၊ တစ်ခါတစ်ရံမှာ လူသူကင်းမဲ့သော တောတန်းတောင်တန်းထဲမှာ သားပျောက်ကို ရှာဖွေနေရပြန်၏။ အိပ်မက် ထဲက ပူဆွေးကြေကွဲခံစားချက်မှာ ပထမအိပ်မက်ထဲက မလွတ်မြောက်နိုင် သော စိတ်ခံစားချက်ထက် ပိုပြင်းထန်လေသည်။ ကလေးပျောက်ဆုံးသွား သော ထိုအိပ်မက်မှာ သူ့ကို အမြဲတစေ ညလယ်ကောင်မှာ လန့်နိုးစေသည်။ သားကြီးဟာ သူ့အဖေနှင့်၊ သားငယ်က သူ့ခုတင်ခြေရင်းက ခုတင်လေးမှာ၊ သမီးကရော ...။ သူ ချောက်ချားတုန်ယင်လာခဲ့ပြန်၏။ သမီးလေးက သူ့ရင်ခွင်ထဲမှာ အင်းအင်း အဲအဲဖြင့် အိပ်ချင်မူးတူးအသံလေး ထွက်ခဲ့မှ သူ့သက်ပြင်းချနိုင်လေသည်။

BURMESE CLASSIC

ထိုအိပ်မက်ကို သူ မကြာခဏမြင်မက်သည်။ သူ့ရဲ့ သားသမီး သုံးယောက်မှာ အိပ်မက်ထဲမှာ အလှည့်ကျပျောက်သည့်အခါ ပျောက်ကာ အားလုံး ပျောက်သည့်အခါလည်း ပျောက်၏။ အိပ်မက်ထဲတွင် ပူပင်သောက ရောက်စွာ သူပြေးပြေးလွှားလွှား ရှာဖွေနေသည့် မြင်ကွင်းမှာ တစ်ခါမက်ပြီး တိုင်း တုန်လှုပ်ဖွယ် ဆွဲထင်ရစ်တတ်သည်။ ထိုအိပ်မက်ထက်စာလျှင် ငယ်စဉ်က ခေါင်မိုးတွေကို တစ်ခုပြီးတစ်ခု ထိုးဖောက်ထွက်ပေါက် ရှာရသော အိပ်မက် ကလေးကိုမှ တမ်းတချင်သေး၏။

ထိုအိပ်မက်ကလေး မမက်ခဲတော့တာ ကြာတောင့်ကြာရှည်လှပြီ။ အိပ်မက်ထဲမှာပင် လွတ်မြောက်ရာ ရှာဖွေမောခွင့် သူ့အတွက် မရှိတော့ဘူး ထင်လေသည်။

❑ ❑ ❑

ဟန်သစ်မဂ္ဂဇင်း၊ နိုဝင်ဘာလ၊ ၁၉၉၅



www.burmeseclassic.com